
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆုမြတ်မွန်မွန်

ပွင့်လင်းမြင်သာ ရင်ခုန်ပါ

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိုးသာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

ဆုမြတ်မွန်မွန်

ပွင့်လင်းမြင်သာ ရင်ခုန်ပါ ၊ ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၃၁၂-စာ၊ ၅×၇

(၁)ပွင့်လင်းမြင်သာ ရင်ခုန်ပါ



# ဆုမြတ်မွန်မွန်

## ပွင့်လင်းမြင်သာ...




## ရင်ခုန်ပါ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com






စေတနာ့ဝတ္ထုဝေ

www.burmeseclassic.com

www.burmeseclassic.com







လှလှသည် ကိုယ့်လက်ချောင်းလေးတွေရဲ့ လက်သည်းပေါ်က Dead Cells တွေအား ပွတ်တိုက်ဖယ်ရှားနေသည့် ဖော့ဘာရပ်ရှ်လေးကို ဘာရယ်မဟုတ် ငေးမောနေမိသည်။ ခေတ်တွေ ပြောင်းလာတာနဲ့အမျှ မိန်းမတွေမှာလည်း အလှပြုပြင်စရာနေရာတွေ များလာသည်။ အရင်ကဆို လက်သည်းညှပ်မယ်၊ လက်သည်းနီဆိုးမယ်၊ တော်တန်ရုံက အိမ်မှာပဲ လုပ်ကြတာလေ။ ခုကျတော့ ဆံပင်နဲ့မျက်နှာ ဘာမှ မလုပ်ဖြစ်တောင် ကိုယ့်ခြေသည်း လက်သည်းလေးတွေ အိမ်မှာညှပ်ရင်ပဲ ပုံမကျသလို၊ ခြေထောက်ကို အိမ်မှာရေချိုးရင်း ချေးတွန်းရင်းပဲ မပြောင်သလိုလို၊ လူတွေက Manicure, Pedicure ကို သီးသန့်အချိန်ပေး တကူးတက လုပ်လာကြသည်။

"မီးရေးကို အတဲပုံလေးတွေ ချဲပေးရေ"

အေားနားက ကလေးမိခင်တစ်ယောက်နှင့်အတူ ချစ်စဖွယ်ကောင်းသော သမီးလေးကပါ လက်သည်းအလှပြင်ဖို့၊ သူ့လက်ကိုပါ Nail Art လုပ်ဖို့ ပြောသံကြားလျှင် လှလှက နှုတ်ခမ်းတွန့်ရုံ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ... Nail Art လုပ်မှာလားဟင်"

"No ... ဟိုတစ်ခါဆိုးတဲ့ O.P.I ကြက်သွေးရောင်ပဲ ဆိုးလိုက် ခြေထောက်ရော"

"ဟုတ်ကဲ့ ... မမက Nail Art ဘယ်တော့မှ မလုပ်ဘူးနော်"

လူလူက နှုတ်ခမ်းမဖွင့်ဘဲ အောက်နှုတ်ခမ်းကို ရှေ့သို့တွန်းထားရင်း နှုတ်ခမ်းကြားက ထွက်သော အင်းလည်း မဟုတ်၊ အွန်းလည်း မဟုတ်သော ကြားသံဖြင့် ပြန်ဖြေမိသည်။ တကယ်တော့ လူလူဟာ ပျိုရွယ်သော မိန်းကလေး ဖြစ်ပေမယ့် အလှအပ ပြင်ဆင်ရတာ သိပ်ဝါသနာမပါ၊ ရှုပ်ရှုပ်ယှက်ယှက်တွေ သိပ်မကြိုက်ဘဲ ရှင်းရှင်းလင်းလင်း နေရတာ ပိုကြိုက်သူတည်း။ ဒါပေမဲ့လည်း အတူတွဲနေသော စိမ်းက အလှအပကို တော်တော် ဝါသနာပါသောအခါ သူတစ်ယောက်ဖြင့် Beauty Saloon ငါး ကြိမ်ရောက်လျှင် လူလူက နှစ်ခါ သုံးခါလောက်တော့ ပါဖြစ်လာသည်။ အလှအပတွေ သိပ်လုပ်ရတာ ဝါသနာမပါသော်လည်း ဖိမ်ခံသည့်ဘက်သို့ နွယ်သော ခေါင်းလျှော်ရင်း အနှိပ်ခံတာတို့၊ foot massage လုပ်တာတို့ body massage လုပ်တာတို့တွေ ဇိမ် ခံတတ်လာသည်။

ဆံပင်ကောက်တာ ဖြောင့်တာတွေ၊ ဟိုထွင် ဒီဆန်း လုပ်တာတွေ လုံးဝဝါသနာမပါဘဲ ကျောလယ်ရောက် ဆံနွယ်များဖြင့် ခပ်ရိုးရိုးသာ တည်ရှိသည်။





"သတင်းထူးဟေ့ ... (......)တော့ ဘောစိသား တစ်ယောက်နဲ့ ဇွဲစပ်လိုက်ပြီဆိုပဲ၊ ဟာ ... ဟ ... ဂဏန်း ငြိမ်သွားပြီပေါ့"

ဘေးနားမှာထိုင်သော စိမ်းက facebook သုံးနေရင်း တက်လာသော သတင်းထူးတစ်ပုဒ်ကို ချက်ချင်း ထုတ်ပြန်သည်။ လူလူ့ဆီသို့ပါ သူ့ဖုန်းကို ကမ်းပေးရင်း ကြည့်စေသည်။ လူလူက ဝတ္ထုရားကျေ တစ်ချက်သာကြည့်ရင်း ဘာမှမပြောဘဲ ပြန်ပေးလိုက်သည်။ လူလူ ငြိမ်နေတော့ စိမ်းက ဆက်ပြောသည်။

"အင်း ... လျှပ်စီးလက်မတွေကျတော့လည်း လင်ဖမ်း တော်တယ်နော်။ ပွဲတကာ့ပွဲရှုပ်ပြီး အိပ်ချင်တဲ့အကောင် တကာနဲ့အိပ်ပြီး နောက်ဆုံးတော့ အကောင်းစားတွေနဲ့ ရသွားကြတာ။ ဟင့် ... တို့လို ဖြူစင်သူလေးကျတော့လည်း အသည်းခွဲရက်သူနဲ့ တွေ့ရတယ်"

စိမ်းရဲ့စကားကို လူလူက မရယ်သော်လည်း လက်သည်းခြေသည်း လုပ်ပေးနေတဲ့ ကောင်မလေးတွေကတော့ ခိခနဲ ရယ်ကြသည်။ တကယ်တော့ စိမ်းဟာ လူလူထက်စာလျှင် ပိုပေါ့ပါးပြီး ဗလွတ်ရွတ်နောက် ပိုပြောတတ်သည်။ ခံစားလွယ်သည်။ ကြေကွဲလွယ်သည်။ ပြီးတော့ မေ့ပျောက်လွယ်သည်။ လူလူကတော့ စိမ်းနဲ့ဆန့်ကျင်ဘက် ဖြစ်ပါသည်။

"လောကကြီးမှာ တန်ရာ တန်ရာ ရတယ်ဆိုတာ တကယ်တော့ မဟုတ်ပါဘူးဟယ်၊ ရှင် လက်ခံတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ မေးချင်လျှင် ခွတ်၊ ချက်ချင်း ... ဆိုင်ထဲမှာတွေ ဘာတွေလဲ ဂရုမစိုက်တတ်သော စိမ်းကို လူလူက မျက်လုံးတစ်ချက် စွေကြည့်ရင်း ...

"လောကမှာ ဘုရားဟော တရားတွေကလွဲလို့ ဘယ်အရာ ဘယ်ဆိုရိုးစကားက ခြွင်းချက်မရှိ မှန်ကန်လို့လဲ"

တစ်ခုခုပြောမည် ဟန်ပြင်သော စိမ်း ဆက်မပြောခင် လူလူက ထပ်ပြောလိုက်သည်။

"ဂဏန်းငြိမ်တယ်ဆိုပြီး စွတ်အထင်မကြီးနေပါနဲ့ဟာ။ နင်မသိတဲ့ အခြားတစ်ဖက်မှာလည်း အကြောင်းအရာတစ်ခု ရှိဦးမှာပေါ့ ...

တန်ရာ တန်ရာ ဆိုတာထက် နေတနာနဲ့ တူသော အကျိုးပေးလို့ ပြောရင် ပိုမှန်မယ်"

"ဟင်း ... ရှင်ကတော့ ပြောလိုက်ရင် အကြီးကြီးတွေ"

"ကဲ ... သွားမယ် ... ငြိုးငြိ"

"ဟဲ့ ... ခဏနေပါဦး၊ ကျုပ် Nail Art တွေက ဆေးသိပ် မခြောက်သေးလို့ Dryer နဲ့ မှုတ်ခိုင်းလိုက်ဦးမယ်"

"အေး ... နောက်က လိုက်ခဲ့တော့ဟာ"

လူလူက ကောင်တာမှာ ငွေရှင်းပြီးနောက် ဆိုင်ထဲက ထွက်လာခဲ့သည်။ ဒီလမ်းဟာ Beauty Saloon ၊ စားသောက်ဆိုင်၊ ရတနာဆိုင်၊ စတိုးဆိုင် စသဖြင့် ဆိုင်တွေတန်းစီနေသော လမ်း ဖြစ်သလို ဆိုင်တွေကိုလာသော ကားတွေကလည်းအပြည့်





မို့ ဆိုင်မျက်နှာစာရှေ့မှာ ကားတွေ တန်းစီပြည့်နေသည်။ ရပ်ထားသောကားတွေအပြည့်။ အခုနေ ကားတစ်စီးလာရင်တောင် တော်တန်ရုံ ရပ်စရာနေရာမရှိ။

လူလူက စိမ်း ထွက်မလာသေးသဖြင့် ကားနားမှာ မှီကာ စောင့်နေမိသည်။ ဟိုဟိုဒီဒီ ငေးနေတုန်းမှာပဲ ကားတစ်စီးက ပွမ်ခနဲ ဟွန်းတီးသည်။ ကိုယ့်ကိုတီးတာလည်း မဖြစ်နိုင်ဘူးထင်သဖြင့် ကြောင်ငေးနေသော လူလူ့မြင်ကွင်းထဲသို့ အနက်ရောင်မှန်ချပ်တစ်ချပ်က လျှောခနဲ ကျသွားပြီး မျက်မှန်ကြီးကြီး တပ်ထားသော ယောကျ်ားတစ်ယောက်ရဲ့မျက်နှာ ပေါ်လာသည်။

"ကားထွက်တော့မှာလား"

– "ဟင် ... ဩော် ... အင်း"

"အိုခေ ... ပါကင်ထိုးချင်လို့"

ပါကင်ထိုးချင်လို့ ဟူသော စကားရဲ့အဆုံးမှာ အပြုံးတစ်ချက်က လက်ခနဲ လင်းသွားသည်ကို ဘာရယ်မဟုတ်ဘဲ လူလူ့မှာ ငေးခနဲ ဖြစ်သွားသည်။ ယောကျ်ားတစ်ယောက်ကို မေးတာထက် တစ်ဖက်လူကို ရည်မွန်စွာ ပြုံးပြလိုက်သော အဲဒီအပြုံးမျိုးကို တစ်ခါမှ မမြင်ဖူးသလို ဖြစ်နေတာမို့ ငေးခနဲဖြစ်သွားရတာပါ။

"ဟဲ့ ... သွားမယ်"

နောက်ကနေ ရောက်လာသော စိမ်းက ပခုံးကိုပုတ်ကာ ပြောလိုက်လျှင် လူလူက ဆတ်ခနဲ ဖြစ်သွားရပြီးမှ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ကာ ကားမောင်းမည့်နေရာသို့ ကားကိုပတ်ကာလျှောက်စဉ် မျက်လုံးက ဖျတ်ခနဲပဲ အခုနက တစ်ယောက်ထံ ရောက်သွားသည်။ သူကလည်း ကိုယ့်ကို လှမ်းကြည့်နေတာနဲ့ပဲ ဆုံသည်။ ဒီတစ်ခါတော့ သူ ဘာအင်္ကျီဝတ်ထားလဲ ဆိုတာပါ သတိထားမိလိုက်သည်။ မိုးပြာရောင် နုဖပ်နေသည့် ဝေဖာသားစပို့ရှပ် ကော်လာထောင်ဖြင့် ...

လူလူက ကားပေါ်တက်ပြီး စက်ကို နှိုးလိုက်သည်။ ထုံးစံအတိုင်း ဘယ်နေရာမှ မအောင့်အီးနိုင်သော စိမ်းက ချက်ချင်းမေးလာသည်။

"ဟဲ့ ... ဟိုကားပေါ်က အဆင်က ဘာမေးတာလဲ"

"ကားထွက်မှာလားတဲ့၊ ပါကင်လိုချင်လို့တဲ့"

"ဟဲ့ ... ကားကြီးကလည်း အမိုက်စားနော်၊ ဘာတဲ့ Ford တဲ့အေ လန်ထွက်နေတာပဲ၊ ရုပ်ကလည်း ဖြူးနေတာပဲ ဆရာ ...

တောက် ... ဘာလို့ ဒီနေရာမှာ လာတွေ့ရတာလဲ ဟယ်"

"ဟား ... ဟား ... ဒီနေရာမှာ လာတွေ့တော့ ဘာဖြစ်လဲ"

လူလူက ကားရှင်းသဖြင့် ဝေါခနဲ မောင်းထွက်လမ်းပေါ်သို့ ကွေ့ချရင်း ခပ်သောသောရယ်ရင်း မေးမိသည်။ စိမ်းက သူ့အယူအဆကို ဆက်ဖြေသည်။





"ဟုတ်တယ်လေ ... ရှင် စဉ်းစားကြည့်။ ဒီနေရာမှာသာ မတွေ့ဘဲ တစ်နေရာရာမှာ သူနဲ့တွေ့ပြီး ကြားထဲကသိတဲ့ မိတ်ဆွေတစ်ယောက်က မိတ်ဆက်ပေးလိုက်ရင် အနည်းဆုံးတော့ နာမည်လေး သိခွင့်ရပြီး ကတ်တွေ ဘာတွေ လဲလို့ရမယ်ပေါ့ဟာ ..

ဒါဆိုရင် နည်းနည်းပါးပါး ဖာတ်လမ်းဆက်လို့ရမယ်ပေါ့"

"ဒါပေါ့ ...တစ်ခါတလေ ငါတို့ နေ့စဉ်ပတ်သက် ဆက်ဆံနေရသူတွေထက် အမှတ်တမဲ့ တွေ့လိုက်ရသူတွေကို သဘောကျမိတာ ရှိတယ် ...

ဒါပေမဲ့ ဒီလို ဖျတ်ခနဲ တွေ့ရသူတွေကို ဇာတ်လမ်း ဘယ်လိုဆက်မလဲ၊ အဲ ... နင် သိပ်ဆက်ချင်ရင်တော့ ... ရမယ်"

"ဟင် ... ပြောစမ်းပါဦး၊ ရှင်က ခေါင်းသိပ်ကောင်းတာ"

"ဟား ဟား ... သူ့ရဲ့ Ford ကားကြီးကို သွားတိုက်လိုက်လေ၊ အလျော်ပေးဖို့ စကားပြောရတော့မှာပေါ့"

"အမယ်လေး ... တော်ပါ ... တော်ပါ"

"ဒီလိုပါပဲဟာ ... တော်တန်ရုံ မိန်းကလေးတစ်ယောက်က ယောကျ်ားတစ်ယောက်ကို တော်တန်ရုံ မချစ်ဘဲနဲ့တော့ စိတ်ဝင်စားရုံလောက်နဲ့ ရင်းနှီးပတ်သက်ဖို့ ဘယ်ကြိုးစားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရင်တောင် ကြိုးစားချင်မှ ကြိုးစားမှာ"

"အင်း ... မွေးရက်ကျိုး နပ်ပါပေတယ်"

"မွေးရက်ကျိုးနပ်ရင် အိမ်ကို အမြန်မောင်းတော့၊ ကျုပ်မိုက်ဆာနေပြီ၊ ဒီနေ့ မေမေ့ကို ငါးခေါင်းချဉ်ဟင်းနဲ့ ဝက်ပုန်းရည်ကို ရှယ်ချက်ခိုင်းထားတာ၊ ရှင် လာမယ်ဆိုလို့ မေမေက ငှက်ပျောပေါင်းပါ လုပ်ထားမယ်တဲ့"

"ကဲ ... ဒါဆိုရင်တော့ မိုးပျံဂီယာထိုးလိုက်တော့မယ်"

နေ့လယ်ခင်းမို့ ကားနည်းနည်းရှင်းချိန်မှာ လူလူက လီဗာကို ပိုဖိနင်းလိုက်သည်။ ပြောရလျှင်တော့ လူလူ့အတွက် ပျော်ရွှင်စရာ အချိန်ဆိုတာ စိမ်းနဲ့အတူ ရှိနေချိန်မှာသာ များပါသည်။

❖ ❖ ❖






www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သယ်ရင်း၊ အထည်တွေ ရွေးပေးရတာ မောသွားရောပေါ့၊ Swensen's မှာ ရေခဲမုန့် ဝယ်ကျွေးမယ်နော်"

မိုးလေးရဲ့အပြောကို နဝါက မျက်လုံးပြူး ပြန်ကြည့်ရင်း မဲ့ပြသည်။ Shopping Mall ကြီးထဲက ပိတ်စဆိုင်၊ ချည်ထည် ပိုးထည်ဆိုင်တွေမှာ နှစ်နာရီ သုံးနာရီကျော်ကြာအောင် ပတ်မွှေပြီး စိတ်တိုင်းကျ ဝယ်ခြမ်းပြီးမှ ဒီလိုလေပြည်သွေးလာတာလေ။

နဝါတစ်ယောက် မိုးလေးကို မေးဖို့ နားမလည်သော မေးခွန်းများကို အခုတော့ မောသေး၍ မမေးသေးဘဲ Swensen's မှာ ရေခဲမုန့် မှာပြီးမှသာ အနည်းငယ်စားရင်း အမောဖြေရင်း မေးမိသည်။

"နင် ဘာစိတ်ကူးတွေ ပေါက်နေတာလဲ"

"ဘာကိုလဲ ... ရှင်းရှင်းပြော"

"ခါတိုင်းက အင်္ကျီဆို ကြိုးတစ်ချောင်းနဲ့ ဘောင်းဘီ၊ စကတ်ဆို ပေါင်လယ်မှ မဟုတ်ရင် မဝတ်တတ်တဲ့ ရှင်



www.burmeseclassic.com

www.burmeseclassic.com



က အခု မြန်မာဝတ်စုံတွေ ချုပ်ဝတ်နေတယ် ဆိုတော့ အင်း ... နေလည်းမပူပါဘူး၊ ခုတလော မိုးတွေရွာပြီး ရာသီဥတုလည်း အေးမြနေတာပဲ"

"ဟွန်း ... မိန်းမစုတ်။ နင်က ငါ့ကို နေပူရင် စိတ်ဖောက်မယ်လို့ ပြောချင်တာလား၊ ဝါ အကောင်းဟဲ့၊ ကောင်းလွန်းလို့ ဒီလိုတွေဝတ်ဖို့ စဉ်းစားတာ"

"ရှင်းစမ်းပါဦး"

"ဆီဇာက မြန်မာဝတ်စုံလေးတွေကို သဘောကျတယ်လေ"

"ဘာရယ် ! "

နဝါ ပြန်မေးတာက မကြားလိုက်လို့ ပြန်မေးတဲ့ပုံမျိုး မဟုတ်ဘဲ အာမေဋိတ်ပုံစံမျှသာမို့ မိုးလေးက ပခုံးကိုအသာတွန့်ပြရင်း ရေခဲမုန့်တစ်ဇွန်းကို ဟန်ပါပါ ကော်စားပြလိုက်သည်။

"အဲဒီလို သဘောကျတယ် ဆိုတာနဲ့ပဲ နင်က မောင့်ချစ်သူ မြန်မာမလေး လုပ်တော့မယ်ပေါ့ ... ဟုတ်လား"

"ဟား ဟား ... နင် တော်တယ်၊ ရွှေပါးစပ် ငွေပါးစပ်ဘာတဲ့ မောင့်ချစ်သူ မြန်မာမလေး xxx သနပ်ခါးကို xxx ဘယ်ညာလူး xxx ဆံလေးထုံးလေးပါထုံး ဆိုတဲ့ဟာမျိုးပေါ့ ... ဟုတ်လား"

"နေစမ်းပါဦး၊ ဆီဇာက မြန်မာဝတ်စုံ ကြိုက်တယ်ဆိုတာ နင်က ဘယ်လိုလုပ် သိရတာတုံး"





"အဟင်း ... တစ်နေ့က ငါ သဲစုတို့ ဒင်နာသွားတော့ အပြန်ကျ သူက ငါ့ကို သူ့ကားနဲ့ အိမ်ပြန်လိုက်ပို့ပေးတယ်လေ ...

ကားထဲမှာ TV ဖွင့်ထားတော့ MRTV-4 က အစီအစဉ်တစ်ခု လာနေတာပါဟယ်၊ မီးပွိုင့်မှာ ကားရပ်တုန်း အမှတ်တမဲ့ကြည့်ရင်း သူ့ဆီကနေ အမှတ်မထင် သိလာတာ"

"ဟား ... ဒါနဲ့ပဲ နင်က မြန်မာဝတ်စုံတွေ ဝတ်တော့မယ်ပေါ့"

"အင်းလေ ... ဘာဖြစ်လို့လဲ။ အဲဒါ ကောင်းတဲ့အလုပ်ပဲမဟုတ်လား"

"မိုးလေး ! နင်က ဆီဇာ့ကို ကြိုက်နေတာလား၊ ဆီဇာက နင့်ကို ကြိုက်နေတာလား"

"သူကလည်း ငါ့ကို ကြိုက်ချင် ကြိုက်မှာပေါ့၊ ငါကလည်း ကြိုက်နေပါတယ်"

ကိုယ့်အဖြေကိုယ် သဘောကျပြီး အဆုံးသတ်မှာ မိုးလေးက ခိခနဲ ရယ်မိသည်။ မျက်လုံးထဲတွင် ဆီဇာရဲ့ပုံရိပ်ကို ဖျတ်ခနဲ ပြေးမြင်ပြီး အဲဒီအတိုင်း ဖြစ်မှာပါဟုလည်း တစ်ထစ်ချ ယုံကြည်နေမိပြန်သည်။

ဆီဇာနှင့် မိုးလေးသည် ပွဲတစ်ခုမှာ သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးသဖြင့် သိကျွမ်းရင်းနှီးခဲ့ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



facebook မှာပါ သူငယ်ချင်းတွေ ဆက်ဖြစ်ပြီး နှစ်လ သုံးလ ကြာလာသောအခါ အခု လက်ရှိအနေအထားမှာ တစ်ယောက်နဲ့တစ်ယောက် သမုဒယဆန်သော ပတ်သက်မှုတွေ ထပ်ရှိလာခဲ့သည်။ မိန်းကလေးတို့၏ အာရုံခံစားမှု သိစိတ်အရ ဆီဇာဟာ မိုးလေးကို Propose လုပ်လာလိမ့်မည်ဟု ယုံကြည်နေမိလေသည်။

ဆီဇာလို လူမျိုးတစ်ယောက်ကိုလည်း မိုးလေးက လက်လွှတ်မခံချင်ပါ။ အိမ်က အမေကိုယ်တိုင်က မိုးလေးနဲ့ပတ်သက်သူတွေကို အမြဲထောက်လှမ်းနေလေရာ ဆီဇာနှင့်ပတ်သက်မှုကိုတော့ အမေ ကိုယ်တိုင်က တိုက်တွန်းနှိုးဆော်သဘောကျရလေအောင် ဆီဇာတို့မိသားစုရဲ့ မျိုးရိုးဂုဏ်သတင်းက သင်းပျံ့မွှေးထုံလွန်းလှသည်။

ပိုက်ဆံကြွယ်ဝချမ်းသာတာထက် ဆီဇာတို့ မျိုးရိုးဟာ ပညာတတ်တွေများကာ တစ်မျိုးလုံး တစ်ဆွေလုံး အစိုးရဌာနပိုင်းတွေမှာ၊ လွှတ်တော်ထဲမှာထိ ရာထူးကြီးကြီး ပေါက်ရောက်သူတွေချည်း။ ဆီဇာကိုယ်တိုင်လည်း ပညာထူးချွန်လွန်းလှကာ စကားပြောလျှင် ရည်မွန်ယဉ်ကျေးလွန်းလို့ ပိုသဘောကျရသည်။ ဒီယောက်ျားတစ်ယောက်ကို ချစ်တာ မချစ်တာထက် အင်မတန် သဘောကျရလွန်းရင်ကို သူနဲ့ပတ်သက်ဖို့ မျှော်လင့်နေရပြီဟု သူငယ်ချင်းတွေ၊ မိသားစုဝင်တွေက မိုးလေးဟု ခေါ်ကြသည့် ကေသက်မိုးလျာက သတ်မှတ်လေသည်။





မိုးလေးတို့ အသိုက်အဝန်းမှာတော့ ကိုယ်တွဲသည့်၊ ကိုယ်လက်ထပ်မည့် သတို့သားလောင်း၏ အရည်အချင်းကိုလည်း ပြိုင်ဆိုင်ကြပါသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com





# ဆိဗာတိုးဘုန်းဝေ

www.burmeseclassic.com

www.burmeseclassic.com



"Hi ... မာမီ မောနင်း"

ဆီဇာက ကော်ဖီနှပ်နေရာမှ kitchen ထဲသို့ ဝင်လာသော မာမီ့ကိုမြင်၍ လက်တစ်ဖက် ထောင်ပြကာ နှုတ်ဆက်လိုက်လျှင် မာမီက သူ့ကို မျက်ခုံးပင့်ကြည့်သည်။ နံနက်စောစောမှာ kitchen ထဲရောက်နေပြီး ပေတရွှန်လည်း ဝတ်ထားသော သူ့ပုံစံကို မာမီက အနည်းငယ် အံ့သြဟန် ပြနေလေသည်။

"သားလေး ... အစောကြီး နိုးနေတာလား"

"ဟုတ်တယ် မာမီ၊ ညက စောစောအိပ်ပျော်သွားမှာ သိနေလို့ မနက်ကို Alarm စောစောပေးထားပြီး ကန်ပေါင်ကို ထပြေးတာ။ ပြန်ရောက်တော့ ဒယ်ဒီနဲ့ မာမီ့အတွက် ဆီလာမီ လုပ်နေတာ ...

ဒါပေမဲ့ ဒယ်ဒီက ဂေါ့ဖ်ရိုက်သွားတော့ သား မာမီ့အတွက် သားနဲ့ နှစ်ပွဲစာပဲ လုပ်နေတော့တယ်"

"အင်း ... ဒီနေ့ ငါ့သားလေးလက်ရာ စားရဦးမှာပေါ့"

"ဒါပေါ့ မာမီရ၊ ကဲ ... လာ ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မာမီက ငါ့သားလေး ပင်ပန်းပါတယ်တွေ၊ လုပ်မယ့်လူတွေ အများကြီး ရှိနေတာကို ဘာညာနှင့် မပြောပါ။ အသာပြုံးရင်း စားပွဲမှာ ဝင်ထိုင်သည်။ Kitchen ထဲမှာလည်း အိမ်က ကောင်မလေးတွေ တစ်ယောက်မှ ရှိမနေတာကို ဘာမှ ထူးဆန်းပုံ မရပါ။ တကယ်တော့ ဒီအခြေအနေဟာ မာမီ့အတွက် ခမ္မကြုံရတတ်သည့် အခြေအနေ မဟုတ်ပါလေ။

သူဟာ အင်္ဂလန်မှာ ကျောင်းသွားတက်စဉ်က ဟိုမှာ Bakery သင်တန်းတစ်ခု တက်ခဲ့သည်။ ဘာကြောင့်မှန်းမသိ သူဟာ ကိတ်ဖုတ်တာ၊ ဒိုးနတ်လုပ်တာ၊ ကွတ်ကီးလေးတွေ လုပ်ရတာကို ဝါသနာပါသည်။ နာမည်ကြီးသော ဥရောပအစားအစာ တော်တော်များများကို သူ မလုပ်တတ်တာမရှိ။ အထူးသဖြင့် ကိတ်လေးတွေ ဖုတ်ပြီး သူငယ်ချင်းတွေနှင့် မိသားစုတွေကိုကျွေးရတာ လက်ဆောင်ပေးရတာကို ပျော်မွေ့သူ ဖြစ်ပါသည်။

နောက်ပိုင်း သူ စိတ်လိုလက်ရ ရှိတဲ့အခါတိုင်း ကိတ်ဖုတ်ကာ ကော်ဖီဖျော်လျက် Breakfast ပဲဖြစ်ဖြစ် ညဘက် ဒင်နာကို စပါကတီဖြစ်ဖြစ် သူ့လက်ရာဖြင့် မိသားစုကို တည်ခင်းဧည့်ခံလေ့ ရှိတတ်သည်။ အဲဒီအချိန်မျိုးတွင် သူ့အနားမှာ ဘယ်သူမှ ရှိနေတာ မကြိုက်ပါ။ သူပါ အစအဆုံး ကိုယ်တိုင် လုပ်ရတာကို ပိုသဘောကျပါသည်။

"အဆင်ပြေလား မာမီ။ ဘာလိုလဲ"





"မလိုပါဘူး၊ ငါ့သားလေး လက်ရာက ဘာပြောစရာ ရှိတာမှတ်လို့"

မာမီက အသားပြားတစ်ချပ်ကို ဓားနှင့်ဖြတ်ကာ ပါးစပ်ထဲ ထည့်ဝါးရင်း ပြုံးကာဖြေသည်။ သူက အိုခေ ... ဟု တိုးတိုးရေရွတ်ရင်း မာမီ့အတွက် သိပ်မခါးသော ခပ်ဆိမ့်ဆိမ့် ကော်ဖီတစ်ခွက်ကိုပါ ဖျော်ပေးနေမိသည်။ မာမီက သူ လုပ်ကိုင်တာတွေကို ပြုံးကြည့်ရင်းမှ ...

"မာမီ့မိတ်ဆွေတစ်ယောက်က တစ်နေ့က အိမ်လာလည်ရင်း သား လုပ်ထားတဲ့ ညောင်ပင်ဘွန်ဇိုင်းလေးကို ကြိုက်လို့တဲ့ကွယ် ... အဲဒါ"

သူက အဲဒါဆိုတဲ့ စကားနောက်မှာ မာမီ့ကို သိနေပြီးသား ဟူသော မျက်လုံးမျိုးဖြင့် ဝင့်ကြည့်ကာ ခပ်ပြုံးပြုံးလုပ်လိုက်မိသည်။ သူ့ဝါသနာတွေထဲမှာ Backery အပြင် အပင်စိုက်တာ၊ အပင်ပြုစုထိန်းသိမ်းတာ၊ ဘွန်ဇိုင်းပင်လေးတွေလုပ်တာ အပြင် အပင်တွေကို လုပ်စွာပုံဖော်ရတာပါ ပါသည်။ ဒါတွေဟာ သူ့အမေရဲ့ သွေးတွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ မာမီက ဟင်းချက်ကောင်းသလို၊ အစားအသောက်တွေ ဖွယ်ဖွယ်ရာရာ စီမံပြင်ဆင်ရတာကိုလည်း ဝါသနာပါသည်။ အပင်တွေလည်း ချစ်တတ်သေးသည်။ အရင်က တက္ကသိုလ်ကဆရာမ ဖြစ်ခဲ့ပေမယ့် သူ့ကို မွေးပြီးသောအခါ အလုပ်ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အထက်တွင် အစ်ကိုနှင့် အစ်မရှိသေးသည်။ သူတို့ကတော့ အိမ်ထောင်ကျသွားကြတာ သိပ်မကြာသေး။

"အဲဒါနဲ့ မာမီ လက်ဆောင်ပေးလိုက်တယ် ဆိုပါတော့"

"အင်းပေါ့ ... သားလေးရယ်၊ မာမီတို့ ဘော်ဒါတွေမှာက ဒီလိုလက်ဆောင်တွေပဲ တန်ဖိုးထား မက်မောကြတာလေ"

အဲဒါတော့ ဟုတ်သည်။ လူတွေရဲ့လက်ဆောင်ဆိုတာ တစ်ခါတလေတော့လည်း ပစ္စည်းတန်ဖိုးသတ်မှတ်ချက်သည်။ ပေးအပ်သူရဲ့အနေအထား၊ လက်ခံယူမယ့်လူရဲ့ အနေအထားကြားမှာ အရေးမပါဘဲ ဘယ်လိုအပြုအမူနဲ့ ပေးသလဲဆိုတာ အရေးပါနေသည်။ ဥပမာ ... မာမီတို့ အသိုင်းအဝိုင်းမှာပဲကြည့် သူလည်းသူဌေး၊ ကိုယ်လည်းသူဌေးမှာ သူ့ကို ဟိုတယ်ကြီးတစ်ခုမှာ ဈေးကြီးကြီး အစားအသောက်တွေကို လိုက်ကျွေးတာထက် ကိုယ်တိုင်ချက်ပါသည်ဆိုသော မုန့်ဟင်းခါးပို့ပေးတာကို တစ်ဖက်က ပို Appreciate လုပ်သည်။ သဘောကျသည်။

သူဌေးကတော်အချင်းချင်း ရွှေ ငွေတွေ၊ တန်ဖိုးကြီးပစ္စည်းတွေ လက်ဆောင်ပေးနေတာထက် အိမ်မှာလုပ်တဲ့မုန့်၊ အိမ်ကပျိုးတဲ့ပန်း စတာတွေကို လက်ဆောင်ပေးတာက တစ်ဖက်သားကို ပိုရင်းနှီးခင်မင်သည့်ပြယုဂ် ဖြစ်စေပါသည်။ သူတောင် ချစ်ခင်မြတ်နိုးရသော မိသားစုတွေနှင့် သူငယ်ချင်းတွေကို ကိတ်





ဖုတ်ပေးဖို့၊ ကွတ်ကီးလေးတွေ လုပ်ပေးဖို့ တန်ဖိုးထား သိတတ်ပေးတာပဲလေ။ ဆိုင်က ဝယ်ကျွေးတာထက် ကိုယ်တိုင်လုပ်ပေးတာကို ကိုယ်ကလည်း တန်ဖိုးထားပေးသလို တစ်ဖက်လူကလည်း တန်ဖိုးပိုမြင်တတ်တာပဲ မဟုတ်လား။

"သားနဲ့ အခုတလော တွဲနေတဲ့ ကောင်မလေးနဲ့ ဘယ်လို အခြေအနေ ရှိနေပြီလဲ"

"အဟင်း ... ဘယ်သူ့ကို ပြောတာလဲ မာမီ။ လတ်တလောမှာ သားနဲ့ ဖုန်းပြော မုန့်စား လုပ်နေတာ သုံးယောက်လောက် ရှိတယ်"

"အင် ... ပြီးရော။ ငါ့သားလေးကတော့။ ကဲ ... ဟုတ်ပါပြီ အဲဒီသုံးယောက်နဲ့ သားနဲ့ အခြေအနေတွေ ပြောပြပါဦး"

"ဟား ဟား ... မာမီက သား မိန်းမယူမှာ ကြောက်နေတာလား၊ စိတ်ချပါ မာမီရ။ မာမီ့သားက ရည်းစားတောင် မထားသေးတာ။ မိန်းမယူဖို့ဆိုတာ အဝေးကြီးမှာ။ အသက်(၃၀)လောက်မှ အိမ်ထောင်ပြုဖို့ စဉ်းစားမယ် မာမီ"

"ဟင်း ... ဟင်း ... မာမီက သားကို မိန်းမယူမှာကြောက်လို့၊ ရည်းစားထားမှာ ကြောက်လို့ မေးနေတာမှ မဟုတ်တာ၊ သား အသက်(၁၈)နှစ်ပြည့်တည်းက officially ရည်းစားထားခွင့် ပေးထားတာပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဖက် ရွေးချယ်တဲ့ နေရာမှာလည်း ဘယ်လိုမိန်းကလေးမျိုးကို ရွေးချယ်သင့်တယ်ဆိုတာ သားကို ရှင်းပြထားပြီးသားပဲ။ မာမီနဲ့ ဒယ်ဒီလည်း ကိုယ့်ဘာသာ ချစ်ကြိုက်ပြီး ယူခဲ့ကြတာ။ သားအစ်ကိုနဲ့ အစ်မလည်း သူတို့ချစ်တဲ့လူကို ယူခဲ့ကြတာပဲလေ ...

တကယ်တော့ လူ့ဘဝ တိုတိုလေးမှာ ကိုယ့်ချစ်တဲ့သူနဲ့ နေသွားမှ ပျော်စရာကောင်းပြီး အနှစ်သာရရှိမှာပေါ့။ မာမီလည်း သားဒယ်ဒီနဲ့ လက်ထပ်ပြီး အတူနေရတဲ့ အချိန်တွေကို ဘဝရဲ့တန်ဖိုးအရှိဆုံး အချိန်တွေလို သတ်မှတ်ဖြတ်သန်းခဲ့တာပဲလေ။ ဒါမှ လူသားဘဝ ပီသမှာပေါ့။ သားကိုလည်း အဲဒီအနှစ်သာရမျိုး ခံစားစေချင်တယ်"

မာမီက နောက်ဆုံးစကားကို ခပ်ပြုံးပြုံး ပြောပြီးနောက် သူ ဖျော်ပေးထားသော ကော်ဖီကို ယူသောက်နေသည်။ သူတို့မိသားစုက နွေးနွေးထွေးထွေး ပွင့်ပွင့်လင်းလင်း ရှိတာမို့ ဘာမဆို ဖွင့်ဟတိုင်ပင် ဆွေးနွေးလို့ရသည်။ သူ့မိဘတွေကလည်း ခေတ်မီကာ သားသမီးကို နားလည်ပေးတတ်သူတွေမို့ သူတို့မောင်နှမတွေ ကံကောင်းတယ်လို့ သတ်မှတ်ရမည်။

"အချစ်ဆိုတာ ထူးခြားတဲ့ ခံစားချက်မျိုးလား မာမီ။ Special for someone လား"

"အို ... သိပ်သေချာတာပေါ့။ သူ့ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ရမှန်း မသိပေမယ့် သူ့ကို တကယ်ထိတွေ့ ခံစားနေမိ





ပြီဆိုရင် သား အလိုလို သိလာမှာပဲ၊ ဒါကြောင့် တချို့တွေ ရည်းစားထားရင်းနဲ့ တကယ်ချစ်တဲ့ ချစ်သူကို ထပ်တွေ့တယ်ဆိုတာ ဖြစ်နိုင်တယ်လေ သား"

"အင်း ... ခုခေတ်လူငယ်တွေ အများဆုံး ကြုံတွေ့ရမယ့် Complex (အရှုပ်အထွေး)တစ်ခုပေါ့နော် မာမီ"

"ဒါပေါ့ သား၊ ဒီခေတ်မှာ အများကြီးပွင့်လင်းလွတ်လပ်လာတော့ အချစ်ကို ရှာတွေ့ဖို့ နည်းနည်းခက်တာပေါ့"

မာမီ့စကားက ဒဿနဆန်လှသည်။ ပွင့်လင်းလွတ်လပ်တာနဲ့အမျှ ရှာဖွေတွေ့ရှိရန် ပိုမိုလွယ်ကူလာရမှာ မဟုတ်လား။ ဒါပေမဲ့ ပွင့်လင်းလွတ်လပ်လာတာနဲ့အမျှ အချစ်နဲ့ ခပ်ဆင်ဆင်တွေများလို့ အချစ်ဆိုတာ လွယ်လွယ်လေး ရှာတွေ့ခံစားဖို့ ခက်ခဲသွားနိုင်ပါသည်။

"သေချာတာတော့ မာမီပြောတဲ့ ထူးခြားဆန်းကြယ်တဲ့ အချစ်ဆိုတာ သား လုံးဝမတွေ့ကြုံရသေးတာတော့ အမှန်...

ဒါကြောင့်လည်း ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောမိသေးတာ"

"ထာဝရမန္တလေးက စကားလေးလိုပေါ့ ... ဟုတ်လား၊ ဟင်း ... ဟင်း"

မာမီက သူမ အမြဲတမ်း စောင့်ကြည့်နေသည့် မြန်မာဇာတ်လမ်းတွဲမို့ သူလည်း တစ်ခါတလေ ကြုံကြိုက်ရင် ဝင်ကြည့်ဖြစ်သည်။ အဲဒီထဲက စကားလေးတစ်ခွန်းကို မာမီက

www.burmeseclassic.com



နှစ်သက်လွန်းသလို သူပါ တကယ်သဘောကျ လက်ခံရလေသည်။

ဘာတဲ့ ... အမြဲတမ်းထာဝရအတွက် မဟုတ်ခဲ့ဘူးဆိုရင် ချစ်တယ်ဆိုတဲ့စကားကို လုံးဝမသုံးသင့်ပါဘူးတဲ့။

သူလည်း အဲဒီစကားကို အပြည့်အဝ လက်ခံပါသည်။

❋ ❖ ❋



(၁)

"အမယ်လေး ... သောက်ကျိုးနည်း Estimate များ၊ ခုမှပဲ ပြီးရတော့လားဟ"

လူလူက သူဌေးကို တင်ပြရမည့် Estimate များကို ဆွဲနေရင်း အားလုံးပြီးသွားချိန်ကို ကြည့်လိုက်လျှင် ည(၁၁)နာရီ ထိုးနေပါပြီ။ အလုပ်မှာ အာရုံစူးစိုက်ရသဖြင့် ဘယ်လောက်များ မလှုပ်မယှက် နေမိမှန်းမသိ။ ခက်ကျောတွေက တောင့်တင်းနေကာ ချိုးချလိုက်လျှင် ဝါးအစည်းပြေသလို တဖြောင်းဖြောင်း တရောင်းရောင်း ဖြစ်သွားသည်။ ခါးချိုးချလိုက်တော့လည်း ဂျွတ်ခနဲ။ အညောင်းဆန့်ပြီးသွားသောအခါ တစ်ချက်ပြန်စစ်ပြီးနောက် သူဌေးရဲ့ e-mail ထဲ ပို့ပေးလိုက်လေသည်။ ကဲ ... ပြီးပြီ အလုပ်ဟူသမျှ ဂုဏ်ရှိစေ။ အဲ ... အလုပ်ဟူသမျှ ပြီးပဟ။

ခုံမှပြန်ထကာ လူလူက မှန်ပြတင်းနားသို့ သွားရပ်ရင်း ညရဲ့လေပြည်ကို ရှူရှိုက်မိသည်။ ည(၁၁)နာရီရှိပြီမို့ ဟော



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်က အတော်တိတ်ဆိတ် ငြိမ်သက်နေပါပြီ။ နဂိုတည်းက လည်း လူလူနေသော နေရာက အေးချမ်းဆိတ်ငြိမ်သော ရပ်ကွက် မှာ ရှိသည်လေ။

"ဗွိ"

အမယ်လေး ဘယ်က အသံပါလိမ့်။ သြော် ... ငါ့ ဗိုက်ထဲက အသံပါလား။ ကိုယ့်ဗိုက်ထဲက ဗွိသောအသံကို လူလူ က သဘောပေါက်ပြီးမှ ဗိုက်ဆာလာတာကို ခုမှ သတိထား မိတော့သည်။

အစာအိမ်က အသံတောင်ထွက်ပြီး အချက်ပေးနေ ပြီလေ။ အလုပ်နှင့် ပတ်သက်လာလျှင် ခွဲနဘဲကြီးစွာ ကြိုးစား အားထုတ် ဝီရိယရှိတတ်သူမို့ ညရှစ်နာရီတည်းကကိုင်သော အလုပ် ဟာ အခု ဆယ့်တစ်နာရီထိုးမှပဲ ပြီးတော့သည်။ အမှန်တော့ မနက်ဖြန်တစ်ရက်ထိ အချိန်ရသေးပေမယ့် Sunday မို့ ပြည့်ပြည့် ဝဝ အနားယူဖို့ စိတ်ကူးပြီး ဒီနေ့ တစ်ခါတည်း ကိစ္စဖြတ်တော့ တာပါ။

မနက်ဖြန် လေယာဉ်ပေါ်မှာ အချိန်ကုန်နေမယ့် သူ့ခွေးလည်း ဒီ Estimate တွေကို လေယာဉ်ပေါ်မှာပဲ အေးအေး ဆေးဆေး ကြည့်ရှုအကဲခတ်သွားနိုင်ဖို့ အခွင့်အရေးကို ရစေချင် သည်။ တစ်ဖက်သားရဲ့ အချိန်တွေကိုပါ ထည့်တွက်တတ်သည့် လူလူ့ကို သူ့ခွေးကလည်း အဲဒါတွေ သဘောကျတာ ဖြစ်နိုင်ပါ သည်။...





"ဗိုက်ဆာတယ်ကွာ။ မုန့်ဟင်းခါးပူပူလေးဖြစ်ဖြစ်၊ ဘဲသား ဆီချက် ပူပူလေးဖြစ်ဖြစ် ဆွဲချင်လိုက်တာ ...

ဟုတ်ပြီ။ ဟိုမိန်းမကို ဖုန်းဆက်ကြည့်ရမယ်"

လူလူက အိပ်ရာပေါ် ခိုင်ဗင်ပစ်ချလိုက်ရင်း ခေါင်း အုံးဘေးက ဖုန်းကိုယူကာ စိမ်းထံ ခေါ်လိုက်သည်။ စိမ်းက ချက် ချင်းပဲ ဖွင့်ထူးပါသည်။

"ဟဲ့ ... ပြော"

"အေးပါဟဲ့ ... ပြောမလို့ဆက်တာပါပဲ ...

ဗိုက်ဆာလို့ပါဟယ်၊ တစ်ခုခု စားချင်လို့"

"ဟဲ့ ... အဲဒါ ရှင့် Kitchen ထဲကို ရှင်သွားပါ့လား။ ရှင့် ရေခဲသေတ္တာ ရှင်ဖွင့်လေ"

"အိမ်ကဟာတွေ စားချင်မှဖြင့် ငါက နင့်ကို ဖုန်းဆက်နေ ပါ့မလား၊ ပြီးတော့ အိမ်မှာ ဘာမှသိပ်မရှိတော့ဘူး။ ငါ လည်း ဒီတလော အပြန်နောက်ကျနေတာနဲ့ City mart မဝင်ဖြစ်တာတောင် ကြာပြီ"

"ဒါဖြင့်ရင် ...

"မုန့်ဟင်းခါးပူပူလေးဖြစ်ဖြစ်၊ ဘဲသားဆီချက်လေးဖြစ်ဖြစ် စားချင်လို့ပါဟယ်"

"အမယ်လေး ... အသံက သနားစရာ၊ ဘယ်မှာသွားစား မလို့လဲ၊ SS လား"

"အေးပေါ့ ... အနီးဆုံးဆိုလို့ ဒါပဲ ရှိတာပဲဟာ"

www.burmeseclassic.com



"အေး ... ပြီးရော ထွက်လာခဲ့မယ်"

"နောက် ဆယ်မိနစ်နေရင် ဆုံမယ်"

လူလူက ဖုန်းချပြီးတာနှင့် အဝတ်အစားကို ချက်ချင်းပြေးလဲသည်။ ဂျင်းဘောင်းဘီတစ်ထည်ကောက်စွပ်၊ အနက်ရောင် တီရှပ်အကျႌ BEBE ကို ဝတ်ဆင်ပြီး ပိုက်ဆံအိတ်နှင့်ဖုန်းကို ကောက်ယူကာ ထွက်လာခဲ့သည်။ လူလူ နေတာဗဟန်းမြို့နယ်ထဲရှိ အဆင့်မြင့်ကွန်ဒိုကြီးတစ်ခုမှာဖြစ်ပြီး ဆယ့်တစ်ထပ်ကနေ၍ Lift ဖြင့် ဆင်းလာသည်မှာ အောက်ထဲ Ground ထဲရှိ ကားပါကင်သို့ ခဏလေး ရောက်သည်။ လူလူရဲ့ KIA Sportage အနက်က အနားရောက်တာနှင့် သော့ကချောက်ခနဲ ပွင့်သွားသည်။

ခလုတ်ကိုနှိပ်၍ စက်နှိုးကာ လူလူက ပါကင်ထဲမှ ဝေါခနဲပဲ ခပ်သွက်သွက် မောင်းထွက်လာခဲ့ပါသည်။ ကားမီးရောင်ကြောင့် ဂိတ်ဝက Security က တံခါးကို ပြေးဖွင့်သည်။ လူလူက ဆယ်မိနစ်ခန့်တောင် မမောင်းရသော ဆရာစံလမ်းသို့ကားကို ဦးတည်လာခဲ့ပါသည်။ စိမ်းကတော့ ရွှေတောင်ကြား(၂)မှာမို့ ရောက်တောင် ရောက်နေပြီ။ စိမ်းကားကို လှမ်းမြင်နေရသည်။ ညဆယ့်တစ်နာရီဆိုတာ တခြားနေရာတွေမှာတော့ ငြိမ်သက်ရှင်းလင်းနေပေမယ့် ဆရာစံလမ်းမှာတော့ စည်ကားကောင်းဆဲ ဖြစ်ပါသည်။ ညကြီးသန်းခေါင်မှ ဗိုလ်ဆာသူတွေ ရောက်လာတတ်ကြသော နေရာလည်းဖြစ်သည်။





အထဲမှာ ကားတွေပြည့်နေသဖြင့် လူလူက ကားကို အပြင်မှာပဲရပ်ကာ ဆင်းပြီးလမ်းလျှောက်လာခဲ့သည်။ လူလူ့ကို စောင့်နေဟန်တူသော စိမ်းကလည်း ကားပေါ်မှ ဆင်းလာပါသည်။ လူလူကသာ ဖြစ်သလို ဝတ်စားလာပေမယ့် စိမ်းကတော့ ညမိုးချုပ်မှာတောင် လှလှပပ ပြင်ဆင်လာနိုင်သေးသည်။ စိမ်းဆိုမှ စိမ်းပါပေ။

"ဟင်း ... ညကြီးမင်းကြီး ချဉ်ခြင်းတ,တော်မူတဲ့ မမ။ ရှင် ကျွေးရမယ်မှတ်"

"ကျွေးမှာပါအေ။ ဒီနေ့ သူဌေးခိုင်းထားတဲ့ Estimate တွေ ခုနကပဲ ပြီးသွားတယ်ဟာ။ အလုပ်ထဲ ရှုပ်ဝင်နေတာ ပြီးမှ ဗိုက်ဆာရမှန်း သိတော့တယ်၊ အလုပ်တွေ အများကြီး ပြီးသွားတဲ့ ငါ့ကို သူဌေးက ဂုဏ်မပြုခင် ငါကိုယ်ငါ အရင်ဂုဏ်ပြုရမယ် ... ဟား ဟား"

စိမ်းက လူလူကို မျက်စောင်းထိုးရင်း ဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။ လူလူက မုန့်ဟင်းခါး မှာသည်။ ဖက်ထုပ်ကြော်မှာသည်။ စိမ်းကလည်း ဟိုဟာမှာမလို ဒီဟာမှာမလိုနှင့် နောက်ဆုံးတော့ မုန့်ဟင်းခါးပဲ ခေတ်ကျသွားသည်။ မှာထားတာတွေ ရောက်မလာသေးခင် ဟိုဟိုဒီဒီ မျက်လုံးကစားကာ ပက်ဝန်းကျင်ကို စိတ်မဝင်စားတတ်သော လူလူက နှစ်ဆယ့်တစ်ရာစု ဖွံ့ဖြိုးဆဲနိုင်ငံမှ လူသားတို့ ထုံးစံအတိုင်း ဖုန်းကိုသာထုတ်ပြီး ပွတ်လျက်ရှိသည်။ ဒီနေ့ တစ်နေကုန် facebook မသုံးရသမျှ သတင်းဦးသတင်းထူးများကို မသိရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အရင်က သတင်းတွေ သိချင်လျှင် ဂျာနယ်ဝယ်ဖတ်ရသည်။ ဂျာနယ်ဆိုင်ကို သွားဦး ဝယ်ဦးနှင့်။ အခုချိန်မှာတော့ မြန်မာနိုင်ငံရဲ့ မြို့ပြကြီးတွေမှာ တွင်ကျယ်လာသော အင်တာနက် ယဉ်ကျေးမှုနှင့်အတူ ကိုယ်အားနေသောအချိန်၊ ကိုယ့်လက်ထဲက ဖုန်းလေးကို ပွတ်နေရုံနှင့် မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းတို့ကို စုံလင်စွာ သိနိုင်နေခဲ့ပါပြီ။

စိမ်းကတော့ လူလူ့လိုမဟုတ်။ တစ်နေရာ ရောက်တာနှင့် စိမ်းရဲ့မျက်လုံးက သူမနှင့် အနီးတစ်ဝိုက်ကို ဖြန့်ကျက်ထားကာ ဘယ်သူက ဘာဆိုတာ ငါးမိနစ်အတွင်း သိနိုင်စွမ်းသူဖြစ်သည်။ CNN တို့ BBC News သတင်းရိုက်ကူးရေးမှာ အသုံးဝင်သော Talent သည် အသုံးမချတတ်တော့ အကျိုးမရှိရှာ။

"ဟဲ့"

စကားတစ်ခွန်း ပြောဖို့အရေးကို မပြောဘဲ တဟဲ့ဟဲ့နှင့် ခေါ်တတ်တာသည်လည်း စိမ်းရဲ့အကျင့်။ စိမ်းရဲ့အစ်မက နာမည်ကြီးရုပ်ရှင်မင်းသမီးတစ်ယောက်မို့ စိမ်းဟာ မိန်းမလျာများနှင့် ရင်းနှီးသည်။ ပြီးတော့ ပြောပုံ ဆိုပုံ လေယူလေသိမ်းကပါ အဲဒီပုံစံ စတိုင်လ်တွေ ပေါက်နေပါသည်။ ခေတ်ကို အမီလိုက်ဖို့၊ ခေတ်နဲ့အညီ ဗန်းစကားတွေကို သိဖို့အတွက် စိမ်းနှင့် တစ်နာရီလောက် စကားပြောကြည့်လျှင် သိရပေပြီ။

"ဟဲ့ … မိန်းမ … ဟဲ့"

"ပြောမှာဖြင့် မပြောဘူးဟာ။ တဟဲ့ဟဲ့နဲ့"

"ဟဲ့ … နီး ချစ်ကင်း(န်)လယ်သာ့ ဖော် ယူ ဟဲ့"





"ကျွတ်"

လူလူက စိတ်မရှည်တော့ဟန်ဖြင့် စိမ်းကို မျက်မှောင်ကြုတ်ပြီး မော့ကြည့်အမိမှာ မုန့်ဟင်းခါးနှင့် ဖက်ထုပ်ကြော်လာချပေးပြီမို့ ဖက်ထုပ်ကြော်တစ်ခုကို ကောက်ဝါးပြီးမှ မုန့်ဟင်းခါးကို အချဉ်ညှစ် ငရုတ်သီးမှုန့်ဖြူးပြီး စပ်ဟပ်ပြင်ဆင်နေမိသည်။

"ရှင့် အချစ်တော်ကို တွေ့လို့ဟဲ့"

"ဘယ်သူလဲ"

လူလူက အေးအေးဆေးဆေး ပြန်မေးရင်း မုန့်ဟင်းခါးတစ်ဇွန်းကို မြည်းစမ်းကြည့်မိသည်။ နည်းနည်းပေါ့တယ်ထင်၍ ငံပြာရည်ထပ်ထည့်သည်။

"ဘယ်သူရှိရမလဲ။ ဟို ကောင်မပေါ့"

စိမ်းပါးစပ်မှ ဤသို့ ချိုသာစွာ ပျစ်ပျစ်နှစ်နှစ် ထွက်လာလျှင် လူလူက တစ်စုံတစ်ခုသော sense ကိုရကာ စူးခနဲ မော့ကြည့်မိသည်။ ပြီးတော့ ထင်တဲ့သူတစ်ယောက်ကို မေတ္တာရှေ့ထား မေးမိသည်။

"ဟို ကျက်သတုံးမ လား"

"ဟုတ်တယ်"

"ဗွီ"

စားလက်စ အရသာရှိသော မုန့်ဟင်းခါးကိုပင်လျှင် ထွေးထုတ်ပစ်ချင်လောက်အောင် အော်ဂလီဆန်သွားရသည်။ ဒါတောင် ရုပ်မမြင်ရသေး။ အသံမကြားရသေး။ ကိုယ့်အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရောက်နေသော နေရာတစ်ခုမှာ သင်း ရောက်နေတယ်ဆိုတာနဲ့တင် ခါးသီးစက်ဆုပ်သွားရသည်မှာ ပြောဖွယ်မရှိချေ။ အလုပ်ကလွဲ၍ ဘယ်အရာကိုမှ အံ့ရလေးအနက် မထားတတ်သူ လူလူ့အတွက် တူးခြစ်ခါးနေအောင် မုန်းရသည့် အစုတ်အပြတ်မ တစ်ယောက်တည်း လောကမှာ ရှိနေပါသေးသည်။

"ဟဲ့ ... ဟဲ့ ... ကောင်မက ဘဲတစ်ပွေနဲ့ဟဲ့။ ဘဲက စင်လိုက်တာဟယ်၊ အမယ်လေး ... မတန်မရာ။ ဘယ်ကများ ရှာဖွေလာလဲ မသိဘူး"

စိမ်းက နှစ်ပြားမတန်အောင် ပျစ်ပျစ်နှစ်နှစ် ပြောနေသော်လည်း လူလူက စိမ်း ပြောသော တစ်ယောက်ကို လှည့်မကြည့်ဖြစ် လှမ်းမကြည့်ဖြစ်ပါ။ မကြည့်ချင်လောက်အောင် မပတ်သက်ချင်လောက်အောင်အထိ မုန်းတီးသည်။ ဒါပေမဲ့ စိမ်း သုံးလိုက်သော "**မတန်မရာ**" ဆိုသည့် စကားကြောင့် လူလူ့နားထင်မွေးတွေ ထောင်သွားသလို ခံစားရသည်။ တစ်စုံတစ်ရာက စေ့ဆော်သောစိတ်ကြောင့် ဖျတ်ခနဲ မော့ကြည့်ဖြစ်ကာ ...

"ဘယ်မှာလဲ အဲဒီဟာမက"

"ဟိုမှာ ... ထွက်သွားပြီ။ ဟိုမယ် ... ဟိုမယ် ... အဝါနုရောင် ဟူဒီအင်္ကျီ ဝတ်ထားတဲ့ဟာ၊ သူနဲ့တွဲလာတဲ့တစ်ယောက်၊ ဟိုကောင်မက အနက်ရောင်ဇာဂါဝန်နဲ့"

လူလူ မုန်းသော တစ်ယောက်ကိုတော့ ဘေးတစောင်း မြင်တွေ့လိုက်ရပြီး သူမရဲ့ ဘဲဆိုတာကိုတော့ နောက်ကျောဘက်ကပဲ မြင်လိုက်ရပါသည်။ ဟိုမိန်းမနှင့်ယှဉ်လျှင် ခေါင်းတစ်လုံးစာထက်ကျော်ကာ မြင့်မားသော အရပ်အမောင်းနှင့် အချိုးစားကျသော ခန္ဓာကိုယ်ကို သတိထားမိသွားရသည်။ တစ်လက်စတည်းမှာပဲ ဖိုးသားကို သတိရသွားသော ရင်ခွင်မှာ မကျက်သေးသော ဒဏ်ရာက သွေးတစ်ချက် ပန်းထွက်လာသလို စူးနင့်အောင့်မျက်လာသည်။

နင် ဒီလို ပျော်နေဖို့ အခွင့်အရေး ရှိလို့လား ကေသက်မိုးလျှာ ဆိုတဲ့ အစုတ်အပြတ်မရယ်။

လူလူက တဆစ်ဆစ် နာကျင်နေသော စိတ်ဖြင့် စားလက်စ မုန့်ဟင်းခါးကိုတောင် ရပ်တန့်ထားမိသည်။ မုန့်ဟင်းခါးတောင် ပါးစပ်ထဲမှာ အရသာမရှိတော့သလို ခံစားရသည်မှာ ရင်ထဲက မုန်းတီးလွန်းသော အမုန်းတရားကြောင့် ဖြစ်ပါလိမ့်မည်။ အမုန်းမီးသည် ကိုယ့်ကိုပူလောင်စေမှန်း၊ တစ်ဖက်သားကို မုန်းတီးနာကြည်းရတာ ဘယ်လောက်ပင်ပန်းမှန်း သိပေမယ့်လည်း ကိုယ်ဟာ ပုထုဇဉ်လူသားမို့ ကျွတ်တန်းဝင်ဖို့ ပါရမီတောင်ပါမလာသူ ပီသစွာ အမုန်းမီးကို မငြိမ်းသတ်နိုင်ရုံ အဆင့်မျှမက ဥပေက္ခာတရားနဲ့တောင် မနေတတ်သေးသူ ဖြစ်ပါသည်။

"ဟိုဟာမ ဘဲက တော်တော်မိုက်လား"

ပူလောင်ကျွမ်းရှပြီးမှ အေးစက်စက်သဏ္ဍာန်နှင့် ထမေးသော လူလူ့ကို စိမ်းက ပြုံးကြည့်သည်။ များသောအားဖြင့် လူလူတို့ စိမ်းတို့ဆိုတာ စကားပြော ပွင့်လင်း ဗွင်းရှင်းကြပေမယ့်







www.burmeseclassic.com

www.burmeseclassic.com



သူများကို ကောင်မတွေ၊ ချိုးချိုးဖွဲဖွဲ ပျစ်ပျစ်နှစ်နှစ်တွေ သိပ်မပြောတတ်ကြပါ။ အခြားမိန်းကလေးတွေထက်စာလျှင် စကားပြောကြမ်းတမ်းသည်ဟု ဆိုပေမယ့် တော်တန်ရုံ မရိုင်းတတ်ချေ။ သို့သော် **ကေသက်မိုးလျှာ** ဆိုသည့် မိန်းမနဲ့ ပတ်သက်လာရင်တော့ အယုတ္တအနတ္တ အကြမ်းစားကြီးတွေ မထွက်တတ်တောင် နှစ်ပြားမတန်အောင် ချိုးဖဲ့ပြောဆိုရမှ နေသာထိုင်သာ ရှိသူတွေ ဖြစ်လေသည်။

"ကေသက်မိုးလျှာကို ပြောတာလား"

"ကျွတ် ... နာမည်ခေါ်မနေစမ်းပါနဲ့ဟာ၊ အဲဒီကောင်မက ဘီလူးမ မိစ္ဆာမပါ"

"အင်း ... သူ့ဘဲ ထင်တာပဲ။ မိုက်တယ်ဟ။ မျက်နှာက တော်တော်လေး မွန်ရည်တယ်၊ မိုက်တယ် ဆိုတာထက် မိကောင်းဖခင်သားသမီးပုံစံ ပေါက်နေတာလေ၊ အရမ်းသန့်တယ် ပြောရမှာပေါ့ ..."

ဒါနဲ့ ဒီအချိန်ကြီး ဘယ်ကပြန်လာကြတာပါလိမ့်။

ဩော် ... Show ပွဲကြည့်တာနဲ့ တူတယ်၊ ဒီနေ့ Show ရှိတယ်ဟ"

စိမ်း ပြောသော စကားကို နားထဲမဝင်တစ်ချက် ဝင်တစ်ချက် ဖြစ်နေပြီးမှ လူလူက ဘီလူးမရဲ့အမေကို သတိရမိသည်။ ဒီအဘွားကြီးက သူ့သမီး ကုတ်ကမြင်းလေးကို ဖြစ်နိုင်ရင်တော့ ရင်အုပ်မကွာ ထားချင်တာ။ ဒါပေမဲ့ ဟိုငနာမလေးက





အငြိမ်မနေတတ်သောအခါ မသိမသာလေးတော့ ထောက်လှမ်းရသည်ဟု ကြားဖူးသည်။ အခု ညဘက် စတိတ်ရှိုးကြည့်ဖို့တောင် ဘဲတစ်ပွေနဲ့ စိတ်ချလက်ချ လွှတ်သည်ဆိုတော့ ဒီဘဲဟာ အချဉ်တော့ မဟုတ်နိုင်တော့ပြီ။ သင်းတို့ အသိုက်အဝန်းက လစ်စံရွေး အသိုက်အဝန်း ဖြစ်သည်။

"စိမ်း"

"ပြော"

"မိစ္ဆာမနဲ့တွဲတဲ့ ဘဲအကြောင်း ငါ သိချင်တယ်"

"ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ်ပေါ့ဟာ"

"အေးပါ။ ငါ စုံစမ်းထားပါ့မယ်"

"ပြီးရော သွားမယ်ဟာ"

မုန့်ဟင်းရည်,ဟင်းရည်တောင် ဘူးသီးကြော်ထပ်ထည့်ပြီး အဆစ်တောင်း မသောက်နိုင်တော့ဘဲ ပြန်ထွက်လာကြသည်။ စိမ်းနှင့်လမ်းခွဲပြီး ကိုယ့်ကားကိုယ်မောင်းကာ ပြန်လာခဲ့သော လူလူ့ရဲ့ရင်ထဲတွင် ဘာကို ဒေါသထွက်မှန်းမသိ ထွက်လာ..ကာ တောက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်မိသည်။

အခန်းတံခါး ဖွင့်လိုက်တာနှင့် မီးတစ်ပွင့်ပြီးတစ်ပွင့် တဖျပ်ဖျပ်စီ လင်းလာသော အခန်းသည် ရှင်းလင်းလှပသော မော်ဒန်ဒီဇိုင်းဖြင့် လူလူ့ကို ကြိုဆိုနေသည်။ အိမ်သားဟူ၍ တစ်ယောက်မှ မရှိသော ဒီအခန်းကျယ်ထဲ မထင်ရင် မထင်သလို



www.burmeseclassic.com

www.burmeseclassic.com



လူလူရဲ့မျက်ရည်စတွေ လွင့်စဉ်ကျနေတုန်းပဲ ဖြစ်သည်။ မိသားစုမရှိ ချစ်ခင်တွယ်တာရသူ မရှိ၊ တစ်ကောင်ကြွက်ဘဝကို ရောက်အောင် လုပ်ခဲ့သူကို လူလူ ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည်မဟုတ်။

ဒီကမ္ဘာပေါ်မှာ ချစ်ခင်တွယ်တာရသော မိသားစုဝင်နှစ်ယောက်ကို လွင့်စဉ်အောင် လုပ်ခဲ့သော ကေသက်မိုးလျာကို နာနာကျင်ကျင် တုံ့ပြန်လိုသောဆန္ဒသည် လူလူ့ရဲ့နှလုံးသည်းပွတ်ထဲမှာ ကျောက်တည်သလို တည်ရှိနေခဲ့ပါသည်။

❋ ❖ ❋





(၂)

"မောနင်း ... ဟော ... ဒယ်ဒီပါ ရှိနေတာပါလား၊ ဒီနေ့ ဒယ်ဒီ ဂေါ့ဖ်မရိုက်ဘူးလား"

သူက အိပ်ရာနိုးအပြီး အောက်ထပ်သို့ Breakfast စားဖို့ ဆင်းလာလျှင် ခါတိုင်း မတွေ့ရတတ်သော ဂေါ့ဖ်ရိုက်သွားသည့် ဒယ်ဒီ့ကို မာမီနှင့်အတူ Breakfast စားနေတာ တွေ့လိုက်ရသည်။

"အေး ... ပထမတော့ သွားရိုက်မလို့ပဲ သားရာ။ မင်းမာမီဆီကို သတင်းကောင်းတစ်ခု ဝင်လာတာနဲ့ ဒယ်ဒီလည်း ပျော်ပြီး မသွားတော့တာ"

"ဟင် ... ဘာသတင်းလဲ"

သူက မေးလည်းမေးကာ ခုံမှာဝင်ထိုင်ရင်း ကော်ဖီတစ်ခွက်ကို ငုံ့မိသည်။ မာမီနှင့် ဒယ်ဒီက တစ်ယောက်ကိုတစ်ယောက် ပြုံးစိစိ ကြည့်နေသည်။ ဒီနေ့ Breakfast က ပဲပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်၊ ဆိတ်သားခြောက်ဖုတ်၊ ခရမ်းချဉ်သီးပန်းတွေဖျော်မို့ သူက နှစ်သက်သဘောကျသွားရသည်။

"သား ဦးလေး ဖြစ်တော့မယ်လေ"

"ဘယ်လို ! "

ပါးစပ်ထဲ ထည့်တော့မည့် ထမင်းကြော်တစ်လုတ် ပင်လျှင် လေထဲမှာ တန့်သွားရသည်။ မာမီ့စကားကို ရုတ်တရက် သူ နားမလည်။

"သားမမမှာ ကိုယ်ဝန်ရှိနေပြီ သားရဲ့။ ဒီမနက်ပဲ ဖုန်းဆက်ပြောလို့ ခဏနေရင်တောင် မာမီနဲ့ ဒယ်ဒီတို့ သွားတော့မလို့"

"ဟာ ... ဟုတ်လား၊ ဝမ်းသာစရာပဲပေါ့၊ မမက ကလေး အရမ်းလိုချင်နေတဲ့ဟာ ...

အင်း ... မမထက် လိုချင်တာက ဒယ်ဒီနဲ့မာမီ မဟုတ်လား။ ဒယ်ဒီနဲ့ မာမီတို့က မြေးချီချင်နေတာ။ ကိုကြီးတို့ လင်မယားတော့ အားကျနေတော့မှာပဲ"

သူတို့မှာ မောင်နှမသုံးယောက် ရှိကြပြီး အစ်ကို အကြီးဆုံးနှင့် အစ်မအလတ်မှာ အိမ်ထောင်ကျတာ တစ်နှစ်စီပဲ ကွာသည်။

သို့သော် အိမ်ထောင်ကျပြီး နှစ်နှစ်ကျော်ထဲ ရောက်လာကြသည်အထိ ကလေး မရကြသေး။ အခုခေတ်မှာလည်း လူတွေရဲ့စားသောက်နေထိုင်ပုံ ပြောင်းလဲသောကြောင့်လားတော့





မသိ။ ကိုယ်ဝန်ရဖို့ ခက်ခဲလာတာတွေ ကြားနေရသည်။ အထူးသဖြင့် အားလုံးပြည့်စုံနေသော လင်မယားစုံတွဲတွေဆို ပိုရဖို့ခက်လားတော့ မသိ။ ခုတော့ ကိုကြီးတို့စုံတွဲက မအောင်မြင်သေးပေမယ့် မမတို့စုံတွဲက အောင်မြင်သွားပြီမို့ သူလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

"မမကို ပြောလိုက်ပါဦး။ Congratulation ပါလို့။ သားလည်း နောက်မှ ဖုန်းထပ်ဆက်လိုက်ပါ့မယ်"

"အေး ... ပြောလိုက်မယ်။ ပြီးတော့ မာမီ တစ်ခုစဉ်းစားမိတယ် သားလေးရဲ့"

"ဟုတ် ... ပြောပါဦး"

သူက အခုမှပဲ ထမင်းကြော်ကို ပါးစပ်ထဲထည့်ရင်း ပြန်မေးရတော့သည်။

"သားမမတို့က လင်မယားနှစ်ယောက်တည်း နေတာမဟုတ်လား။ အခု ကိုယ်ဝန်ရပြီဆိုတော့ သူကလည်း မအေအနားကို ပြန်ကပ်ချင်တယ်နဲ့ တူပါတယ်၊ အနီးကပ် နေရရင် မာမီလည်း သူ့ကို ပိုဂရုစိုက်ပေးနိုင်တာပေါ့။ သူကလည်း ဘယ်လိုနေရထိုင်ရမယ်ဆိုတာ ဘာမှ နားလည်တာ မဟုတ်ဘူးလေ"

"အင်း ... အဲဒီတော့"

"သားအစ်မတို့ လင်မယားကို ဒီမှာပဲ ပြန်ခေါ်ထားမလားလို့ ဒယ်ဒီနဲ့ မာမီ တိုင်ပင်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းသားပဲ မာမီရ။ အိမ်မှာလည်း လူပိုစုံတာပေါ့။ သားကလည်း ဂလက်စီပရောဂျက်နားက ကွန်ဒိုကို ပြောင်းနေရင် ကောင်းမလားလို့ စဉ်းစားနေတာ မာမီ"

မာမီက သူ့ကို မျက်လုံးပင့်ကာကြည့်သည်။ ဒယ်ဒီကတော့ သဘောပေါက်သလိုရှိပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။ သူ့ရဲ့ဒယ်ဒီဟာ ဌာနဆိုင်ရာမှ ရာထူးကြီးကြီး ပုဂ္ဂိုလ်ဖြစ်ပြီး အပြင်စီးပွားရေး မလုပ်ပေမယ့် သူ့အစ်ကိုကြီးကိုတော့ Constructions တွေ၊ အိမ်ရာပရောဂျက်တွေမှာ ဒယ်ဒီ့ကိုယ်စား တာဝန်ယူစေပါသည်။ သူကတော့ အင်ဂျင်နီယာပညာရပ်ကိုပဲ ဝါသနာပါ၍ အင်္ဂလန်မှာ ကျောင်းတက်ခဲ့ပြီး အတွေ့အကြုံရအောင် စလုံးမှာ သုံးနှစ်လောက် အလုပ်,လုပ်ခဲ့သေးသည်။ အောက်သက်ကြေအောင် သူများတိုင်းပြည်မှာ ဒယ်ဒီက အလုပ်ဝင်စေခဲ့တာ ဖြစ်ပါသည်။

အခုတော့ ရန်ကုန်ကို ပြန်ရောက်တာ တစ်နှစ်ကျော်ပဲ ရှိသေးပြီး သူတို့မိသားစုရဲ့ ရှယ်ယာတွေလည်း အများအပြား ပါဝင်သော ပရောဂျက်တစ်ခုမှာ သူက နိုင်ငံခြားသား အင်ဂျင်နီယာတွေနှင့် တွဲဖက်ပြီး အလုပ်ဝင်ပါတော့မည်။ အိမ်နဲ့ ပရောဂျက်နေရာက နည်းနည်းဝေးသောကြောင့် သူက ဖော်ရိန်နာတွေကိုထားသော ကွန်ဒိုက အခန်းလွတ်တစ်ခုမှာ သွားနေမလားလို့ စဉ်းစားမိတာ ကြာခဲ့ပြီ။





"ဟင် ... သားလေးက အဲဒီလို လုပ်မလို့လား။ ဒါဆို သားရဲ့စားရေးသောက်ရေးကရော အဆင်ပြေပါ့မလား"

"ဪ ... ဟက် ... ဟက်။ မာမီရယ် ... မာမီ့သားက စ,လုံးမှာတောင် တစ်ယောက်တည်းနေပြီး ကိုယ့်စားရေးသောက်ရေးကို ဖြေရှင်းလာတာ မာမီ မေ့သွားပြီ ထင်တယ်"

"မမေ့ပါဘူး၊ ဟိုမှာက သားလေး အိမ်အောက်မှာ Food Court တွေ ရှိတယ်လေ။ အခု (xxx)ကွန်ဒိုကျတော့ မရှိဘူးမှလား"

"ဆရာစံလမ်းနဲ့ နီးတယ်လေ မာမီရာ၊ စားစရာ သောက်စရာတွေ ပေါပါတယ်၊ အဲဒီလောက် အခက်အခဲ မရှိပါဘူး၊ သားဘာသာလည်း ချက်စားတတ်နေတာပဲ"

"အင်း ... သားလေး နေရေးထိုင်ရေး အဆင်မပြေမှာ စိုးတာပါ"

"ပြေပါတယ် မာမီ၊ သားလည်း တစ်ပတ် တစ်ခါ ပြန်လာမှာပေါ့၊ တစ်မြို့တည်းနေတာပဲ မာမီရယ်၊ Site ထဲကိုလည်း သား မျက်ခြည်မပြတ်ချင်လို့ပါ။ ပထမဦးဆုံးခြေလှမ်း ဆိုတော့ အစစအရာရာ အဆင်ပြေစေချင်တယ်လေ...

ပြီးတော့ traffic က အရမ်းအနှောင့်အယှက်ပေးတော့ ရုံးနဲ့ Site နဲ့နီးတဲ့နေရာမှာ နေတာ အချိန်လည်း save ဖြစ်အောင်ပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သင်းရယ်။ သားပြောတာ ကျိုးကြောင်းဆီလျော်ပါတယ်၊ စိတ်ပူမနေပါနဲ့၊ သားက အလုပ်အတွက် အကောင်းဆုံး စဉ်းစားတာပါ"

"ဟုတ်တယ် မာမီ၊ မမတို့ လင်မယားလည်း ရှိတယ်ဆိုတော့ သား ပိုပြီးစိတ်ချတာပေါ့။ ကိုမြတ်သူကလည်း အေးဆေးပါတယ်၊ ဒယ်ဒီနဲ့ ချက်စ်ထိုးဖို့ အဖော်ရပြီပေါ့"

"အင်း ... ဒါဆိုလည်း သားက ဘယ်တော့ပြောင်းမယ် စဉ်းစားထားလဲ"

"လိုတာလေးတွေထည့်၊ သန့်ရှင်းရေး လုပ်ပြီးရင် ပြောင်းမယ် မာမီ၊ တစ်ပတ် နှစ်ပတ် အတွင်းပေါ့"

"အင်း ... အဲဒီအခန်းက ဒီနှစ်စကမှ လူငှားဆင်းသွားတာဆိုတော့ Farniture တွေလည်း အကုန်ရှိတာပဲ ...

နည်းနည်းပါးပါး သန့်ရှင်းရေး လုပ်ဖို့ပဲလိုတာ။ မာမီ သန့်ရှင်းရေးလုပ်ဖို့ စီစဉ်ခိုင်းလိုက်မယ်"

"အိုခေ ... မာမီ။ သိုင်းခယူးပါ"

မိုးရာသီနှောင်း၍ ဆောင်းဦးရာသီသို့ ကူးပြောင်းတော့မည့် အခိုက်အတန့်တွင် သူ့ဘဝရဲ့ စိတ်လှုပ်ရှားစရာကောင်းသော အချိန်တွေ စတင်ပိုင်ဆိုင်ရတော့မည်ဟု ထိုအချိန်က သူမမျှော်လင့်ခဲ့ပါ။

ဘဝသည် သမားရိုးကျသာ ရှိလိမ့်မည်ဟု ထင်မှတ်ထားခဲ့တာ ဖြစ်ပါသည်။

❋ ❖ ❋





(၃)

ကေသက်မိုးလျှာသည် ဒိုင်ယာရီစာအုပ်ကိုဖွင့်ကာ တစ်နေ့က ဆီဇာနှင့် နောက်ဆုံးတွေ့ခဲ့သော ရက်စွဲရဲ့စာမျက်နှာကို ပြန်ဖွင့်ကာ ဖတ်နေမိသည်။ ဆီဇာနှင့် နောက်ဆုံးတွေ့ခဲ့သည်မှာ မြကျွန်းသာထဲက ယိုးဒယားဆိုင်မှာ နေ့လယ် စားတာ။ ဆီဇာ တစ်ယောက် နေ့လယ်ထမင်းစားနားချိန်၊ သူမနှင့်ချိန်းပြီး နေ့လယ်စာ အတူစားခဲ့ကြခြင်းဖြစ်သည်။ အင်း ... အဲဒါက (၈) ရက်နေ့က၊ ဒီနေ့(၁၂)ရက်နေ့ ရှိနေပြီ။ သူနဲ့ အဆက်အသွယ်မရတာ၊ သူ့ဆီက ဖုန်းတစ်ကောလ် မပြောနဲ့ မတ်ဆေ့လေးတစ်စောင်သော်မျှ မရတာကတော့ စိတ်ထဲ ဘဝင်မကျနိုင်ဘဲ ရှိရလေသည်။

ကြားဖူးတာကတော့ ကိုယ့်ကို စိတ်ဝင်စားနေသော သို့မဟုတ် ချစ်ကြိုက်နေသော ယောကျ်ားတစ်ယောက်ဆိုလျှင် နေ့စဉ်မဟုတ်တောင် ရက်ခြားလေးတော့ မတ်ဆေ့လေးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပို့ရမည် မဟုတ်ပါလား။ သူမက သက်ပြင်းတစ်ချက်ရှိုက်ကာ အိပ်ရာထဲမှာ လူးလိမ့်မိသည်။ ဆီဇာရယ် ... ရှင် ကျွန်မကို ဘယ်လိုများ သဘောထားလဲဟင်။

သူ မကြားနိုင်သော မေးခွန်းကို ကိုယ့်ဘာသာပြန်မေးမိရင်း သူမက ဆီဇာ့ရဲ့အပြုအမူ အပြောအဆိုတွေကို ပြန်လှန်ခွဲခြမ်းစိတ်ဖြာနေမိသည်။ ဆီဇာဟာ ခန့်မှန်းရခက်သော မိုးတိမ်ကဗျာတစ်ပုဒ်လိုပါပဲ။ ကိုယ်နဲ့တွေ့ချိန်မှာတော့ နှစ်လိုဖွယ်ကောင်းသည့် သူ့အပြုအမူတွေ၊ အပြောအဆိုတွေက တကယ့်ကို ဂရုစိုက်ဟန် အပြည့်နှင့်ဖြစ်သည်။ ဒါပေမဲ့လည်း ခုလို ပစ်ထားပြန်တော့လည်း သိမ်မကျေနပ်ချင်။

သူမက သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဆီဇာရဲ့ဖုန်းကို နှိပ်ခေါ်လိုက်သည်။ တော်တော်နှင့် မကိုင်သဖြင့် သူမရဲ့နှုတ်ခမ်းတွေက ထော်လာတော့မည့်သဏ္ဍာန် ဖြစ်နေရာမှ သူ့အသံကို ရုတ်တရက် ကြားလိုက်ရလျှင် လူမမြင်ရဘဲ မျက်စောင်းထိုးမိသွားသေးသည်။

"ဟယ်လို ... ပြောပါခင်ဗျာ"

ဟယ် နှင့် လို ကြားမှာ သံရှည်ဆွဲပြီး ပြောသော သူ့ရဲ့ဖုန်းထူးသံဟာ မွန်ရည်ဖော်ရွေနေသည်။ မတွေ့ရတာကြာသဖြင့် ဝမ်းသာသွားသော အသံလား၊ ဒီလိုတွေးမိတော့ သူမ အမြင်ကတ်သွားရသည်။

"ဘာပြောရမှာလဲ"





မိုးလေးရဲ့ဘုတောတော အသံကို သူက တဟက်ဟက် ရယ်မောသည်။ အဲဒီ ရယ်မောသံကို နားထောင်ရင်း ဒီ ယောက်ျားသာ ဒီလိုရယ်ပြီး မိန်းမတကာနှင့် စကားပြောနေလျှင် မျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်တော့မည်ဟု တွေးမိကာ မနာလိုခြင်းကြီးစွာ ဖြစ်သွားရသည်။

ရှင် ဒီလိုပဲ နေသွားတော့မှာလား ဆီဇာ။

"ဟင် ... မိုးလေးက ဖုန်းဆက်တာလေ၊ မိုးလေး ပြောစရာရှိလို့ မဟုတ်ဘူးလား"

"ပြောစရာရှိမှ ဆက်ရမှာလား"

မိုးလေးရဲ့ဘုတောသံကို သူက ဟင်ခနဲ မြည်သံဖြင့် အနည်းငယ်ရပ်ကာ တစ်စုံတစ်ခုကို သဘောပေါက်သွားဟန်ဖြင့် ဪ ခနဲ သံရှည် ဆွဲလာသည်။ မိုးလေးက နှုတ်ခမ်းကို ကိုက်ထားမိသည်။

"ဪ ... မိုးလေး ကြည့်ရတာ ကိုယ့်ကို စိတ်ကောက်နေသလိုပဲ၊ ဟုတ်တယ်မှလား"

လိုချင်တဲ့ ခွင်ထဲကို တန်းတန်းမတ်မတ် ရောက်လာသဖြင့် မိုးလေးက လျှို့ဝှက်စွာ ပြုံးမိသည်။ ရှင် မဆိုးပါဘူး ဆီဇာ။

"ဘာဖြစ်လို့လဲ မိုးလေးရဲ့။ ကိုယ် မိုးလေး စိတ်ဆိုးအောင် ဘာမှ မလုပ်မိပါဘူး။ မိုးလေးနဲ့ ကိုယ် တစ်နေ့က နေ့လယ်စာအတူစားပြီးတည်းက မတွေ့တော့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ စိတ်ဆိုးအောင်လုပ်တဲ့ အကြောင်းရင်းတစ်ခုပဲ မဟုတ်ဘူးလား"

"ဘယ်လို ! "

သူက နားမလည်သလိုဖြင့် ရေရွတ်သည်။ ဒီလူဟာ ထားခဲ့ဖူးသော ရည်းစားတွေလို မသွက်တာ ဘာကြောင့်ပါလိမ့်။ မသွက်တာလား၊ မသွက်ချင်ယောင် ဆောင်တာလား ဆိုတာ တော့ သူကိုယ်တိုင်ပဲ သိလိမ့်မည်။ သို့သော် မိုးလေးနှင့် သူ ဆုံတွေ့ချိန်တိုင်း ကိုယ့်ကိုကြည့်သည့် သူ့အကြည့်တွေမှာ နွေးထွေးလှိုက်လှဲမှုတွေ အပြည့်ပါနေတာကိုတော့ အတွေ့အကြုံအရ မိုးလေး သိမြင်လေသည်။

"ဪ ... မိုးလေးက ကိုယ် ဖုန်းမဆက်လို့ စိတ်ကောက်တယ်၊ အဲလို ပြောချင်တာလား"

"ဖုန်းမဆက်တာထက် အပြစ်ကြီးတာ ရှိသေးတယ်"

"ဟား ... အပြစ်တွေက တော်တော်များနေပြီကိုး၊ အိုး... ကိုယ် တော်တော်ဆိုးနေပြီပေါ့နော်"

"ဟွန်း"

အနားမှာ သူ မရှိပါဘဲနှင့် ရှိနေသလို မိုးလေးက မျက်စောင်းထိုးမိသည်။ သူနှင့် မိုးလေးဟာ အသက်အရွယ်အား ဖြင့် နှစ်နှစ် သုံးနှစ်ခန့်သာ ကွာသော်လည်း ငါးနှစ် ခြောက်နှစ်မျှမက ဆယ်နှစ်နီးပါး ကွာသူလို မိုးလေးက ဆက်ဆံသည်။ နဂိုတည်းကလည်း ကိုယ်က ချွဲနွဲ့ပြောတတ်သူ၊ ကလေးဆန်ဆန်





အိုက်တင်ကို ဖမ်းတတ်သူမို့ သူကလည်း မိုးလေးကို အလိုလိုက်သလို၊ ဦးစားပေးသလို ပုံစံနှင့် ဆက်ဆံတတ်လေသည်။

"ဒီရက်ပိုင်းမှာ လူကို ဖုန်းဆက်ဖို့မပြောနဲ့၊ မက်ဆေ့လေး တစ်စောင်တောင် ပို့ဖော်မရတဲ့ ဆီဇာ့ကို မိုးလေး စိတ်မဆိုးသင့်ဘူးလား ...

ဟိတ် ... မအားလို့ပါ။ Busy နေလို့ပါ ဆိုတဲ့ အကြောင်းပြချက်တွေ ရောက်မလာနဲ့နော်။ ဘယ်လောက် Busy နေတဲ့ လူပဲဖြစ်ဖြစ် အိပ်ချိန် စားချိန် ကားပေါ် ရောက်နေတဲ့အချိန် ရှိတယ်။ အဲဒီ အချိန်တွေမှာ မက်ဆေ့လေးတစ်စောင် ပို့ဖို့ဆိုတာ တစ်မိနစ်မဟာင်. မကြာတဲ့ ကိစ္စပဲလေ"

"ဟား ဟား ... ဟုတ်ပါပြီ မိုးလေးရယ်။ စွပ်စွဲရင်လည်း ခံရတော့မှာပါ"

"ခံရမှာပဲလေ၊ အမှန်တရားကို ငြင်းလို့မှ မရတာ"

"အင်း"

"ဘာ အင်းလဲ၊ အဲဒီအတွက် ကျေနပ်အောင် ဘာအလျော် ပေးမှာလဲ၊ ဘာအကြောင်းပြချက် ပေးဦးမှာလဲ"

"ဪ ... အကြောင်းပြချက်က ပေးစရာမလိုအောင် မိုးလေး ပြောသွားတဲ့အထဲမှာ ပါသွားပြီလေ။ ဘယ်လောက် ဘီးဇီး ဘီးဇီး၊ အိပ်တဲ့အချိန်ဆိုတာ ရှိတယ်ဆို"

"ဒါနဲ့ပဲ Reason မပေးတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မပေးတော့ပါဘူး၊ မိုးလေး ကျေနပ်အောင် ဘာလုပ်ပေးရမလဲ ... ပြော"

"ခဏနေရင် Tea Time ရောက်တော့မယ်လေ၊ Acacia Tea Salon မှာ ကော်ဖီတိုက်"

"အင်း ... ဒီနေ့လား မိုးလေး ရ"

"ဟုတ်တယ်"

"ဒီနေ့တော့ ကိုယ် ထွက်လာလို့ ရမှာမဟုတ်ဘူး၊ မနက်ဖြန်ကို ကျိန်းသေ ကော်ဖီတိုက်မယ်ကွာ ... အိုခေ"

"ဟင် ... ဒီနေ့က ဘာလို့ ထွက်လို့မရတာလဲ"

ချွဲနွဲ့မေးသော မိုးလေးရဲ့ အပြောကို သူက သဘောကျသလို ရယ်သည်။ ယောက်ျားလေးတွေဟာ ချိုသာချွဲနွဲ့တတ်သော မိန်းကလေးတို့ကို မနှစ်သက် သဘောမကျသောသူ ဘယ်ရှိပါ့မလဲ။ ကေသက်မိုးလျှာသည် ချွဲပျစ်စွာ ညုတတ် အီတတ်သော နေရာတွင် ဆရာအဆင့် ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် သိလေသည်။

"ဒီနေ့က ကိုယ် meeting အသေးလေးတစ်ခု Coffee time မှာ လုပ်စရာရှိလို့။ အဲဒါကြောင့်ပါ။ ဆောရီးနော်...

မနက်ဖြန်တော့ ဆက်ဆက်ဆုံမယ်။ မိုးလေးအတွက် စိတ်ပျော်ရွှင်မှု ပေးနိုင်မယ့် လက်ဆောင်လေးတစ်ခုပါ ယူလာခဲ့မယ်"





"တကယ်နော်။ ကလေးကို အိပ်မက်တွေ မပေးရဘူး။ ညကျရင်လည်း ဖုန်းဆက်ရမယ်"

"အိုခေ ... ပါဗျာ"

"ပြီးရော ... ဒါပဲ"

"ဘိုင့် ဘိုင် ... ဆီးယူ"

နှုတ်ဆက်ကာ ဖုန်းချပြီးနောက် ကေသက်မိုးလျှာက ကျေနပ်စွာ ပြုံးမိလေသည်။ သူမရဲ့ ဘောဘီဆန်သော cuttie ဆန်သော အပြုအမူအောက်မှာ မာယာကင်းသည်ဟု သူ ယူဆတန်ကောင်းပါရဲ့နော်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၄)

ရာသီဥတု သာယာကောင်းမွန်လာသည့် မိုးနှောင်းလွန် အချိန်အခါ တစ်ခုတွင် လူလူရဲ့စိတ်နှလုံးသားကို ဆွဲခေါင်ညို့ယူသွားနိုင်သော၊ မြင်လိုက်တာနှင့် နှစ်လိုကြည်နူးမှုကို ပေးစွမ်းနိုင်သော ယောကျ်ားပျိုတစ်ယောက်ကို မထင်မှတ်ပဲ ဆုံတွေ့ခဲ့ရပါသည်။ သူနှင့် ဆုံတွေ့ရပုံသည် လွန်စွာမှ ကဗျာမဆန်ဘဲ အနည်းငယ် ကမောက်ကမ နိုင်ခဲ့သော်လည်း မိတ်ဆွေအဖြစ်သို့ ချက်ချင်းရောက်ရှိသွားခဲ့ခြင်းအတွက် ကိုးရိုးကားရား ဆုံစည်းစေခဲ့သော်လည်း ကျေးဇူးမကန်းတတ်သူ လူလူသည် ကံကြမ္မာ ကံဖာတ်ဆရာကို ကျေးဇူးတင်နေခဲ့မည်ဖြစ်သည်။

သူ့ကို တွေ့ချိန်တွင် အနားမှဖြတ်သွားသော လူတစ်ယောက်ထံမှ ဖုန်းလာသော ဖုန်း Ring Tone မှာ Dido ရဲ့ နာမည်ကျော် Thank you သီချင်းသံ တီးလုံးလည်း ထွက်လာချိန်မို့ တကယ့်ကို အမှတ်တရ အမှတ်ရစွာနှင့်ပါပဲ။ ထိုနေ့က





ရာသီဥတု ကောင်းမွန်သည့် တိမ်ပြာတနင်္ဂနွေနေ့ ဖြစ်သည်။ မနီးမဝေးမှာရှိသည့် မီနီမတ်လေးသို့ စားသောက်စရာ ရိက္ခာတချို့ ဝယ်ပြီး ပြန်လာသော လူလူ့ လက်ထဲတွင် ကြွပ်ကြွပ်အိတ်နှစ်လုံးကို ကိုင်ဆွဲပြီး လမ်းလျှောက်လာသည်။

Lift ရှိရာသို့ လျှောက်လာစဉ်မှာပဲ ကလေးတစ်ယောက် ကန်လိုက်သော ဘောလုံးက လူလူ့ကို လာရောက်ထိမှန်ကာ လက်ထဲက ကြွပ်ကြွပ်အိတ်တစ်ထုပ်ကလည်း ပြုတ်ကျပြီး အထဲက ပန်းသီး၊ လိမ္မော်သီးတွေက အောက်တွင်ပြေးလွှားလိမ့်ဆင်းသွားလေသည်။ ကလေးကို လှမ်းကြည့်လိုက်သောအခါ ကလေးက လျှာတစ်လစ်ထုတ်ပြီး ထွက်ပြေးသွားသည်။ ကလေးထိန်းသည့် ကောင်မလေးကလည်း လူလူ့ကို ကူညီဖို့ တောင်းပန်ဖို့ဝေးစွ၊ ကလေးကို မျက်ခြည်မပြတ်ရန်သာ အာရုံထားလျက်နောက်က ပြေးလိုက်သွားလျှင် လူလူက ပခုံးကို အသာတွန့်မိကာ သစ်သီးတွေကို လိုက်ကောက်ဖို့ ပြင်ရလေသည်။

ထိုအချိန်မှာပဲ လူလူ့ရဲ့အနားသို့ သင်းမြမွှေးပျော့သည့် ရနံ့တစ်ခုက ညင်ညင်သာသာ ရောက်လာကာ တစ်စုံတစ်ခုသော အာရုံကြောင့် လှည့်ကြည့်မိလျှင် ပန်းသီး၊ လိမ္မော်သီးတွေကို ဒူးတစ်ဖက်ကွေးညွှတ်ထောက်ကာ လိုက်ကောက်ပေးနေသော အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရလေသည်။ အပြာရောင်ဖျော့ဖျော့ ဂျင်းရှပ်ကို ဝတ်ဆင်ထားသော သူ့ရဲ့သားနားမွန်ရည်သော ပုံစံကို လူလူသည် ငေးခနဲ ဖြစ်သွားရလေသည်။ သော



www.burmeseclassic.com

www.burmeseclassic.com



တစောင်း မြင်နေရသော သူ့နားရွက်လေးများ၊ လည်ပင်းနှင့် ကုပ်ပိုးသားတစ်ဝိုက် ဆက်စပ်နေသော နေရာ စတာတွေ ဝင်းဝါ နုပြည် လတ်ဆတ်သော အသားအရည်ကို ပြန်ငေးယူနေရလေ သည်။ ဤမျှလောက် ကြည့်ကောင်းသော ယောကျ်ားကို မတွေ့ ဘူးပါ။

သူက သွက်သွက်လက်လက်ပင် ဝိုင်း ကောက်ပေး ပြီး ကောက်စရာ မကျန်တော့၍ နှစ်ယောက်လုံး မတ်တတ်ရပ် မိချိန်တွင် လူလူ့လက်ထဲက ပွင့်နေသော ကြွပ်ကြွပ်အိတ်ထဲသို့ အသီးတွေကို လာထည့်ပေးသည်။ အိတ်ကို တိပ်နှင့်ပိတ်တာကို မကြိုက်သော ငြင်းဆန်တတ်သော လူလူ့အတွက် သူနဲ့ဆုံဖို့ အကြောင်းဖန်လာတာပဲဟု ရူးသွပ်စွာ တွေးမိတာကို သူများသိရင် ဘယ်လောက် ရယ်လိုက်မလဲ။ လူလူဟာ ဘယ်လောက် ပေါ တောတော နိုင်သလဲနော်။

"အဆင်ပြေပါတယ်နော်"

ခုထိ စကားတစ်ခွန်းမှ မဆိုဘဲ ငေးကြည့်နေသော လူလူ့အနားသို့ သူက တိုးကပ်လာရင်း စကားစပြောလိုက်လျှင် သူ့မျက်နှာကို ဖျတ်ခနဲ စိုက်ကြည့်မိသလို ဖြစ်သွားသည်။ အနား သို့ ကပ်လာသောအခါ သူ့ဆီက လတ်ဆတ်သင်းမွှေးသည့် ခပ် ဖျော့ဖျော့ ယောကျ်ားရေမွှေးအနံ့ကိုရသည်။ အင်း ... ဒီရေမွှေးနံ့ကို တစ်နေ့နေ့မှာ လူလူ သိခွင့်ရလာမလား။ သေစမ်း ... မိလူလူ၊ ညည်း တော်တော်ကဲတဲ့ မိန်းမပဲ။





"Thank you ; အဟင်း ... Thank you ပါ"

ပထမ Thank you က ယောင်နန ပြောလိုက် သော Thank you ဖြစ်ပြီး၊ နောက်မှ သတိလည်လာသလို၊ အဟင်း ရယ်ကာ ထပ်ပြောသော ပုံစံကြောင့် သူ့မျက်နှာတွင် ရယ်ရွှင်မြူးရိပ် ထင်ဟပ်သွားလေသည်။ ကြည့်ပေဦး ... အင်မ တန် နှစ်လိုဖွယ်ကောင်းသော မျက်နှာထားမျိုးပါလား။ ဘယ်လို ပြောရမလဲ သူ့ရုပ်ရည်ဟာ Sweet & smart ပါပေ။

"ရပါတယ်"

သူက အပြုံးနှင့် ခေါင်းဆတ်ပြရင်း ရှေ့ကနေ လျှောက်သွားသည်။ သူ့ကို လူလူ ဒီမှာ မတွေ့ဘူးပါ။ ဒီတွန်ဒို ဟာ လွန်ခဲ့သော သုံးနှစ်ကျော်ခန့်က စတင်ပြီးစီး လူနေထိုင်ခဲ့ ပြီး လူလူလည်း အဲဒီအချိန်တည်းက ဒီမှာနေခဲ့သူ ဖြစ်သည်။ သုံးနှစ်ရှိပြီမို့ ဒီကလူတွေကိုတောင် မျက်မှန်းတန်းမိနေခဲ့ပြီ။ သူ့ ကိုတော့ တစ်ခါမှ မတွေ့ဘူးပါ။ Lift တံခါးကို သူက အရင် ဖွင့်ပြီး လူလူ့ကို စောင့်နေဟန်ဖြင့် ခလုတ်ကို ဆက်နှိပ်ထားပေး သောကြောင့် Lift ထဲသို့ အပြေးဝင်လိုက်ရသည်။

သူ့ကို မသိမသာ ခေါင်းညွှတ်ပြလိုက်လျှင် သူက လည်း မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ လုပ်သည်။ အင်း ... ဒီလူနဲ့တော့ ခက်ရချည်ရဲ့နော်။ အို ... သူ သွားမယ့်အထပ်ကလည်း ၁၁ ထပ် ပါပဲလား။ သူက 11 ခလုတ်ကိုနှိပ်ပြီးနောက် လူလူ့ကို မေးဆတ် ပြုံးပြရင်း ...

www.burmeseclassic.com



"ဘယ်နှထပ်လဲဗျ"

"ဆယ့်တစ်"

"အို ... အတူတူပါပဲလား"

"ဟုတ်ကဲ့ ... အဟင်း"

"ဒီမှာနေတာ ကြာပြီ ထင်တယ်"

"ဟုတ် ... ဒီကွန်ဒို စပြီးတည်းက ဆိုပါတော့"

"သြော် ... ကျွန်တော်ကတော့ ပြောင်းလာတာ နှစ်ရက်ပဲ ရှိသေးတယ်ဗျ"

"သြော် ... ဟုတ် ... ဟုတ်"

"နေတာ ကြာပြီဆိုလို့ မေးကြည့်ရဦးမယ်။ ဒီမှာ နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ဟုတ် ... ပြေပါတယ်၊ အားလုံးနဲ့ နီးတယ်လေ"

"အိုခေ ... သိုင်းခရူး"

မြန်ဆန်သော Lift က (၁၁)ထပ်သို့ ခဏလေးနှင့်ရောက်လာသည်။ တစ်ယောက်နှင့် တစ်ယောက်က အပြုံးချင်းဖလှယ်ကာ နှုတ်ဆက်ပြီးနောက် Lift ထဲမှ ထွက်ကာ လူလူကအခန်းရှေ့မှာ ရပ်မိလျှင် သူကလည်း မျက်နှာချင်းဆိုင်က အခန်းမှာ သွားရပ်တာကို ကြုံရသည်။ သူကလည်း လူလူ ရပ်တာကိုမြင်ပြီး တအံ့တသြနှင့် ကြည့်လာသည်။

"ဟင် ... ဒီအခန်းကလား"

"ဟုတ် ... ဟုတ်"





လူလူက ခေါင်းသွက်သွက်ညိတ်ကာဖြေလျှင် သူကတယ်ဟုတ်ပါလား ဟူသော ပုံစံဖြင့် မျက်ခုံးပင့်ပြလေသည်။ သူ့ပုံစံတွင် ထူးဆန်းသော တိုက်ဆိုင်မှုအတွက် သဘောကျ ကျေနပ်ရိပ်အပြည့် ရှိနေလျှင် ဘာကိုကျေနပ်မှန်းမသိ ကျေနပ်သွားမိသည်ဝေါ့နော်။

သူက အခန်းချင်းမှာပါ မျက်နှာချင်းဆိုင် ဖြစ်နေသည့် ပတ်သက်မှုကို အသိအမှတ်ပြုဟန်ဖြင့် လူလူ့အနားသို့ပြန်လျှောက်လာကာ ...

"ဒါဆို ကျွန်တော်တို့က အိမ်နီးချင်းတွေပါ ဖြစ်နေတာပေါ့။ Nice to neet you ကျွန်တော့်နာမည် ဆီဇာပါ"

"ဆီဇာ ! "

လူလူက တိုးဖွဖွ ရေရွတ်မိလေသည်။ ဂျူးလီးယက်ဆီဇာ ဝင်စားတာလားဟင်။

"ခင်ဗျား နာမည်ကတော့"

"ကျွန်မ ! လူ ... အဲ ... မြဘုန်းတလူပါ"

"မြဘုန်းတလူ ... သိပ်လှတဲ့ နာမည်ပါလား"

"အဟင်း ... ရှင့်နာမည်က ပိုမိုက်ပါတယ်၊ ဘာလူမျိုးမို့လို့လဲဟင်"

"မုဒ္ဒဘာသာ မြန်မာလူမျိုးပါပဲ။ ကျွန်တော့်အမေက ဂျူးလီယက်ဆီဇာကို သဘောကျလို့တဲ့လေ"

"အဟော် ... ဟော် ... ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



လူလူက ကိုယ့်စတိုင်လ် မူပိုင်ဟန်ဖြင့် ရယ်လိုက်လျှင် သူက ပြုံးကာ ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ကိုဆီဇာ။ ရှင်က အခုမှ ရောက်တာဆိုတော့ လိုတဲ့အကူအညီရှိလည်း တောင်းပါ"

"ဟား ဟား ... ကျွန်တော့်ကို ကိုဆီဇာလို့တော့ မခေါ်ပါနဲ့ဗျာ၊ ဆီဇာလို့ပဲ ခေါ်ပါ"

"ဟုတ်"

"အိုခေ ... ဆီးယူ နော်"

"ဘိုင့်"

လူလူက ခေါင်းညွှတ်နှုတ်ဆက်ပြီး ကတ်ဖြစ်ကာ အခန်းတံခါးဖွင့် ဝင်လာခဲ့သည်။ လူလူရဲ့နှုတ်ခမ်းလေးမှာ ပြုံးစိစိဖြစ်နေမည် ထင်ပါသည်။ အိုး ... ဟိုရုပ်ရှင်ကားနာမည်လိုပါပဲလား။ အိမ်နီးချင်းကိုလူချော ဆိုတာလေ။ လူလူရဲ့ ရှေ့တည့်တည့် အခန်းမှာ အရင်ကတော့ ကိုရီးယားတွေ နေခဲ့တာပဲ၊ အခု သိပ်မတွေ့မိတော့ဘဲ သူ ရောက်လာသည်ဆိုတော့ ဘယ်က ပြောင်းလာတာလဲ။ မိသားစုဦးရေ ဘယ်နှယောက်ရှိလဲ။ ကိုယ့်ဘာသာတွေးတောမိနေလေသည်။

ဘာပဲဖြစ်ဖြစ် မွန်ရည်သဘောကောင်းသော အမျိုးသားတစ်ယောက်နှင့် အိမ်နီးချင်း မိတ်ဆွေ ဖြစ်ရတာ၊ ခပ်တုံးတုံးဘဲကြီးတွေ ရောက်လာတာထက် စာရင်တော့ အများကြီးတော်





သေးသည်ဟု လူလူက မှတ်ယူသည်။ တစ်စုံတစ်ရာတော့ ထူးခြားမည်ဟု ထင်မြင်မိသေးသည်မှာ သူ့ရဲ့မျက်နက်ဝန်းထဲက ခင်တွယ်မှုအရိပ်ယောင်ကို မြင်လိုက်ရလို့ဆိုလျှင် ပိုတယ်မထင်ကြနေချင်ရှင်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၅)

ရာသီဥတု သာယာကောင်းမွန်သော မနက်ခင်းစောစောတွင် ဆီဇာ တစ်ယောက် အိပ်ရေးဝစွာ၊ စိတ်ကြည်လင်စွာဖြင့် နိုးထလာခဲ့ပါသည်။ မှန်ပြတင်းမှတစ်ဆင့် မြင်နေရသော ရန်ကုန်မြို့ရဲ့ ရှုခင်းနှင့်အတူ ရွှေတိဂုံစေတီကို လှမ်းဖူးပြီးနောက် သူက ပြေးစက်ပေါ်မှာ နာရီဝက်လောက် ခပ်သွက်သွက်တက်ပြေးလိုက်သေးသည်။ ပြီးတော့မှ ရေမချိုးခင် သူ့ Breakfast ကို စီစဉ်ပါသည်။ အဲဒီအတွက်တော့ ဘာမှ အပန်းမကြီးလှပေ။

သူက အစားအသောက် စီစဉ်ရာမှာ ဝါသနာအနည်းငယ်ပါသလို ကျွမ်းကျင်ပိုင်နိုင်မှုလည်း ရှိသဖြင့် တခြားယောကျ်ားလေးတွေလို အပြင်မှာ ဖြစ်သလို စားရခြင်း၊ အိမ်မှာ ဖြစ်သလို စားရခြင်း ကင်းဝေးလျက် သူ့အစားအသောက်များဟာ သပ်သပ်ရပ်ရပ် ရှိလှသည်။ အခုလည်း သူက ကော်ဖီနှပ်ထားရင်းမှ ဆင်းဒဝရှ် လုပ်သည်။ ကြက်ဥဟပ်ဖရိုက်ကြော်သည်။ Breakfast ပြင်





ဆင်ရင်းနှင့် ဖျတ်ခနဲ သတိရသွားသူမှာ ရှေ့အခန်းက ကောင်မလေးကို ဖြစ်လေသည်။

ကောင်မလေး ငယ်ငယ်လေး မဟုတ်တော့သော်လည်း ကောင်မလေးဟု သတ်မှတ်ရလောက်တဲ့ အနေအထားပါပဲ။ နုပျိုသွက်လက်တဲ့ အပြုံးတစ်ပွင့်နှင့် လွတ်လပ်ပေါ့ပါးသော စတိုင်လ်ရှိသည့် ဒီမိန်းကလေးကို သူ ဘာကြောင့် သတိရသွားမိတာပါလိမ့်။ သူ့မှာ လက်ရှိခင်မင်နေသော မိန်းကလေးမိတ်ဆွေတွေ ရှိရဲ့သားနဲ့ မနေ့ကမှ တွေ့ဆုံခင်မင်ရသော အိမ်နီးချင်းမိန်းကလေးတစ်ယောက်ကိုလေ။

အင်း ... သူမရော Breakfast ကို ဘာစားပါလိမ့်။ ကိုယ့်အတွေးကိုယ် သဘောတကျဖြင့် ပြုံးမိကာ သူက အစားအသောက်ကို လက်စသတ်ပြီး ရုံးသွားဖို့ ပြင်ဆင်လေသည်။ ဒီနေ့တော့ Site ထဲသွားဖို့ မရှိသဖြင့် နို့နှစ်ရောင် ဖစ်တ်ရှပ်ကို မီးခိုးရောင်သက္ကလပ်ဘောင်းဘီ ဝတ်ဆင်ကာ Coach ခါးပတ်ကို ပတ်သည်။ Wallet ၊ ဖုန်းနှင့် ကားသော့ကိုယူကာ အခန်းကို တစ်ချက်စစ်ပြီးနောက် ထွက်လာခဲ့လေသည်။ သူမအခန်းသို့ ငဲ့ကြည့်သောအခါ ဘာထူးခြားမှုမှ မတွေ့ရ။ သူက Lift ဖြင့် ပါကင်ရှိရာသို့ တစ်ခါတည်း ဆင်းလာခဲ့သည်။

ကားပေါ်တက်ပြီး စက်နှိုးတဲ့အချိန်မှာပဲ ပထမဆုံးအလွဲကို စတွေ့တာဖြစ်သည်။ သူ့ကားဟာ စက်နှိုး၍ လုံးဝမရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှစ် ... ဘာဖြစ်တာလဲကွ"

သူက အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်သွား ရကာ ဟိုစစ် ဒီစစ် လုပ်ကြည့်သော်လည်း အဖြေက ထွက်မလာ ချေ။ ကွန်ပျူတာ System နှင့် ကားတွေရဲ့ အားနည်းချက်က ကွန်ပျူတာထောက်မှ သိရတာကလည်း ဘေးထွက်ဆိုးကျိုးတစ် ပါပဲ။ အိမ်မှာဆိုရင်တော့ ဒီကားမရလျှင် နောက်တစ်စီး အစား ထိုးစရာ ရှိပေမယ့် အခုတော့ Taxi နှင့် နစ်ပါးသွားရတော့မည် သူက ကားထဲမှ ပြန်ထွက်လာခဲ့ကာ ဂိတ်ဝထွက်ပေါက်ရှိရာသို့ လမ်းလျှောက်ထွက်လာခဲ့လေသည်။

"တီ ... တီ"

နောက်မှ ကားဟွန်းတီးသံကြောင့် သူက ဘေးသို့ အနည်းငယ် ကပ်ပေးလိုက်သည်။ စက္ကန့်အနည်းငယ် အတွင်းမှာ ပဲ ကားက ဘေးသို့လျှောခနဲ လာရပ်ကာ တီခနဲ ဟွန်းထပ်တီး လိုက်လျှင် ဒီတစ်ခါတော့ သူက ငဲ့ကြည့်မိသွားသည်။ ဗိုး ... သူမ။

"အပြင်သွားမလို့လား"

"အဟင်း ... ဟုတ်ကဲ့။ ရုံးသွားမလို့ပါ"

"ဪ ... ဘယ်နားလဲ။ ကျွန်မနဲ့ လမ်းကြုံရင် လိုက်ခဲ့ ပါလား"

"ရပါတယ်။ ကျွန်တော် Taxi နဲ့ပဲ"





"အို ... Taxi ငှားလည်း ရှင် ဒီကနေ ငါးမိနစ်လောက် လမ်းလျှောက်ပြီး သွားငှားရဦးမှာ။ လာပါ ... ကျွန်မကို အားမနာပါနဲ့"

သူမက ဖော်ရွေသောအပြုံးနှင့် ခေါင်းညိတ်ကာ ခေါ်နေလျှင် သူ မငြင်းဆန်နိုင်တော့ပါ။ သူမကားလေးက လှပ တောက်ပြောင်နေသော KIA အနက်ရောင်လေး ဖြစ်သည်။ ကားထဲမှာ သစ်သီးရနံ့လေးက မွှေးပျံ့နေသလို ခပ်မြူးမြူးဂီတ သံလေးကြောင့် စိတ်တို့သည်ပင်လျှင် ပြန်လည်လန်းဆန်းလာရ သည်။

"ဘယ်ပို့ပေးရမလဲ"

"ရပါတယ်၊ Taxi ငှားလို့ ရမယ့်နေရာ"

"ဪ ... ရှင်ကလည်း၊ ပြောကြည့်ပါဆို"

သူမက စိတ်မရှည်သလို ခပ်ဆတ်ဆတ်လေး ပြော လိုက်လျှင် သူက အံ့သြစွာ မသိမသာ မျက်ခုံးပင့်ရလေသည်။ ကြည့်စမ်း ... ဒီမိန်းကလေးဟာ မထင်ရအောင် စိတ်မရှည်တတ် တတ်တို့ စိတ်ဆတ်တတ်သူလေး ထင်ပါရဲ့။

"တက္ကသိုလ်ရိပ်သာလမ်းမှာပါ"

"ဪ ... ဘာလို့ လမ်းမသင့်ရမှာလဲ၊ ကျွန်မက ပြည်ငါးဒင်းကွန်ဒိုကို သွားမှာ။ ပြီးရောလေ ကျွန်မ ရှင့်ကို ဝင်ပို့ပေးခဲ့မယ်"

www.burmeseclassic.com



ပိုင်ပိုင်နိုင်နိုင်ပြောကာ ကားလမ်းကြောကို ပီပီပြင်ပြင် ယှူလိုက်သော သူမကိုကြည့်ပြီး သူက စိတ်ထဲမှာ ဘရာဗိုပေးချင်သွားသည်။ ရဲတင်းတာဟု ဇွပ်စွဲ၍ မရနိုင်အောင်ပင် တည်ကြည်လေးနက်ခြင်းတို့ ပြည့်စုံသော သူမဆီမှာ ရဲရင့်ခြင်းတွေပဲ တွေ့ရလေသည်။ အနက်ရောင်ရှပ်အင်္ကျီဟာ ပခုံးမှာ ဘားအပတ်လေးပါလျက် တံတောင်ဆစ်နားမှာ အင်္ကျီလက်ကို ခေါက်ဝတ်ထားပြီး ကြက်သွေးရောင် မီနီစကတ်ထဲသို့ အင်္ကျီကို ထည့်ဝတ်ထားပုံဟာ သူမကို သပ်ရပ်စမတ်ကျစေလျက် ရုံးဝန်ထမ်းတစ်ဦး ဒါမှမဟုတ် ရုံးက မန်နေဂျာတစ်ယောက်နှယ် စတိုင်လ်မျိုး ပေါက်စေပါသည်။

"ကျွန်တော့်ကားက ဒီမနက် ဘာဖြစ်သွားမှန်း မသိဘူး။ နှိုးလို့ကို မရတော့တာ။ ဘာကြောင့်မှန်းလဲ မသိဘူး"

"အင်း ... ဖြစ်တတ်ပါတယ်ရှင့်"

"မခြဘုန်းတလူက ဘယ်မှာ အလုပ်,လုပ်လဲ"

"ကျွန်မကို လူလူပဲ ခေါ်ပါ။ ကျွန်မက နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်,လုပ်ပါတယ်"

သူမက ဘာရာထူး ဆိုတာကို ထည့်မပြောသွားသော်လည်း မယ့် စီးတဲ့ကား၊ နေတဲ့နေရာနှင့် သူမပုံစံသွင်ပြင် အနေအထားကိုကြည့်ပြီး ကုမ္ပဏီမှာ အားကိုးရသော ဝန်ထမ်း သို့မဟုတ် ရာထူးကြီးကြီး ယူထားသူမှန်း သိသာစေလေသည်။





"မြဘုန်း လို့ ခေါ်လို့ မရဘူးလား။ လူလူလို့ ခေါ်မှဖြစ်တာလား"

သူ့ရဲ့ပြုံးစိစိအမေးကို သူမက မျှော်လင့်မထားဟန်ဖြင့် အနည်းငယ် အံ့သြသွားသလို ရှိလေသည်။ ပြီးတော့မှ ...

"ကျွန်မကို ငယ်ငယ်တည်းက လူတွေက လူလူလို့ပဲ ခေါ်ကြတာ။ မြဘုန်းလို့ ခေါ်တဲ့လူတော့ တစ်ယောက်မှ မရှိဘူးရှင့်"

"အင်း ... ကျွန်တော်က သူများနဲ့မတူတဲ့ လူတစ်ယောက်ဖြစ်ချင်ခဲ့တာ ငယ်ငယ်တည်းကဗျ"

"ဟာ ဟ ... Like that ! "

"မြဘုန်းလို့ ခေါ်လို့ ဖြစ်ပါတယ်နော်"

"Ok ... Ok ... As you like"

စင်တီရာတိုင်ကို ပတ်ပြီး သွက်သွက်လက်လက် ဖြန့်ပြောဟန်လေးက ဟောလီးဝုဒ်ရုပ်ရှင်ကားတွေထဲက မင်းသမီးတွေရဲ့ အိုက်တင်မျိုး ဖြစ်လေသည်။ ဒီအမျိုးသမီးလေးကိုကြည့်ခြင်း ဒီလိုဆွဲဆောင်မှုရှိသော အိမ်နီးချင်းတစ်ယောက်ကို ဆုံစည်းစေခဲ့သည့် ကံကြမ္မာကို ကျေးဇူးတင်ရမည်လား။ အိုး ... မဟုတ်သေးပါ။ ဒီကွန်ဒိုမှာ လာနေဖို့ ဆုံးဖြတ်ချက်သည် ကံကြမ္မာ၏ ဆုံးဖြတ်ချက် မဟုတ်ဘဲ သူ့ဆုံးဖြတ်ချက်သာ ဖြစ်လေသည်။

"အိမ်နီးနားချင်းတစ်ယောက် ကောက်ရတာ တော်တော်အဆင်ပြေတာပဲ၊ ချက်ချင်းကို အဆင်ပြေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှပြန်မပြောဘဲ ပခုံးကိုသာ အသာတွန့်ပြလေသည်။ ကားက မီးပွိုင့်မိနေစဉ် စင်တီရာတိုင်ပေါ်မှ လက်ချောင်းများကို တင်ထားပြီး Music နှင့်အညီ လက်ချောင်းလေးများကို လှုပ်ခတ် စည်းချက်လိုက်နေသည်။ အရင်းမှာ ဖောင်းအိပြီး အဖျားသို့ ရှူးသွယ်သွားသည့် လက်ချောင်းလေးများမှာ ဘာလက်သည်းဆိုးဆေးမှ မတင်ထားဘဲ အကြည်ရောင်လေးနှင့်သာ လင်းလက်တောက်ပနေကြသည်။ ရှေ့ဆံပင်တွေကို ဆာမူရိုင်းကေလို အတိချထားပြီး နောက်မှာ ခပ်မြင့်မြင့်စုစည်းထားသော ဆံပင်ပုံစံကြောင့် သူမဟာ အလှသိပ်မပြင်သော်လည်း ဘယ်လိုနေရာက လင်းလက်တောက်ပမှန်းမသိ တောက်ပနေလေသည်။

အင်း ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလွန်းသော သွင်ပြင်ကြောင့်ပေပဲလား။

"ခင်ဗျားတို့မိသားစု Coming Sunday မှာ အားလားဗျ"

သူက သူ့ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ထိုအကြည့်ထဲတွင် တစ်စုံတစ်ရာသော ထိနိုက်နာကျင်သည့် အမိပ္ပာယ်မျိုး ပါဝင်နေသဖြင့် သူပင် ဇဝေဇဝါ ဖြစ်သွားရပါသည်။

"ဘာဖြစ်လို့လဲ"

"ဪ ... အိမ်နီးနားချင်း တွေ့ဆုံနှုတ်ဆက်ချင်တဲ့ သဘောပါ။ ခင်ဗျားမိသားစု ခင်ဗျားမိဘတွေကိုလည်း လာနှုတ်ဆက်ချင်လို့၊ ပြီးရင် Sunday မှာ ကျွန်တော့်အိမ်ကို ထမင်းစားဖိတ်ချင်လို့"





"အဟင်း ... ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မမှာ မိသားစုမရှိတော့ပါဘူး၊ ကျွန်မဖေဖေနဲ့ မောင်လေးက လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကပဲ ဆုံးသွားကြပါပြီ၊ မေမေကတော့ မောင်လေးကိုမွေးရင်း ဆုံးတာပါ ...

အိမ်မှာ ကျွန်မ တစ်ယောက်တည်း နေတာ"

တိုးတိတ်အေးစက်သော နောက်ဆုံးစကားသံ အဆုံးတွင် သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ပါးစပ်တပြင်ပြင်နှင့် တစ်ခုခုပြောဖို့ ကြိုးစားနေတုန်းမှာပဲ မီးပွိုင့်လွတ်သွားသဖြင့် သူမက ကားကို မောင်းထွက်လေသည်။

"ဆောရီး ... ကျွန်တော် တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး။ ရှင် မသိလို့ ပြောတာပဲ"

"ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ဟို ... တစ်မျိုးမထင်နဲ့နော်။ ခင်ဗျားလို ငယ်ရွယ်လှပတဲ့ မိန်းကလေးတစ်ယောက်တည်း နေရတာ အဆင်ရော ပြေရဲ့လား၊ တခြားရော အမျိုးတွေ ဘာတွေ မရှိဘူးလား"

"ဟင်း ဟင်း ... အမျိုး ! ၊ အဲဒီ သောက်အမျိုးတွေက S ရေး မပါ,ပါဘူး"

အို ... ဘုရားရေ။ သူမလို လှပထက်မြက်ပြီး အဆင့်အတန်းတစ်ခုထဲက မိန်းကလေးတစ်ယောက်ရဲ့ ပါးစပ်က သူ့လို သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ မယဉ်ကျေးသော



www.burmeseclassic.com

www.burmeseclassic.com



စကားလုံး အသုံးအနှုန်းကို ပျစ်ပျစ်နှစ်နှစ် သုံးစွဲလိုက်ပုံထောက် သူမဟာ ဘယ်လောက်တောင်များ အမျိုးဆိုတာတွေအပေါ်မှာရော နာကြည်းနေမှာပါလိမ့်။

အဖေနှင့် မောင်လေး ဆိုတာကရော ဘယ်လိုပုံစံနဲ့ သေဆုံးသွားရတာလဲ။ သူ့အနားမှာ ထိုင်နေသော သူမဟာ တစ်စထက်တစ်စ စိတ်ဝင်စားစရာ ကောင်းလာသည်ဟု ထင်ပါသည်။ သူ တစ်ခုခုပြောဖို့ တွေးတောနေတုန်းမှာပဲ သူမထံက စကားသံ ထွက်လာပါသည်။

"ဒါနဲ့ ရှင် အခုနက ကျွန်မကို ထမင်းဖိတ်ကျွေးမယ်လို့ ပြောတယ်နော်။ ရှင့်အမေက ဟင်းချက်ကောင်းလား"

"အဟင်း … သိပ်ကောင်းတာပေါ့။ ဒါပေမဲ့ မာမီချက်မယ့် ထမင်းဝိုင်းတော့ မဟုတ်ဘူး"

"ဘယ်လို ! ဩော် … I see ရှင်တို့အိမ်မှာ cook ရှိမှာပေါ့"

"အင်း … ဆိုပါတော့ဗျာ။ ဒါပေမဲ့ သေချာပြန်စဉ်းစားလိုက်ရင် ကျွန်တော် ခင်ဗျားကို ထမင်းစားဖိတ်ဖို့ အားနာနေမိတယ်"

သူမက သူ့ကို နားမလည်သလို လှည့်ကြည့်လေသည်။ တကယ်ပဲ သူ အားမနာသင့်ဘူးလား။ ယောကျ်ားလေး တစ်ယောက်တည်းနေသည့်အိမ်ကို မိန်းကလေးတစ်ယောက်တည်း





လာဖို့ ဖိတ်ရမှာ တော်တော်တော့ အားနာစရာ ကောင်းသည်ဟု ထင်မိသည်လေ။ ဒါပေမဲ့ ခုချိန်မှာတော့ စမိနေပြီမို့ သူမကိုဆက် ရှင်းရတော့မည်။

"ကျွန်တော်လည်း အဲဒီအခန်းမှာ တစ်ယောက်တည်းနေတာပါ။ အဲဒီတော့ ခင်ဗျားကိုဖိတ်ဖို့ အားနာနေမိတယ်"

သူမက သူ့ကို မျက်လုံးပြူးကာ လှည့်ကြည့်လေသည်။ မျက်လုံးက တမင်ပြူးပြတာမို့ သူက ရယ်ချင်သွားရသည်။

"ရှင့်မိသားစုတွေကရော"

"ကျွန်တော့်မိသားစုက ရန်ကုန်မှာပါပဲ၊ ကျွန်တော်က ဂလက်စီပရောဂျက်က အင်ဂျင်နီယာပါ။ ဆိုက်နဲ့ ရုံးနဲ့ နီးတဲ့နေရာမှာ လာနေဖြစ်တာ"

"ဩော် … ရှင်က အင်ဂျင်နီယာလား"

"အင်း"

"ဒါနဲ့ နေပါဦး။ ရှင်က ထမင်းစားလည်း ဖိတ်မယ်။ တစ်ယောက်တည်းလည်း နေတယ်ဆိုတော့ ထမင်းက ဆိုင်ကဝယ်ကျွေးမှာလား"

သူမမေးပုံက နောက်နေတာနှင့် မတူဘဲ တကယ်ကို စိတ်ရင်းနှင့် မေးသောပုံစံ ဖြစ်လေသည်။ သူ့မှာ သဘောတကျ ပြုံးရသည်။

"ကျွန်တော် ကိုယ်တိုင် ချက်မှာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင်က ထမင်းဟင်း ချက်တတ်တယ် ဟုတ်လား"

"အင်း ... ကျွန်တော် ဟို ... အိမ်ရှင်မတွေလိုတော့ မြန်မာဟင်းတွေကို သုံးလေးမျိုးချက် တမင်းဝိုင်းကြီး တည်ခင်းရတာမျိုးတော့ ဝါသနာမပါဘူးဗျ ...

ကျွန်တော်က အနောက်တိုင်း အစားအစာ တစ်မျိုးကောင်းတွေ စီမံရတာပဲ ဝါသနာပါတယ်။ ဥပမာ စပါကတီလိုဟာမျိုး။ ခင်ဗျား စပါကတီကြိုက်လား"

"အိုး ... ကြိုက်တာပေါ့"

"အိုခေ ... ဒါဆိုရင် ဆန်းဒေးမှာ ခင်ဗျားကို Lunch ဖိတ်ကျွေးပါရစေ"

"ကောင်းပြီလေ ကျွန်မ လာစားပါ့မယ်"

သူမက အေးအေးဆေးဆေး သက်သောင့်သက်သာပဲပြောလေသည်။ ပြီးတော့ သူမဘာသာ တီးတိုးရေရွတ်လိုက်သံကိုလည်း သီချင်းသံတွေကြားမှ သူက ကြားဖြစ်အောင် ကြားလိုက်သေးသည်။ ဘာတဲ့ ... ထူးဆန်းလိုက်တာတဲ့။ သူက သူမ မမြင်အောင် နီးပြုံးလိုက်ရသေးသည်။ သူ့ရုံးရှေ့သို့ ရောက်သောအခါသူမက ကားရပ်ပေးသည်။ ကျေးဇူးတင်စကားကိုဆိုတော့ အပြုံးတစ်ပွင့်နှင့်သာ ခေါင်းဆတ်ပြပြီး ဘာစကားမှ ထပ်မဆိုတော့ဘဲမောင်းထွက်သွားပုံကို သူက ငေးမောကြည့်ရင်း ကျန်ခဲ့ရသည်။

ချောမောလှပသော ချစ်စရာကောင်းသော မိန်းကလေးများစွာတို့နှင့် ပတ်သက်ခဲ့ဖူးပေမယ့် သူမသည် အရာအားလုံးတို့ထက် ထူးခြားသည်ဟု ခံစားမိရစေသည်။ သို့သော် အဲဒီထူးခြားမှုက ဘာလဲဆိုတာ လောလောဆယ် သူ မသိသေး။ သိအောင်ကြိုးစားမလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိချိန်ဝယ် ကိုယ့်ဘာသာ တစ်ယောက်တည်း ပြုံးမိသွားတာလည်း ပထမဆုံးအကြိမ်ပါပဲ။

❋ ❖ ❋





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၆)

ထိုနေ့သည် သာယာလှပသော တနင်္ဂနွေနေ့ဖြစ်သည်။ အခြားရက်တွေထက် ရက်သတ္တပတ်တိုင်း၏ တနင်္ဂနွေနေ့များသည် ပို၍သာယာလှပသည်ဟု လူလူက နဂိုတည်းမှ မှတ်ယူထားပြီး ဖြစ်လေရာ ဒီတနင်္ဂနွေနေ့က ပို၍ထူးခြားလှပသည်ဟု ထင်မိလေသည်။ အရွယ်ရောက်ပြီး ရင်ခုန်စရာတို့ကို မြည်းစမ်းရမည့် အရွယ်မှာတောင် စိတ်လှုပ်ရှား ရွှင်ပျော်ရာတို့ မရှိခဲ့သည့် လူလူ့အတွက် သာယာလှပသော နေ့ရက်ကို သက်ဝင်လာပြီဟု ယုံကြည်ရသည်မှာ ဟိုအိမ်နီးချင်း ကိုလူချောကြောင့်ပဲ ဖြစ်လေသည်။ သူ့လို အမိုက်စားတစ်ယောက်နဲ့ အိမ်နီးချင်း ဖြစ်ရသည်မှာ ဘယ်လောက် စိတ်လှုပ်ရှားစရာ ကောင်းလဲနော်။

သူ့အိမ်ကို နေ့လယ်စာစားဖို့ သွားရန်အတွက် လူလူ တစ်ယောက် အထူးတက်ကြွရွှင်လန်းနေမိသည်။ ဘာအဝတ်အစား ဝတ်ရမလဲဆိုတာ တော်တော်နှင့် မရွေးချယ် မဆုံးဖြတ်နိုင်





ချေ။ လူလူရဲ့ ပင်ကိုစတိုင်လ်သည် မိန်းမဆန်တာတွေ သိပ်မဝတ်ဖြစ်ပေ။ မလိုက်လို့ မဝတ်တာထက် လိုက်ဖက်လွန်း၍ တမင်ရှောင်ဖယ်သည်ဆိုလျှင် မှန်လေမလား။ လူလူရဲ့ကိုယ်ခန္ဓာဟာ ယောကျ်ားတစ်ယောက်အတွက် ဆွဲဆောင်မှု ရှိလွန်းသော ကိုယ်ခန္ဓာအချိုးအဆက်မျိုးကို မွေးရာပါ ပိုင်ဆိုင်လေသည်။

စပို့ရှပ်အကျပ်လိုမျိုး အကျႌအကျပ်နှင့် ဂျင်းဘောင်းဘီများ တွဲမဝတ်လိုက်နှင့်။ လူလူရဲ့ကောက်ကြောင်းမှာ လှပစွာ ထင်းထွက်လာလေ့ရှိသည်။ ခါးသေးကာ ရင်ချီပြီး အိုးကောင်းသော စာရင်းဝင်သူ လူလူ့မှာ ဒီခန္ဓာကိုယ် အလှတရားအတွက် စိတ်ရှုပ်ရသည်ဆိုလျှင် ရူးနေမည် ထင်ကြသည်။ တကယ်တမ်းက တစ်ယောက်တည်း ရပ်တည်ရှင်သန်ကာ မိမိကိုယ်ကို လုံခြုံအောင် တည်ဆောက်နေရသော အနေအထားတွင် ခန္ဓာကိုယ်အလှကိုတောင် ထုတ်မကြွားနိုင်တဲ့အထိ စိတ္တဇဆန် တိတ်တခိုး အားငယ်ရသည်ကို မည်သူ သိမည်တဲ့လဲနော်။ ဒါကြောင့် လူလူဝတ်သော အဝတ်အစားတွေသည် ယောကျ်ားဆန်တာတွေ၊ ကိုယ်လုံးမပေါ်တာတွေ များလေသည်။ Shirt ဆန်ဆန် အကျႌပွလေး ဖားလျားလျားတွေနှင့် ဂျင်း(န်)တွေသည်သာ လူလူရဲ့မူပိုင်ဖက်ရှင်လို ဖြစ်နေတတ်တော့သည်။

အခုလည်း ဟိုဟိုဒီဒီ ရှာဖွေပြီး နောက်ဆုံးတော့ မီးခိုးနက်ရောင် Guess T.Shirt အကျပ်လေးကို အင်ဒိုနီးရှားစယ်ချည်သားဘောင်းဘီရှည် အနက်ရောင်တွေး အဆင်ကိုသာ သက်

www.burmeseclassic.com



သောင့်သက်သာဟန်ဖြင့် ရွေးချယ်ဝတ်ဆင်လိုက်လေသည်။ ရေ့မှာအတိ၊ ခါးလယ်မရောက်တရောက် ဖြောင့်စင်းနက်မှောင်သည့် ဆံနွယ်တို့ကိုတော့ ရုံးပိတ်ရက်မို့ လွှတ်လွှတ်လပ်လပ်ပဲ ချထားလိုက်သည်။ အင်း … သူ့ဆီကို လက်ဆောင်တစ်ခုခုပေးဖို့အတွက်ကတော့ သူ ကြိုက်မည်ထင်သည့် မန္တလေးထိုးမုန့်၊ ဇေဒါရွှေကြာငယ်ထွေးနှပ်၊ နှစ်ပြန်ကြော် စတာတွေကို မန္တလေးကတောင် တကူးတက မှာယူထားခဲ့တာ ဖြစ်သည်။

အင်း … သွားဖို့ အချိန်ကျပြီ ထင်ပါရဲ့နော်။ ဆယ့်နှစ်နာရီတောင် ထိုးတော့မယ် ဆိုတော့။ ဘာကျန်ဦးမလဲ။ အိုး… သေတော့မှာပဲ။ ငါ့ဆီက မွှေးရနံ့တစ်ခုခု မရလို့ ဘယ်ဖြစ်ပါ့မလဲ။ လူလူက DKNY ဝန်းသီးစိမ်းရေမွှေးလေး ပြေးဆွတ်လိုက်သေးသည်။ နှုတ်ခမ်းနီ အသားရောင်လေး ဆိုးထားတာကို ဖျော့တယ်ထင်ပြီး နောက်တစ်ထပ် ထပ်ဆိုးမိသေးသည်လေ။ ပြီးတော့မှပဲ လက်ဆောင်ထုပ်လေးကိုဆွဲကာ သူ့အခန်းရှေ့မှာ သွားရပ်ပြီး ဘဲလ်ကို တီးလိုက်သည်။

"ဝိုး … ရောက်လာပြီပဲ"

တံခါးဝမှာ အရင်ပေါ်လာတာက သူ့မျက်နှာဖြစ်ပြီး ပြီးတော့မှ တံခါးတစ်ချပ်လုံးကို ဖွင့်ပေးလေသည်။ တံခါးဖွင့်လိုက်တော့မှပဲ သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံမြင်ရတော့သည်။ တီရှပ်အဖြူ၊ ဘတ်ဂီဘောင်းဘီတို အဖြူနက်အကွက်စိပ်လေးဖြင့် ရှင်းသန့်စိုပြည်နေလေသည်။ သူ့အခန်းလေးဟာလည်း သူ့လိုပဲ





သန့်ပြီး တောက်ပြောင်နေတာကို တွေ့ရသည်။ အင်း … ငါ့အခန်းနဲ့များ ကွာလိုက်တာနော်။ သူ့ကို ငါ့အခန်းကို အလည်ခေါ်လို့ဖြစ်မယ် မထင်ပါဘူး။ ရှက်စရာ ကောင်းလိမ့်မယ်။

"ရှင့်အခန်းက သန့်ပြီး တောက်ပြောင်နေတာပဲနော်၊ ယောကျ်ားလေးဖြစ်ပြီး … တော်တော်"

"ဟင်း ဟင်း … မနက်ကမှ သန့်ရှင်းရေး လုပ်ထားလို့ပါဗျာ"

"ဪ … ဒီမှာ ရှင့်အတွက် လက်ဆောင်ပါ။ ရှင် ကြိုက်မယ်ထင်လို့ တကူးတက မှာထားတာ"

"ဘာတွေလဲဗျ၊ အင်း … လက်ဖက်လား"

"ဟုတ်တယ်၊ မန္တလေးက ထိုးမုန့်၊ ဂျယ်လီပူတင်း၊ လက်ဖက်အကြော်တွေ ကျွန်မရုံးက ဝန်ထမ်းတစ်ယောက် မနေ့က မန္တလေး ပြန်လာမှာမို့ ကျွန်မ မှာလိုက်တာ"

"အို … ကောင်းလိုက်တာ။ ကျွန်တော် ထိုးမုန့်မစားရတာ တော်တော်ကြာပြီပဲ။ မန္တလေးက လက်ဖက်နှပ်ကလည်း ကောင်းမှာပေါ့။ ကျေးဇူးပါဗျာ တကူးတက မှာပေးလို့"

"ရှင် … လက်ဖက်ကြိုက်ပါတယ်နော်"

"အဟင်း … သိပ်ကြိုက်တာပေါ့"

သူက ခေါင်းသွက်သွက်ညိတ်ကာ ဖြေရင်း လူလူ့ထိုင်ဖို့ပြောသည်။ ဆိုဖာပေါ်တွင် ဝင်ထိုင်ရင်း သူ့အခန်းထဲ ထပ်မံဝေ့ဝဲကြည့်မိသည်။ ပစ္စည်းသိပ်များများစားစား မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းသပ်ရပ်နေသလို ဂျေဆင်မရပ်ရဲ့ သီချင်းသံ တိုးတိုးကလည်း ပျံ့လွင့်လို့နေသည်။

"ခင်ဗျား ဗိုက်ဆာပြီလား။ ကျွန်တော် စပါကတီ ပြင်တော့မယ်"

"ဟုတ် ... ကျွန်မ ဘာကူပေးရဦးမလဲ"

"အဟား ... ရပါတယ်ဗျာ။ ကျွန်တော် အားလုံး ရယ်ဒီ လုပ်ပြီးသားပါ။ ဒါဆို ခဏစောင့်နော်"

လူလူ့ကို သူက အပြုံးနှင့် ခေါင်းညိတ်ချန်ထားပြီးနောက် နောက်ထဲ လှစ်ခနဲ ဝင်သွားသည်။ ရှေ့မှာ TV ဖွင့်ထားပေးခဲ့ပြီး လူလူက TV အစီအစဉ်တစ်ခုကို စိတ်မပါ လက်မပါ ငေးလိုက်၊ ပျံ့လွင့်လာသော တေးသီချင်းသံတိုးတိုးလေးနှင့်အတူ တစ်စုံတစ်ရာကိုသာ စိတ်လှုပ်ရှားနေမိသည်။ စဉ်းစားကြည့်လေ ... သိပ်ကို သပ်ရပ် စမတ်ကျတဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်အတွက် နေ့လယ်စာ ပြင်ဆင်ပေးနေသည် ဆိုသော အဖြစ်ဟာ ဘယ်လောက်ရင်ခုန်စရာ ကောင်းလဲနော်။

"မြဘုန်းရေ"

ကြည့်စမ်း ... လူကို မမြင်ရသေးဘူး။ နောက်ထဲကနေ သူ့အသံက အရင်ထွက်လာတာ။ အဲဒါ ဘာနဲ့တူလဲဆိုတော့ ရင်းနှီးမှုသဘောကို ဆောင်တာပေါ့နော်။ မြဘုန်းဟု သူခေါ်လိုက်သံလေးကလည်း ဘာနဲ့မှ မတူဘဲ ထူးခြားဆွဲဆောင်မှုရှိသည်ဟု ထင်မိလေသည်။





စက္ကန့်ပိုင်းအကြာမှာ သူ့မျက်နှာ ထွက်လာပြီ။ ကြည့်စမ်း ... သူ ပေထရွန် ဝတ်ထားတာ ချစ်ဖို့ကောင်းလိုက်တာ။

"စားဖို့ ရယ်ဒီပဲဗျို၊ လာလို့ရပါပြီ"

အို ... သူ့ရဲ့ Kitchen လေးနှင့် ထမင်းစားခန်း တွဲထားပုံလေးက သပ်ရပ်အဆင့်မြင့်လှသည်။ Kitchen ထဲတွင် ပစ္စည်းများများစားစား မရှိသော်လည်း သူ့အတွက်တော့ အသုံးဝင်မည့် ပစ္စည်းလောက်သာ ထားမည့်ပုံပါပဲ။ သူက လူလူ့ကို ခုံမှာထိုင်စေသည်။ စပါကတီနှစ်ပွဲကို ပြင်ဆင်ထားပုံမှာ တကယ့်ကို လှပမွှေးပျံ့ပြီး စားချင်စရာ အတိပေ။ Orange juice နှစ်ခွက်ကလည်း ဘေးမှာ အရန်သင့်။ ကြက်တောင်ပံနီညိုရောင်နှင့်အတူ အာလူးချောင်းကြော်လေးများကလည်း ပါသေး။

"စားနော် ... စပါကတီလည်းစား၊ ကြက်တောင်ပံလည်းကိုက်၊ ကြက်တောင်ပံက ပျားရည်နဲ့ ကြော်ထားတာ။ ဒီတစ်နေ့တော့ ကျွန်တော့်လက်ရာလေးကို ချီးမြှောက်တဲ့အနေနဲ့ Diet မလုပ်နဲ့တော့ဗျာ ... အဟား ဟား"

သူ့ဘာသာသူ ပြောပြီး သူ့စကားသူ ပြန်သဘောကျကာ ရယ်နေသောသူ့ကို လူလူက ပြုံးငေးနေမိလေသည်။ ပြီးတော့မှ သူ မရိပ်မိခင် ကိုယ့်ဘာသာ ပြန်သတိပေးကာ စပါကတီကို ခက်ရင်းနှင့် ရစ်ပတ်ယူရင်း စကားပြန်ဆိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘယ်တုန်းကမှ Diet လုပ်တတ်တဲ့သူ မဟုတ်ပါဘူး"

သူ တစ်ခုခု ပြန်ပြောဖို့ ပါးစပ်ပြင်သော်လည်း နောက်ကျသွားပြီ။ လူလူက စကားမဆုံးသေးဘဲ ဆက်ပြောလိုက်၍ဖြစ်သည်။

"အိမ်မှာ စားစရာ သောက်စရာ မရှိလွန်းလို့တောင် အမြဲရှာဖွေစားသောက်နေရတာလေ ... အဟင်း ဟင်း"

ကိုယ်ပြောချင်တာ ပြောပြီးနောက် လူလူက စပါကတီကို ပါးစပ်ထဲထိုးထည့် ဝါးလိုက်တော့ရင်း အရသာခံနေမိသည်။ သူက မစားသေးဘဲ လူလူ စားတာကို တမေးပွဲအောင် စာရင်းကြည့်သည့် ကျောင်းသားနှယ် မော့်စောင့်နေသည်။

"ဘယ်လိုနေလဲ ... အဆင်ပြေရဲ့လား"

"သိပ်ပြေတာပေါ့။ ကျွန်မ ရောမ ရောက်သွားလားတောင် ထင်ရတယ်"

"ဟား ဟား... မြောက်သွားရပြီဗျာ။ ကောင်းရင် အားပါးတရသာ စားပါ"

"အွန်း ... တကယ်ပြောတာ။ ဂျုံစ်ကလည်း ကောင်းလိုက်တာ။ လိမ္မော်သီးအစစ်ကို ဖျော်ထားတာပဲ။ အိုး... တကယ်။ ကျွန်မ ဒီလောက်ကောင်းအောင် ဖျော်တတ်မှာ မဟုတ်ဘူး။ စပါကတီကတော့ တကယ် ကောင်းတယ်ရှင့်။ တကယ့်ကို ပထမတန်းစား လက်ရာပါပဲ"





လူလူက နောက်ဆုံးလုတ်ကို ပါးစပ်ထဲ ထပ်ထည့်ရင်းမှ လက်မတစ်ချက် ထောင်ပြရင်း ပြောလိုက်လျှင် သူက ကျေနပ်သည့်အပြုံးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေတော့သည်။ သူ့ရဲ့ပျားရည်ကြက်ကြော်ကလည်း အထူးပဲ ကောင်းလှသည်။ လူလူသည် ကြိုက်မရှက် ငတ်မရှက် ဟူသည့် စကားအတိုင်း ကြက်တောင်ပံတွေကိုလည်း လက်နဲ့ပဲ အားပါးတရ ဆွဲလေသည်။ ဒါကိုလည်း သူက ကျေနပ်စွာ ပြုံးကြည့်လို့သာနေသည်။

"ခင်ဗျား စားနေတာ တကယ် သဘောကျတယ်"

လူကိုရော သဘောမကျဘူးလား ရှင်ရယ်။ အဲဒီမေးခွန်းကို ကိုယ့်ဘာသာမေးရင်း စိတ်ထဲမှ ကျိတ်ရယ်ချင်ရလေသည်။ မနေ့တစ်နေ့ကမှ ခင်မင်သော သူစိမ်းယောက်ျားလေးတစ်ဦးရဲ့အိမ်မှာ ကြက်တောင်ပံ လာကိုက်နေပါလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မြင်မိသော်လည်း ခက်တာက သူ့အပေါ်မှာ သူစိမ်းဆန်သည်ဟု မထင်မြင်မိခြင်းပါပဲ။ အနှစ်နှစ် အလလက ခင်မင်ရင်းနှီးနေခဲ့သူ တစ်ယောက်လို သူဟာ ကိုယ်နှင့် ကျွမ်းဝင်နေပါသည်။ ပြီးတော့ သူ့မျက်နှာသည် မိန်းကလေးတစ်ယောက်အတွက် တည်ကြည်လေးနက်နေလေသည်။

"ကျွန်မက အစားအသောက် စားရင် ပဲမများတတ်ဘူးရှင့်"

"အဲဒါ ကောင်းပါတယ်ဗျာ။ ဒါနဲ့ ခင်ဗျားကို တစ်ခုမေးရင် စိတ်ဆိုးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ အားနည်းချက်က စိတ်မရှည်တတ်ရုံလေးပဲရှင့်။ စိတ်တော့ လွယ်လွယ်မဆိုးတတ်ဘူး"

"အပေါ် ... ဟုတ်ပါပြီ။ ခင်ဗျား ဟင်းမချက်တတ်ဘူး ထင်တယ်နော်လို့ ပြောမလို့"

"အင်း ... ဟုတ်တယ်၊ ကောင်းကောင်းမချက်တတ်ဘူး ပြောရမှာပေါ့၊ ကြက်ဥကြော်တာတို့၊ အသီးအရွက်ကြော် တာတို့တော့ နည်းနည်းပါးပါး ဖြစ်ပါတယ်"

"ခင်ဗျား တစ်နေ့တာ စားသောက်မှုကိစ္စ အဝဝကို ဘယ် လိုစီစဉ်လဲ"

"Breakfast ကတော့ ကော်ဖီနဲ့ မုန့်တစ်မျိုးမျိုး၊ ဝယ်ထား တဲ့ ပေါင်မုန့်တို့ ဘာတို့ပေါ့။ နေ့လယ်စာကတော့ ရုံးမှာ ရှိရင်လည်း ရုံးနားကဆိုင်က မှာစားရင်စား မစားရင်လည်း အပြင်ရောက်နေရင် အပြင်မှာစား ...

ညနေစာလည်း တစ်ခါတလေ အိမ်မှာပဲ ဖြစ်သလို စားရင်စား၊ မစားရင်လည်း ကျွန်မသူငယ်ချင်းနဲ့ အပြင် ထွက်စားတတ်တယ်၊ ကျွန်မသူငယ်ချင်းလည်း ဒီနားတင် နေတာ။ ဒီလိုပါပဲရှင် အဆင်ပြေသလို ကြည့်ဖြေရှင်းတာ ပေါ့"

သူက ဘာမှမပြောဘဲ ခေါင်းတဆတ်ဆတ် ညိတ် နေလေသည်။ သူက ဘာမှမပြောတော့ လူလူကပဲ ထပ်မေးမိပြန် သည်။





"ရှင်က တကယ် တော်တယ်နော်။ ယောက်ျားလေးဖြစ် ပြီး အစားအသောက်ကို ကောင်းကောင်းစီမံတတ်တယ်။ ဝါသနာပါတာလားဟင်၊ ဒါမျိုးတွေကျတော့ သင်ထား တာလား။ ဘယ်သူ သင်ပေးတာလဲ ...

အဟီး ... ကျွန်မ သိပ်စပ်စုမိပြီနော်"

ကိုယ့်ဘာသာကိုယ် လျှောက်မေးပြီးမှ လျှာတစ်လစ် ထုတ်ကာ ငြိမ်သက်သွားသော လူလူ့ကို သူက နားလည်ဟန်ဖြင့် ပြုံးကြည့်နေလေသည်။ ပထမတော့ သူ့အကြည့်နှင့် ကိုယ့်အကြည့် ချိတ်ဆက် သွယ်တန်းထားနိုင်သော်လည်း ငါးစက္ကန့်ကျော်လာ လျှင် မနေရာတ်တော့ဘဲ လူလူက မသိမသာ မျက်နှာလွှဲမိလေ သည်။

"ကျွန်တော် အင်္ဂလန်မှာ ကျောင်းသွားတက်တုန်းက စိတ် ဝင်စားတာနဲ့ Bakery Course လေးတွေ လျှောက်တက် ထားတာပါ။ အစားအသောက်လည်း အဲလိုပဲပေါ့"

"Woo ... ရှင်က Bakery ပါ ဖြစ်တယ်လား"

သူက ဘာမှပြန်မပြောဘဲ ပြုံးစစ လုပ်ပြနေလျှင် အဲဒီပုံစံကို သိပ်အသည်းယားသွားရပါသည်။ ကြည့်စမ်း ... ဒီ လူသားလေးဟာ ဘာကြောင့်များ ဒီလောက်တော်နေတာပါလိမ့်။

"ထူးဆန်းတယ်နော်။ ဒီခေတ် ယောက်ျားလေးတွေထဲမှာ ဒီလိုမျိုး ထူးခြားကျွမ်းကျင်တာ ရှင်တစ်ယောက်ပဲ ရှိမယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားသူတွေလည်း စိတ်ဝင်စားတဲ့သူ ရှိမှာပါ။ ကျွန်တော်ကတော့ အကောင်အထည် ဖော်ဖြစ်တယ်ပေါ့လေ။ ခင်ဗျား မသိလို့ဗျ အစားအစာ ချက်ပြုတ်ပြင်ဆင်ခြင်းဟာ လူကို Relax ဖြစ်စေတယ်။ ကိုယ် စမ်းသပ်ချက်ပြုတ်လိုက်တဲ့ အစားအစာက ဘယ်လိုအရသာ ထွက်မလဲဆိုတာ သိဖို့ စိတ်လှုပ်ရှားဖို့ ကောင်းတယ်"

"May be ... ဒါပေမဲ့ ကျွန်မကတော့ စားတာပဲ ဝါသနာပါတယ် ... ဟား ဟား"

"အဲဒါလည်း မဆိုးပါဘူး"

"ရှင် ကိတ်တွေ ဘာတွေလဲ ဖုတ်မှာပေါ့နော်"

"အဟင်း ... ခင်ဗျား အာရုံရနေလား မသိဘူး။ မနက်ဖြန် ခင်ဗျား Breakfast စားဖို့အတွက် ကိတ်တစ်လုံးဖုတ်ထားတယ်ဗျ ...

ပြန်ရင် ပေးလိုက်မလို့။ Butter Cake ဆိုတော့ ခင်ဗျား ကြိုက်မှာပါ"

"အမယ်လေး ... သိပ်ကြိုက်တာပေါ့။ ဟား ... ကျွန်မတော့ ဒီနှစ်ထဲမှာ ကံကောင်းခြင်းတွေ ရောက်လာတယ်နဲ့တူတယ်နော်။ ရှင့်လို အိမ်နီးနားချင်း တစ်ယောက်ရတာ သိပ်ကံကောင်းတာပဲ။ ကဲ ... စားလို့ကလည်းကောင်း၊ စပါကတီတစ်ပွဲ အများကြီးလည်း ပြောင်သွားတာပဲ။ ဗိုက်ကို တင်းကားသွားပြီ"





"နေ ... နေ။ ဒီတိုင်းပဲ ထားခဲ့ပါ။ ရှေ့မှာ သစ်သီးစားရင်း ခဏထိုင်ပါ။ ကျွန်တော် သန့်ရှင်းရေးလုပ်ပြီး လာခဲ့ပါ့မယ်"

"အို ... မဟုတ်တာ။ ကျွန်မ ပန်းကန်တော့ ကောင်းကောင်း ဆေးတတ်ပါတယ်။ ဒါလေးတော့ လုပ်ပေးပါရစေ"

"အာ ... နေပါဗျာ။ အိမ်လာတဲ့ ဧည့်သည်ကို ပန်းကန် ဆေးပေးတယ်ဆို မဟုတ်သေးပါဘူး"

"အို ... ဟုတ်ပါတယ်။ ဧည့်သည်လည်း အိမ်ရှင်တစ်ယောက်တည်းဆို ကူညီခွင့် ရှိပါတယ်"

"မရှိပါဘူး"

"ရှိပါတယ်"

"မရှိ" ... ... "ရှိ"

မရှိဘူး ရှိတယ် စကားကို ပြိုင်တူထွက်မိရင်း နှစ်ယောက်သား တစ်ခဏမျှ စိုက်ကြည့်နေပြီး ပြိုင်တူရယ်မိကြလေသည်။ ဘုရား ... ဘုရား ... နှလုံးသားရဲ့ ဟိုးအတွင်း နက်ရှိုင်းတစ်နေရာက ဒုတ်ဒုတ် ဒုတ်ဒုတ်နဲ့ ထိုးခုတ်လာတာ ဘယ်လိုအရာမျိုးပါလိမ့်။

"ကဲ ... ကျွန်တော် Request လုပ်ပါတယ်ဗျာ။ ဧည့်ခန်းမှာ ခဏထိုင်စောင့်ပေးပါနော်။ နောက် ... ခင်ဗျားအိမ်ကို ရောက်မှ ခင်ဗျားပဲ ပန်းကန်ဆေးပေါ့ ... ဟုတ်ပြီလား ...

အဲဒီကျရင် ကျွန်တော် လုမဆေးဘူး။ Promise"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်သန်းလေးတစ်ချောင်း ထောင်ပြပြီး မျက်စိတစ်ဖက် မှိတ်ပြလိုက်လျှင် လူလူ ဘယ်လိုနေရမှန်းမသိ ဖြစ်သွားသည်။ ဆီဇာ ဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ မိန်းက လေးတစ်ယောက်ကို ဘယ်လိုဆွဲဆောင် ဖမ်းစားရမယ်ဆိုတာ သိတဲ့လူလား။ ဒါမှမဟုတ် ဒါဟာ သူ့ရဲ့စတိုင်လ်လား။ သူဟာ စိတ်ဝင်စားဖို့ သိပ်ကောင်းသော ယောကျ်ားတစ်ယောက်ဆိုတာ ကိုတော့ ဘယ်လိုမှ မငြင်းနိုင်ပါ။

အိမ်အပြန်တွင် သူ လက်ဆောင်ထည့်ပေးလိုက်သည့် ကိတ်မုန့်ဗိုင်းဗိုင်းလေးကို ကိုယ့်အိမ်မှာ တစိမ့်စိမ့်ထိုင်ကြည့်ရင်း တစ်ဖက်အခန်းမှာ ရှိနေသည့် သူ့အကြောင်းကို စိတ်ဝင်တစား တွေးတော၍မိနေသည်မှာ မလွန်လောက်ဘူး ထင်ပါသည် နော်။

❋ ❖ ❋





(၇)

သူ့နားထဲသို့ တဒေါက်ဒေါက်နှင့် အသံတစ်ခုက တိုးဝင်လာနေပြီ။ ဘာအသံလဲဟု အိပ်ချင်မူးတူး စဉ်းစားနေရပြီးမှ အခန်းတံခါးခေါက်သံဟု သေချာသွားသဖြင့် ခုတင်ပေါ်မှဆင်းကာ တံခါးသွားဖွင့်ကြည့်လိုက်လျှင် မာမီ ဖြစ်နေပါသည်။ ညက သူချင်းတွေနှင့် TGIF အလုပ်ကောင်းပြီး အိမ်ပြန်နောက်ကျသလို အိပ်ရာဝင်လည်း နောက်ကျခဲ့သည်။ သောကြာနေ့ညမို့ မာမီတို့ဆီ ပြန်အိပ်ဖြစ်ကာ ဆယ်နာရီလောက်ထိ အေးဆေးနှပ်အိပ်ဖို့ စိတ်ကူးထားသော်လည်း အခု ရှစ်နာရီတောင် မထိုးချင်သေးမို့ အိပ်ရေးမဝသေးပါ။

သို့သော် ကိစ္စမရှိဘဲနှင့်လည်း မာမီက တမင်လာနှိုးမှာ မဟုတ်ဟုလည်း သိနေသဖြင့် ...

"ဘာဖြစ်လို့လဲ မာမီ"

"အောက်မှာ ဧည့်သည် ရောက်နေတယ် သားရေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူက မာမိုကို ဇဝေဇဝါ ကြည့်မိသည်။ မာမို မျက်နှာတွင် အဓိပ္ပာယ်တစ်ခု ရှိနေသည်ဟု ထင်ရလေသည်။

"မိန်းကလေးတစ်ယောက်ပဲ၊ သားရဲ့မိတ်ဆွေလို့ ပြောတယ်၊ သူ့အိမ်မှာ မြီးရှည်လုပ်စားလို့ သားက မြီးရှည်ကြိုက်တတ်လို့ မာမီတို့အိမ်အတွက် လာပို့တာတဲ့ ...

သားနဲ့ သိတယ် မဟုတ်လား။ မိုးလေးလို့ ပြောတယ်"

"မိုးလေး ! "

"အင်း"

သူက မျက်မှောင်တစ်ချက် ကြုတ်သွားမိသည်။ မိုးလေးကို သူ့အိမ်လိပ်စာ ပြောမပြထားဘူးဟု ထင်ပါသည်။ သို့သော် ညှိသည်က ညှိခန်းထဲမှာ ရောက်နေပြီမို့ အတွေးအမြင်တွေကို နောက်ထားကာ တွေ့ဆုံဖို့ စဉ်းစားရသည်။

"ဟုတ် ... မာမီ။ သား မျက်နှာသစ်လိုက်ဦးမယ်။ လာခဲ့မယ်လို့ ပြောထားပေးပါ"

မာမီ ထွက်သွားချိန်ဝယ် သူက သန့်စင်ခန်းထဲသို့ ဝင်လာရင်း တစ်ကိုယ်ရေသန့်ရှင်းရေးကို မြန်မြန်လုပ်ရသည်။ သွားတိုက်ရင်းနှင့် စဉ်းစားမိသည်မှာ သူ့ကို ဖုန်းလည်းကြိုမဆက်၊ သူ့ဆီက အိမ်လိပ်စာလည်း မသိရဘဲ မိုးလေး ရောက်လာသောကိစ္စကိုပါပဲ။ သူ့ရုပ်ရည်ဟာ မိန်းကလေးတစ်ယောက်အတွက်





နှစ်လိုဖွယ်ရှိပြီး၊ သူ့ပညာအရည်အချင်း၊ သူ့အသုံးအဆောင်တွေနှင့်မို့ တော်တန်ရုံ မိန်းကလေး တော်တော်များများက လူခြေ ဆောင်ထဲကနေ၍ စိတ်ဝင်စားကြတာ သူ သိပါသည်။ ဒီလိုနှင့် နီးစပ်ရာတွေမှတစ်ဆင့် ခင်မင်သိကျွမ်းရင်း သူ့ဆီဖုန်းဆက်ကြ၊ မုန့်စားဖို့ ချိန်းကြသော မိန်းကလေးတွေ ရှိခဲ့သော်ငြား အေးအေးဆေးဆေး နေလိုသာသူဟာ အားလုံးကို အလိမ္မာနှင့် ကြည့်ရှောင်ခဲ့တာ များသည်။ မိုးလေးကိုတော့ အားလုံးထဲမှာ ဂါလေးအဆန်ဆုံးနှင့် အပြစ်အကင်းဆုံးလို့ ထင်ထား၍ရော၊ ချစ်စရာအကောင်းဆုံး ကောင်မလေးအဖြစ် သတ်မှတ်၍ မကြာခဏ တွေ့ဆုံဖြစ်ခဲ့သည်။ သို့သော်လည်း သူ့အဖေ ဘယ်သူ၊ ဘယ်မှာနေတယ်ဆိုတာ သူ လုံးဝမပြောခဲ့မိတာ သေချာပါသည်။

ဒါတောင် သူဟာ မိုးလေးကို ကွန်ဒိုမှာ သီးသန့်သွားနေဖြစ်တဲ့အကြောင်း တမင်မပြောပြထားချေ။ ဘာရယ်ကြောင့် မဟုတ်ပေမယ့် သူတစ်ယောက်တည်း နေတာကို တော်တန်ရုံ လူ မသိစေရပါ။ ခြွင်းချက်အနေနဲ့ သူ့ရဲ့အိမ်နီးချင်းမလေး မြဘုန်းကိုတော့ နေ့လယ်စာတောင် ဖိတ်ကျွေးမိတာတော့ အကန့်တစ်ခုပေါ့လေ။ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ရှိတတ်သူ မြဘုန်းကတော့ သူ့အခန်းသို့ ထူးထူးခြားခြား ရောက်လာခွင့်ရှိသည်။ သူချက်ပြုတ်ကျွေးမွေးသော လက်ရာကို ပထမဆုံး စားသောက်ခွင့်ရသည့် မိန်းကလေးတစ်ယောက်အဖြစ် ကံတရားကကို အဲဒီလို ဖြစ်လာစေသည်ဟု သူက ဝိုယ်ကြည်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပေါ့ပေါ့ပါးပါး T ရှပ်တစ်ထည်နှင့် ဂျင်း(န်)ဘောင်းဘီတစ်ထည်ကို အမြန်ကောက်လဲကာ အောက်ထပ်သို့ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲမှာ တကယ့်ကို မာမီနှင့် စကားထိုင်ပြောနေသော မိုးလေးမှ မိုးလေးပါပဲ။ သူ ဆင်းလာတာ မြင်သောအခါ သူမက လက်လှမ်းပြသည်။

“မိုးလေး ... မောနင်းပါ”

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အိမ်၊ ဧည့်ခန်းထဲရောက်လာပြီဖြစ်သော ဧည့်သည်မို့ သူက ရွှင်လန်းစွာပဲ နှုတ်ဆက်လိုက်ပါသည်။ သူ့ နှုတ်ဆက်ပုံကြောင့် မိုးလေးရဲ့မျက်နှာ ပို၍ဝင်းပသွားသည်။

“မိုးလေးကြောင့် အိပ်ရာက နိုးသွားရပြီ ထင်တယ်။ အဟင်း ... ဆောရီးပါနော်။ မိုးလေးကလည်း Breakfast အမီဆိုပြီး လာပို့တာမို့ပါ”

“ရပါတယ်၊ နေ့လယ် ပြန်အိပ်မှာပေါ့။ တကူးတကပါလား မိုးလေးရယ်၊ အားနာလိုက်တာ”

သူက မိုးလေးနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင်ဝင်ထိုင်ရင်း မာမီ့ကိုပါ မသိမသာ အကဲခတ်မိသည်။ မာမီကတော့ သားလူပျိုလေးရှိရာအိမ်သို့ မလာစဖူး အလာထူးသည့် မိန်းကလေးကို စိတ်ဝင်တစား ဆန်းကြယ်နေမှာ သေချာမည် ဖြစ်ပါသည်။

“ဘာအားနာစရာ ရှိလို့လဲ ဆိဇာရဲ့။ ဒီလူနဲ့ ဒီလူဟာ ဒီမှာ အန်တီကလည်း မန္တလေးမြို့ရည် ကြိုက်တယ်တဲ့။





ဘာအသားနဲ့ ကြိုက်မှန်းမသိလို့ ကြက်ရော ဝက်ရော နှစ်မျိုးလုပ်လာခဲ့တယ် ...

မိုးလေးလက်ရာ အစစ်ပါ။ ဟင်း ဟင်း ... အန်တီလည်း သုံးဆောင်ချီးမြှင့်ပေးပါဦးနော်။ ပြီးရင် comment ပေးပါဦး”

“ဩော် ... အေး၊ ကောင်းပါပြီ သမီးရယ်၊ ကောင်းပါပြီ”

“မာမီ ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ သားရဲ့မိတ်ဆွေ ကေသက်မိုးလျှာတဲ့။ သားတို့ သူငယ်ချင်းတွေကတော့ မိုးလေးလို့ပဲ ခေါ်ကြတယ်”

“ဩော် ... အေး ... အေး ... ဟုတ်ပါပြီ”

မာမီက ဤမျှလောက်သာ ပြောသော်လည်း မျက်နှာကတော့ ဖော်ဖော်ရွေရွေ လှိုက်လှိုက်လှဲလှဲ ပြုံးပြပါသည်။ ပြီးတော့ သားတို့ အေးအေးဆေးဆေးစကားပြောကြလေဟုဆိုကာ မိုးလေးကိုပါ နှုတ်ဆက်ပြီး ထထွက်သွားသည်။

ဒီတော့မှ သူမက သူ့ မျက်နှာကို တည့်တည့်ကြည့်လာကာ ...

“ညက တော်တော်ကဲခဲ့တယ် ထင်တယ်၊ ဟင်း ... ဟင်း”

သူက လှပစွာ တစ်ချက်ပြုံးမိသည်။ လူ့စိတ်သဘောကို အကဲခတ်မိ၍ပါ။ လူဆိုတာ တစ်ဖက်သားကို ပြောချင်တာတွေ သိပ်များနေလျှင် ကိုယ့်ဟာကွက်တွေကို မေ့လျော့သွားတတ်သည် မဟုတ်ပါလား။ ညက သူ Bar မှာ လွတ်လပ်ပျော်ရွှင်နေ



www.burmeseclassic.com

www.burmeseclassic.com



သောပုံများက Instagram မှတစ်ဆင့် မိုးလေး တွေ့ခဲ့သည်။ Like တောင် လာလုပ်ခဲ့သေးတာပဲလေ။ ညက နှစ်နာရီလောက်မှ အိမ်ပြန်ရောက်တဲ့သူဟာ စနေနေ့မနက် စောစောနောက်ကျတဲ့အထိ အိပ်ရေးဝအောင် အိပ်တော့မယ်ဆိုတာ ပြောနေစရာမလိုအောင် နားလည်ရမည့်ကိစ္စဖြစ်သည်။ တကယ်ကို စေတနာရှိလို့ စားစေချင်လို့ဆိုလည်း အိပ်ရာက မနိုးခိုင်းဘဲ မုန့်ပဲပို့သွားတာက သူ့ရင်ကို ပိုလှုပ်ခတ်စေမည် ထင်ပါသည်။

"မိုးလေး တွေ့တာပဲ မဟုတ်လား"

သူ ဘာကိုဆိုလိုချင်လဲဆိုတာ သူမ သဘောတော့ပေါက်သွားသည် ထင်လေသည်။ အနည်းငယ် မျက်နှာပျက်သွားမလို ဖြစ်ပြီးမှ ဘာမှမသိဟန် ချက်ချင်းပဲ ဆောင်လိုက်နိုင်သည်။

"မိုးလေးက ဆီဇာ မြီးရှည်အရမ်းကြိုက်တယ်ဆိုလို့ သတိရပြီး လာပို့တာပါ"

"ကျေးဇူးတင်ပါတယ် မိုးလေးရဲ့၊ ဒါပေမဲ့ အဲလောက် တကူးတကကြီးဆိုတော့ အားနာတယ်"

"အိုး ... ဘာအားနာစရာရှိလဲ။ ဆီဇာနဲ့ မိုးလေးကြားမှာ အားနာစရာရှိလို့လား"

သူက ဘာပြောရမှန်း မသိတော့စွာနှင့် ပခုံးကိုသာ တွန့်မိတော့သည်။ မိုးလေးရှေ့က ကော်ဖီခွက်ကိုသာ ညွှန်ပြရင်း သောက်လိုက်ပါဦး ဆိုရသည်။ သူမက ကော်ဖီတစ်ငုံ,ငုံရင်း သူ စိတ်ဝင်စားနေသော အကြောင်းအရာကို စကားစ,လာသည်။





"ဆီဇာ့အိမ်ကို မိုးလေး ရောက်လာတာ surprise မဖြစ်ဘူးလား"

"သိပ်ဖြစ်တာပေါ့။ မိုးလေးကို ကိုယ် အိမ်လိပ်စာ details ပြောမပြထားဖူးဘူးလားလို့"

"အဟင်း ... ဟုတ်တယ်လေ၊ ဆီဇာက လျှို့ဝှက်တာကိုး။ အိမ်လာလည်မှာ ကြောက်လို့ မဟုတ်လား"

"ကိုယ့်အိမ်က နည်းနည်းစည်းကမ်းကြီးလို့ပါ"

"ဟင် ... ခုနတုန်းက အန်တီက အေးဆေးပါပဲ"

"ဪ ... အိမ်လာတဲ့ ဧည့်သည်ကိုတော့ ကောင်းကောင်းမွန်မွန် ဆက်ဆံတာပေါ့။ သဘောကောင်းတာနဲ့ စည်းကမ်းကြီးတာက မတူဘူးလေ"

"ဟုတ်ပါပြီ။ ကဲ ... ဒါဆိုလည်း Breakfast သွားစားလိုက်ဦး။ မြီးရှည်တွေ ပွမသွားခင်။ မိုးလေး ပြန်တော့မယ်"

"အင်း ... ကောင်းပြီလေ။ ကျေးဇူးတင်ပါတယ် မိုးလေး"

"ကျေးဇူးတင်ရင် များများစား။ မိုးလေးက ဆီဇာ ကြိုက်တတ်မှန်းသိလို့ မေမေ့ဆီက သေချာသင်ပြီး ကိုယ်တိုင်လုပ်ထားရတာ"

"ကောင်းပါပြီဗျာ။ များများစားပါ့မယ်"

သူက မိုးလေး ပြန်သွားလျှင် အိပ်ချင်စိတ်တို့လည်း လွင့်ပါးသွားရပြီမို့ ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။ မာမီက သူဝင်လာတာနှင့် လှမ်းမေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး ... မြီးရှည် စားမလား"

"အင်း ... စားတာပေါ့။ မာမီရော စားလေ။ မစားဘူးလား"

"နည်းနည်းစားတာပေါ့ကွယ်"

"သားကတော့ များများစားတော့မယ်။ အိပ်ရေးမဝလို့ ဗိုက်ဆာနေပြီ မာမီရာ"

အိမ်က အဒေါ်ကြီးက ဟင်းရည်ပူပူ၊ ရှမ်းမုန်ညင်းချဉ်နှင့်အတူ မြီးရှည်နှစ်ပွဲ လာချပေးသည်။ သူက မာမီ့ကိုတစ်ပွဲ ကမ်းပေးလိုက်ရင်း သူ့မြီးရှည်ကို တူဖြင့်နယ်ဖတ်လိုက်သည်။ အင်း ... မိုးလေး ကိုယ်တိုင်လုပ်သော လက်ရာတဲ့။ ဒီ အိစီအိစီ ကောင်မလေးဟာ ဒီလိုတွေလည်း ဖြစ်သတဲ့လား။

"အင်း ... မဆိုးပါဘူး။ ဒါပေမဲ့ ငါ့မာမီ လက်ရာလောက်တော့ မကောင်းတာ အမှန်ပဲ"

"ကောင်းပါတယ် သားရဲ့။ ဒါနဲ့ သားနဲ့ အဲဒီကောင်မလေးက ဘယ်လိုအခြေအနေလဲ"

"အာ ... ဘယ်လိုအခြေနေမှ မဟုတ်ပါဘူး မာမီရယ်။ မာမီလည်း မြင်သားပဲ။ ရိုးရိုးသားသား အဆင့်ပါ"

"ဒါပေမဲ့ ကောင်မလေးက သားကို ခင်တွယ်ပုံပဲ။ သားဘက်ကရော"

"သားဘက်က သူ့ကို မိန်းကလေးမိတ်ဆွေတစ်ယောက် အဖြစ် သဘောထားတာပါ။ တစ်ခါတလေ သူနဲ့ Show သွားကြည့်တာ ရှိတယ်။ သားသူငယ်ချင်း၊ သူ့သူငယ်ချင်း





တွေနဲ့ပေါ့။ မုန့်စား ဘာညာ ရှိပါတယ်။ လူငယ်အထာလေးတွေပေါ့ မာမီရာ။ တွဲဖြစ်ကြတယ်ပေါ့ ...

ဒါပေမဲ့ နောင်ကြိုးတွေ မရှိပါဘူး"

သူ့ရဲ့နောက်ဆုံးစကားကို မာမီက သဘောတကျ ရယ်မောလေသည်။ သူကတော့ ထွေထွေထူးထူး မစဉ်းစားတော့ဘဲ ဘုရားဟောတရားနှင့် အညီပါပဲ ပစ္စုပ္ပန်မှာ စိတ်ထားပြီး မြီးရှည်ကို အားပါးတရ အားပေးလိုက်သည်။ မာမီကလည်း သူ စားတာကိုမြင်ပြီး သွက်သွက်စားရင်း မေးလာသည်။

"သား တစ်ယောက်တည်း ဟိုမှာသွားနေတာ သူသိလား"

"ဟင့်အင်း မာမီ။ သား တော်ရုံလူကို ပြောမပြဘူး။ မိန်းကလေးတွေဆို ပိုတောင် မပြောပြသေးတယ်"

မာမီက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဘာမှထပ်မပြောတော့ချေ။ သူက အဲဒီစကား ပြောပြီးမှ သူ့အခန်းကိုသိရုံ တင်မက ရောက်လာဖူးသော၊ သူ့လက်ရာ စပါကတီကိုတောင် စားဖူးသွားသော မိန်းကလေးတစ်ယောက်ကို ဖျတ်ခနဲ သတိရမိသွားလေသည်။ ရှေ့ဆံပင်အတိ ဖြောင့်ဖြောင့်စင်းစင်း၊ ကျောလယ် ဆံနွယ်ရှည်များနှင့် ဟောလိဝုဒ်မင်းသမီး ကိတ်န်ဟန်ဆန်နှင့် တစ်ချက် တစ်ချက်တူသူ "မြဘုန်း"ဟူသည့် မိန်းကလေး ဒီမနက်စာ Breakfast ဘာစားမှာပါလိမ့်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၈)

"တင်းတောင် ... တင်းတောင် ... တင်းတောင် ... တင်းတောင်"

အဲဆက်မပြတ် တီးနေသော ဘဲလ်သံသည် လူလူ့ရဲ့ နားထဲသို့ တရစပ်ဝင်ရောက်လာပြီး အိပ်ရာက နိုးလာသည်။ ဘယ်သူများ ဘဲလ်လာတီးနေလဲဟော။ လူလူ့အခန်းကို ဘဲလ်တီးသူဟာ ရှားပါးပါသည်။ သိပ်များများစားစားမရှိ၊ အိုး ... ဟိုတစ်ယောက်လား။

ဟိုဘက်အခန်းက ကိုလူချောကို တွေးမိသွားသောအခါ ကိုယ့်ရုပ်ကိုယ် မှန်ထဲလှမ်းလိမ့်ပြီး ထကြည့်မိသည်။ တီရှပ်အဖြူလက်ရှည် အပါးသား၊ ချည်သားဘောင်းဘီအဖြူတို့သာ မသိမသာကျေလျက် မျက်နှာက အိပ်ရေးဝနေပြီဖြစ်သဖြင့် ပြည့်ဖူးနေသည်။ တစ်ညလုံး Air Con နှင့် အေးစိမ့်နေအောင် ကျွေးထားသဖြင့် မျက်နှာက အဆီပြန်မျက်ခွက်တော့ ဖြစ်မနေချေ။





"တင်းတောင် ... တင်းတောင်"

ဩော် ... ဘယ်လိုဖြစ်နေလဲ။ လာပါပြီဟဲ့။ လူလူက အိပ်ရာထလျှင် လုပ်နေကျအတိုင်း ရေသန့်တစ်ဘူးကို ကောက်မော့ရင်း အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ Sunday Morning မှာ ဟိုဘက်အခန်းက ကိုလူချောများ Breakfast လာစားဖို့ နှိုးသလားကွယ်။ လူလူက ချောင်းကြည့်ပေါက်လေးမှ ချောင်းကြည့်လိုက်တော့ ဘယ်သူမှ ရှိမနေ။ ဟင် ... ဘယ်လိုဖြစ်တာပါလိမ့်။

"တင်းတောင် ... တင်းတောင်"

ဟင် ... ဘာလဲကွ။ လူလည်း မရှိဘဲနဲ့များ။ လူလူက စိတ်မရှည်တော့ဘဲ တံခါးကို ဆွဲဖွင့်လိုက်လျှင် ...

"ဝါး ... ဟား ... ဟား"

"အောင်မယ်လေးဟဲ့ ... ကုလားနဲ့ ငါနဲ့ ငုတ်တုတ်"

"ဟား ဟား ... ကုလားနဲ့ ရှင်နဲ့ ငုတ်တုတ် ဘာလုပ်?? ခွိုး ခွိုး"

ဗိုက်ကိုနှိပ်ကာ လူလူ ယောင်သွားပုံကို တဟီးဟီး တခွိုးခွိုး ရယ်နေသော စိမ်းကို အမြင်ကတ်စွာ တွေ့လိုက်ရလေသည်။ အမယ်လေး ... ရင်ခုန်သံလေးရယ် ... ဖလူ ... ဖလူ။ ဒီကတော့ ဟိုဘက်ခန်းက ကိုလူချောလားလို့။

"မိန်းမစုတ် ... ငါ့ကို စောစောစီးစီး ဘာလာစားနေတာလဲ"

"စားရမှာက ရှင် စားရမှာ။ အမယ်လေး ... မစောစီးတော့ဘူး၊ ကိုးနာရီ ထိုးနေပါပြီ၊ ခုထိ အိပ်နေတုန်းလား"



www.burmeseclassic.com

www.burmeseclassic.com



"သေဦးမယ် ... ငါ့မှာ ရုံးပိတ်ရက်လေးပဲ အိပ်ရေးဝဝအိပ်ရတာ။ အဲဒါက ဘာတွေတုံး"

တံခါးဖွင့်ပေးရင်း စိမ်းက အိမ်ထဲကို စတီးလ်ချိုင့်သုံးဆင့်ချိုင့်နှင့်အတူ ခြင်းတစ်ခြင်းပါ ကိုင်ဆွဲရင်း ဝင်လာကာ စကားပြောရင်း၊ တံခါးပြန်ပိတ်ရင်း၊ စိမ်းကလည်း ညှော်သည် မဟုတ်သူပီပီ မီးဖိုဆောင်နှင့် ထမင်းစားခန်းထဲသို့ တိုက်ရိုက်လမ်းလျှောက်ဝင်သွားသည်။ စားပွဲတွင် ချိုင့်နှင့် ခြင်းကို ချရင်း ဆိုသည်။

"အိမ်မှာ မန္တလေးနန်းကြီးသုပ် လုပ်စားလို့ဟေ့။ ရှင့်ကို သတိရလို့ စားစေချင်လို့။ ကျုပ်တောင် မစားဘဲ ဒီရောက်မှ အတူစားဖို့ ထည့်လာတာ"

"Woo ! နန်းကြီးသုပ်၊ ဒေါ်စန်း လက်ရာလား"

စိမ်းတို့အိမ်က သက်တမ်းရင့် စားဖိုမှူး ဒေါ်စန်းဟာ မန္တလေးသူ စစ်စစ်ကြီးမို့ မန္တလေးအစားအသောက်များ စီစဉ်ချက်ပြုတ်ရာတွင် ထိပ်တန်းဖြစ်လေသည်။

"အေးပေါ့ဟဲ့။ သူ မချက်လို့ ဘယ်သူချက်မှာလဲ"

"Woo ! လှုပ်လို့ရပြီ xxx လှုပ်လို့ရပြီ xxx သားစိုးနဲ့ ဖိုးချစ် ပေါင်းရင် xxx "

လက်နှစ်ဖက်ကလည်းဒွန့်၊ တင်ပါးကိုလည်း လှုပ်ကာ လှုပ်ကာ ဂဏန်းသွား သွားရင်း ပေါ်ပြနေသော လူလူ့ကို စိမ်းက တဟားဟား ရယ်မောလေသည်။





"မိန်းမ ... နန်းကြီးသုပ် ဆိုတာနဲ့ မြူးပြီး ပေါသွားလိုက်တာ။ သိပ်ပေါ်မနေနဲ့။ မြန်မြန်မျက်နှာသွားသစ်၊ ရှင့်ကို ပြောစရာလည်း ရှိသေးတယ်"

"အေးပါ ... ဝိုးစ် ... ကိုယ့်မနက်ခင်းလေး ဖဲရီးမြူးတီးသွားပြီကွာ။ ဟား ဟား"

လူလူက အခန်းထဲ ပြန်ဝင်လာရင်း ဘေဇင်မှာ မျက်နှာသစ်လိုက်သည်။ ပြီးလျှင် တစ်ရှူးတစ်ရွက်ကို ရွတ်ခနဲ ဆွဲထုတ်ပြီး မျက်နှာပေါ် အသာဖိတို့ရင်း အပြင်ပြန်ထွက်လာခဲ့လေသည်။ အားကိုး ချစ်ခင်ရသော စိမ်းက စားပွဲပေါ်တွင် စားသောက်ပွဲများကို အဆင်သင့် ပြင်ဆင်ထားပြီးချေပြီ။ ဓာတ်ဘူးသေးလေးထဲမှတစ်ဆင့် လူလူ အလွန်ကြိုက်သော လက်ဖက်ရည်ချိုဆိမ့်လေးကိုပင် ပန်းကန်လုံးထဲ ထည့်နေသည်။

"အားပါး ... ဟင်းရည်ကကို ရှယ်ပဲ"

ကြက်တောင်ပံ၊ လည့်ချောင်းရိုး၊ ခြေထောက်ရိုးများ နူးအိနေသော ကြက်ရိုးဟင်းချို ပူပူနွေးနွေးအနံ့က လှိုက်တက်လာသည်။ လူလူက ကြက်သွန်နီအကွင်းကြီးများ ထပ်ထည့်ကာ သံပရာရည်ညှစ်၊ ငရုတ်သီးမှုန့်ထပ်ထည့်ပြီး ဇွန်းခက်ရင်းဖြင့် အားပါးတရ နယ်လေသည်။ ငါးဖယ်လေးနှင့် နန်းကြီးတလုတ်ကို မြည်းကြည့်လိုက်လျှင် လျှာဖျားမှာ အရသာက ဆိမ့်တက်သွားသည်။

"အိုး ... ယမ်မီ ... ယမ်မီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ယမ်မီ မနေနဲ့။ ပြောစရာရှိတယ်"

"အေး ... ငါလည်း နင့်ကို ပြောပြစရာရှိတယ်"

ပြောစရာနှင့် ပြောပြစရာ စကားတို့အကြား ဘာကွာလဲတော့ မသိချေ။ လူလူသည် ပန်းကန်ထဲက နန်းကြီးသုပ်ကို ခက်ရင်းနှင့် ပတ်ခွေလိပ်ယူရင်းမှ တစ်နေ့က စပါကတီစားခဲ့ရပုံကို သတိရသွားသည်။ နန်းကြီးသုပ်နှစ်ပွဲစာက ပိုနေသေးသည်မို့ သေးခန်းက ကိုလူချောထံ တစ်ပွဲပို့ရင် ကောင်းမလား။ အင်း ... အစားကောင်း စားရရင် ဘယ်သူ့ကို သတိရတတ်တယ်ဆိုလား။

"ရှင်က ဘာကိုပြောပြီး ပြဦးမှာလဲ"

"အင်း ... ဘယ်လိုပြောရမလဲဆိုတော့ ..."

"ကဲ ... ဘယ်က စပြောရမှန်း မသိရင်လည်း ကျုပ်ပဲ အရင်ပြောမယ်၊ ရှင် စုံစမ်းခိုင်းတဲ့ကိစ္စ ကောင်းကောင်းသိခဲ့ရပြီ"

"ဘာကိစ္စလဲ"

"ဟို ... မိစ္ဆာမ အကြောင်းလေ"

"အာ ... အဲဒီမိစ္ဆာအကြောင်းဆို စောစောစီးစီး လာမပြောနဲ့ဟာ၊ ကျက်သရေမရှိဘူး၊ စောစောစီးစီး ငါအကုသိုလ်ပွားမိရင် ငါပဲကျက်သရေယုတ်ဦးမယ်၊ အပုပ်ချိန်ကျမှပြော"





လူလူက တကယ်ပဲ အဲဒီလို အယူရှိသူတည်း။ မနက်စောစောမှာ ဒေါသမထွက်အောင် သူများမကောင်းကြောင်း မပြောမိအောင်၊ အကုသိုလ်မပွားမိအောင် တတ်နိုင်သမျှ ထိန်းသိမ်းလေသည်။ နေ့ခင်းကျမှ အတင်းတုပ်ချင် တုပ်မယ်ပေါ့နော်။

"အမယ်လေးဟဲ့။ ကဲ ... ဒါဆို ရှင်ပြောပြမယ့် အကြောင်းကရော သိပ်ကျက်သရေရှိတယ်ပေါ့"

"သိပ်ရှိတာပေါ့ ... ဟာ ဟ"

လူလူက သူ့မျက်နှာကို မြင်ယောင်ဟာ စပ်ဖြဲဖြဲဖြစ်လာရင်း နန်းကြီးသုပ်တစ်ဇွန်းကို ပါးစပ်ထဲ ထည့်စဉ်းစားမိသည်။ အို ... စိမ်းလည်း ရောက်နေတုန်း သူ့ကို တစ်ခါတည်းသွားဖိတ်ပြီး နန်းကြီးသုပ် ကျွေးလိုက်ရင် ကောင်းမည်ထင်သည်။ အစားအသောက်ကောင်းကောင်း စားနေရတဲ့ အချိန်မှာ သူ့ကို တကယ်ပဲ ပစ်မထားနိုင်တော့ပါဘူးနော်။ တစ်လုပ်စားဖူး သူ့ကျေးဇူးပေါ့လေ။

"နင် ဒီမှာ ခဏနေဦး"

"ဟဲ့ ... ဘယ်လဲ"

စိမ်းရဲ့စကားတောင် မဆုံးသေးခင် လူလူက အိမ်ရှေ့သို့ ရောက်နေခဲ့ပြီ။ သူ့ရဲ့လက်ကိုင်ဖုန်းနံပါတ်လည်း မသိ၊ အခန်းထဲက Extension ph: လည်း မသိသဖြင့် လူကိုယ်တိုင်သာ အခန်းတံခါး သွားခေါက်ရတော့မည်။ သူ့အခန်းက ဘဲလ်ကိုတီးလိုက်လျှင် ဘာလုပ်ရှားမှုမှ မကြားပါ။ နိုးများ မနိုးသေးလို့လား။

www.burmeseclassic.com



လူလူက သိပ်အားနာမနေဘဲ ဘဲလ်ကို တရစပ် နှိပ်လိုက်သော်လည်း ဘာတုံ့ပြန်မှုမှ မရပါ။

"အင်း ... လူမရှိတာနဲ့ တူတယ်"

လူလူက ထပ်မကြိုးစားတော့ဘဲ အခန်းသို့ ပြန်လာခဲ့သည်။ စိမ်းက လူလူ့ကို နားမလည်သလို ပြူးကြည့်နေသည်။

"ဟဲ့ ... ဘာလဲဟယ်၊ ရှင်ကလည်း တကယ့်အနှောက်ပါပဲ"

"သူ မရှိဘူး ထင်တယ်ဟ"

"ဘယ်သူလဲ"

"ဟိုဘက်အခန်းက ကိုလူချောလေ"

"ဟဲ့ ... အနှောက်မရယ်၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။ မေးတစ်ခွန်း ဖြေတစ်ခွန်းနဲ့ စိတ်မရှည်တော့ဘူး"

လူလူက လက်ဖက်ရည်ချိုလေး တစ်ချက်မြှုံ့လိုက်ရင်း စိမ်းကို လိမ္မော်သီးတွေ ပြိုကျန့်သွားသော လိမ္မော်ရောင်ညနေခင်းမှ အစပြုကာ တစ်နေ့က စပါကတီဇာတ်လမ်းအထိ စီကာပတ်ကုံး ပြောပြလိုက်လေသည်။ အားလုံးအပြီးတွင် စိမ်းရဲ့မျက်လုံးမှာ ချောင်းသာက ပုစွန်မျက်လုံးလောက် ပြူးထွက်လာသည်။

"ဟဲ့ ... အဲဒီတော့ ရှင်တို့က ... ရှင်တို့က ... တော်တော်ဟုတ်နေကြတာပေါ့လေ၊ ဟုတ်လား ... အမယ်လေး ... ရှင်တွေများတောင် ဖိုးသိုးဖပ်သပ် ဖြစ်ရပါတယ်"

"တိတ်စမ်း ... နင် သူ့ကို မြင်တောင်မမြင်ရသေးဘဲနဲ့"





"အမယ်လေး ... မြင်စရာ မလိုပါဘူးဟယ်။ ရှင့်ပါးစပ်ကနေ ယောကျ်ားတစ်ယောက်အကြောင်းကို တခုတ်တရ ပြောတာ ကျုပ်ဘဝတစ်သက်တာမှာ ဒါပထမဆုံးပဲလေ။ ရှင့်ကို ကြိုက်တဲ့သူတွေကို ဘယ်တုန်းက စိတ်ဝင်တစားနဲ့ စကားထဲထည့်ပြောဖူးလို့လဲ။ ပြောရင်တောင် နားထောင်တာမှ မဟုတ်တာ ...

ဟဲ့ ... ဘာလဲ၊ အဲဒီအဆင်က တော်တော်မိုက်တာပေါ့နော် ... ဟုတ်လား၊ တောက် ... ငါလာတဲ့နေ့မှ သူက မရှိဘူးလို့ဟယ်"

"အင်း ... သူ့အိမ် ပြန်သွားတယ်နဲ့တူတယ်"

လူလူက အဲဒီစကားကို တိုးဖွဖွ ရေရွတ်ပြီး သူ့မျက်နှာကို မြင်ယောင်ကာ ကြည်ကြည်နူးနူး ပြုံးမိလေသည်။ စိမ်း ပြောသလို ဘယ်လောက်မိုက်တဲ့ ယောကျ်ားကိုဖြစ်ဖြစ် တခုတ်တရ စကားထဲ ထည့်မပြောဘူးသော လူလူအတွက် သူဟာ ထူးခြားသော ယောကျ်ားတစ်ယောက်ပါပဲ။ မွန်ရည်သောအပြုံး၊ ခေတ်မီစတိုင်လ်ကျသော သူ့သွင်ပြင်ဟန်ပန်နှင့် ပညာတတ်ယောကျ်ားတစ်ယောက်ဟန် ဆန်နေသော သူ့ကို နှစ်လိုဖွယ်ရှိသည်ဟု ထင်မိသည်။

"ရှင် ... သူ့ကို စိတ်ဝင်စားနေပြီလား"

စိမ်းရဲ့မေးခွန်းကို ဘာပြန်ဖြေရမှန်း မသိသဖြင့် လူလူက နန်းကြိုးသုပ်တစ်လုတ်ကို ပါးစပ်ထဲ ထည့်သွင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းကိုဖြေဖို့ စဉ်းစားနေမိသည်လေ။ တည်ကြည်သလောက် Charming ဖြစ်သော သူ့ရုပ်သွင်လေးကို ငြိတွယ်မိနေပြီဟု ကိုယ့်ကိုယ်ကိုယ် ဝန်ခံရမည်သာဖြစ်သည်။

"စိတ်ဝင်စားစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်တာတော့ အမှန်ပဲ"

"မိန်းမ ! ရှင် သူ့ကို စိတ်ဝင်စားနေပါပြီ"

လူလူက အထူးတလည် ငြင်းဆိုခြင်း မပြုတော့ဘဲ ပခုံးတစ်ချက်သာ တွန့်လိုက်လေသည်။

"သူ့အကြောင်း ရှင် ဘယ်လောက်သိထားလဲ"

"အတွေ့အထူးတော့ မသိဘူး။ သူက အင်ဂျင်နီယာ၊ သူတို့ဆောက်နေတဲ့ ပရောဂျက်နဲ့ နီးရဲ့နေရာမှာ သူက လာနေတာ၊ သူ့မိဘတွေအိမ်လည်း ဒီမှာရှိတယ်တဲ့၊ သူ့ကြည့်ရတာ အင်္ဂလန်မှာ ကျောင်းတက်လာသူပီပီ နည်းနည်းတော့ ဘိုဆန်ပုံပဲ။ ဒါကြောင့် မိသားစုနဲ့ မနေဘဲ တစ်ယောက်တည်း လာနေ,နေတာ ထင်တယ် ... ဘိုဆန်ဆို နာမည်ကိုက **ဆီဇာ** တဲ့ကိုး"

"**ဘာ**"

"အမယ်လေးဟဲ့ ... လန့်လို့ သေတော့မယ်၊ ဘယ်လိုဖြစ်တာလဲ၊ တကတည်းမှပဲ"

ကိုယ့် feel နဲ့ကိုယ် လက်ဖက်ရည်လေး မော့ရင်း စကားပြောနေသော လူလူ့ရဲ့ နောက်ဆုံးစကားအဆုံးမှာ ဖြတ်အော်





လိုက်သော စိမ်းရဲ့"ဘာ"ဟူသည့် အသံကြီးကြောင့် မော့နေသည့် လက်ဖက်ရည်တောင် သီးထွက်တော့မလို ဖြစ်သွားလေသည်။

"ဆီဇာ ... ဟုတ်လား။ ရှေ့အခန်းက ဘဲနာမည်က ဆီဇာ"

"အေးလေ ... ဘာဖြစ်လို့လဲ"

"ဒါပဲလား ... ဒီနာမည်ပဲလား"

"ဒီနာမည်ပါပဲ။ အဲ ... ငါ သိတာတော့ အဲဒါပဲလေ၊ တခြားနာမည် ရှိသေးလားတော့ မသိဘူး။ ဒီနာမည်က သူ့အမေက ပေးထားတာလို့တောင် ပြောထားသေးတာပဲ"

"ဟုတ်နေလောက်ပါပြီ၊ ဒီနာမည်မျိုးဟာ ဒီလောက် ဆင်တူကြီးတော့ နှစ်ယောက်မရှိနိုင်ဘူး။ လူလူမ ... ရှင်မကြားချင်လည်း ဟိုကျက်သရေစုံမလေးနာမည် ပြောရတော့မှာပဲ။ ရှင် စုံစမ်းနိုင်းတဲ့ ကေသက်မိုးလျှာ တွဲနေတဲ့ဘဲဟာ ဆီဇာတိုးဘုန်းဝေ ... တဲ့လေ"

"ဘယ် ... လို"

လူလူ့ရဲ့ ဘယ်လိုမှာ သွက်သွက်လက်လက် ထွက်သွားသော ဘယ်လိုမဟုတ်ဘဲ ကြေကွဲဝမ်းနည်းစရာကောင်းသော ဖြစ်ရပ်တစ်ခုကို မထင်မှတ်ဘဲ သိလိုက်ရသလို တိုးတိတ်အေးစက်စွာ ထွက်သွားသော အသံဖြစ်သည်။ ဘုရားရေ ... ချစ်ခင်လေး မြတ်ဖွယ်ကောင်းသော ဆီဇာနှင့် မိစ္ဆာလူဝင်စား ကေသက်မိုးလျှာ ဟာ ဘယ်လိုများ ပတ်သက်မိသွားကြပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်ခါ၊ ကျူပ် SS မှာ တွေ့လိုက်တာ ဆီဇာပဲလေ၊ ရှင့်ကိုတောင် ပြောသေးတာကော။ ဘဲ့က မိုက်ပါတယ်ဆိုတာ။ ရှူပါလည်း မိုက်သလို ဘက်ဂ်ရောင်းဒ်က ပိုတောင် မိုက်သေးတာဟ။ ကေသက်မိုးလျှာတို့ ကော်နဲ့ကပ်ထားသလို ဆွဲကပ်နေမှာ မြင်ယောင်သေးတော့ ...

ဘယ်သူ့သားလို့ ရှင် ထင်လဲ။ ဝန်ကြီးသားဟော့။ ပြီးတော့ တစ်မျိုးလုံး တစ်ဆွေလုံးက ဒိတ်ဒိတ်ကြဲတွေချည်းပဲ။ တကယ့်ကို မျိုးကောင်း ရိုးကောင်း ဆွေကြီးမျိုးကြီးကို ရှင့်ကျက်သရေတုံးလေးက တက်ချိုင်ထားတာ"

စိမ်းရဲ့စကားတွေကို နားထောင်နေသော လူလူ့နှုတ်ခမ်းထောင့်စွန်းတွင် မဲ့ပြုံးရိပ်က တဖြည်းဖြည်း ထင်လာပြီး မျက်လုံးထဲတွင် ဖိုးသားတစ်ယောက် မရှုမလှ သေဆုံးနေပုံကို တရေးရေး ပြန်မြင်လာသည်။ သွားပါပြီကွာ ... ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံမည်ဟု ထင်ခဲ့သော တနင်္ဂနွေ အားလပ်ရက်နေ့ အစတစ်ခုကတော့ အကျည်းတန် ရုပ်ဆိုးသွားခဲ့ရပါပြီ။

ဒါပေမဲ့လည်း ဒါဟာ ဒီနေ့ မဟုတ်လည်း နောက်ရက်တွေ ကြုံတွေ့ရဦးမယ့် အမှန်တရားတစ်ခု မဟုတ်လား။ စောစောသိရတော့ လူလူအတွက် ကြိုတင်ပြင်ဆင်ချိန်ရသည်။

"ရှင် ... အဆင်ပြေတယ်နော်"

ခံစားချက်ပေါင်းစုံဖြင့် ခဏလောက် အသက်မဲ့သူလို ငြိမ်သွားသော လူလူကို စိမ်းက မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ကာ မေးသည်။ ကိုယ့်စိတ်ကိုယ် ပုံမှန်ဖြစ်အောင် ပြန်လည်





ထိန်းချုပ်နိုင်သွားပြီဖြစ်သော လူလူက အေးဆေးဆိုသော သဘောနှင့် လက်ကာပြလိုက်ပြီး လက်ဖက်ရည်မော့နေမိသည်။

"တစ်ချက်တော့ confirm လုပ်ကြည့်ဦးပေါ့။ ရှင် ဆီဇာရဲ့ နာမည်အရင်းကို မေးလိုက်ရင် သိသွားမှာပါ ...

ရှင်က အဲဒီဘဲကို Great ဆိုတာ မရိပ်မိဘူးပေါ့"

"သူ့ပုံစံကို မြင်တာနဲ့ အဆင့်အတန်းရှိတဲ့ ပညာတတ်အသိုင်းအဝန်းက ဆိုတာတော့ ခန့်မှန်းမိတယ်လေ။ ကျန်တာတော့ ဘယ်သိပါ့မလဲ ...

ဘယ်လိုပဲ ဖြစ်ဖြစ်ပါ အခု ဒီပွဲမှာ ဒီသုံးယောက်ရဲ့ Link ကို ငါ အရင်ဆုံး သိတာပဲ။ သူတို့တွေ ဘယ်အချိန်မှာ သိသွားမလဲဆိုတာ ငါ မသိဘူး။ ဒါပေမဲ့ ငါက မိန်းလူဝင်စားထက် တစ်ပန်းသာနေပြီ ဆိုတာပဲ"

"ရှင့်ဆီဇာ ကြည့်ရတာ အဲဒီတစ်ယောက်နဲ့ တွဲနေသလိုပဲ"

"တွဲပစေလေ။ တွဲပါစေ ရည်းစား ဖြစ်နေရင်တောင် ငါက ဂရုမစိုက်ပါဘူး"

"ဒါဆို ... ရှင် ..."

"စိတ်ဝင်စားစရာကောင်းတဲ့ ပြဇာတ်တစ်ပုဒ်ကို နင် ကြည့်ရတော့မယ်လေ စိမ်း"

လူလူ့အသံသည် ယုံကြည်ချက်အပြည့်နှင့် မာန်ပါခဲ့လေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၉)

နေသိပ်မပွင့်ပေမယ့် ရာသီဥတု သာယာသလိုရှိသည် တနင်္လာနေ့မနက်တွင် လူလူတစ်ယောက် နောက်တွဲဆံထုံးတစ်ခု ရဖို့အရေး ကြိုးစားပမ်းစား ပြင်ဆင်နေလေသည်။ ဒီနေ့ ရုံးမှာ meeting ရှိသည်။ နိုင်ငံခြားသားတွေ ပါဝင်သည့် meeting ရှိ တိုင်း သို့မဟုတ် လူကြီး အဘ စတာတွေနှင့် သွားရောက်တွေ့ ဆုံရတိုင်း မြန်မာဝတ်စုံကိုသာ တန်ဖိုးထား ဝတ်ဆင်လေ့ရှိသော လူလူမှာ ဒီနေ့လည်း လူစုံ meeting မို့ တစ်နေ့က Online ထ ကြည့်ထားသော နောက်တွဲဆံထုံးကို ကြိုးစားပမ်းစား ထုံးနေခြင်း ဖြစ်လေသည်။

ဒါ့အပြင် ဒီ့ထက်ပိုသည့် အကြောင်းအရာ တစ် လည်း ရှိနေပါသေးသည်။ ဆီဇာနှင့် ကေသက်မိုးလျှာတို့ရဲ့ ဝ သက်မှု တစ်စုံတစ်ရာကို သိပြီးသည့်နောက်ပိုင်းတွင် လူလူ့ဘက် အရာအားလုံးကို ခမ်းနားလှပစွာ ကြိုတင်ပြင်ဆင်ခဲ့ပြီး ဖြစ်သေ





သည်။ သုံးယောက်ရဲ့ Link တွင် ဒီ Link ကို လူလူတစ်ယောက် ကသာ ပထမဆုံး သိနေခြင်းကလည်း ကံတရားရဲ့ကြီးမြတ်သော လက်ဆောင်ဟု လူလူက မှတ်ယူလေသည်။

ဆီဇာလို မွန်ရည်သန့်ပြန့်သော ယောကျ်ားသည် ကေသက်မိုးလျှာလို ဘီလူးမနှင့် နည်းနည်းလေးမှ မထိုက်တန်ဘူး ဟု မှတ်ယူထားသော လူလူအတွက် ဆီဇာရဲ့နှလုံးသားကို သိမ်း ပိုက်ဖို့သည်သာ အလုပ်နှင့်ထပ်တူ တန်ဖိုးထားရသော တာဝန် တစ်ရပ်လို ဖြစ်လာခဲ့လေသည်။ ဆီဇာ့အနားကို တစ်စ တစ်စ တိုးကပ်သွားဖို့ရာအတွက် တမင်ဖန်တီးထားသော မတော်တဆ တိုက်ဆိုင်ခြင်းများကိုသာ အသုံးပြုပါမည်။

"အိုး ... ခေ"

ဆံထုံးလေးက သပ်ရပ်စွာ ပြီးသွားသောအခါ လူလူ က ရွှေရောင်ပန်းကလစ်လေးတစ်ခုကို နားရဲ့အနောက်ဘက်၊ ဆံထုံးအစပ်နားတွင် ထိုးစိုက်လိုက်လေသည်။ အဝါနုရောင် မိုး ရင်ဖုံးလက်ပြတ်နှင့် အောက်ခံအနက်ပေါ်မှာ အဝါရောင်ကနုတ် ချိတ်လိုင်း သေးသေးလေးတွေ ပါဝင်သော ချိတ်လုံချည်ကို တွဲဖက်ဝင်ဆင်ထားသော လူလူ့ပုံမှာ နှစ်လက်မဒေါက်ချွန်လေး စီးလိုက်လျှင် အတော့်ကို ကြော့ရှင်းသွားပြီဖြစ်သည်။ လေယာဉ် ခယ်တွေ ပြင်သလို ပြောင်ပြောင်တင်းတင်း ပြင်ထားသော မိတ် ကပ်သားသည် လူလူရဲ့အလှကို ထူးခြားစွာ ပံ့ပိုးပေးထားလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



လူလူက MK အိတ်အနက်ကို ပခုံးမှာချိတ်လွယ်ကာ ပြင်ဆင်ထားသောဖိုင်ကို ကိုင်ဆောင်ရင်း လက်မှနာရီကို တစ်ချက်ကြည့်လိုက်သည်။ အင်း ... ဒီအချိန်ဆို ကွက်တိဖြစ်လောက်ရဲ့။ အခန်းထဲမှ ထွက်လာရင်း သူ့အခန်းဆီသို့ ဇော်ဝဲကြည့်သောအခါ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရသေးချေ။ ဒါပေမဲ့ ခဏနေရင် သူ ထွက်လာတော့မယ် ဆိုတာ လူလူ သိသည်။ လူလူသည် ဓာတ်လှေကားတစ်စင်း ဆင်းလာအောင် ခဏစောင့်လိုက်ပြီး နာရီကို တစ်ချက်ကြည့်ကာ ပေါ်တီကိုအောက်မှ ဖြတ်ပြီးထွက်လာခဲ့လေသည်။ ဒီအချိန်ဆို သူ ကားပါကင်ထဲရောက်ကာ ကားကို စက်နှိုးပြီး ထွက်လာလောက်ပြီ။ သူ့လိုအချိန်တိကျသူနှင့် ချိန်ကိုက်ပြီး အလုပ်,လုပ်ရတာ ဒီတစ်ခုကတော့ သိပ်စိတ်ချမ်းသာရတယ်နော်။

ခပ်မတ်မတ်နှင့် ခပ်သွက်သွက် လျှောက်ရမည့်အစား ခပ်ဖြည်းဖြည်း လျှောက်နေသော လူလူရဲ့ခြေလှမ်းတို့ ဂိတ်ဝနား မရောက်မီမှာပဲ နောက်က ဟွန်းသံတစ်ချက် ကြားရလျှင် လူလူ့ရဲ့နှုတ်ခမ်းထောင့်စွန်းတို့ ကော့တက်သွားသည်။ ဒါပေမဲ့လည်း လှည့်မကြည့်ဖြစ်သေးပါ။ နောက်ထပ် ကားဟွန်းတီးသံတစ်ချက်နှင့်အတူ သူ့ကားက လူလူ့ဆီသို့ ရောက်လာလေသည်။

"မြဘုန်း"

အဲဒီခေါ်သံ ကြားမှပဲ လူလူက ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ခင်မ ဝမ်းမြောက်နိုင်သော သူ့ရဲ့မျက်နှာ ဝင်းပပကို တွေ့ရသည်။





"ဩော် ... ရှင်"

သူ့ကို အခုမှ တွေ့ပုံမျိုးဖြင့် ဩော်ခနဲ ဖြစ်သွားကာ ရှင်ပါလားဟူသော သဘောဖြင့် လက်ညှိုးထိုးလိုက်လျှင် သူက လူလူ့ကို မေးဆတ်ရင်း လှမ်းမေးသည်။

"ကားရော"

"ဩော် ... ကားက အမျိုးတစ်ယောက် ဆေးရုံတက်နေရလို့ ခဏငှားထားရလို့ပါ"

ဟာ ဟ။ အေးတာပဲ။ အမြင်ကတ်ရ၍ ကောင်းကျိုးမပေးခဲ့သော အမျိုးထဲက ဘယ်သူဆေးရုံရောက်မလဲ။ ရောက်စမ်း။ ပါးစပ်နဲ့တော့ ဒီမှာအရောက်ပို့လိုက်ပြီ။

"ဩော် ... ဒါများ၊ ကျွန်တော့်ကို လာပြောတာ မဟုတ်ဘူး။ အခု Taxi နဲ့ သွားမလို့လား။ လာပါ ... တစ်ယောက်တစ်လှည့်ပေါ့"

လူလူကတော့ ပဲတွေများပြီး ငြင်းမနေဘဲ အပြုံးတစ်ချက်နှင့် ခေါင်းဆတ်ကာ သူ့ဘေးမှာ ဝင်ထိုင်လေသည်။ တစ်ခါတလေမှာ ယောကျ်ားတွေဟာ မြစိတွေထက် ပွင့်လင်းခတ်မိသော မိန်းကလေးတွေကို ပိုနှစ်သက်တတ်ကြတယ်ဆိုတာ ကျွန်မသိပ်သိတာပေါ့ရှင်။ Woo ! ကြည်ပြာရောင် Arrow Shirt၊ တိုင်လ်ပန်အနက်ဖြင့် သူ့ပုံစံက သိပ်သားနားလို့ နေတာပါပဲလား။

"အမျိုးက ကားကို ဒီတစ်ရက်တည်း ယူတာလား။ နောက်ရက်တွေရော"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... သိပ်ချစ်ဖို့ကောင်းသော သူငယ်လေးပါ။ ဒီမေးခွန်းကိုမေးဖို့ မမေ့မလျော့ ရှိခဲ့သည့် သူ့ကို မြတ်နိုးစိတ်သည်မှအပ ပေါ့နော်။

"ဆေးရုံက တစ်ပတ်လောက် တက်ရမယ်လို့ ပြောတယ်။ ရပါတယ် ... ကျွန်မ နောက်နေ့ Black Taxi ခေါ်ထားမှာပါ။ ရုံးသွား ရုံးပြန်ပေါ့"

"အာ ... မခေါ်ပါနဲ့။ ကျွန်တော်နဲ့ ကားကြုံလိုက်လို့ ရတာပဲ။ အပြန်လည်း ကျွန်တော် ကြိုပေးပါ့မယ်"

"အို ... မဟုတ်တာ။ ရှင့်ရုံးက ကျွန်မရုံးထက် အရင်ရောက်တာကို"

"ဒါက အရင်ရောက်တဲ့လမ်းက သွားတာကိုး။ ခင်ဗျားကို အရင်ပို့ရမယ် ဆိုရင်တော့ မြဘုန်း ရုံးကို အရင်ရောက်မယ့် ပြည်လမ်းဘက်ကို ထွက်မှာပေါ့၊ အဲဒီလောက် အများကြီး မတွေးပါနဲ့ မြဘုန်းရာ"

သူ့ရဲ့အဆုံးသတ်စကားနဲ့အတူ သူ့မျက်ဝန်းထဲမှာ လင်းလက်တောက်ပတဲ့ ရောင်စဉ်တန်းလေးကို ဖျတ်ခနဲ မြင်တွေ့လိုက်ရလျှင် လူလူ့ရင်ထဲ တစ်စုံတစ်ခုကို စိတ်ပျကျေနပ်သွားရပြီဖြစ်သည်။ မိန်းကလေးတို့၏ မွေးရာပါ ဗီဇအရ သူ့မျက်ဝန်းထဲက တောက်ပတဲ့ အလင်းရောင်လေးဟာ လူလူ့အတွက် သူ့ရင်ထဲက ထူးခြားတဲ့ တစ်စုံတစ်ရာဟု အလိုလို ခံစားသိရှိနိုင်သည်လေ။





"ဪ ... ဒါဆို ရှင်က ကျွန်မကား ပြန်မရမချင်း ရုံးပို့ ရုံးကြို လုပ်ပေးမယ်ပေါ့"

သူက ဘာမှမဖြေတော့ဘဲ လူလူ့ဘက်ကို တစ်ချက်လှည့်ကြည့်ကာ မဆိုးမခန့်လေး ပြုံးပြလိုက်လျှင် အဲဒီအပြုံးထဲ စီးမျောသလို ခံစားသွားရလေသည်။ တစ်လက်စတည်းမှာပဲ ကေသက်မိုးလျာကို သတိရသွားသောစိတ်ကြောင့် ခါးသီးကျွမ်းရှသွားရသည်။ ကေသက်မိုးလျာကို အမျိုးကောင်းသားတစ်ယောက်နဲ့ မထိုက်တန်ဘူးဟု ယူဆခဲ့ပေမယ့်လည်း ခုချိန်မှာ သူမဟာ သမ္မတသားနှင့် ယူတော့မယ် ဆိုရင်တောင် လူလူ တစ်ယောက် လျှော်ပေးနိုင်သွားသည်အထိ လူလူ့စိတ်အာရုံကို တိမ်းညွတ်စွာ ဖမ်းစားနိုင်သော ယောကျ်ားတစ်ယောက် ရှိလာခဲ့ပြီဖြစ်သည်။ ထိုယောကျ်ားနှင့် နူးညံ့သော တစ်စုံတစ်ရာဆီသို့ ခံစားသွားကြရမည့် အကူးအပြောင်းကာလတွင် အာရုံနောက်ကျစရာ ကေသက်မိုးလျာကို လျှော်ထားခဲ့ဖို့ ဆုံးဖြတ်သော်လည်း သူမနှင့် လူလူရဲ့ ရေစက်သည် လွန်ခဲ့သော ရှစ်နှစ်ကိုးနှစ်မှာ မပြီးခဲ့ဘဲ ဒီအချိန်ထိ ပါလားဟု ဝမ်းနည်းစွာ သိခဲ့ရပြီဖြစ်သည်။ ဒီတိုက်ဆိုင်မှုအတွက်တော့ လူလူ စိတ်မကောင်းပါ။

"ဝေး ... မြဘုန်း"

"ဟင် ... အင် ... အင် ... ဘာပြောလိုက်တာလဲ"

"ဘာတွေ တွေးနေတာလဲ၊ ကျွန်တော် ပြောလိုက်တာ မကြားဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ! ကျွန်မ အလုပ်အကြောင်းနည်းနည်းစိတ်ရောက်သွားလို့"

"ဩော် ... ရလား၊ ကျွန်တော် စကားပြောလို့ ဖြစ်ရဲ့လား"

"အဟင်း ... ဖြစ်ပါတယ် ပြောပါ။ ခုနက ဘာပြောလိုက်တာလဲ"

"ဩော် ... Traditional ဝတ်ထားလို့လေ၊ အဲဒါ နည်းနည်းများ ဆန်းနေလားလို့"

"အဟင်း ... ဟုတ်တယ်၊ ဒီနေ့က ရုံးမှာ Meeting ရှိလို့ပါ။ နိုင်ငံခြားသားတွေနဲ့ Meeting ရှိရင်ပဲဖြစ်ဖြစ်၊ အဘတို့နဲ့ သွားတွေ့ရင်ပဲဖြစ်ဖြစ် ကျွန်မ ဒီလိုပဲ ဝတ်စားရလေ့ရှိပါတယ် ...

အဝတ်အစားနဲ့ပါ **"ဂါ"** ရတယ်ပေါ့ရှင်"

"What do you mean that ... အဘ and **ဂါ**"

သူက တကယ့်ကို တိုးရစ်တစ်ယောက်နယ် လက်တခါခါ ခေါင်းတခါခါနှင့်မေးလျှင် လူလူက တဟက်ဟက်နှင့် သဘောတကျ ရယ်မောမိလေသည်။ သူက အဲဒါကိုပဲ အထူးအဆန်းဟန်ဖြင့် လိုက်ကြည့်နေလျှင် ရယ်နေတဲ့ကိုယ်တောင် ကြောင်အအ ဖြစ်သွားရသည်။

"ဟင် ... ဘာကြည့်နေတာလဲ"

"ဩော် ... ခင်ဗျား ရယ်တာ သဘောကျလို့ပါ၊ ကြည့်ကောင်းလို့"





အင် ... အဲလိုကြီး ပေါ်တင်ပြောရလား။ ဘယ်လောက်ပဲ ခေတ်မီတက်ကြွတဲ့ မိန်းကလေးပဲပြောပြော ကိုယ့်သဘောကျတဲ့ ယောကျ်ားတစ်ယောက်က ခုလို ပေါ်တင်ချီးကျူးတော့လည်း အနည်းငယ်တော့ ရှက်သွေးဖြာရသည်ပေါ့နော်။ လူလူက ဘာမှမပြောရသေးခင်မှာပဲ သူက ဆက်ပြောလာလေသည်။

"တချို့မိန်းကလေးတွေက ယောကျ်ားလေးတစ်ယောက်ရှေ့မှာ ဟက်ဟက်ပက်ပက် မရယ်ရဲကြဘူးလေ၊ ပြုံးရုံပဲပြုံးတာတို့၊ နှုတ်ခမ်းကို လက်နဲ့ကွယ်ရယ်တာတို့ စသဖြင့် အဲလိုမျိုးပေါ့ ...

မြဘုန်းကျတော့ အဲလို ဟက်ဟက်ပက်ပက် ရယ်လိုက်တာလေးကို ကျွန်တော် သဘောကျတာပါ၊ ကျွန်တော်က ရယ်တာကို ပဲများပြီး ရယ်တာတို့၊ ထိန်းသိမ်းပြီးရယ်တာတို့ကို မကြိုက်ဘူးဗျ။ တစ်ခုခုကို သဘောကျလို့ ရယ်ရင် ဘာမှဟန်မဆောင်ဘဲ ဟက်ဟက်ပက်ပက်ရယ်တာကိုပဲ ကြိုက်တယ်"

သူက ဗီလင်တွေကို တရှည်တလျား ရှင်းပြနေစဉ်ကာလအတွင်း လူလူ့မှာ သူ့ကိုငေးနေရလေသည်။ သူ့စကားဆုံးတော့မှ ကမန်းကတန်း ပြုံးပြရသည်။

"ကျွန်တော် မေးတာ ဖြေဦးလေဗျာ"

"ရှင်က ခုခေတ် ဝေါဟာရတွေ၊ ဗန်းစကားတွေနဲ့ နည်းနည်းဝေးတယ် ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ခင်ဗျားဆီက ပြန်သင်ရမလိုပဲ"

အံမယ် ... ဒါက ဘာစကားလဲ။ သူများကို အထာပေးတာလားနော်။ အင်း ... လူလူတော့ ကိုယ့်ဘက်ကိုယ်ယက်တွေးတတ်တဲ့ လိပ်မကြီး ဖြစ်တော့မှာပဲ။

"အဘ ဆိုတာ ရာထူးကြီးကြီး ပုဂ္ဂိုလ်တွေကို ခေါ်တာရှင့်။ တော်တန်ရုံလူကို အဘ မခေါ်ဘူး။ 'ဂါ'တယ် ဆိုတာကတော့ ဂါရဝပြုတာကို အဖျားဆွတ်ခေါ်တဲ့ ဗန်းစကားတစ်ခုပါရှင်၊ သိပ်ထူးထူးခြားခြားတော့ မဟုတ်ပါဘူး"

"ဩော် ... အဲလိုလား၊ တစ်ခါတလေ ဆိုက်ထဲက တချို့လူတွေပြောတဲ့ ဗန်းစကားတွေ နားမလည်လို့ဗျ။ မြဘုန်းကြည့်ရတာတော့ ခေတ်နဲ့တော်တော်လိုက်လျောညီထွေမှုရှိတယ် ထင်တယ်နော်"

"အဟင်း ... အဲဒီလို ထင်နေရလား။ အင်း ... အဲဒါလည်း စိမ်းကြောင့် ဖြစ်မှာပါ"

"စိမ်း ! "

"ဩော် ... စိမ်းဆိုတာ ကျွန်မ သူငယ်ချင်းလေ။ ကျွန်မရဲ့တစ်ဦးတည်းသော Best Friend ... Close Friend ။ စိမ်းရဲ့အစ်မက ရုပ်ရှင်မင်းသမီးဆိုတော့ စိမ်းက ရုပ်ရှင်အသိုက်အဝန်းနဲ့ နီးစပ်တယ်။ အဲဒီတော့ Update တွေလည်း စိမ်းကတစ်ဆင့် သိရတယ် ...





မဟုတ်ရင် ကျွန်မလည်း ဘာမှသိမှာ မဟုတ်ဘူး။ ကျွန်မကလည်း တစ်နေ့ တစ်နေ့ အလုပ်ထဲ ခေါင်းစိုက်နေတာ။ အလုပ်မှာ ဘယ်လိုတိုးတက်အောင် လုပ်ရမလဲ။ ဘာပညာ အသစ်တွေ ဆည်းပူးရမလဲ။ အဲ့ဒါပဲ အမြဲတွေးတောနေတာ"

"ဟုတ်လား၊ ခင်ဗျားက Wokerholic လား"

"အင်း ... ဟုတ်မယ် ထင်တယ်။ ကျွန်မကိုဆိုရင် အလုပ်ထဲမှာ လက်ဖျားခါကြတယ်။ ပြောရမယ်ဆိုရင် အလုပ်ကလွဲပြီး အာရုံဝင်စားစရာလည်း မရှိဘူး။ ကျွန်မမှာ အဖေမရှိဘူး အမေမရှိဘူး မောင်လေးမရှိဘူး၊ မိသားစုဆိုတာ မရှိဘူးလေ ...

ကျွန်မ စိတ်ဓာတ်တွေ ဂျုံးဂျုံးကျပြီး ဆောက်တည်ရာမရ ဖြစ်ချိန်မှာ အလုပ်နဲ့ပဲ ဘဝကို ပြန်တည်ဆောက်ခဲ့ရတာ။ ကျွန်မ အလုပ်ကို သိပ်တန်ဖိုးထားတယ်။ အလုပ်သာမရှိရင် ဘဝကြီး မရှိတော့လောက်တဲ့အထိ ဖြစ်နေလို့ စိမ်းက ဘေးကနေ Balance ဖြစ်အောင် ညှိပေးရတယ်လေ ...

ကျွန်မရဲ့ စိတ်ထွက်ပေါက်က အလုပ်ဆိုတော့လည်း ကောင်းကျိုးကတော့ ကျွန်မဟာ သူ့ဒွေး ဘယ်လိုမှ လက်လွှတ်မခံနိုင်တဲ့ မန်နေဂျာတစ်ယောက် ဖြစ်လာတာပေါ့။ ကုမ္ပဏီတစ်ခုလုံးက ကျွန်မခြေ ကျွန်မလက် ဖြစ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တော်တော် တော်တာပဲနော်"

"ဟင်း ... အဲလောက်လည်း မဟုတ်ပါဘူး"

"ဟုတ်တာပေါ့။ အလုပ်မှာ တော်လား ၊ မတော်လား တခြားမကြည့်နဲ့ ခင်ဗျားမျက်နှာက အလုပ်အကြောင်း ပြောတာတောင် တောက်ပရွှန်းလက်နေလိုက်တာ။ ချစ်သူ အကြောင်း ပြောနေတဲ့အတိုင်းပဲ"

"အလုပ်ဆိုတာ ကျွန်မချစ်သူပဲလေ"

အဲဒီစကားကို သူက အထူးအဆန်းတစ်ခု ကြားရသည့်နှယ် မျက်ခုံးပင့်ကာ လှည့်ကြည့်လေသည်။ ပြီးတော့ဘာကို တွေးမိမှန်းမသိ တွေးမိကာ "ခုထိပေါ့ ... လေ" ဟု ပြန်ပြောလိုက်တာကို ရုတ်တရက် နားမလည်ခဲ့ချေ။ ပြန်မေးဖို့ကလည်း ရုံးနားရောက်နေပြီမို့ သူ့ကို လမ်းညွှန်ရင်း နှုတ်ဆက်ကာ ကားပေါ်မှ ဆင်းခဲ့ရသည်။

အလုပ်ဆိုတာ ကျွန်မချစ်သူ ဆိုသည့် စကားလုံးကို ခုထိပေါ့လေဟု သူ ပြန်ပြောခဲ့တာဟာ ဘာအဓိပ္ပာယ်များလဲ။ ထိုနေ့ တစ်နေ့လုံး ထိုအပြောလေးကို ပြန်တွေးမိတိုင်း နှုတ်ခမ်းထောင့်စွန်းလေး ကော့တက်ရုံ လှစ်ခနဲ လှစ်ခနဲ ပြုံးမိသွားတာဟာ အခါနှစ်ဆယ်လောက် ရှိမည်ဟု ရေတွက်မိခဲ့သည်။

❋ ❖ ❋





## (၁၀)

ကော်ဖီကို တစ်ငုံမော့၊ ညောင်းနေသော မျက်လုံးကို ပုတ်ခတ် ပုတ်ခတ်လုပ်၊ ခိုင်နေသောဇက်ကို တဂျွတ်ဂျွတ်ချိုးချလိုက်သောအခါ သူ ဝရန်တာမှာထွက်ပြီး လေညှင်းခံဖို့ လိုအပ်နေပြီ ဆိုတာကို သိလိုက်ရသည်။ ဒါကြောင့် ဖတ်နေသောစာအုပ်ကိုချကာ ကော်ဖီခွက်ကိုယူရင်း ဝရန်တာသို့ ထွက်လာခဲ့လေသည်။ အလုပ်အတွက် လိုအပ်သော ပညာရပ်ဆိုင်ရာစာများ ပြန်ဖတ်နေခြင်းအတွက် အာရုံစူးစိုက်မှုက ဘယ်လောက်တောင် ထည့်ထားမိလဲဆိုလျှင် သတိထားမိချိန်မှာတော့ လူတစ်ကိုယ်လုံး ညောင်းညာ ထုံကျင်နေပြီလေ။

ဧည့်ခန်းကနေ ထွက်လိုက်လျှင် ဝရန်တာ လေသာဆောင်လေးသို့ ရောက်လာပါသည်။ ဆယ့်တစ်ထပ်အမြင့်က ညဆယ့်တစ်နာရီထိုးခါနီး ရှုခင်းသည် ရွှေတိဂုံကို ဝေးဝေးက ရှုမျှော်ရကာ လေနုအေးနှင့် ချမ်းမြေ့ကြည်နူးဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ပြီမို့ လူသူသံ ကားသံ တိတ်ဆိတ်ကာ အေးမြမြလှပညကို သူက တစ်ခဏတော့ ပျော်ဝင်နစ်မျောနေမိသည်။

ဖျတ်ခနဲဆို ဝရန်တာဘေးဘက်သို့ ငဲ့ကြည့်မိလျှင် ဘေးဝရန်တာလေးမှာ ဘယ်သူမှ ရှိမနေပါ။ သူ့အခန်းနှင့် မြဘုန်းတလူရဲ့အခန်းသည် အပြင်ဘက်အဝင်မှာ မျက်နှာချင်းဆိုင်ပေမယ့် သူတို့က တိုက်ရဲ့အစွန်ဆုံးဘက်ခြမ်းမို့ အခန်းတည်ဆောက်ပုံ အနေအထားအရ မြဘုန်းတလူနှင့် သူဟာ ဘေးဝရန်တာချင်းက ကပ်ရပ်ကျပေသည်။ သူသည် ဘယ်သူမှမရှိသော ဝရန်တာလေးကို ငေးရင်း သူမကို သတိရလာသည်။ အခုဆိုလျှင် ကြာသပတေးနေ့ည ဖြစ်သည်။ တနင်္လာနေ့တည်းက သူမကို ရုံးပို့ ရုံးကြို လုပ်ပေးခဲ့ပြီး သူတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုအတိုင်းအတာသည် တစ်စ တစ်စ မြင့်တက်လာခဲ့သည်ဟု ထင်ပါသည်။ ယောကျာ်းလေးတစ်ယောက်အတွက် မိန်းကလေးတစ်ယောက်ကို ချစ်မိဖို့ဆိုတာ ချက်ချင်းလည်း မဖြစ်နိုင်။ ဒါပေမဲ့ ကိုယ် ချစ်မိသွားနိုင်တဲ့ မိန်းကလေးမျိုးလား ဆိုတာတော့ တော်တန်ရုံခွဲခြားနိုင်ကြမည် ထင်သည်။ မြဘုန်းတလူဆိုသော လွတ်လပ်ပေါ့ပါးသည့် မိန်းကလေး နောက်တစ်နည်း မိသားစုမရှိသဖြင့် အလုပ်နှင့်သာ ဘဝကို တည်ဆောက်ထားသော မိန်းကလေးတစ်ယောက်ကို သူ ချစ်မိသွားမလား ဆိုတာကတော့ ... ... ...။

"တင်းတောင် ... တင်းတောင်"

"ဟင် ... ဘဲလ်သံပါလား"





သူက မသေချာ၍ သေချာအောင် ထပ်၍နားစွင့်မိသည်။ အဝင်တံခါးနှင့် ဝရန်တာဟာ တည့်တည့်ပဲမို့ ဘဲလ်သံဟာ မသဲမကွဲ မဖြစ်ပါ။ တစ်ဖက်က ထပ်နှိပ်သောကြောင့် ပီပီသသ ထပ်ကြားရသည်။ ဘယ်သူများပါလိမ့်။ ဒီအချိန်ကြီး။

"တင်းတောင် ... တင်းတောင်"

ဟော ... ထပ်တီးပြန်ပြီ။ ဒီတစ်ခါတော့ သူက တံခါးဆီသို့ လျှောက်လာခဲ့သည်။ အပေါက်မှတစ်ဆင့် ကြည့်လိုက်လျှင် မျက်ခုံးပင့်မိသွားရပြီး တံခါးကို ချက်ချင်း ဖွင့်လိုက်လေသည်။

"မြဘုန်း"

သူက တအံ့တသြ ရေရွတ်ကာ သူမကို ကြည့်လိုက်မိသည်။ ညဆယ့်တစ်နာရီချိန် သူ့ကို လာရှာတာ ဘာအတွက်များပါလိမ့်။ သူမကတော့ ညအိပ်ဝတ်စုံနှင့် မဟုတ်ဘဲ တီရှပ်ပန်းရောင်အကျပ်လေး၊ အင်ဒိုနီးရှားဆင် သောင်းဘီပြာလွင်လွင်ဖြင့်ဖြစ်သည်။ သူမရဲ့ဆံပင်များကို ထိပ်တွင် ဖြစ်သလိုထုံးဖွဲ့ထားသောကြောင့် ဘေးတစ်ဖက်တစ်ချက်ဆီမှာ ဆံနွယ်များက ကပိုကရို ကျနေပုံက တစ်မျိုး အမြင်ဆန်းနေစေလေသည်။

"မြဘုန်း ... ဘာဖြစ်လို့လဲ"

"ဟို ... ဟို ... ကျွန်မ အခန်းမှာလေ ရုတ်တရက်ကြီး မီးပျက်သွားလို့ပါ။ အဲဒါ ရှင့်အခန်းမှရော ပျက်လားလို့"

"ဟင့်အင်း ... ကျွန်တော့်အခန်းမှာ မပျက်ပါဘူး။ ဒီမှာ ကြည့်လေ မီးလာနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဧည့်ခန်းထဲသို့ မြင်သာအောင် ကိုယ်ကိုရှို့ပြီး ပြလိုက်သည်။ သူ့အိမ်က ဧည့်ခန်းထဲတွင် လင်းထိန်နေတာကို မြင်ပြီးမှ သူမက နှာခေါင်းကို တစ်ချက်ရှုံ့ကာ ...

"ကျွန်မ စာဖတ်နေတုန်း မီးက ဖျတ်ခနဲဆို ပျက်သွားတာ"

"ဟုတ်လား... ကျွန်တို့အခန်းတွေလည်း လာမှာပါ၊ ဟိုမှာ ဝင်းထဲကမီးတွေလည်း လင်းနေတာပဲလေ၊ ဘာဖြစ်တာလဲ မသိဘူး"

"ကျွန်မလည်း မသိလို့ ရှင့်ကို အကူအညီ လာတောင်းတာလေ"

"အဟာက် ... ဟုတ်ပါပြီ၊ ကျွန်တော်က လိုက်ကြည့်ပေးဖို့ ဖြစ်ပါ့မလားလို့ အားနာနေလို့ပါ။ မြဘုန်း အခန်းကို လိုက်ရမှာ အားနာလို့"

"ဟင် ... အားနာစရာ ဘာရှိလို့လဲ။ မဟုတ်ရင်ကျွန်မက အမှောင်ထဲမှာ တစ်ညလုံး နေ,နေရမှာပေါ့"

"အိုခေ ... ကျွန်တော် လိုက်ကြည့်ပေးပါ့မယ်။ ခဏလေး ကျွန်တော် ဓာတ်မီးယူလိုက်ဦးမယ်"

သူက အားကောင်းသည့် ဓာတ်မီးကြီးကိုယူကာ ပြန်ထွက်လာခဲ့သည်။ သူမက ရှေ့ကဦးဆောင်ခေါ်သွားသည်။ အခန်းတံခါးဖွင့်လိုက်သော်လည်း မှောင်မည်းနေသည်မို့ ဘာမှ မမြင်ရပါ။ သို့သော် မွှေးရနံ့ဖျော့ဖျော့လေးတစ်ခုက သင်းပျံ့နေပြီး တစ်နေရာက မီးလင်းနေသည်ကို မြင်ရတာမို့ သူမကို လှည့်ကြည့်လိုက်လျှင် အလိုက်တသိ ပြောလာသည်။





"ကျွန်မ Aroma Therapy အမွှေးဖယောင်းဆီ ထွန်းထားတာပါ"

ဪ ... အဲဒါကြောင့်ကိုး။ အခန်းထဲတွင် လာဗင်ဒါရနံ့က ခပ်သင်းသင်း မွှေးပျံ့လျက် ရှိနေသည်။ ဘာကြောင့် မှန်းမသိ သူ့စိတ်ထဲတွင် နှလုံးခုန်သံက ပိုကျယ်လာသလို ခံစားလာရပါသည်။ အနည်းငယ် စိတ်လှုပ်ရှားမှုကိုထိန်းကာ သူမကို စကားပြောရသည်။

"မိန်းခလုတ်က ဘယ်နားမှာ ထားတာလဲ။ ဪ ... ကျွန်တော့်အခန်းနဲ့ အတူတူပဲ နေမှာပေါ့နော်"

"ဟုတ် ... ဒီဘက်မှာပဲ"

"ဒါဆို ကျွန်တော် မိန်းချပြီး စစ်ကြည့်ပေးမယ်"

"ဟုတ် ... ကျွန်မ ဓာတ်မီးကိုင်ပေးပါ့မယ်"

သူမက ဓာတ်မီးကိုင်ပေးချိန်မှာ သူက မီးခလုတ်တွေကို စစ်ဆေးသည်။ ဖျူ့စ်ကို စစ်ဆေးသည်။ သူ ထင်တာ မလွဲပါ။ ဖျူ့စ်ပြတ်သွားတာပဲ ဖြစ်တော့သည်။ သူက မီးသေတ္တာ Box လေးကို ပြန်ပိတ်ရင်း သူမဘက်သို့လှည့်ကာ ...

"ဖျူ့စ်ပျက်သွားတာ"

"ဟင် ... ဟုတ်လား။ အဲဒီတော့ ရှင် ပြန်ဆက်မှာလား ဟင်"

"အသစ် ရှိတယ်ဆိုရင်တော့ ကျွန်တော် ပြန်လုပ်ပေးကြည့်မယ်။ ဒီဟာကတော့ သုံးလို့မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အသစ် ဘယ်ရှိမလဲ။ ဒီလို တစ်ခါမှ မဖြစ်ဖူးပါဘူး"

"ဒီလိုပါပဲ၊ အခန့်မသင့်ရင် ဖြစ်တတ်ပါတယ်"

"အာ ... ပြဿနာပဲကွာ။ ကျွန်မတော့ ဒုက္ခရောက်ပါပြီ"

"ဘာဖြစ်လို့လဲ၊ အလုပ်လုပ်စရာ ရှိသေးလို့လား"

"မ ... မရှိပါဘူး၊ ဟို ... ဘာ ... ဘာမှတော့ မဟုတ်ပါဘူး၊ ရပါတယ် ကျေးဇူးပဲ"

ဓာတ်မီးကို ရှီးကေ့စ်ပေါ်တွင် တင်ထားသဖြင့် အလင်းရောင်က နံရံမှတစ်ခန်းလုံးသို့ ဖြာကျနေသည်။ သူ့ရှေ့တွင် ကပိုကရိုဆံထုံးနှင့် လက်နှစ်ဖက်ပိုက်ကာ စိတ်ဓာတ်ကျသလိုပုံစံနှင့် ရပ်နေသော သူမပုံစံကို မြင်ရတာ တစ်ခုခု လွဲမှားနေသလို ခံစားရသည်။

"ခင်ဗျား အိပ်တော့မှာပဲ မဟုတ်လား။ မီးသုံးစရာ သိပ်မလိုတော့ပါဘူး။ ဪ Air Con မရှိရင် မအိပ်တတ်လို့လား"

"မဟုတ်ပါဘူး"

မဟုတ်ပါဘူးဟု ဖြေသော်လည်း သူမရဲ့အသံက သွက်သွက်လက်လက် မရှိလှပါ။ ခါတိုင်း သွက်လက်တက်ကြွကာ Active ဖြစ်နေသော မိန်းကလေးတစ်ယောက်ဟာ မီးပျက်သွားတာနှင့် မျက်နှာလေး ငယ်သွားရတာ ဘာကြောင့်ပါလိမ့်။ သူမဆီမှာ သူ မသိသော ထူးဆန်းမှုတစ်ခုခု ရှိနေလားဟု အာရုံရလာရပါသည်။





"အဟင်း ... ရှင် ဘာလုပ်နေတာလဲတော့ မသိဘူး။ ညကြီး မင်းကြီး ရှင့်ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားပြီ။ အိုခေပါ ... ကျေးဇူးတင်ပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ ...

ရှင် နားတော့လေ"

သူမက အခုမှ သတိဝင်လာသူ ပုံစံမျိုးဖြင့် သွက်လက်အောင် ကြိုးစားပြီး ပြောလေသည်။ သူ အကဲခတ်နေတာကိုလည်း ရိပ်မိသွားပုံ ရပါသည်။

"ခင်ဗျား အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ အဟင်း ... မီးမလာတာက လွဲလို့ပေါ့"

"ဓာတ်မီးယူထားလေ၊ ဒါဆို ကျွန်တော် သွားတော့မယ်။ မနက်ကျရင် မီးမလာတော့ ခင်ဗျား Breakfast စားဖို့ အခက်အခဲရှိမှာပဲ။ ကျွန်တော့်အခန်းမှာ Breakfast လာစားနော်"

"ဟုတ်ကဲ့"

သူမက သူ့ကို အခန်းတံခါးဝထိ ပြန်လိုက်ပို့ပေးသည်။ ဓာတ်မီးကိုတော့ မယူထားပါ။ သူမမှာ Emergency Light လေး နှစ်ခုရှိသည်ဟုဆိုကာ သူ့ဓာတ်မီးကို ပြန်ပေးလိုက်လေသည်။ ဂွတ်ဒ်နိုက်ဟု နှုတ်ဆက်ပြီး သူ့အခန်းသူ ပြန်လာတဲ့အထိ သူ့ရဲ့စိတ်မှာ မတင်မကျ ဖြစ်လာခဲ့ရသည်။ မီးပျက်တာကို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမကောင်း ဖြစ်နေသော မိန်းကလေးကို ခုမှပဲ တွေ့ဖူး၍ ပဲလားတော့ မသိ။ သို့သော် သူလည်း ဘာမှမတတ်သည်မို့ အိပ်ဖို့ကြိုးစားရလေသည်။ အိပ်ရာပေါ် တက်လှဲလာ Dim Light မှိန်မှိန်လေးကို ထွန်းထားပြီး အေးစိမ့်နေသော အခန်းထဲဝယ် ခါတိုင်းဆိုလျှင် ခေါင်းချတာနှင့် အိပ်ပျော်သွားသော်လည်း ခုတစ်ကြိမ်မှာတော့ အိပ်မပျော်နိုင်ဘဲ လူးလွန့်နေမိလေသည်။

လာဗင်ဒါရနံ့ သင်းပျံ့နေသော အခန်းထဲတွင် တစ်စုံတစ်ယောက်ရော အိပ်လို့ပျော်ပါ့မလား။ မီးပျက်တာကို မျက်နှာငယ်လေးနှင့် ဖြစ်နေသော မြဘုန်းသည် ခါတိုင်းက သူတွေ့ဖူးသော **မြဘုန်းတလူ** မဟုတ်သည့်နှယ် တခြားတစ်ယောက်ကို တွေ့ရသလိုမျိုး ခြားနားနေလေသည်။ သူမ ဘာဖြစ်နေတာလဲ။ နာရီကြည့်လိုက်သောအခါ ဆယ့်နှစ်နာရီ ထိုးနေပြီ။ သူ့စိတ်ထဲတွင် သူမ အိပ်မပျော်သေးဘူးဟု ဘာကြောင့် ယုံကြည်နေမှန်း မသိပါ။ သူမ အဆင်ရော ပြေရဲ့လား။ ဘာဖြစ်နေမလဲ ဆိုတာကို စိတ်ပူပန်စွာ ဆယ့်ငါးမိနစ်နေပြီးလျှင် သူက ဖုန်းကိုယူပြီး သူမဆီ ခေါ်နေလိုက်တော့သည်။ ဖုန်းကို တော်တော်နှင့်မကိုင်ဘဲ ဖုန်းကျခါနီးမှ ဖျတ်ခနဲဖွင့်ကာ ကိုင်လိုက်လျှင် သူက အမောတကော မေးမိသည်။

"မြဘုန်း ... ဟယ်လို"

"ဆီ ... ဆီ ... ဇာ"





သူမ အသံက တစ်စုံတစ်ရာကို နာကျင်နေဟန်မို့ သူက ပို၍စိုးရိမ်ထိတ်လန့်သွားမိသည်။ ကြည့်စမ်း ... သူမဘာတွေများ ဖြစ်နေပါလိမ့်။

"မြဘုန်း ... ခင်ဗျား ဘာဖြစ်နေတာလဲဟင်၊ ဘာဖြစ်လို့လဲ"

"ကျွန် ... ကျွန်မ ... ဖန် ... ဖန်ခွက်ကွဲတွေ စူး ... ပြီး"

"ဘယ်လို ... ဖန်ခွက်တွေ စူးတယ် ... ဟုတ်လား"

"ဟုတ် ... ဟုတ်တယ်"

"အာ ... တစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲဗျာ၊ နေဦး ... ခုပဲ ကျွန်တော်လာခဲ့မယ်။, ခင်ဗျား တံခါးလာဖွင့်ပေး၊ အဲ ... ဖြည်းဖြည်းလာနော် သတိထားလာ"

"ဟုတ် ... ဟုတ်ကဲ့"

သူမအသံက ကလေးတစ်ယောက်နှယ် သနားစရာကောင်းသလို ဖြစ်နေသည်။ သူက လေလိုလျင်မြန်သောအဟုန်ဖြင့် သူမအခန်းရှေ့သို့ ရောက်သွားသည်။ ဘဲလ်တီးလိုက်ပြီးတော့မှ မီးပျက်နေတာကို သတိရကာ တံခါးခေါက်လိုက်သည်။ ခဏကြာသောအခါ သူမက တံခါးလာဖွင့်ပေးပါသည်။ ဓာတ်မီးအလင်းရောင်ထဲတွင် သူမမျက်နှာသည် နာကျင်မှုဝေဒနာကို ခံစားနေရမှန်း သိသာစေသည်။

"ဘယ်လိုဖြစ် ! ... အင်း ... ဒီလိုလုပ်ပါ။ မြဘုန်း ... ကျွန်တော့်အခန်းကို လိုက်လာခဲ့။ အဲဒါ ပိုကောင်းလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျမှ ဒဏ်ရာတွေကို သေချာမြင်ရမယ်။ နောက် ...
ကျွန်တော့်ဆီမှာ ဆေးသေတ္တာလည်း ရှိတယ်"

သူမက ခေါင်းညိတ်ပြပြီး သူ့နောက်မှ ပါလာသည်။ သူ့အခန်းထဲရောက်၍ မြင်လိုက်ရလျှင် သူမရဲ့ဘယ်ဘက်လက်ဖဝါးတွင် ဖန်ကွဲစများ စူးပြီးစိုက်ဝင်နေတာ၊ သွေးစတချို့ ထွက်နေတာ တွေ့မြင်လိုက်ရသည်။

"ဘယ်လိုဖြစ်ရတာလဲ မြဘုန်းရယ်"

သူက သူမကို ဆိုဖာတွင် ထိုင်စေပြီး ရေတစ်ခွက်သွားငှဲ့ရင်း မေးလိုက်သည်။ သူမက သူ့ကိုမြင်မှ အနည်းငယ်သက်သာရသော မျက်ဝန်းများဖြင့်ကြည့်ရင်း ပြောလာသည်။

"ကျွန်မ ထမင်းစားခန်းထဲကို ရေပုလင်းသွားယူတာ၊ အဲဒီမှာ ဟို ... ရုတ်တရက်လန့်ပြီး ဖန်ခွက်ကို တိုက်မိပြီး ဖန်ခွက်ကျကွဲသွားတာ။ ဒါနဲ့ မနက်ကျမှပဲ သန့်ရှင်းရေးလုပ်မယ်ဆိုပြီး ရေဘူးယူပြီး ပြန်လာတော့ ခုံကို ခလုတ်တိုက်မိပြီး အဲဒီဖန်ခွက်အကွဲစတွေပေါ် လက်ထောက်ကျပြီး လဲသွားသေးတာ ...

အဲဒါ ရှင် ဖုန်းမဆက်ခင်ကလေးတင် ဖြစ်သွားတာပဲ၊ ရှင့်ဖုန်းသံကြားတော့ ကျွန်မ တကယ်ကို ဝမ်းသာသွားတာ"

သူက သူမကို ငေးကြည့်နေရင်းမှ သက်ပြင်းမသိမသာ ချမိသည်။ ဆေးသေတ္တာကို သွားယူလာရင်း သူမဘေးမှာ ဝင်ထိုင်လိုက်လေသည်။





"အရမ်း နာနေလား"

"အင်း"

"ကျွန်တော် စူးနေတဲ့ ဖန်ကွဲစလေးတွေ ဆွဲထုတ်မယ်နော်။ မအော်နဲ့ ... ဖြစ်လား"

သူက အရက်ပျံပုလင်းကိုဖွင့်ကာ ဂွမ်းစမှာ အနည်းငယ်တို့ရင်း မေးလိုက်လျှင် သူမက တွန့်ခနဲ ဖြစ်သွားသည်။ ဖန်ကွဲစတွေကို ဆွဲထုတ်ဖို့ ပလာယာအသေးစားလေးကိုလည်း ထုတ်ယူလိုက်လေသည်။

"အင်း ... ဖြည်းဖြည်းတော့ လုပ်နော်"

သူက ဘာမှပြန်မပြောတော့ဘဲ သူမကိုသာ တစ်ချက်ကြည့်ပြီး အားပေးပြုံး ပြုံးပြလိုက်သည်။ လက်ဖဝါးဖြန့်ထားသော သူမရဲ့လက်ကို မကိုင်ဘဲ ဖန်ကွဲစကို နုတ်ဖို့ဆိုတာ သိပ်တော့ အဆင်မပြေပါ။ သူမရဲ့ ဘယ်လက်ကောက်ဝတ်ကိုကိုင်ပြီး သေချာနုတ်မှ ရမည်။ ဒါကို ခွင့်တောင်းပြီးပဲ ကိုင်ရမလား၊ ဆရာဝန်တွေလို ခွင့်တောင်းစရာမလိုဘဲ ဘာသိဘာသာ ကောက်ကိုင်လိုက်ရမလားဆိုတာ သူက ဝေခွဲမရ ဖြစ်နေသည်။

"ကျွန်တော် ခင်ဗျားလက်ကို ထိန်းကိုင်ပြီး ဆွဲနုတ်မှရမယ် ထင်တယ်"

"အင်းပေါ့ ... ရပါတယ်။ ရှင် အဆင်ပြေသလိုလုပ်ပါ"

သူက သူမရဲ့လက်ကောက်ဝတ်ကို ကောက်ကိုင်ကာ စူးနေသော မှန်ကွဲစ လေးစလောက်ကို သွက်သွက်လက်လက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲနုတ်ပေးလိုက်သည်။ သတ္တိကောင်းပုံရသော သူမမှာ တစ်ချက်မှ မအော်ဘဲ အံကြိတ်ခံနေလေသည်။ ဖန်ကွဲစတွေထုတ်ပြီးသောအခါ အရက်ပျံနဲ့ တို့မှပဲ ထွန့်ထွန့်လူးတော့လေသည်။ သူကိုင်ထားသောလက်ထဲက ရွတ်ရုန်းနေသဖြင့် သူက သူမလက်ကို တင်းတင်းလိုက်ဆွဲထားရတာက ရယ်ချင်စရာ ကောင်းလှလေသည်။

"ဟား ဟား ... လက်ကို အတင်းမရုန်းနဲ့လေ မြဘုန်းရဲ့"

"အား ... စပ်တယ် ... စပ်တယ်။ ဖလူး ... ဖလူး"

သူမက စပ်တယ်ဆိုရင်း လက်ဖဝါးကို လေနှင့်တဖူးဖူး မှုတ်နေသေးသည်။ ရှုံ့မဲ့နေသော သူမရဲ့ ရယ်ချင်စရာပုံစံကို တစ်ချက်စိုက်ကြည့်မိရင်း ချစ်စရာကောင်းလိုက်တာဟု တွေးမိသွားလျှင် ရင်မှာ ဖျတ်ခနဲ ခုန်သွားရသည်။ သူက သူမကို မလုံမလဲနှင့် တစ်ချက်ကြည့် သူမက သူ့ကို တစ်ချက်အကြည့်မှာ တစ်ယောက်နှင့်တစ်ယောက် ပို၍နွေးထွေးနီးကပ်သွားသလို ခံစားရပါသည်။

"ဟို ... ဟို"

"ဘာလဲ ... မြဘုန်း"

"24 Hours ဖွင့်တဲ့ ဆေးရုံတစ်ခုခုကို သွားချင်တယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဟို ... ကျွန်မ နောက်ကျောမှာ ဖန်ကွဲစတစ်စ စိုက်နေတယ် ထင်တယ်"

"နောက်ကျော ! "





သူက ပါးစပ်အဟောင်းသားနှင့် အံ့သြသွားရသဖြင့် သေချာအောင် ထပ်မေးမိသည်။

"နောက်ကျောမှာ ဖန်ကွဲစ စိုက်နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ ရှုးပြီးနာနေတယ်၊ လက်ပြင်နားမှာ ထင်တယ်"

"ဟင် ... အဲဒါကို ဆေးရုံသွားမလို့လား။ ကျွန်တော် နုတ်ပေးမှာကို ရှက်လို့လား"

"ဟို ... အဲလိုလည်း ..."

"မရှက်ပါနဲ့ဗျာ၊ ကျွန်တော့်ကို ဆရာဝန်လို့ သဘောထားလိုက်လေ၊ ဆရာဝန်ရှေ့ရောက်လည်း ခင်ဗျား ချွတ်ရမှာပဲ"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ဆရာဝန်ရှေ့ရောက်လည်း အင်္ကျီချွတ်ရမှာကို ပြောတာ"

"အို ... ဒါပေမဲ့ ဟိုက ဆရာဝန်ပဲ၊ ရှင်က ဆရာဝန်မှ မဟုတ်တာ"

"ရော် ... တော်တော်ခေါင်းမာပါလား။ လက်ပြင်နားက ဖန်ကွဲစကို ထုတ်ပေးရတာ ဘယ်လောက်များ အရှက်ကြီးစရာ လိုလို့လဲဗျာ၊ ခင်ဗျား စွပ်ကျယ်ဖြစ်ဖြစ်၊ ကြိုးတစ်လုံး အင်္ကျီဖြစ်ဖြစ် ပြောင်းဝတ်ရင်တောင် အဆင်ပြေပါတယ် ... ဘယ်လိုလဲ"

"ကျွန်မ သွားလဲခဲ့ပါ့မယ်၊ ခဏလေးစောင့်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြန်ထွက်သွားသည်။ ခဏနေတော့ ပဝါတစ်ထည်ပတ်ပြီး ပြန်ရောက်လာလေသည်။ ပဝါကို ဖယ်လိုက်သောအခါ မီးခိုးရောင် ကြိုးတစ်လုံးအင်္ကျီလေးနှင့် သူမရဲ့ဘယ်ဘက်လက်ပြင်မှာ နစ်ဝင်ရူးနေသော ဖန်ကွဲစများကိုလည်း တွေ့ရလေသည်။

တစ်လက်စတည်းမှာ အုံ့သြစရာကိုလည်း တွေ့မြင်လိုက်ရသေးသည်။

"ဘယ်လိုဖြစ်ရတာလဲ မြဘုန်းရယ်"

"ကျွန်မ ခလုတ်တိုက် လဲကျရင် လက်နဲ့ထောက်၊ နောက်ကျောနဲ့လည်း ဖိမိသွားတာ"

"မြဘုန်း ... ခင်ဗျား နောက်ကျောမှာ"

"အဟင်း ... အဲဒါက ဒီလောက် အံ့သြစရာကောင်းလို့လား ဆီဇာရဲ့"

"သိပ်ကောင်းတာပေါ့။ ကြည့်စမ်း ... ကျွန်တော့်ဘဝမှာ ဒီလောက်လှတဲ့ တက်တူးမျိုး မမြင်ဖူးဘူး။ တော်တော်လက်ရာမြောက်တာပဲ၊ ဒါ ... ဒါ ... ခင်ဗျား ... ဘယ်မှာ ထိုးတာလဲ။ ဘာပုံလဲ ... နဂါးလား"

ဆေးဆရာ ဒေါက်တာ တဖြစ်လဲ သူဟာ နောက်ကျောက ဖန်ကွဲစဆူးကို နုတ်ဖို့ထက် သူမရဲ့ ဖြူဖွေးနူးညံ့လှပသည့် ကျောပြင်ထက်က နဂါးပုံတက်တူးကို အတော်ကြီးစိတ်ဝင်စားသွားရလေသည်။ စိမ်းမြလှပကာ အတော်လက်ရာမြောက်သော





နဂါးသည် ကနုတ်အနွယ်နွယ်ဖြင့် သူမကျောမှာ တကယ်အသက်ရှင်နေသည့်အလား အသက်ဝင်လွန်းနေသည်။ သူမကိုလည်း အတော်စိတ်ဝင်စားသွားရပါသည်။

"ကျွန်တော် ဆွဲနုတ်တော့မယ်နော်"

"အင်း"

ဒီတစ်ခါတော့ လက်ဖဝါးကို နုတ်သလောက် မကြာတော့ချေ။ ဆွဲနုတ်အပြီး အရက်ပျံလောင်း၊ ဒဏ်ရာကို ဆေးထည့်ပြီးချိန်ဝယ် အချိန်က ညဉ့်ဆယ့်နှစ်နာရီ ကျော်သွားပြီ ဖြစ်သည်။ သူလည်း အိပ်ချင်စိတ် မရှိတော့သလို၊ သူမလည်း အိပ်ချင်သည့်ပုံ မပေါ်ပါ။ သူက ထင်မြင်ချက်ကို မေးလိုက်သည်။

"ကော်ဖီတစ်ခွက်လောက် သောက်မလား"

"ဟုတ် ... အဟင်း ... ဗိုက်တောင်ဆာလာသလိုပဲ"

"ဟုတ်လား ... ဗိုက်ဆာလား၊ ဘာစားချင်လဲ"

"ဟင် ... ရှင့်မှာ ဘာရှိလို့လဲ"

"ဪ ... ရယ်ဒီမိတ်တွေတော့ ရှိတာပေါ့၊ ဆာရင် ကျွန်တော် တစ်ခုခု လုပ်ပေးမယ်လေ"

"အဟင်း ... အားနာပေမယ့် ကျွန်မ ညစာလည်း ကောင်းကောင်းမစားရလို့ပါ"

အားနာပြုံးလေးနှင့် အဆုံးသတ် ပြောလိုက်သော သူမရဲ့စကားကို နားထောင်ပြီးသောအခါ သူက ပင့်သက်တစ်ချက် ရှိုက်မိသည်။ ဒီမိန်းကလေး ဘဝကို ဘယ်လိုရုန်းကန်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



မှန်း မသိပေမယ့် သနားစရာကောင်းတယ်ဟု သူ့နှလုံးသားက ကရုဏာသက်နေမိသည်။

"အိုခေလေ၊ လာ ... Kitchen ထဲ သွားရအောင်။ ခင်ဗျား က TV ကြည့်နေ ကျွန်တော် ကြေးအိုးအတု လုပ်ပေးမယ်"

"ဘယ်လို ! ကြေးအိုးအတု ... ဟုတ်လား။ ဟက် ... ဟက် ... ကြားလိုက်ရရင် အဆန်းချည်းပါလား"

"အင်း ... ပြီးရင် သိရလိမ့်မယ်"

သူက သူမကို Kitchen ထဲသို့ ဦးဆောင်ခေါ်လာရင်း ထမင်းစားပွဲမှာ ထိုင်စေသည်။ ရိုမှုဖြင့် TV ဖွင့်ပေးလိုက်သော်လည်း သူမက TV မကြည့်ဘဲ စားပွဲမှာမေးထောက်ပြီး သူ့ပြုမူလှုပ်ရှားနေပုံတွေကို ကလေးတစ်ယောက်လို ငေးနေတာမို့ သူကပဲ လုပ်ရင်းကိုင်ရင်း စကားစ,လိုက်သည်။

"ဒါနဲ့ ခင်ဗျားတက်တူးအကြောင်း နည်းနည်းစပ်စုလို့ရမလား"

"များများစပ်စု"

သူမစကားကြောင့် ကြာဆံထုပ် ဖောက်နေရာမှ လှည့်ကြည့်လိုက်လျှင် မေးစေ့ကို လက်နှစ်ဖက်နှင့် ပင့်ထောက်ပြီး သူ့ကို အကြီးကြီးပြုံးပြနေသော သူမကို ခင်မို့ကောင်းစွာ တွေ့လိုက်ရသည်။ ဒီမိန်းကလေးရဲ့ အပြုအမူ၊ အပြောအဆိုတိုင်းကို ချစ်စရာကောင်းတယ်ဟု သတ်မှတ်နေမိတာ ဘာကြောင့်ပါလိမ့်။





"ဒီတက်တူးနဲ့ ပတ်သက်ပြီး ကျွန်မမှာ စိတ်ဝင်စားစရာတွေ အများကြီးရှိတယ်"

"အင်း ... ပြောပြပါဦး"

သူက မုန်ညင်းဖြူသုံးရွက်ကို ခါးဖြင့်လှီးဖြတ်ကာ ရေဇလုံထဲ နှစ်လိုက်သည်။ ငါးဖယ်လုံး ငါးလုံးကို ဆူနေသော ရေနွေးထဲ ပစ်ထည့်သည်။ ညနေက သူ ကြော်ထားသော ကြက်ရင်အုပ်ကို အသားတွေနွှာသည်။ လုပ်ရင်း ကိုင်ရင်း စကားပြောသည်။

"ဒီတက်တူးကို ကျွန်မ ဂျပန်မှာ ထိုးခဲ့တာ"

"သြော် ... ဒါကြောင့် ဒီလောက် လှနေတာကိုး"

"ဒီအရုပ်က ရေနဂါးရုပ်လေ၊ ရေနဂါးကို ကနုတ်နဲ့ရော ထိုးထားတာ၊ တကယ်တော့ တက်တူးထိုးတယ်ဆိုတာ ကိုယ် အရမ်း Crazy ဖြစ်တဲ့၊ သဘောကျတဲ့ အဓိပ္ပာယ်ရှိတဲ့ အရာတွေကိုထိုးတာ ပိုကောင်းတယ်လေ ...

ကျွန်မက Dragon ကို အရမ်း ကြိုက်တယ်၊ စနေသမီးမို့လည်း ဖြစ်မယ် ထင်တယ်။ နောက် ... ရေနဂါးရဲ့ သဘောသဘာဝကိုလည်း ကြိုက်လို့၊ သူက အထီးနဲ့အမတွေ့ရင် တွဲကြည့်တယ်၊ စိတ်တိုင်းကျရင် သဘောကျရင် သေတဲ့အထိ တစ်သက်လုံး အတူနေသွားကြတယ်တဲ့။ တစ်လင်တစ်မယားစနစ်ပေါ့၊ အဲဒါကို သဘောကျလို့ ထိုးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရေနဂါးက အဲဒီလိုတဲ့လား။ ကောင်းလိုက်တာ။ ဂျပန်ဆိုတော့ ယာကူဇာဂိုဏ်းဝင်တော့ မဟုတ်ပါဘူးနော်..., ဟား ဟား"

သူက ရယ်မောပြောဆိုရင်း ရေနွေးဆူထဲသို့ ကြာဆံ ထည့်လိုက်သည်။ Chicken Sausuge ကို ဓားနှင့်တစောင်းလေး တွေ လှီးဖြတ်ပြီး အိုးထဲထည့်လိုက်သည်။ အသားမှုန့်များဖြူးထည့် ကာ မွှေလိုက်ရင်း အဖုံးပိတ်ထားလိုက်လေသည်။ မုန်ညင်းဖြူများ ကို ရေစင်အောင်ဆေးပြီး စစ်ထားလိုက်သည်။ ကြက်သွန်မြိတ် နည်းနည်း လှီးချွတ်ထားလိုက်သည်။

"ဟား ဟား ... ရှင်ပြောရင် ယုံမလား မသိဘူး။ ကျွန်မ က ယာကူဇာတို့ ဘာတို့ အဲလိုသိပ်သဘောကျတာ။ ကျွန်မ ငယ်ငယ်က ဟောင်ကောင်ဂျက်မကားတွေ အရမ်းကြိုက် တာ။ အရမ်းကြည့်ပြီး အဲဒီထဲကလို သိပ်ဖြစ်ချင်တယ် ...

ဘယ်လိုပြောရမလဲ။ အဲဒီလို ဂန်းစတားတွေကို အရမ်းသဘောကျတာ"

"ကဲ ... ဂန်းစတားတွေလည်း ကြေးအိုးတော့ ကြိုက်မှာပါ ဗျာ၊ ရော့ ... သုံးဆောင်လို့ ရပါပြီ"

သူက သူမရှေ့သို့ ပန်းကန်လုံးကြီးနှင့်အတူ ကြွေ ဇွန်းတစ်ချောင်းတပ်ကာ စတီးလ်တူကိုပါ ချပေးလိုက်သည်၊ အစစအရာရာ ပြည့်စုံစေစွာဖြင့် ငါးဖယ်လုံးကို အချဉ်တို့လို့ ရအောင် ချီလီဆော့ထ်ပန်းကန်လေးပါ ချပေးလိုက်လေသည်။





"Woo ! ဒါ ကြေးအိုးအတုတဲ့လား"

"ဟုတ်တယ် ... စားကြည့်"

သူမက မျက်ခုံးပင့်ကာ ညာလက်က ကြာဆံနှင့် အစွက်ကိုညှပ်လျက် ဘယ်လက်က ဇွန်းနှင့်ဟင်းရည်ကို သောက် သည်။ သူကတော့ သူမ ဘာပြောမလဲဆိုတာ မမှိတ်မသုန် အကဲ ခတ်နေလေသည်။

"အိုး ... ကောင်းလိုက်တာ အရမ်းပဲ။ ဆိုင်ကလက်ရာနဲ့ မတူပေမယ့် ဒါက မအီပဲ သောက်လို့ ပိုကောင်းတယ်၊ တစ်ခါမှ မစားဖူးဘဲ အသစ်လိုပဲ၊ ရှင် သိပ်တော်တာပဲ"

"အဟင်း ... တကယ်က ဘာမှ မဟုတ်ပါဘူးဗျာ။ စေတနာကြောင့် စားလို့ကောင်းသွားတာ နေမှာပါ၊ ရယ်ဒီ မိတ် ကြာဆံထုပ်ထဲကို အိမ်မှာရှိတဲ့ အသား၊ ငါးဖယ်လုံး နဲ့ အစွက်တွေ ဘာတွေ ထည့်လိုက်တာပါပဲ။ အဲဒါကြောင့် ကြေးအိုးအတုလို့ ပြောတာ"

"အို ... ဘာပဲဖြစ်ဖြစ် ရှင့်လက်ရာက တကယ် စားကောင်း ပါတယ်၊ ကြည့်ရတာ လက်ဆိပ်ရှိတယ်နဲ့ တူတယ်နော်၊ အဟင်း ... ကောင်းလိုက်တာ"

သူမက ပြောလည်းပြော၊ အားပါးတရလည်း စား သည်မို့ သူက သဘောတကျနှင့် ပြုံးကြည့်နေမိသည်။ သူမ ဗိုက် ဆာနေသည်မို့ များများပြုတ်ပေးထားသော ကြာဆံပန်းကန်ကြီး မှာ ဆယ်မိနစ်အတွင်း ပြောင်သွားလေသည်။ ပန်းကန်သွားဆေး

www.burmeseclassic.com

www.burmeseclassic.com



မည် လုပ်နေသဖြင့် လက်မှဒဏ်ရာကြောင့် သူက မဆေးဖို့ ခွတ် တားရကာ အိမ်ရှေ့ဧည့်ခန်းမှာ သွားပြန်ထိုင်ခိုင်းရသည်။ သူက တော့ နွားနို့နှင့်နှပ်ဖျော်လာသော ကော်ဖီနှစ်ခွက် ယူလာကာ သူမရှေ့မှ တစ်ခွက်ချပေးလိုက်လျှင် သူမက အားတုံ့အားနာဟန် နှင့် ပြောလေသည်။

"အဟင်း ... ဒီနေ့အဖို့တော့ ကျွန်မ ရှင့်ကို တော်တော် ဒုက္ခပေးမိပြီ ထင်တယ်နော်"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ခင်ဗျားအတွက် တကယ် လိုအပ်မယ့် အကူအညီမျိုးမို့ပါ"

"ရှင့်ဗိုက်ထဲမှာ ပုဏ္ဏားရှိလား မသိဘူး။ ကျွန်မ ဒီည အတွက် တကယ်ကို သွေးပျက်ထိတ်လန့်နေခဲ့တာ။ ကျွန်မ အမှောင်ကို အရမ်းကြောက်တယ် ဆိုဇာ။ မှောင်ရင် ကျွန်မ စိတ္တဇ ဖြစ်လာတယ် ...

ကျွန်မက အခန်းထဲမှာ မီးတွေထိန်လင်းနေအောင် ဖွင့်ထားမှ အိပ်ပျော်တဲ့သူ၊ လုံခြုံစိတ်ချတဲ့သူ ဆိုဇာရဲ့။ ကျွန်မဖေဖေဆုံးပြီး သိပ်မကြာခင် မောင်လေးလည်းဆုံး သွားတဲ့အချိန်၊ တစ်ယောက်တည်း စိတ်ချောက်ချားခဲ့ရတဲ့ နေ့တွေ အများကြီး ကျော်ဖြတ်ခဲ့ရတယ်။ အမှောင်ထဲမှာ ရူးမလို ငိုကြွေးခဲ့ရတယ်။ ဒီပရက်ရှင်တွေ ဝင်ခဲ့တယ် ...

အဲဒါကြောင့် ခုနက အမှောင်ချိန်တွေမှာ ကျွန်မ အလိုလိုနေရင်း ကြောက်နေ တုန်နေမိတာ။ အထိတ်ထိတ်





အလန့်လန့်နဲ့ ဟိုတိုက် ဒီတိုက်နဲ့ ဒီလိုတွေ ဖြစ်ရတဲ့အထိ ပါပဲ"

သူမစကားအဆုံးတွင် သူက သက်ပြင်းတစ်ချက်ကို ရှိုက်ကာ မြဘုန်းရဲ့မျက်နှာကိုသာ ငေးနေမိတော့သည်။ ဘဝမှာ တစ်ကိုယ်တည်း ဘယ်လောက်တောင်များ အမှောင်ညတွေကို ကျော်ဖြတ်ခဲ့ရလဲ မိန်းကလေးရယ်။ မိန်းကလေးတစ်ယောက်ကို ကရုဏာသက်လွန်းလှစွာ သူ့ရင်ထဲမှာ လှုပ်ခတ်ထိခိုက်ရပါသည်။ သူမကတော့ ခံစားချက်တွေ ရင်ဖွင့်လိုက်တာ ပေါ့သွားသည့် အလား ကော်ဖီကို ကောက်မော့လေသည်။

"ကော်ဖီက ကောင်းလိုက်တာ။ ခပ်ဆိမ့်ဆိမ့်လေး။ နို့ အရသာရတယ်။ အဟင်း ... ရှင်က ကျွန်မပြောသလိုပဲ တကယ် လက်ဆိပ်ရှိတယ် ထင်ပါရဲ့"

"ခင်ဗျား ကြိုက်တယ်ဆိုရင် ဝမ်းသာပါတယ်"

"အဟင်း ... ကြိုက်တယ်"

သူမက ထက်ထက်မိုးဦးအိုက်တင်လို ပခုံးတစ်ဖက် တွန့်ကာ ချစ်စဖွယ်ကောင်းအောင် ပြောလေသည်။ ပြီးတော့ ကော်ဖီကို တစိမ့်စိမ့် အရသာခံသည့် ပုံစံမျိုးနှင့် သောက်နေတော့ သည်။ သူကလည်း ကော်ဖီတစ်ငုံမော့ရင်း မြဘုန်းရဲ့ဘဝဇာတ် ကြောင်းကို မေးကြည့်ရင် ကောင်းမလား စဉ်းစားနေမိသည်။

"ရှင် မနက် ရုံးသွားရဦးမှာမှလား။ အိပ်ချင်ရင် ကျွန်မ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်ချင်ပါဘူး။ မြဘုန်း အမှောင်ထဲမှာ နေရဲလို့လား"

"အင်း ... ဒီလိုပဲ ငုတ်တုတ်ထိုင်နေရမှပေါ့။ ခုတော့ ဆီဇာနဲ့ စကားပြောလိုက်တာရော၊ ကြေးအိုးအတူစား၊ ကော်ဖီသောက်ရဆိုတော့ စိတ်သက်သာ ရသွားပါပြီ ...

ကျွန်မ နေရဲပါတယ်"

"ကျွန်တော်နဲ့ တစ်ညလုံး စကားပြောနိုင်ရင် ဒီမှာပဲထိုင် စကားပြောလေ"

သူမက သူ့ကို ဖျတ်ခနဲကြည့်ကာ ဘာပြောရမှန်း မသိ တွေဝေနေပုံရသည်။ ပြီးတော့မှ ...

"ရှင် မနက် ရုံးတက်ရဦးမှာမှလား။ ကျွန်မက မနက်ဖြန် ရုံးမသွားတော့ဘူး။ အိပ် မယ် ... ဟီး ဟီး"

"အိပ်မယ်"ဆိုသော စကားကို တစ်လုံးချင်း ပီပီ သသ ပြောကာ တကယ်ကို စိတ်ဒုံးဒုံးချ ပြောဟန်မို့ သူက သဘောတကျ ပြုံးမိသည်။

"မြဘုန်း ကြည့်ရတာ အအိပ်လည်း မက်ပုံပဲ။ မဟုတ်ရင် တော့ စိတ်မဆိုးနဲ့"

"ဟား ဟား ... ဆိုးပါဘူး၊ အအိပ်လည်း မက်တယ်၊ အစားလည်း မက်တယ်။ အလုပ်တွေပြီးလို့ ကိုယ့်ကိုယ် ကိုယ် ကျေနပ်အားရပြီဆိုရင် နေ့တစ်ဝက်နီးပါး အိပ်ပစ် တယ်။ အိပ်ရာကနိုးလာရင် ရန်ကုန်မြို့ရဲ့ အကောင်းဆုံး စားသောက်ဆိုင်တွေမှာ လျှောက်စားပစ်တာပဲ။ ကျွန်မဘဝ





မှာ ခင်တွယ်စရာ သိပ်များများစားစားမှ မရှိတာရှင့်။ ဒီတော့ အာရုံဝင်စား ဓာတ်ကျတာက အိပ်တာရယ် စား တာရယ် အလုပ်ရယ်ပဲ ရှိတော့တယ်"

သူက သွက်သွက်လက်လက် ပြောပြနေသော မြဘုန်း ရဲ့မျက်နှာလေးကိုငေးရင်း ရင်ခုန်နှုန်းတွေ တဒိတ်ဒိတ် တိုးလာ သလို ခံစားရသည်။ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံး မိန်းက လေးပါလားဟု သတ်မှတ်ရသော မြဘုန်းတလူတည်းဟူသော လမင်းတစ်စင်းတွင် သူမ အခင်တွယ်ရဆုံးက အအိပ်နဲ့အစား ဆိုပါလား။

အချစ်ဆိုသော အရာကို သူမ ယောင်လို့တောင် စိတ်မဝင်စားသေးဘူးဟု သူ မာန်တက်ချင်ပါသည်။

"ကျွန်တော့်ကို စပ်စုတယ်လို့မထင်ဘူးဆိုရင် မြဘုန်းရဲ့ ဘဝအကြောင်းကို သိချင်မိတယ်"

သူ့စကားအဆုံးတွင် မြဘုန်းက ဖျတ်ခနဲ တစ်ချက် ကြည့်လာသည်။ ပြီးတော့ အဓိပ္ပာယ်ပါပါပြုံးကာ ပြောလေသည်။

"ကျွန်မအကြောင်းကို စိတ်ဝင်စားလို့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ခုချိန်မှာတော့ ကျွန်မ မပြောပြချင်သေးဘူး"

"ဘာလဲ ... ကျွန်တော်က ခင်ဗျား မယုံကြည်ရတဲ့ မိတ် ဆွေလို့ ထင်နေလို့လား"

သူ့ရဲ့ ဘုတောတော စကားသံကို သူမက မျက်ခုံး ချက်လုံးပြူးပြပြီး တဟက်ဟက် ရယ်မောလေသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့ကို ရွှန်းလဲ့သော အကြည့်များဖြင့် ပြုံးတုံ့တုံ့ကြည့်ကာ ပြောသည်။

"တချို့အရာတွေဟာ ဒီအတိုင်း ပြောပြတာထက် အချိန်တစ်ခုပေးပြီး အချိန်ကျလာမှ ပြောတာက ပိုရသမြောက်ပါတယ်"

"အင်း … ထားပါတော့လေ။ ကျွန်တော်က မြဘုန်းအကြောင်းကို စိတ်ဝင်စားလို့ မေးတာပါ။ ဒါပေမဲ့ မြဘုန်းပြောချင်စိတ်ရှိတဲ့ အချိန်မှပြောတာ ပိုကောင်းပါတယ်"

သူမက ဒါပေါ့ဟူသော သဘောဖြင့် ခေါင်းဆတ်ပြုံးပြသည်။ ကော်ဖီကုန်သွားသောအခါ သူ့ကို နှုတ်ဆက်ပြီးပြန်သွားလေသည်။ သူလည်း အိပ်ရာထဲလှဲကာ အိပ်ဖို့ကြိုးစားပေမယ့် အိပ်မပျော်ခဲ့။ ပြန်ခါနီး သူမ ပြောသွားသော ရေနဂါးတက်တူးရဲ့ လျှို့ဝှက်ချက်တစ်ခုလည်း ရှိသေးတယ် ဆိုတာကိုတွေးရင်း လှပလွန်းသော ရေနဂါးတက်တူးကို မြင်ယောင်ရင်းမိုးလင်း၍ အလင်းရောင် ရောင်နီလာသောအချိန်မှာ သူ အရင်ဆုံးထုတ်မိတာက မြဘုန်းတလူ တည်းဟူသော မိန်းမပျိုလေးကို ချစ်မိနေပြီဟူသော သေချာခြင်းပဲ ဖြစ်လေသည်။

❋ ❖ ❋





(၁၁)

"အိုမိုး … အိုမိုး … ဘာရယ် … ဘာရယ် … ရှင့်တက်တူးကို သူ မြင်သွားခဲ့တယ် … ဟုတ်လား"

ကိုရီးယားရှူး၊ K Pop Crazy စိမ်း တစ်ယောက် ကိုရီးယားလို အိုမိုး … အိုမိုး … အော်ဟစ်နေပုံကို လူလူက ဆူရှီလေးတစ်ခုကို ပါးစပ်ထဲ ထိုးသွင်းထည့်ရင်း အရသာခံကြည့်နေမိသည်။ နေ့လယ်ခင်း ထမင်းစားချိန်မှာ စိမ်းနဲ့ချိန်းပြီး ဂျပန်ဆိုင်သို့ နေ့လယ်စာ လာစားနေခြင်းဖြစ်သည်။

"နေစမ်းပါဦး၊ ရှင်တို့တွေ တစ်ညလုံး သူ့အခန်းထဲမှာ မိုးလင်းခဲ့ကြတာပေါ့ … ဟုတ်လား။ အမယ်လေး … ဘုရားသခင်။ ဘုရားသခင်သာ သိမြင်နိုင်တော်မူမယ့် အမှန်တရားပါ"

"ဟဲ့ … တိတ်စမ်း။ ဘာတွေ လျှောက်ပြောနေတာလဲ"

"အေးလေ … ကျုပ်ကရော ရှင့်ကို ဘာတွေစွပ်စွဲနေလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ။ ဘုရားသခင်သာ သိမယ့် အမှန်တရားပါလို့ ပြောနေတာ"

"နင့်မျက်လုံးက ငါ့ကို ပေါက်ကရတွေ ထင်နေတယ်ဆိုတာ ပြသနေတယ်"

"မပြသပါဘူးဟယ်၊ သိပ် Romantic ဖြစ်တဲ့ အချစ်ဇာတ်ဝင်ခန်းလေးကို နားထောင်ရတော့မလားလို့ပါ"

"အေး … နင် ကြည့် ကြည့်နေတဲ့ ကိုရီးယားကားတွေထဲကလို မင်းသားနဲ့ မင်းသမီး တောထဲမှာ ရောက်သွားလည်း ဘာမှ မဖြစ်တာမျိုး အပြင်မှာ တကယ်ရှိတယ်ဆိုတာ ယုံထားလိုက်"

လူလူက ခပ်တင်းတင်းပြောပြီး ရေညှိဟင်းချိုကို သောက်နေလျှင် စိမ်းက မျက်နှာအိုက်တင် တစ်မျိုးပြောင်းသွားပြန်သည်။

"အေးပါ … ကျုပ်က ရှင့်ကို နောက်နေတာ သိရဲ့သားနဲ့။ ဒါဆို ရှင် သူ့ကို ဒီတက်တူးရဲ့သစ္စာကို ပြောပြလိုက်သေးလား"

လူလူက သောက်လက်စဇွန်းကို ဟင်းချိုပန်းကန်ထဲ ပြန်ချလိုက်ကာ စိမ်းရဲ့မျက်နှာကို သေချာစိုက်ကြည့်ရင်း စိမ်းကို ခေါ်လိုက်သည်။

"စိမ်း"

"ဘာတုံး"





"နင် ညာဏ်ကောင်းအောင် ရုံးပတီသီး များများစားရင်စား၊ ဒါမှမဟုတ်လည်း ကလေးတွေသောက်တဲ့ နူထရီပလပ်စ် သောက်ရင်လည်း သောက်လိုက်"

"ဘာ … အမယ်လေး … ရှင် လူကို ဘလိုင်းကြီး လာဝှန်းနေတာပဲ"

"ဝှန်းတာ မဟုတ်ဘူး။ နင် ညာဏ်နည်းလို့ ပြောနေတာ။ ညကြီးသန်းခေါင် သူ့အခန်းထဲမှာ သွားထိုင်ပြီး ငါ့ရဲ့ တက်တူးသစ္စာအကြောင်း ပြောပြလိုက်ရင် သူ ငါ့ကို ဘယ်လိုထင်မလဲဟဲ့။ နည်းနည်းပါးပါး စဉ်းစဉ်းစားစား ပြောစမ်းပါဦး"

"အင်း … ရှင့်ကို ရေလာဖို့ မြောင်းပေးတယ် ထင်သွားမှာနော်"

"အိမ်း … အိမ်း … ဒါ သုံးဟဲ့ … နော်။ ဒါလေးကို မကြာစဏ သုံးသုံးပေး၊ သံချေးတက်နေမယ်"

လူလူက နားထင်ကို လက်ညှိုးနဲ့ ထောက်ပြပြီး ဆူရှီပြန်စားဖို့ တူကိုကောက်ကိုင်သည်။ စိမ်းက မျက်စောင်းထိုးသည်။ ပြီးတော့ ငါးအစိမ်းကို ပါးစပ်ထဲ ပလုတ်ပလောင်းထိုးထည့်ရင်း ဝူးဝူးဝါးဝါး စကားပြောပြန်သည်။

"ဟယ် … ဘယ်လိုပဲဖြစ်ဖြစ် နင် အဲဒီညက အရမ်းရင်ခုန်ခဲ့ရမှာပေါ့နော်။ ဒီလောက်မိုက်တဲ့ ယောကျ်ားနဲ့ တစ်ညလုံးနီးပါး အတူရှိပြီး ရှင့်ကို ဆေးထည့်ပေးလိုက်၊ ကြာခံ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ပေးလိုက်၊ ကော်ဖီဖျော်ပေးလိုက်နဲ့၊ အမယ်လေး ... ကြယ်တွေကိုရော အတူတူ မငေးခဲ့ကြဘူးလား"

"ကြယ်ငေးဖို့ကတော့ တစ်နေ့နေ့ပေါ့ဟယ်၊ မဝေးတော့တဲ့ တစ်နေ့ပေါ့ ... ဟာ ဟ"

"အောင်မယ် ... ရှင်က သူနဲ့ တစ်နေ့ ချစ်သူတွေဖြစ်သွားမယ်လို့ တကယ် ယုံကြည်ထားတယ်ပေါ့"

စိမ်းရဲ့စကားကို ပြန်မဖြေခင် လူလူ့ရဲ့ မျက်လုံးထဲတွင် ဆီဇာ့ရဲ့ပုံရိပ်တို့က ထင်ဟပ်လာသည်။ သူ့အခန်းကို ရောက်လာသော မိန်းကလေးတစ်ယောက်အပေါ်မှာ မရိုးသားသော မျက်ဝန်းများနှင့် ကြည့်ခဲ့သည်ဟု ခေါင်းစဉ်မတပ်ချင်ပါ။ ကြင်နာ နွေးထွေးသော မျက်ဝန်းများဟုသာ နာမည်တပ်လိုလေသည်။ ကိုယ့်ရင်ထဲမှာ သူနဲ့တွေ့လျှင် လှိုက်ဖိုပျော်ရွှင်သော ခံစားချက်ကို ဘယ်ယောကျ်ားနဲ့မှ မခံစားဖူးဘဲ သူနဲ့ကျမှ ခံစားရသည်ဆိုလျှင် ဒါဟာ **အချစ်**ဟု လက်ခံ၍ရပြီ မဟုတ်ပါလား။

"အင်း ... ထင်တာပဲ"

"ရှင် ... ကောသက်မိုးလျှာကိုရော မေ့ထားနေပြီလား"

"တော်စမ်းပါ။ အဲဒီ ကျက်သရေမရှိတဲ့ နာမည်ကို ဘာလို့ ထည့်ပြောရတာလဲ"

"ဩော် ... မပြောလို့ ရမလား။ ရှင်က အချစ်ရေယာဉ်ကြောမှာ နစ်မျောပြီး အရေးပါတဲ့ ဇာတ်ကောင်တစ်ကောင်ကို မေ့ထားမှာစိုးလို့ သတိပေးနေတာ ...





ကောသက်မိုးလျှာဟာ ရှင့်ထက်အရင် ဆီဇာတိုးဘုန်းဝေနဲ့ ပတ်သက်တဲ့သူ ဆိုတာလည်း သတိရဦး"

"သေချာတာကတော့ ကောသက်မိုးလျှာက ဆီဇာ ဖျော်တိုက်တဲ့ ကော်ဖီတစ်ခွက်ကို သောက်ဖူးမယ် မထင်ပါဘူး"

"အင်းပါ ... ကျုပ်က ရှင့်ကို စိတ်ပူလို့ သတိပေးတာ"

"ငါ သိပါတယ်။ အဲဒီမိန်းမကို ဆီဇာ မချစ်ဘူး"

"ဟား ဟား ... ရှင်က သေချာလှချည်လား"

"မိန်းမတွေမှာ ကိုယ့်ကို ပတ်သက်တဲ့ ယောကျ်ားကိစ္စနဲ့ ယှဉ်လာရင် Six scence တစ်ခု ရှိတတ်ကြတယ် ...

တစ်ခါတလေမှာ ယောကျ်ား တစ်ယောက်ကို ဦးနှောက်နဲ့ အကဲခတ်ရုံတင်မက နှလုံးသားနဲ့ပါ အကဲခတ်ရတယ်"

"ဟား ... တယ်မိုက်တဲ့ ဒိုင်တွေပါလား။ ကြိုက်သွားပြီကွာ"

"သူ ... ငါ့ကို စိတ်ဝင်စားနေပြီဆိုတာ ငါ သိတယ်၊ ဘယ်အရာမှ မသေချာတဲ့ ဒီလောကကြီးထဲမှာ ချစ်တယ်လို့တော့ ငါ တရားသေ မပြောနိုင်ပေမယ့် သူ့မျက်လုံးထဲမှာ သမုဒယအရိပ်တွေ မြင်နေရတယ်။ ပြီးတော့ သူ့စိတ်ထဲမှာ ငါ ရှိတယ်ဆိုတာကိုလည်း အလိုလို ခံစားသိရတယ်လေ ...

သူ ငါ့ဘဝဇာတ်ကြောင်းတွေ မေးတယ် စိမ်း။ ငါ ဘာလို့ တစ်ယောက်တည်း ဖြစ်နေရတယ်၊ ဒီလို တယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း နေရတယ် ဆိုတဲ့အကြောင်းတွေ သူ စိတ်ဝင်စားနေတယ်"

"ဟုတ်လား ... ရှင် ပြောပြလိုက်လား"

"မပြောပါဘူး၊ ဒီအချိန်က ပြောဖို့ အချိန်အခါ မကျသေးဘူး။ ကေသက်မိုးလျှာ အတွက် ငါ သိမ်းထားတဲ့ ဇာက်ဖဲ တစ်ချပ်ပဲ"

"ဟင့် ... ရှင်ကလည်း တက်တူးသစ္စာကြောင်းလည်း မပြော၊ မိသားစုအကြောင်းလည်း မပြောဘဲနဲ့ ဘာတွေ ပြောနေကြလဲ"

"ဒီလိုပဲ တခြားအကြောင်းတွေပေါ့။ ဒီမှာ စိမ်းရဲ့ ... နင် မြဲမြဲမှတ်ထား၊ စကားဆိုတာ များများမပြောတာ ကောင်းတယ်။ သိထားသလောက် မပြောတာ ကောင်းတယ်။ အခြေအနေ အချိန်အခါကိုလိုက်ပြီး စကားတစ်ခွန်းရဲ့တန်ဖိုးက အတက် အကျ ရှိတတ်တယ် ...

လူဆိုတာ အခြေအနေ အချိန်အခါကို ကောင်းကောင်းနားလည်ဖို့ အရေးကြီးဆုံးပဲ"

"အမယ်လေး ... မိလူလူရယ်၊ ရှင်နဲ့ကျုပ်ပဲ နိုင်ငံရေးလုပ်နေတာ ကျနေတာပဲ။ အချိန်အခါတွေရော၊ ပြောသင့် မပြောသင့်တွေရော။ ဘာတွေမှန်းမသိ ရှုပ်ရှုပ်ထွေးထွေးတွေ နားမလည် ဘူး"





"မာယာများတဲ့ လူတွေနဲ့ ရင်ဆိုင်ရမယ် ဆိုရင်တော့ ဒါတွေနားလည်မှဖြစ်မယ် စိမ်း။ ငါလည်း လောကကြီးရဲ့ အကြောင်းကို မသိသေးခင်ကတော့ အရာအားလုံးကို ရိုးစင်းစွာ တွေးခဲ့တာပဲလေ။ ရိုးသားဖြူစင်တိုင်း ကံကောင်းခြင်းတွေ အမြဲရောက်လာမယ်လို့ထင်ရင် နင် မှားသွားမယ်"

ခံစားချက်တွေနှင့် နင့်သီးစွာ ပြောနေသော လူလူ့ကို စိမ်းက တစ်ချက်စိုက်ကြည့်ရင်း စိတ်မကောင်း ဖြစ်လာသည်။ ဒီ သူငယ်ချင်မလေးဟာ အရွယ်နဲ့မမျှအောင် လောကဒဏ်ကို ခံစားခဲ့ရပြီး ဒီလိုအခြေအနေရောက်အောင်လည်း သူ့ဘာသာ ကြိုးစားရုန်းကန်ခဲ့ရတာ ဘေးကနေ အတူကြီးပြင်းလာသည့် စိမ်းက အသိဆုံးဖြစ်သည်။ ဘယ်သူတွေ ဘယ်လိုပဲပြောပြော စိမ်းကတော့ ကိုယ့်သူငယ်ချင်းကို အပြည့်အဝ ယုံကြည်သည်။ လူလူဟာ အရည်အချင်းရှိပြီး ကိုယ့်ဘဝကိုယ် အကောင်းဆုံး တည်ဆောက်နိုင်ခဲ့သော မိန်းကလေး ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ရှင့်အတွက် အမြဲဆုတောင်းပေးနေမှာ၊ လူလူ ... ကျုပ် ရှင့်ကို သာယာတဲ့ဘဝလမ်းခရီးကို လက်တွဲဖော်အစစ်အမှန်နဲ့ လျှောက်စေချင်တယ်။ ဆီဇာက ရှင့်ကို တကယ်မြတ်မြတ်နိုးနိုးချစ်ရင် သိပ်ကောင်းမှာပဲနော်၊ သူနဲ့သာဆို ရှင့်ဘဝကြီး Perfect ပဲ ...

အား ... ကျုပ် ဆုတောင်းပေးနေပါတယ် မယ်လူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ငါ့မှာ ယုံကြည်ချက် ရှိပါတယ်။ ပြီးတော့ အရာရာကို သွေးအေးဖို့လည်း ငါ ကျင့်ယူနေတယ်"

"အင်း ... အရာရာကို သွေးအေးတယ် ဆိုရင်တောင် ရှင် ကေသက်မိုးလျာကို တွေ့ရင်တော့ သွေးအေးနိုင်မယ် မထင်ပေါင်"

"ဟက် ... ဟက်၊ ဒါဆိုရင်တော့ နင် မှားသွားပြီ စိမ်း၊ ငါ အစိက သွေးအေးချင်တာ အဲဒီမိန်းမ ရှေ့မှာပဲ"

"ဘယ်လို ! "

"ဟုတ်တယ်၊ သူ့ကို အရင်လို တွေ့ရင် မျက်နှာကို တံတွေးနဲ့ထွေးချင်စိတ် ရှိရင်တောင် မထွေးဘဲ ပြုံးပြနိုင်ဖို့ ငါ ကျင့်ထားတယ်"

"တယ်ဟုတ်ပါလား၊ ရှင် ဘယ်တုန်းက ဒီလိုပြောင်းလဲ သွားတာလဲ"

"ဆီဇာဟာ ကေသက်မိုးလျာနဲ့ ပတ်သက်တယ် ဆိုတာ သိရပြီးတည်းက၊ နောက် ဆီဇာနဲ့ ပတ်သက်လာရင် ငါက on the elephant ဆိုတာ သိရပြီးတည်းက၊ အကွက် များစွာ ကျောနေတဲ့ ငါဟာ သူ့ကို သွေးအေးအေး ဆက် ရင်ဆိုင်ရတော့မယ်ဆိုတာ ငါကိုယ်ငါ ပြန်သုံးသပ်မိတယ်...

အရင်တုန်းက ငါ့ပုံစံဆိုတာ ကေသက်မိုးလျာကို တွေ့ရင် ပူလောင်ပြီး သူ့မျက်နှာ မမြင်ချင်လို့ ရှောင်သွား ရတာလေ။ ခုတော့ အဲဒီလိုလုပ်မှာ မဟုတ်တော့ဘူး။ ဒီ မိန်းမကို မျက်နှာချင်းဆိုင်ပြီး ပြုံးပြဦးမှာ"





"အေး ... ကောင်းတယ်ဟာ။ တကယ်တမ်း ရှင့်ကို မျက်နှာချင်းမဆိုင်ရဲမှာ သူပဲ ဖြစ်ရမှာလေ။ ရှင် ဒီလို ပြောင်းလဲလိုက်တာ သိပ်မှန်တယ်"

"စိတ်ချ ! ဒီက ရှေ့လျှောက်ငါက မှန်တာတွေပဲ လုပ် တော့မှာ၊ မှန်တာတွေဆိုတာထက် ပရိဆန်ဆန်တွေပေါ့ ဟာ"

ဆူရှီတစ်ခုကို ကောက်ဝါးရင်း ကိုရီးယားရေညှိ ထမင်းလိပ်ကို သွားသတိရမိသည်။ သူ့ကို လူလူ့ဆီသို့ နီးကပ် လာအောင် ဖန်တီးရာတွင် သူ ဘယ်လိုမှ မထင်မှတ်သည့်နည်း လမ်းများနှင့်သာ သူ့နှလုံးသားထဲ နေရာဝင်ယူနိုင်ဖို့ လူလူ ဆန္ဒ ရှိလေသည်။ ထင်မှတ်မထားတဲ့ Surprise တွေကို မကြာခဏ ဖန်တီးပေးခြင်းသည် လူတစ်ယောက်ကို အကြီးအကျယ် ဖမ်းစား စေတတ်သော စိတ်ပညာရပ်တစ်မျိုးဟု အပြည့်အဝ လက်ခံ ယုံကြည်ခဲ့ပြီးသည့် နောက်မှာတော့ ...။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ဖုန်းကို Silent လုပ်ထားသော်လည်း Vibration ကြောင့် စားပွဲပေါ်မှာ တုန်ခါလာလျှင် သူက မသိမသာ ငုံ့ကြည့်မိသည်။ Moe Lay ဟူသော နာမည်ပေါ်နေသည်မို့ ဘာမှမထူးတော့ဘဲ meeting က ပြီးသွားသည်မို့ စာရွက်စာတမ်းတွေ သိမ်းဆည်းကာ ထိုင်ခုံမှအထမှာပဲ Vibration သံကို ပြန်ကြားရပြန်သည်။ ဒီတစ်ခါတော့ သူက ဖွင့်ကိုင်လိုက်လေသည်။

"ပြော ... မိုးလေး"

"ပြော လုပ်မနေနဲ့လေ။ မိုးလေးက ဆိုင်ရောင်ရောက်နေပြီ"

"ဟင် ... ဟုတ်လား။ ခြောက်နာရီ ချိန်းထားတာလေ၊ ခုမှ ငါးနာရီဆယ့်ငါးပဲ ရှိသေးတဲ့ဟာ"

"အင်း ... ဟုတ်ပါတယ်။ ညနေဆို traffic က အရမ်းကျပ်တတ်လို့ အရမ်းကို ဝီရိယထားပြီး ထွက်လာတာ။





စောစောရောက်နေတယ်။ အဲဒါကြောင့် ဆီဇာ့ကို ထွက်လာခဲ့ပါတော့လားလို့ ပြောတာ။ ခုနကလည်း ဖုန်းမကိုင်ဘူး"

"သြော် ... metting လုပ်နေလို့ မိုးလေးရဲ့။ ခုလေးတင်ပဲ ပြီးသွားတာ"

"ဟုတ်လား ... ဒါဆို ထွက်လာခဲ့တော့လေ။ မိုးလေးတစ်ယောက်တည်း"

"ဟုတ်ပြီ။ ကိုယ် ခဏနေ ထွက်လာခဲ့မယ်။ ဒါပဲနော်"

သူက ဖုန်းချလိုက်ရင်း ပခုံးတွန့်မိသည်။ ဒီမိုးလေးလည်း မလွယ်တဲ့ကောင်မလေးပါပဲ။ ခုတလော သူမနဲ့မတွေ့ဖြစ်သလို၊ သူလည်း ဖုန်းမဆက်ဖြစ်သဖြင့် ဒီနေ့ သူ့ရုံးကအပြန် Fuji မှာ ဟော့ပေါ့ကျွေးဖို့ တောင်းဆိုထားသည်မို့ ခြောက်နာရီမှာ တွေ့ကြဖို့ ချိန်းထားကြခြင်းဖြစ်သည်။ သူ့ရုံးက တက္ကသိုလ်ရိပ်သာလမ်းမှာမို့ Fuji ကို ငါးမိနစ်လောက်နှင့် ရောက်နိုင်လေသည်။ လုပ်လက်စ အလုပ်များကို လက်စသတ်ရင်း မြဘုန်းကို သတိရမိသေးသည်။ ဒီတစ်ပတ်တော့ သူမရဲ့ကား ပြန်ရသွားပြီဖြစ်သဖြင့် အပို့အကြိုတာဝန် မရှိတော့ပေမယ့် အရင်တစ်ပတ်က သူမကို ကြိုရမည့်အချိန်များ နွေးထွေးတောက်ပခဲ့ဖူးတာ ပြန်သတိရမိသည်။

ဒါကြောင့်လည်း အရင်က သိကျွမ်းခဲ့ဖူးသော တွဲလာ တွဲသွား မုန့်စားခဲ့ဖူးသော မိန်းကလေးများကို ထပ်ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းနှင့် ခပ်ခွာခွာနေလာခဲ့သည်မှာ မိုးလေးကိုတောင် သူ့အဆက်အသွယ် သိပ်မလုပ်ဖြစ်တော့ပါ။ ဒါပေမဲ့ မိုးလေးဘက်ကတော့ မကြာခဏ ဖုန်းဆက်တာ၊ မုန့်စားဖို့ ချိန်းတာတွေ ရှိခဲ့ပင် ဖြစ်လေသည်။ မိတ်ဆွေတစ်ယောက်လို သဘောထားရင်တော့ ဒီလိုသွားတာ ဘာမှပြဿနာ မရှိဘူး ဆိုပေမယ့် ကိုယ် Propose မလုပ်မှာ သေချာသည့် မိန်းကလေးတစ်ယောက်ကို သူက နှစ်ယောက်တည်း တွဲသွားတွဲလာ သိပ်မလုပ်ချင်တော့ပါ။

အတွေးတွေ ဟိုတွေး ဒီတွေးနဲ့ပဲ Fuji Restaurant သို့ ရောက်လာခဲ့သည်။ မိုးလေးက ဟော့ပေါ့စားမယ်ဟု ပြောထားသဖြင့် သူက ဟော့ပေါ့စားသည့် အခန်းသို့ လျှောက်ဝင်လာခဲ့သည်။

ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေနေတုန်းမှာပဲ သူ့ကို ထိုင်မျှော်နေဟန်ရှိသည့် မိုးလေးက ထိုင်ရာမှထကာ လက်လှမ်းပြလေသည်။

သူက ခေါင်းတစ်ချက်ဆတ်ပြပြီး မိုးလေးရှိရာ စားပွဲသို့ လျှောက်လာခဲ့သည်။ အပြုံးနှင့် ထပ်နှုတ်ဆက်ကာ သူမရှေ့က သူမရှေ့က ခုံမှာဝင်ထိုင်လိုက်လျှင် မိုးလေးဆီကပဲ စကားသံ ထွက်လာလေသည်။

"အင်း ... ခုမှပဲ တွေ့ရတော့တယ်နော် ဆီဇာရယ်"

"ကိုယ် အခုတလော အလုပ်ရှုပ်နေလို့ပါ"





"အဲဒီလို ပြောမယ်ဆိုတာ သိပြီးသား"

"ဩော် ... တကယ်ပါ မိုးလေးရယ်။ တလောက ရုံးမှာ ကော့စ်လေးတွေ တက်နေတာရှိလို့ ဟောင်ကောင်က လူကြီးပါ ရောက်နေတာနဲ့ ကိုယ်တို့ ဒီရက်ပိုင်း meeting တွေ ဆက်တိုက် ရှိနေတာ"

"အင်း ... ဆီဇာတို့ လုပ်နေတဲ့ ပရောဂျက်ကလည်း အကြီးကြီးဆိုတော့ အင်းပေါ့လေ ပင်တော့ ပင်ပန်းမှာပဲနော်"

မိုးလေးပုံစံက ကရုဏာသံလေးနှင့်ဆိုလျှင် ဒီလိုတော့လည်း ဘယ်ဆိုးလို့လဲဟု သူက ပြုံးရသည်။ သူမ ငှဲ့ပေးထားသော ရေတစ်ခွက်ကို မော့သောက်နေစဉ် မိုးလေးက ပွက်ဆူလာသော ဟင်းရည်ထဲသို့ သားငါးတို့ကို ထည့်ပြုတ်နေသည်။ ထည့်နေရင်းမှ သူ့ကို စကားဆက်ဆိုလေသည်။

"အလုပ်တွေ ဘယ်လောက်များများ ကိုယ့်အတွက် relax time တို့၊ Gym time တို့တော့ ရှိသင့်တယ် မဟုတ်လား။ အဲဒီလိုတွေရော ဆီဇာ့မှာ ရှိရဲ့လား"

"အင်း ... ရှိသင့်သလောက်တော့ ရှိပါတယ်။ အလုပ်မှာ သိပ်ပင်ပန်းလာရင် အိမ်ရောက်တာနဲ့ မာမီချက်ထားတဲ့ ထမင်းဟင်းတွေစားပြီး မောမောနဲ့ အိပ်ပျော်သွားတာ များနေတယ် မိုးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီလိုဆို ဝ,လာတော့မှာပေါ့။ အဲ ... ဝ,တာက နောက် Healthy life Style ဘယ်ဖြစ်တော့မလဲနော်။ မိုးလေးက ဆီဇာ့ကို အဲဒီလို မဖြစ်စေချင်ပါဘူး။ အဲဒါကြောင့် ဆီဇာ့ကို Gym လာဆော့ဖို့ ခေါ်မလို့ ... မိုးလေးလည်း သွားဆော့တော့မလို့လေ"

တကယ်တော့ သူဟာ တစ်ပတ်မှာ လေးရက် ငါးရက်လောက် သူတို့ Condo က Gym မှာ သွားဆော့ဖြစ်တယ်ဆိုတာ မိုးလေးကို ပြောလို့မဖြစ်ဘူးလေ။

"အင်း ... မိုးလေးဆော့ရင် ဆော့ပါ။ ကိုယ်က traffic ကို စိတ်ပျက်လွန်းလို့ အိမ်မှာပဲ ကစားဖို့ စီစဉ်ထားတော့တာ။ ရေလည်း အိမ်မှာပဲ ကူးဖြစ်တယ်"

"ဟင် ... အိမ်မှာကစားတော့ ကိုယ်လိုချင်တဲ့ပုံစံ ဘယ်ရမလဲ။ Trainer နဲ့မှ ကိုယ်လိုချင်တဲ့ပုံစံ၊ သူက Train လုပ်ပေးနိုင်မှာပေါ့"

ဒီတစ်ခါတော့ သူက မိုးလေးရဲ့စကားကို ဟက်ဟက်ပက်ပက်ပဲ ရယ်မိလေသည်။ ဒီကောင်မလေး ပြောတဲ့စကားတွေက တစ်ချက် တစ်ချက်တော့ ရယ်ရတယ် မဟုတ်လား။

"ကိုယ့်မှာ လိုချင်တဲ့ပုံစံလို့ မရှိပါဘူး မိုးလေးရယ်။ ကိုယ်က Celebirty မှ မဟုတ်တာ။ Body အရမ်းလှနေတာမျိုး ကိုယ်က တမင်မလိုချင်တာ"





"အမယ်လေး ... တမင်မလိုချင်တာပဲ ရှိရသေးတယ် ... ခစ် ခစ်"

"ဟုတ်တယ် ... တကယ်ပြောနေတာ၊ အင်း ... အသားတွေ ရပြီထင်တယ်။ အရွက်ထည့်လိုက်မယ်"

သူက အရွက်တွေထည့်ပေးနေတုန်းမှာ မိုးလေးက သူ့ကို အကဲခတ်နေတာကိုလည်း သတိထားမိပေမယ့် မသိချင်ယောင်ဆောင်နေမိသည်။ မိုးလေးနဲ့ ပတ်သက်ပြီး သူ့ရဲ့ခံစားချက်ဆိုတာ ဟိုး, စတွေ့ခါစကတော့ ယောကျ်ားပီသတဲ့ ခံစားချက်မျိုးပဲ ရှိခဲ့တာပါ။ ယောကျ်ားပီသတဲ့ ခံစားချက်ဆိုတာက သင့်တင့်လျောက်ပတ် ရှုပျော်ဖွယ်ရှိတဲ့ မိန်းကလေးတစ်ယောက်နှင့် နှစ်ဦးသဘောတူ တွဲရတာ စိတ်ကို Relax ဖြစ်စေခဲ့တာတွေလည်း ရှိခဲ့သည်။ ဒါဟာ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တို့ရဲ့ ကနဦးကြားကာလမို့ ဒီလို အပြာရောင်ကနေလည်း ပန်းရောင်သို့ ကူးပြောင်းသွားတာလည်း ရှိလည်း ရှိတတ်သလို မရှိလည်း မရှိတတ်။ ဘယ်လိုအထာတွေနဲ့မှ အိပ်မက်တွေ မေးခဲ့လျှင် လိပ်ပြာသန့်ခွင့်ရှိသည်ဟု ထင်ပါသည်။

အခုချိန်မှာတော့ သူ ဘယ်လမ်းကို လျှောက်တော့မည် ဆိုတာကို သဲသဲကွဲကွဲ သိမြင်လာပြီးချိန်မှာ တတ်နိုင်သမျှ ဘယ်မိန်းကလေးနဲ့မှ အကြောင်းကိစ္စကြီးငယ် မရှိဘဲ မတွေ့ချင်တော့ချေ။

"ဆီဇာက ဘာလို့ ဘော်ဒီမလှချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မပြောတတ်ပါဘူး။ ကိုယ့်စိတ်ထဲ အဲလို အဖုဖု အထစ်ထစ်တွေနဲ့ မကြိုက်တာပဲ ပြောရမလား။ သာမန် ကျစ်ကျစ်လစ်လစ်နဲ့ ကြည့်ကောင်းရင် တော်ပြီလေ။ အဆီပိုတွေ ဘာတွေ မရှိရင် တော်ပြီ။ သိပ်မလှချင်ဘူး...

အဓိက,က ကိုယ် ကစားတယ်ဆိုတာ ကျန်းမာရေး ကောင်းဖို့၊ သက်လုံကောင်းဖို့ပါ မိုးလေးရဲ့"

"အင်း ... ဟုတ်ပါပြီလေ၊ ရော ... စားလို့ရနေပြီ၊ စားပါဦး၊ စားရင်း ဆက်ပြောတာပေါ့"

မိုးလေးက ပန်းကန်လုံးထဲသို့ Hot Pot ထည့်ပေးရင်း သူ့ကိုကမ်းပေးသည်။ သူက သင့်ခ်ယ္ဟု ဆိုရင်း ဝက်နားရွက်တစ်ဖတ်ကို ဆော့ထ်နှင့်တို့ကာ စားလိုက်သည်။

"ဆီဇာ့ကို မိုးလေး တောင်းဆိုစရာတစ်ခု ရှိတယ်"

"အင် ... ဘာများလဲ"

"မိုးလေး တောင်းဆိုတာကို လိုက်လျောမှာလား"

"ဟော် ... မိုးလေးရယ်၊ မိုးလေး တောင်းဆိုတာက ကိုယ် လိုက်လျောနိုင်တဲ့အရာ ဖြစ်ဦးမှကိုး"

"ဟင့်အင်း ... ဆီဇာ တတ်နိုင်တယ်"

အပိုင်သေချာနေသော ခိုင်ရွှေဝါထီဆိုင် ကြော်ငြာလို ပိပိရိရိ တတ်နိုင်နေသော မိုးလေးကို သူက တစ်ချက်စိုက်ကြည့်လိုက်ရင်း စားလက်စ တူကိုတောင် ချထားပြီး သူမကို စကားပြောဖို့ အားယူမိလေသည်။





"ကဲ ... ပြောကြည့်ပါဦး မိုးလေးရယ်။ ဘာလဲ ဆိုတာ တိတိကျကျ သိရမှ ကိုယ် တတ်နိုင်မတတ်နိုင် သိမှာပေါ့"

"မိုးလေးနဲ့အတူတူ ဝယ်လ်ဒင်တက်ပေးဖို့ပါ။ ကဲ ... ဘာမှ အပန်းကြီးတဲ့ကိစ္စ မဟုတ်ဘဲ ဆီဇာ တတ်နိုင်တယ် ဟုတ်တယ်မလား"

"ဝယ်လ်ဒင် ! ကိုယ်နဲ့မသိတဲ့လူတွေရဲ့ မင်္ဂလာဆောင်ကို ကိုယ် မတက်ချင်ပါဘူး မိုးလေးရယ်"

"ဘယ်သူနဲ့မှ သိစရာမလိုဘူးလေ။ မိုးလေးနဲ့ အဖော်အဖြစ် လိုက်ပေးရုံပါ"

သူက စိတ်လေသွားသဖြင့် ဘာမှထပ်မပြောတော့ဘဲ ဟက်ခနဲ တစ်ချက်ရယ်ကာ တူကို ပြန်ကောက်ကိုင်လိုက်သည်။ အစားစားတာပဲ ကောင်းမည်ထင်ပါသည်။

"ဘယ်လိုလဲ ဆီဇာ။ မိုးလေး ပြောတာ လက်ခံလားဟင်"

"ဝယ်လ်ဒင်က ဘယ်တော့လဲ"

"ဒီလကုန် ဆန်းဒေး"

"ဩော် ... အဝေးကြီး လိုသေးတာပဲ။ အခုနေ ကတိပေးရင်တောင် အဲဒီအချိန်ကျ ဘာကိစ္စပေါ်ပြီး ကိုယ် မကူညီနိုင် ဖြစ်ဦးမလဲ ဆိုတာ မသိရဘူးလေ"

"ဟွန့် ... လုပ်ပြီ၊ ဆီဇာနော် ... ခုတလော မိုးလေးကို သိပ်စိမ်းတာပဲ၊ ဘာတွေ လေစိမ်းတိုက်နေလဲ မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးလေးက စိတ်မကောင်းသည့် အသံလေးနှင့် အားပျော့စွာပြောလျှင် အဲဒီလိုကျတော့လည်း သူက အားနာသွားရသည်။ အခုချိန်မှာ သူ့ဘာသာ အေးဆေးစွာ နေချင်တဲ့စိတ်တွေ ဖြစ်နေသော်ငြားလည်း အရင်ကတော့ မိုးလေးဆိုတာ သူလည်း စိတ်လိုလက်ရ ခင်ခင်မင်မင် တွဲခဲ့ဖူးသော မိန်းကလေးပဲ မဟုတ်လား။ မိန်းကလေးတစ်ယောက်အနားမှ ခွာချင်ရင်လည်း သူမရဲ့ သိက္ခာကို မထိခိုက်အောင် ခွာတာက အန္တရာယ်အကင်းဆုံးဟု သူ နားလည်ရပါသည်။ အင်း … တရားဝင်ရည်းစား ရမသေး သရွေ့တော့ ကြည့်ကျက်ပြီး အကွက်ရွှေ့ရမယ့် ကိန်းပါပဲ။

ချက်ချင်း ဝင်လာသော သတိဖြင့် မိုးလေးကို အလိုက်အထိုက် ဆက်ဆံရတော့မည်မှန်း သိလိုက်သောအခါ စိတ်ကျဉ်းကျပ်မှုကို မသိမသာ စတင်ခံစားရပြီး လွတ်လပ်ပေါ့ပါးသော ခံစားမှုကို တောင့်တလာသည်။ အဲဒီအခါမှာ မျက်လုံးထဲ ပြေးမြင်မိတာက တစ်စုံတစ်ယောက်ဆိုရင် သူမဟာ ဘယ်သူများ လဲ။

❋ ❖ ❋





(၁၃)

လူတစ်ယောက်ရဲ့စိတ်မှာ သားရေး သမီးရေး၊ မိသားစုရေး၊ စီးပွားရေး၊ ပညာရေး စတာတွေ ပြည့်နှက်နေတဲ့ အချိန်လည်း ရှိသလို အဲဒါတွေကို ရှင်းထုတ်စရာမလိုပဲ space ကာလလေး တစ်ခုရှိမှ ရေရှည်အဆင်ပြေမည်ဆိုတာ ဆီဇာရဲ့အယူအဆပဲ ဖြစ်လေသည်။ လူတိုင်းတွင် space ဆိုတာ ရှိရမည်။ စိတ်ထဲက space ပဲဖြစ်ဖြစ်၊ အပြင်က နေရာတစ်ခု space ပဲ ဖြစ်ဖြစ်ရှိမှ lifestyle က ညီညွတ်မျှတမည်ဟု သူက ယူဆလေသည်။ အခုလည်း သူ့ရဲ့ space လေးရှိရာသို့ ထွက်လာခဲ့လျှင် ခံစားမှုက မရိုးဘဲ အေးမြလတ်ဆတ်သွားသည်။

ညေ့ခန်းက ထွက်လိုက်လျှင် မကျဉ်းမကျယ် ဝရန်တာလေးဟာ သူ့အတွက် ဒီအိမ်က space ပဲ ဖြစ်ပါသည်။ အိပ်ရာထဲမှာ လှဲနေတာတောင် သူ့ရဲ့ space မဟုတ်။ ဒီဝရန်တာလေးမှာထွက်ပြီး ညရဲ့လေပြည်ကို ရှူရှိုက်ရတာ၊ ကြယ်တွေကို ငေးရတာ၊ တိတ်ဆိတ်သော အသံကို ခံစားတာ စသဖြင့် အဲဒီ

www.burmeseclassic.com



အခိုက်အတန့်လေးဟာ သူ့ရဲ့ဦးနှောက်ကိုရော၊ အဆုတ်ကိုရော သန့်စင်စေသည်ဟု ထင်ပါသည်။ နှလုံးသားကို သန့်စင်စေခဲ့တာကတော့ သူမနှင့် တွေ့မှပဲ ဖြစ်လိမ့်မည်။ ဒီဝရန်တာလေးကို သူထွက်ရပ်သည့်အခါတိုင်း တစ်ဖက် ဝရန်တာမှာ သူမ ရှိလေမလားဟု အမြဲစောင့်ကြည့်ခဲ့ရသော်လည်း သူမကို ဘယ်တော့မှ မတွေ့ရ။ သူ့ဘက်ကလည်း မြဘုန်း ဝန်ရတာကို ထွက်လာပါလားဟု ဘယ်တော့မှ ခေါ်လိမ့်မည် မဟုတ်ပါ။ ဘာကြောင့်လဲ ဆိုတာတော့ ရေရေရာရာ မဖြေရှင်းတတ်ချေ။

ရင်ထဲရှိတာကတော့ သူ့ရဲ့ space လေးမှာ သူမ ဘာသာ အလိုအလျောက် လာရောက်တိုက်ဆိုင်တာကိုပဲ မျှော်လင့်ရင်ခုန်လေသည်။ ညမှာတိုက်ခတ်လာသော ကာဖွန်ဒိုင်အောက်ဆိုက်ဓါ နည်းပါးသော လေပြည်တွေကို ရှူရှိုက်ရင်း နားထဲမှာ အသံတစ်ခု ကြားလိုက်ရလျှင် သူက ဝေ့ဝဲရှာဖွေမိသည်။ ချောင်းဟန့်သံလိုလို၊ လည်ချောင်းရှင်းလိုက်သလိုလိုနှင့် ဘယ်ကထွက်လာမှန်းမသိသော အသံကို ရှာဖွေနေရာမှ သူ့မျက်လုံးက တစ်ဖက် ဝရန်တာရဲ့ထောင့်လေးမှာ မှိုလျော့ဖြေ ထိုင်နေသော လူရိပ်သဏ္ဍာန်ကို သွားမြင်သည်။

ဒါ ဘယ်သူလဲ။ မြဘုန်းရဲ့ဝရန်တာမှာ မှိုလျှော့ဖြေ ကျုံ့ကျုံ့လေး ထိုင်နေပုံဟာ မြဘုန်းမှလွဲပြီး တခြားသူ မဖြစ်နိုင်ဘူးဟု ထင်ပါသည်။ မြဘုန်းကို အမှောင်ထဲမှာမို့ ရုတ်တရက် သူ မမြင်ခြင်းဖြစ်သည်။





"မြ … ဘုန်း"

သူက ခပ်အုပ်အုပ် ခေါ်မိလျှင် တစ်ဖက်က လူးလွန့်လာသည်။ မြဘုန်းက သူ့ကို ကျောပေးထားသည်မို့ သူမကလည်း သူ ရပ်နေတာကို မြင်မှာမဟုတ်ချေ။ ခုတော့ သူ ခေါ်လိုက်သံကြောင့် သူမက လှုပ်ရှားလာသည်။ ဒီဘက်သို့ ခေါင်းငဲ့ကြည့်လိုက်လျှင် အလင်းရောင်သဲ့သဲ့အောက်မှာ သူမရဲ့မျက်နှာကို မြင်လိုက်ရသည်။ မြဘုန်းရဲ့မျက်လုံးတွေက ညအလင်းအောက်မှာပဲ အရည်လဲ့နေတာကို မြင်တွေ့လိုက်ရလျှင် သူ့စိတ်ထဲ စိုးထိတ်သွားရသည်။

"မြ … မြဘုန်း"

"ဩော် … ဆီ … ဇာ …"

သူမက သူ့ကိုမြင်သွားတော့မှ လူးလဲထသည်။ ဩော် … ဆီဇာလို့ ပြောလိုက်သံက ပုံမှန်အသံ မဟုတ်ဘဲ ခပ်အစ်အစ် ဖြစ်နေသည်။ သူမ ငိုနေတာလား။ ဘာတွေခံစားနေရတာလဲ။ သူ စိတ်မကောင်းစွာဖြင့် ရင်ထဲ တစ်ချက်နင့်သွားရသည်။ မိဘမရှိ၊ ဆွေမရှိ မျိုးမရှိ တစ်ယောက်တည်း ရပ်တည်နေရသော ဒီမိန်းကလေးမှာ အခက်ခဲ အပင်ပန်းဆုံး အချိန်တွေလည်း ရှိမှာပဲ။

"မြဘုန်း ဘာဖြစ်နေတာလဲ။ တစ်ခုခုများ ဖြစ်နေလား၊ အဆင်ပြေရဲ့လား"

"ဟုတ် … ပြေပါတယ်"

www.burmeseclassic.com



ပြောပါတယ်ဟု ပြန်ဖြေသံက ခပ်အစ်အစ်၊ ခပ်အုပ်အုပ်မို့ သူက မသိမသာ သက်ပြင်းရှိုက်မိသည်။

"ခင်ဗျား ငိုနေတာတော့ မဟုတ်ပါဘူးနော်"

"မငိုပါဘူး"

မငိုပါဘူးဟုဆို၍ အနည်းငယ် စိတ်သက်သာရာရမလို ဖြစ်ပြီးမှ ဆက်ပြောလိုက်သော စကားကြောင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

"မျက်ရည်ပဲ ကျတာ"

"ဘယ်လို ! ဘာထူးလဲ မြဘုန်းရယ်၊ အတူတူပဲ မဟုတ်ဘူးလား"

"မတူပါဘူး၊ ငိုချင်တယ်ဆိုတာ ရင်ထဲက ဝမ်းနည်းစိတ်က လှိုက်တက်လာပြီး ငိုချင်တဲ့စိတ်က တကယ်ဖြစ်လာတာ။ အဲဒီအခါမှာ ငိုချလိုက်ရတယ်ဆိုတာဖြစ်တာ။ မျက်ရည်ကျတယ် ဆိုတာကတော့ ငိုချင်တဲ့ ဝမ်းနည်းတဲ့စိတ် မရှိလည်း တခြားထိခိုက်စရာ တစ်ခုခုနဲ့ မျက်ရည်က သူ့အလိုလို ကျလာတာလည်း ရှိတာပဲ"

အသံခပ်အစ်အစ်နှင့် ရှုပ်ပုပ် ရှင်းပြနေသော မပိုးတဝါး သူမရဲ့မျက်နှာကို မသဲမကွဲ လိုက်ဖမ်းကြည့်ရင်း ဘာအရောင်မှ မပါသော မိတ်ဆွေစိတ်နှင့်တောင် သူမရဲ့လက်လေးတစ်ဖက်ကို ဖျစ်ညှစ်ပြီး အားပေးလိုက်ချင်ပါသည်။

"မြဘုန်းမှာ ဘာစိတ်ညစ်စရာတွေ ရှိနေလို့လဲ"





"ဒီလိုပါပဲ"

"ကျွန်တော်ကို ပြောမပြချင်တာလား၊ ပြောပြချင်ပေမယ့် ပြောဖို့ကောင်းပါ့မလားလို့ တွေဝေနေတာမျိုးလား"

သူမက တစ်ခဏ ငြိမ်သက်သွားကာ စဉ်းစားသလိုရှိသည်။ ပြီးတော့မှ သူ့ကို ငေးမောစွာ ကြည့်လာသည်။ မျက်ဝန်းတွေက စိုလက်ပြီး ဆံနွယ်တွေက လေနှင့်တဖျပ်ဖျပ် လွင့်ဝဲနေပုံ၊ တီရှပ်အနက်၊ ချည်သားဘောင်းဘီပွပွကို လေတိုးတိုက်ခတ်သဖြင့် တဖျပ်ဖျပ် ခတ်နေပုံကအစ သူ့မျက်လုံးထဲဝယ် ကဗျာတစ်ပုဒ်လို ဖြစ်နေသည်။

"ပြောမပြချင်တာတော့ မဟုတ်ပါဘူး"

"ဒါဆို ပြောဖို့မသင့်ဘူးလို့ တွေးနေတာလား"

"အဲဒီလိုလည်း မဟုတ်ဘူး ထင်တာပဲ"

သူမဘာသာ ဘာဖြစ်ချင်နေမှန်း မသိသော သူမလေးကို သူက ချစ်စနိုးဖြစ်စွာပဲ ဟက်ခနဲ ရယ်မိလေသည်။ သူ ရယ်တာကို သူမက အူကြောင်ကြောင် ပြန်ကြည့်နေပုံကို သူက တော်တော်အသည်းယားသွားရသည်။ သူမကို အခါများစွာက သွက်လက်တက်ကြွသော ပုံစံမျိုးနှင့်သာ အမြဲမြင်တွေ့ခဲ့ရသဖြင့် ခုလို အူကြောင်ကြောင် ကြောင်တောင်တောင် မျက်ဝန်းလေးများကို လွန်စွာချစ်မြတ်နိုးစိတ် ဖြစ်သွားရပါသည်။

"မြဘုန်းကို တစ်ခုမေးမယ်"

မေးလေ ဟူသော ပုံစံဖြင့် သူမက မေးဆတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြဘုန်းစိတ်မှာ Space ရှိလား"

"Space ! "

သူမက သံယောင်လိုက် ရေရွတ်ရင်း မျက်မှောင်လေး မသိမသာကြုတ်သွားပုံထောက် Space နှင့် ပတ်သက်ပြီး ထူးခြားမှု မရှိဘူးဟု ယူဆထင်မြင်ရမည် ဖြစ်ပါသည်။

"ကျွန်တော် တွေးမိတဲ့ အတွေးတစ်ခုပါ။ Space ဆိုတာ ကျောင်းသားကျောင်းသူပဲဖြစ်ဖြစ် အလုပ်လုပ်နေတဲ့သူပဲဖြစ်ဖြစ်၊ အိမ်ရှင်မပဲဖြစ်ဖြစ် လိုအပ်တယ်။ စိတ်ရဲ့ Space ပေါ့။ နေ့စဉ်ဘဝရဲ့ အလုပ်တွေ လုပ်နေရင်းနဲ့ပဲ Space တစ်ခုကို ဖြတ်ကျော်ရမယ်။ Space မရှိရင် လူက မွန်းကျပ်လာမယ် ...

ဥပမာ ... အိမ်ရှင်မတစ်ယောက်ဟာ အိမ်အလုပ်တွေနဲ့ အရမ်းပင်ပန်းပြီး မီးပူတိုက်ရင်း ကိုရီးယားကားလေး ထိုင်ငေးပြီး ဘဝအမောတွေ တစ်နာရီလောက် မေ့သွားတာ သည်လည်း သူ့ရဲ့ Space ပေါ့။ Taxi သမားတစ်ယောက် အငှားကြေး မရသေးလို့ စိတ်ညစ်နေချိန်မှာ သူကြိုက်တဲ့ သီချင်းတစ်ပုဒ် FM ကလာလို့ သူ စိတ်ပါလက်ပါ လိုက်ဆိုနေချိန်ကလည်း သူ့ရဲ့ Space ပဲ ...

ကျွန်တော် မေးချင်တာ မြဘုန်းရော အလုပ်ထဲမှာ အဲဒီလို Space တွေ ရှိလားလို့"

"အင်း"





သူမက မျက်မှောင်ကုတ်ကာ စဉ်းစားနေပုံကိုကြည့်ရင်း သူက ခိုးပြုံးမိသည်။ အဲဒါကိုက မင်းကို ကိုယ်ပေးလိုက်တဲ့ Space ပဲလေ မြဘုန်း။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိ စိတ်ရှုပ်ထွေးမှုထဲက ခဏထွက်လာစေတဲ့ Space တစ်ခုပဲပေါ့။

"ရှိတာပေါ့"

လက်ညှိုးတစ်ချောင်းထောင်ပြီး သွက်သွက်လက်လက် ပြန်ပြောပုံကြောင့် သူက လှစ်ခနဲ ပြုံးရသည်။ ချစ်ဖို့ကောင်းပေစွ။ အင်း ... ပြောပါဦး ဟူသော ပုံစံဖြင့် သူက မေးဆတ်ပြလိုက်လျှင် သူမက ဆက်ပြောသည်။

"ကျွန်မ အလုပ်ထဲမှာ ခေါင်းကိုက်နေရင် စိမ်းနဲ့ချိန်းပြီး ကိုယ်အရမ်းကြိုက်တဲ့ အစားအသောက်တစ်ခုခု ထွက်စားလိုက်တာ ကျွန်မရဲ့ Space ပေါ့ ...

အာရုံတွေ သိပ်ညောင်းလို့ တစ်ကိုယ်လုံးပါ ညောင်းလာပြီဆို မာဆတ်ဝင်ပစ်လိုက်တာလည်း Space ပေါ့"

"အင်း ... မြဘုန်း ပြောတာတွေက ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်တော့ ဟုတ်ပါတယ် ဆိုတော့ သိပ်တော့ လက်မခံချင်သေးပုံပဲ"

"အဟင်း ... အဲဒီလို မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ Space ဆိုတာ အပြင်ကိုတောင် ထွက်စရာမလိုတဲ့ ကိုယ့်အနားမှာပဲ Space ကို ဖန်တီးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား၊ ဘယ်လိုမျိုးပါလိမ့်"

"ကျွန်တော့်ရုံးခန်းမှာ အပင်လေးတွေ ရှိတယ်၊ သူတို့ကို ရေလောင်းပေးတာ ဆေးထည့်ပေးတာ စိတ်ဝင်တစားကြည့်တာ ကျွန်တော့် Space ပေါ့"

"သြော် ... ရှင်က အပင်စိုက်တာလည်း ဝါသနာပါတာကိုး"

"ဟုတ်တယ်၊ စိတ်ဖိစီးမှု အရမ်းနည်းတဲ့ လူတွေကို လေ့လာဆန်းစစ်ကြည့်ရင် ဝါသနာပါတဲ့အရာ တော်တော်များများ ရှိတဲ့လူတွေ ဖြစ်တာကို တွေ့ရတယ်တဲ့"

"ဟုတ်လား ... ကျွန်မလည်း အအိပ်နဲ့အစား ဝါသနာပါတယ်လေ"

"ဟင် ... ဟား ဟား ဟား"

"ရှင် ဘာရယ်တာလဲ၊ လှောင်တာလား"

"မဟုတ်ရပါဘူး၊ အဲဒါက ဝါသနာလို့ ပြောလို့ ရလို့လားလို့ စဉ်းစားမိတာပါ"

"ဟွန်း...ကျွန်မဝါသနာပါတာ နောက်နှစ်ခု ရှိပါသေးတယ်"

"ဟုတ်လား ... ပြောပြ"

သူက ဝရန်တာလက်ရန်းမှာ လက်နှစ်ဖက်ကို ထောက်ကာ ကိုယ်ကိုခါးကိုင်းထားတာဖြစ်ပြီး သူမမျက်နှာကို မော့်ငေးနေသလို ဖြစ်နေပါသည်။ ဆံနွယ်တွေကို တစ်ဖက်သို့ အကုန်စုသိမ်းလိုက်ဟန်ကို ကဗျာတစ်ပုဒ်နှယ် ခံစားနေမိသည်။

"အနုပညာခံစားတာရယ်၊ Gym ကစားတာရယ်"





"ဟုတ်လား ... အနုပညာ ခံစားတာ ဘာတွေများပါလိမ့်"

"ရှင်က တစ်နေ့က ကျွန်မအခန်းကို မီးပျက်တုန်းရောက်လို့ မမြင်ရတာ။ ကျွန်မ အခန်းထဲမှာ ပန်းချီကားတွေရှိတယ်။ ပန်းချီကြိုက်တယ်၊ နောက် ရုပ်ရှင်တွေ၊ ကိုရီးယားစီးရီးစ်တွေ စွဲတယ်၊ သီချင်းနားထောင်တယ်၊ စာဖတ်ရတာကြိုက်တယ်။ Real Life, Raal Stories လို စာအုပ်မျိုးတွေ အရမ်းကြိုက်တယ် ...

Gym ကတော့ ကျွန် Fitness ဖြစ်ဖို့အတွက် စိတ်ဖိစီးတာတွေ သိပ်များလာရင် အရမ်းပြေးပစ်လိုက်ပြီး နှလုံးသားတစ်ခုလုံး ပေါက်ထွက်တော့မလို မောဟိုက်သွားရတာကို ကြိုက်တာ"

သူမက စိတ်လိုလက်ရ ပြောပြနေလျှင် သူက သဘောတကျ ငေးနေရသည်။ ဒါကြောင့်လည်း Gym မှာ စိတ်ထွက်ပေါက်ယူထားသော သူမရဲ့ခန္ဓာကိုယ်ဟာ အဆီပိုဟူ၍ တစ်စက်မှမရှိဘဲ ကျစ်ကျစ်လစ်လစ် တောင့်တောင့်တင်းတင်း ရှိလှသည်။ ကိုယ် စိတ်ဝင်စား ရန်ခုန်မိသော မိန်းကလေးမို့ ခန်းတင် မဟုတ်ဘဲ သူမရဲ့စိတ်ထွက်ပေါက်တွေက မိမိရဲ့ကိုယ်ရည်ကိုယ်သွေးကို Upgrade လုပ်နိုင်တဲ့ အရာတွေမို့ သူ ချီးကျူးလေးစားရသည်။ စိတ်ဖိစီးလာရင် အရက်သောက်ပြီး ကလပ်မှာ သွားက,လိုက်တယ် ဆိုတာထက်စာရင်တော့ သူမကို ပိုအသိအမှတ်ပြုချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြဘုန်းရဲ့ ထွက်ပေါက်တွေက တကယ့် အမှန်အကန်တွေချည်းပဲ"

"မိဘမရှိ ညီအစ်ကို မောင်နှမ သားချင်း မရှိပေမယ့် ရှိတဲ့ ဆွေမျိုးအသိုက်အဝန်းကလည်း ကောင်းတဲ့သူတွေ မဟုတ်ကျတော့ ကျွန်မ အရမ်းစိတ်ဓာတ်ကျရတဲ့ အချိန်တွေရှိတယ်၊ ဒါပေမဲ့ အလုပ်နဲ့ဘဝကို တည်ဆောက်ခြင်းဆိုတဲ့ ဒေါက်တာမတင်ဝင်းရဲ့ စာအုပ်လေးကို ကျွန်မ ငယ်ငယ်က ဖတ်ဖူးထားတာ ရှိတယ် ဆိဗာ ...

ရှင် ပြောသလိုပဲ၊ ကျွန်မ သိပ်စိတ်ညစ်လာရင်၊ စိတ်ဖိစီးမှုတွေ များလာရင် ထွက်ပေါက်တစ်ခု လိုအပ်တယ်ဆိုတာ သိတယ်။ အန္တရာယ်မရှိတဲ့ ထွက်ပေါက်ဖြစ်ဖို့ အရေးကြီးတယ်လို့ စဉ်းစားပြီး Gym ဘက်ကို အာရုံစိုက်ပစ်တာပဲ။ ကျွန်မ တစ်ယောက်တည်း ရပ်တည်ရတဲ့ဘဝမှာ လောကဓံကို ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်ဖို့ဆိုတာ ကျန်းမာနေမှ ဒေါင်ဒေါင်မြည်မှ ဖြစ်မှာလေ"

အဲဒီစကားကိုတော့ သူမက မဲ့ပြုံးလေး အနည်းငယ်စွက်ပြီး ပြောတာဖြစ်ပါသည်။ ခင်ဗျား ဘာတွေခံစားနေရလဲ မြဘုန်းရယ်။ ခင်ဗျား ဘေးမှာ မဆုံးနိုင်တဲ့ အကြင်နာတွေနဲ့ နှစ်သိမ့်ပေးချင်လိုက်တာ။

"မြဘုန်းမှာ အခက်အခဲတစ်ခုခု ရှိတယ်ဆိုရင် ကျွန်တော်တတ်နိုင်တာဆို ကျွန်တော် ကူညီပေးချင်တယ်"





"ဟင့်အင့် ... ကျွန်မမှာ ဘာအခက်အခဲမှ မရှိပါဘူး"

"ကျွန်တော့်ကို အားနာလို့လား၊ ကျွန်တော် ..."

သူ့စကားတောင် မဆုံးသေးဘဲ သူမက ဖြတ်ပြောသည်။

"အားနာလို့ မဟုတ်ပါဘူး။ ဒီရှေ့မှာ ရှင့်ကို ကျွန်မ အားမနာစတမ်း အကူညီတောင်းခဲ့တာတွေ အများကြီးပဲလေ"

"အဲဒါဆိုလည်း ..."

"အဲဒီလို အခက်အခဲမျိုး မဟုတ်ပါဘူး။ ဒီလိုပါပဲ ဆိဗာရယ်၊ ကျွန်မမှာ ဒီလို တင့်တောင်းတင့်တယ် နေနိုင်ဖို့ အလုပ် အရမ်းကြိုးစားခဲ့ရတယ်၊ လုပ်ငန်းခွင်ကို ကျွန်မ ကိုယ်ပိုင်လုပ်ငန်းလို သဘောထားပြီး စိတ်နှစ်ခဲ့တယ်၊ အဲဒီအတွက် ကျွန်မ သူ့ဌေးကလည်း အရမ်းအားကိုး မြှောက်စားခဲ့တာပေါ့။ ဒါပေမဲ့ ရှင် စဉ်းစားကြည့် ဆိဗာ၊ မိဘအုပ်ထိန်းသူ မရှိတဲ့ မိန်းမပျိုတစ်ယောက် ဒီလိုအောင်မြင်ဖြစ်ထွန်းလာရင် ပိုင်ဆိုင်မှုတွေ များလာရင် လူတွေက ချီးကျူးဖို့ထက် သွားပုပ်လေလွင့်ပြောဖို့က အရင်တွေးကြည့်ကြတာပါ။ သူ့စိမ်းထက် အမျိုးတွေက အရင်ပြောမှာ"

သူက လေးလေးနက်နက် နားထောင်နေဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြမိသည်။

သူမက ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်လည်း နိုင်ငံခြားသားနဲ့ လက်တွဲအလုပ် လုပ်နေတဲ့သူပဲ။ နိုင်ငံခြားသားလက်အောက်မှာ ချွန်ထွက်နေအောင် တော်မှရတယ်။ ကျွန်မက ဒီနိုင်ငံရဲ့သဘောသဘာဝ လူကြီးလမ်းကြောင်းတွေ ကျွမ်းကျင်တယ်။ တရုတ်ကုမ္ပဏီမှာ အလုပ်ရပြီဆိုတာနဲ့ တရုတ်စာ ပြေးသင်တယ်။ အဲဒါတွေ ဆီမှာ လုပ်ငန်းပရောဂျက်တွေရအောင် ပေါင်းကူးပေးနိုင်တဲ့ ကျွန်မကို သူဌေးက ဘယ်လောက်မြှောက်စားမလဲ၊ ရှင် စဉ်းစားကြည့် ...

ကျွန်မက နေ့စဉ်နဲ့အမျှ ကိုယ့်အရည်အချင်းတွေကို ပြည့်နေအောင် ဖြည့်နေတဲ့သူလေ။ ကျွန်မကို သူဌေးရဲ့ ပြိုင်ဘက်ကုမ္ပဏီတွေကတောင် လိုချင်နေတာ၊ ဒီလိုမိန်းမ တစ်ယောက် ကြီးပွားချမ်းသာလာတာ အရည်အချင်းစစ် တစ်ခုကြောင့်လို့ လူတွေ မြင်မပေးနိုင်တာ တော်တော်ဆိုးတာပဲ ...

မြင်မပေးနိုင်တာတော့ မဟုတ်ပါဘူး။ တချို့လူတွေ အောင်မြင်လာရင် မုဒိတာပွားမပေးနိုင်ဘဲ ဘယ်လိုအပုပ်ချရမလဲဆိုတာ ရှာကြံပြောထွက်ကြတာကို အံ့သြတာပါ"

ပြောရင်း သူမအသံက တုန်ယင်လှိုက်ဝင်သွားလျှင် သူက အခြေအနေတစ်ခုကို သဘောပေါက်ရပါသည်။ အလုပ်မှာ တော်ပြီး အောင်မြင်မှုတွေ ပိုင်ဆိုင်မှုတွေ များလာသော သူမကို သိက္ခာပိုင်းဆိုင်ရာ ပုတ်ခတ်မှုတွေ ရှိနိုင်မည်ဟု သူ ယူဆသဘောပေါက်ရသည်။





"အဲဒါကြောင့် ခင်ဗျား မျက်ရည်ကျနေရတာလား မြဘုန်း"

သူက သူမမျက်နှာကို နှင့်နှင့်သီးသီး စိုက်ကြည့်ပြီး မေးမိလျှင် သူမက သူ့ကို တန်ပြန်စိုက်ကြည့်နေသည်။ သူမ မျက်ဝန်းတွေနှင့် တည့်တည့်ဆုံရတိုင်း ရင်ခုန်သံတွေ ပူနွေးလာတာ သူ မခံစားဘူးသေးတဲ့ အတွေ့အကြုံသစ်တစ်ခုပဲ ဖြစ်ပါမည်။

"ခင်ဗျားကို မနာလိုလို့ ပြောတဲ့သူတွေရဲ့ စကားကို ဘာလို့ ဂရုစိုက်နေမှာလဲ။ အခု ဒီလို မျက်ရည်ကျနေတာကို သူတို့သိရင် ဘယ်လောက်ဝမ်းသာကြမလဲ"

"အို ... သူတို့ရှေ့မှာတော့ ကျမလားရှင့်။ မော်ချီနေတာပေါ့။ အဲလို မော်ချီပြီး ဝင်ဒါမီယာထဲက မြေကွက်ကို ဝယ်ခဲ့လို့ ဒီလို သပုပ်လေလွင့် ပြောတာ"

"ဝင်ဒါမီယာထဲက မြေကွက် ! "

"ဟုတ်တယ်။ တလောက ပရောဂျက်အကြီးတစ်ခု ကျွန်မ ရအောင်လိုက်ပေးလိုက်လို့ သူဌေးပေးတဲ့ ဘိုးနပ်စ်ရယ်၊ ကျွန်မက စုထားတာလေးတွေ ပေါင်းပြီး အဲဒီမြေလေး ဝယ်လိုက်တာပါ။ ကျွန်မ အိမ်ဆောက်ပြီး ငှားစားဖို့ပဲ စိတ်ကူးရှိတာ။ တစ်ယောက်တည်းမို့ သွားနေဖို့လည်း စိတ်ကူးမရှိဘူး။ တကယ်တော့ အဲဒီမြေကို ကျွန်မအဒေါ်က လိုချင်နေတာ။ သူ့လက်ထဲ ပိုက်ဆံက မပြည့်သေးလို့ ပိုင်ရှင်ကလည်း ငွေလိုနေလို့ထုတ်တာ။ သူ ငွေမပြည့်တာ ဘယ်စောင့်နိုင်မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ငွေပေးတော့ ကျွန်မကို ရောင်းတာပေါ့။ ဒါကို ကျွန်မကပဲ သူဌေးကီပင်ဖြစ်နေလို့ ဝယ်နိုင်တာဆိုတဲ့ အချိုးမျိုးနဲ့ ပြောသွားတာ ဆိုတာလေ အိမ်ရှင်အရှေ့မှာပါ။ ရှင်ပြောသလို ဂရုမစိုက်ဘူး ဆိုပေမယ့် အဲလောက်ကြီး အောက်ကျန်းကျကျ စော်ကားနေတော့လည်း ကိုယ့်ထက် အကြီးမို့ ဘာမှလဲ လုပ်မရ စကားများ ရန်ဖြစ်ရုံအပြင် ပိုတာမို့ တစ်ခါတလေကျတော့လည်း စိတ်ညစ်လို့ပါရှင်"

တကယ့်ကို စိတ်ထိခိုက်ဟန်ဖြင့် တုန်ခါသွားသော နောက်ဆုံးစကားသံကြောင့် သူ့ရင်ထဲ တော်တော်ပဲ မကောင်းဖြစ်သွားရလေသည်။ ဘာကြောင့်မှန်း မသိဘဲ သူမရဲ့သိက္ခာတရားကို သူ အကြွင်းမဲ့ ယုံကြည်မိတာကတော့ မျက်ကန်းအချစ်ကြောင့် မဟုတ်နိုင်ပါ။ သူမကို သူ နက်နက်ရှိုင်းရှိုင်း ယုံကြည်ခဲ့သည်။ သူမ တကယ် ရိုးသားစစ်မှန်တဲ့ မိန်းမပျိုတစ်ယောက် ဆိုတာကို ပေါ့။

"စိတ်မညစ်နဲ့ မြဘုန်း"

"........"

"ကျွန်တော် ခင်ဗျားကို အပြည့်အဝ ယုံကြည်တယ်"

သူမက သူ့ကို မျက်လုံးလှန်ကြည့်ပုံမှာ အသည်းယားစရာ။ သူ့ရင်ထဲတွင် နွေးပြီးလှိုက်ဖို လာပါသည်။ ရင်ထဲက လှိုက်ဖိုခံစားချက်ဟာ မျက်လုံးမှာ ဘယ်လိုအရိပ်ယောင် ထင်နေသလဲတော့ မသိချေ။





သူ့ကိုကြည့်နေသော မြဘုန်းရဲ့ အကြည့်တို့မှာ တဖျပ်ဖျပ် လက်လာပြီး နှုတ်ခမ်းတွေက စူတော့မလို တစ္ဆရှဖြစ်လာသည်။

"ရှင် ယုံတာ ကျွန်မက ဘာလုပ်ရမှာလဲ"

"ကျွန်တော် ယုံတာ မယုံတာ ခင်ဗျားအတွက် အရေးမပါဘူးလား မြဘုန်း"

သူ့အသံက တိုးခတ်ခတ် လေပြည်က ခပ်သဲ့သဲ့။ ညက ပိုတိတ်ဆိတ်ပြီး ပိုအေးမြလာသလို သံလိုက်လို ဆွဲငင်သော တစ်စုံတစ်ရာကလည်း သူနဲ့ သူမအနားကို ရစ်ပတ်နှောင်တွယ်နေသလို ခံစားစေရသည်။ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကြားက ဆွဲငင်သော သမုဒယသည် အဖော်ထူးဆန်းသော အတွေ့အကြုံဟု သူ သတ်မှတ်ချင်ပါသည်။

"ဘယ်သိမလဲ"

သူမက ဆူနွဲ့နွဲ့ဖြေပုံကို သူ အတော်အသည်းယားသွားရလေသည်။ ဘာပဲဖြစ်ဖြစ် စိတ်ပျက်ဝမ်းနည်းစရာများကြားမှ သူနဲ့ ရင်ခုန်ရသည့် အခိုက်အတန့်ဟာ ရင်ခုန် Space ဖြစ်ခဲ့မယ်ဆိုရင် သူ ဝမ်းမြောက်ပါမည်လေ။

"ကဲ ... ထားပါ။ ခင်ဗျားက လောလောဆယ် မြေတွေ ဘာတွေ ဝယ်ပြီး ထောနေတယ်ဆိုတော့ ကျွန်တော့်ကို ထမင်းလေး ဘာလေး ချက်မကျွေးချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကျွန်မမှ မချက်တတ်တာ။ ဝယ်ကျွေးမယ်လေ။ ပြီးတော့ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း စိမ်းနဲ့ပါ မိတ်ဆက်ပေးမယ်"

"အင်းပါ ... မချက်တတ်သေးတော့လည်း ဝယ်ကျွေးတာပဲ စားရတော့မှာပေါ့။ ဒါပေမဲ့ ခင်ဗျားကို ဟင်းချက်သင်ပေးချင်သေးတယ်"

သူမက သူ့ကို မျက်လုံးပြူးပြလိုက်တာကို သူက ယောင်ပြီး ငေးမောနေပြီးမှ နှစ်ယောက်သား တဟက်ဟက်ရယ်မောမိကြလေသည်။ ထိုနေ့ညသည် သူ့အတွက် လှပချိုမြိန်သော ညတစ်ည ဖြစ်ခဲ့သလို သူမအတွက်လည်း စိတ်ပြေလက်ပျော် ဖြစ်ခဲ့သည်ဆိုလျှင် နောင်လည်း အမြဲပဲ အဲဒီလိုဖြစ်စေဖို့ ဆန္ဒများ ပြင်းပြင်းပြပြ ဖြစ်ခဲ့ရပါသည်။

❋ ❖ ❋





(၁၄)

"ဘယ်တော့ လာခေါ်မလဲကွယ် xxx အလှတွေ ပြင်ထားတယ် xxx ရင်ခုန်လွန်းအားကြီးလို့ ခေါင်းညိတ်မိပါတယ်"

စိမ်းက ခေါင်းဖြီးရင်း လှပြီးသား ပြင်ပြီးသား မိတ်ကပ်ဒင်းအပြည့် မျက်နှာကို တသသ ထပ်လုပ်နေရင်း သီချင်းအော်ဆိုသည်မို့ လူလူက တဟားဟားရယ်ရင်း အရှူးမဟုတ်သူ မကြားအောင် ရေရွတ်မိလေသည်။ ဒါပေမဲ့ ဒီမိန်းမက ကြားဖြစ်အောင် ကြားကာ facebook သုံးနေသော လူလူ့အနားသို့ ခွေ့ခနဲ ရောက်လာတော့တာဖြစ်၏။

"ဟဲ့ ... ဖုန်းမဆက်သေးဘူးလား"

"ဩော် ... မိန်းမရယ်။ နင် ငါ့ဆီကို လွှန်ခဲ့တဲ့ တစ်နာရီတည်းက ရောက်လာတာ သူ ဖုန်းဆက်တာ နင် ကြားလို့လားဟဲ့"

"သိဘူးလေ ... မတ်စ်များ ပို့လားလို့"

"မတ်စ်လည်း မပို့ဘူး၊ ကျုပ်စ်လည်း မပို့ဘူးဟေ့"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကို ခပ်ငေါ့ငေါ့ ပြန်ပြောရင်းမှ လူလူသည် စားပွဲတင်နာရီလေးကို မသိမသာ ခွေစောင်းကြည့်မိသည်။ ဆိုဇာကို လူလူက စိမ်းနဲ့မိတ်ဆက်ပေးရင်း နေ့လယ်စာကျွေးမည့် အစီအစဉ်ကို ပြောင်းပြန်လှန်လိုက်လေသည်။ အပြင်မှာ စားမနေပါနဲ့တော့ အိမ်မှာပဲ သူ တစ်ခုခု လုပ်ကျွေးမည် ဆိုသဖြင့် လူလူကလည်း နှစ်ခါတောင် မပြောရချေ။ ကျေနပ်ဝမ်းမြောက်စွာ လက်ခံလိုက်ပြီး စိမ်းကို အိမ်ခေါ်ထားကာ သူက စားသောက်ဖို့ ရယ်ဒီဖြစ်လျှင် ဖုန်းဆက်လိုက်မည်ဟု ဆိုသည်။ အဲ့ဒီအချိန်ကို facebook သုံးရင်း ဒူးနန့်စောင့်နေမိလေသည်။

“ဟဲ့ … ရှင်က အဝတ်အစား မလဲသေးဘူးလား”

“ဘာလဲ … ဒါ သိပ်စုတ်ပြတ်နေလား”

စိမ်းက လူလူ ဝတ်ထားတာကို ထက်အောက်စုန်ဆန် ကြည့်လေသည်။ လူလူသည် မီးခိုးရောင်အောက်ခံမှ နက်ပြာရောင် ကြယ်လေးတွေ ဖြန့်ကျဲထားသော Guess T.Shirt အကျႌလေးကို ဂျင်းတစ်ထည်နှင့် ပေါ့ပေါ့ပါးပါးပဲ ဝတ်ဆင်ထားတာဖြစ်သည်။ ဆံပင်တွေကို ထိပ်မှာ Donut Bun ဆံထုံး,ထုံးတင်ထားသဖြင့် ရှင်းလင်းကြော့မော့နေသည်။ Gym ကို သေအောင်ဆော့ထားသဖြင့် အဆီပိုတစ်စက်မရှိ ကြည်လင်ဝင်းစက်နေသော အသားအရေဖြင့် တကယ်တော့ လူလူဟာ ဘာမှပြင်စရာမလိုပဲနဲ့တောင် ဟောလီးဝုဒ်က Celebrity တွေလို ထင်ရှားသိသာနေသူတစ်ဦး ဖြစ်သည်။





“စုတ်တော့ မပြတ်ပါဘူး”

စုတ်တော့ မပြတ်ပါဘူးဟု ညှောင်နာနာပြောသူ စိမ်းကတော့ Crazy Colour အစိမ်းရောင် ဇာဂါဝန်တို့ဖြင့် ရှုပ်ပါတွေ ဖွင့်ထားပုံကို လူလူက ရယ်ချင်စိတ် မျိုသိပ်ထားရသည်။ စိမ်းက မင်းသမီးညီမလို့ မပြောရဘဲ သူသည်လည်းပဲ မင်းသမီးတစ်ယောက်လို အမြဲထင်ရှားလှပအောင် ပြင်ဆင်တတ်သူဖြစ်သည်။ သို့သော် ယောကျ်ားတစ်ယောက်ရဲ့ နှလုံးသားကို ဖမ်းစားဖို့ဆိုတာကတော့ အလှအပတစ်ခုတည်းနှင့် ရမည်မထင်ပါ။

“အနီးဆုံး မင်းလေး တစ်ယောက်သာ ကျန်ရစ်တယ် xxx
အနီးဆုံး မင်းလေးတစ်ယောက်သာ ကျန်ရစ်တယ် xxx
အိပ်မက်ဆိုး မက်နေတုန်းမှာ”

ဒီသီချင်းသံက ဘယ်သူ့ဆီကလာသော Ring Tone သံဆိုတာ သိစွာနှင့် လူလူက ဖုန်းကို ချက်ချင်းဖွင့်လိုက်သည်။ စိမ်းကလည်း ဖြူးဖြူးကြီး လှမ်းအကဲခတ်နေသည်။

“ဟယ်လို”

“BBQ စားဖို့ ကြွရန်ပါ ခင်ဗျား”

“ဟော … BBQ လုပ်တာလား”

“အမယ်လေး … လန့်လိုက်တာ။ ဘာလဲ BBQ မကြိုက်ဘူးလား”

လူလူမရဲ့ “ဟော”ခနဲ အော်သံကြီးကြောင့် သူက “အမယ်လေး”တ,တာကို လူလူက တဟားဟား အော်ရယ်မိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိမ်းက သိချင်စိတ်ဖြင့် နားစွင့်ကြီးက ကားတက်နေသည်။

"ကြိုက်တာပေါ့။ အလကား နေရင်းတောင် ဒီနားက တောဝင်ယူနန်မှာ အကင်တွေ သွားသွားစားနေတဲ့ဟာ။ အိုခေ ... ဒါဆို ကျွန်မတို့ ခုပဲလာခဲ့တော့မယ်နော်"

လူလူက ဖုန်းချလိုက်ပြီး စိမ်းကို သွားစို့ဟူသော ပုံစံဖြင့် ခေါင်းတစ်ချက် ငဲ့ပြလိုက်သည်။ စိမ်းက ထလိုက်လာရင်းမှ မေးလာသည်။

"ဟဲ့ ... ရှင့် Ring Tone က ဘာကိုရည်ရွယ်ပြီး ပေးထားတာလဲ။ ငါ သိနေတယ်နော် ... ဟင်း။ ဘာလဲ ... အနီးဆုံး မင်းလေးတစ်ယောက်သာ ဟိုဘက်အခန်းမှာ ရှိတယ်ပေါ့ ... ဟုတ်လား ... ဟင်း"

"ဟက် ... ဟက်"

"မိန်းမ ... ရှင့်ရုပ်ကြည့်ရတာ မချိုမချဉ်နဲ့၊ ပြောစမ်း ... ရှင်တို့ ဘယ်အခြေအနေထိ ခရီးပေါက်နေပြီလဲ"

"အမယ်လေးတော် ... စွပ်စွပ်စွဲစွဲ၊ ဒီစကား ဒီမှာတင်ရပ်နော်။ ဟဲ့ ... နင့်ကို ငါ အထူးမှာမယ်၊ သူ့ရှေ့မှာ ပေါက်ကရတွေ ပေါ့သွမ်းသွမ်းစကားတွေ လျှောက်မပြောနဲ့နော်။ ဟိုက ငါတို့ကို တစ်မျိုးထင်မယ်။ သူနဲ့ ငါနဲ့က အိမ်နီးနားချင်း အပျို လူပျိုတွေ တစ်ယောက်တည်းစီ နေကြတယ် ဆိုပေမယ့် ကိုယ့်အထာလေးတွေနဲ့ကိုယ် နေကြတာ။





တစ်ယောက်နဲ့တစ်ယောက် မရှုပ်အောင် တရင်းတနှီးပြောဆိုဆက်ဆံကြပေမယ့် သိက္ခာပိုင်း စောင့်စည်းမှုတွေရှိတယ်"

"အေးပါဟယ် (နှာခေါင်းသံ လုပ်သံဖြင့်) အမယ်လေး ... အဘိဓမ္မာတရား ဟောကြားတော့မယ့် လေသံနဲ့ ဟင်း ... အတည်အခန့်ကြီးတွေလည်း သိပ်မလုပ်ပါနဲ့၊ မလိုက်ဖက်လွန်းလို့ပါ"

"သေဦးမယ် ... ရှူး တော်တော့"

သူ့အခန်းရှေ့သို့ ရောက်နေပြီ ဖြစ်သောကြောင့် လူလူက လက်ဟန်ခြေဟန်ပြကာ စိမ်းကို အသံတိတ်စေပြီး ဘဲလ်ကို နှိပ်လိုက်သည်။ သိပ်မကြာခင်ပဲ သူက လာဖွင့်ပေးပါသည်။ WOO ခန့် မအော်မိအောင်ပင် သူ့ရဲ့အိမ်နေရင်း ဖက်ရှင်လေးက အဆင်ပြေလှသည်။ လူလူ့လိုပဲ Hang Ten T.Shirt မီးခိုးရောင်လေးကို ရရှိုင်ပုဆိုး အနက်ရောင်ဖြင့် ပေါ့ပေါ့ပါးပါး ဝင်ဆင်ထားပုံက မျက်လုံးထဲ အေးသွားစေသည်။ သူ ပုဆိုးဝတ်တာ တစ်ခါမှ မမြင်ဘူးသေးသဖြင့် ထူးဆန်းစွာဖြင့် ပါးစပ်ကတောင် လွှတ်ခနဲ ထွက်သွားရလေသည်။

"အင် ... ပုဆိုးနဲ့ ဘာနဲ့ပါလား"

"ဟား ... ဟား ... ဟုတ်တယ်။ လာပါ ... ကြွပါခင်ဗျ"

သူက စိမ်းကို လှမ်းကြည့်ပြီး ခေါင်းဆတ်ကာ အပြုံးနှင့် ဖိတ်ခေါ်လျှင် ဟိုမမကား တော်တော်အူခွေသွားသည်။ ချက်ချင်းပဲ အာသွက်လျှာသွက်ဖြင့် အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အခန်းလေးက သပ်ရပ်သန့်ရှင်းနေတာပဲနော်။ ယောကျ်ားလေးတစ်ယောက်တည်း နေတယ်ရယ်လို့တောင် မထင်ရဘူး"

"ဟင်း ... ဟင်း ... တစ်ယောက်တည်း နေရာလည်း မဟုတ်ပါဘူး"

"ဟင် ... ဘယ်လို"

"ဩော် ... အိမ်စောင့်နတ်လည်း ရှိသေးတယ်လို့"

"ဟင်း ... ဟင်း ... ရှင်က နောက်တတ်သားပဲ"

"ဟာသဉာဏ် ရှိတာပါဗျာ"

"ကဲ ... ကဲ ... ပြောလက်စနဲ့ ကိုယ့်နာမည်လေးတွေ ကိုယ်ပြောပြီး မိတ်ဆက်လိုက်ကြပါလား"

လူလူက လက်ပိုက်ပြီး အေးအေးဆေးဆေး ပြောလိုက်လျှင် စိမ်းက မျက်စောင်းလှည့်ထိုးသည်။ သူကတော့ လက်နှစ်ဖက်ကို နောက်ပစ်ပြီး ရိုးရိုးသားသား ဖိုးသစ္စာပုံစံနှင့် ရယ်နေပုံမှာ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည်ပါ။

"ကျွန်တော်က ဒီက တစ်ယောက် စိမ်း ဆိုတာကို မြဘုန်း ပြောပြောနေလို့ နာမည်ကို ရင်းနှီးနေပါပြီ"

"ကျွန်မကလည်း မိလူမ ပြောလို့ ဆီဇာ ဆိုတာကို ရင်းနှီးနေတာ ကြာပေါ့ ... ဟင်း ဟင်း"

"ဟာ ... ဟ ... မိလူမ ! "





"အို ... အလကား၊ အဲဒီမိန်းမက အဲဒီလိုပဲ လျှောက်ခေါ်နေတာ။ သူ့ကျတော့ နတ်စိမ်းလို့ခေါ်ရင် မကြိုက်ချင်ဘူး"

"ဟဲ့ ... ကျုပ်နာမည်က နတ်စိမ်းမှမဟုတ်တာ။ မြရွက်စိမ်းကို"

"ကဲ ... တော်ပါပြီ၊ သူများအိမ်လာပြီး ရန်ဖြစ်နေတော့မှာလား"

သူက လူလူတို့နှစ်ယောက် စကားနိုင်လုနေတာကို ပြုံးပြီးကြည့်နေသည်။ အထူးသဖြင့် လူလူ့ကိုကြည့်သော အကြည့်များမှာ ရွှန်းစိုတောက်ပနေတာကို မိန်းကလေးတစ်ယောက်ရဲ့ ရင်ခုန်သံ ဘာသာပြန်စွမ်းရည်က ပြောပြနေလေသည်။ ကိုယ့်ကို ရွှန်းရွှန်းစားစား ကြည့်နေသော သူ့ကို လူလူက နှစ်ကိုယ်ကြား နားလည်သော ခပ်ထေ့ထေ့ရိရိလေး ပြန်ကြည့်လိုက်မိသည်။ ပြီးတော့မှ လူလူရဲ့ကမ္ဘာကျော် မျက်တောင်ရှည်ကြီးများကို ပုတ်ခတ်ရင်း အကြည့်ကို လွှဲဖယ်ကာ စကားပြန်စလိုက်သည်။

"ဆီဇာ ... အတည် မိတ်ဆက်ပေးတော့မယ်နော်။ ကျွန်မတို့ သူငယ်ချင်းတွေက ပျော်တတ်လို့ပါ။ သူ့ကို စိမ်းလို့ပဲ ရင်းရင်းနှီးနှီး ခေါ်လို့ရတယ်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် စိမ်း။ ကျွန်တော် ဆီဇာတိုးဘုန်းဝေပါ။ ဆီဇာလို့ ခေါ်နိုင်ပါတယ်။ ကဲ ... သူငယ်ချင်းနှစ်ယောက်လုံး ဗိုက်ဆာနေရောပေါ့။ စားရင်း ဆက်ပြောကြမယ်လေ ... လာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဦးဆောင်ပြီး ထမင်းစားခန်းဆီသို့ ခေါ်လာသည်။ စားပွဲပေါ်တွင် အသားကင်စက်နှင့်အတူ ကင်စားဖို့ ပြင်ဆင်ထားသော အသားများ၊ အသီးအနှံများနှင့် လိမ္မော်ရည်ခရားတစ်ခုကို ချထားတာ တွေ့ရသည်။ အငွေ့တထောင်းထောင်းထနေသော ရနံ့မွှေးပျံ့လှသည့် ထမင်းကြော် ထည့်ထားသော လင်ပန်းငယ်လေးကို တွေ့ရလေသည်။ စိမ်းက လူလူရဲ့လက်ကို အသာလာကုတ်သည်။ သူက လူလူနှင့် စိမ်းကို ထိုင်ဖို့ညွှန်ပြရင်းမှ ...

"Sea Food ထမင်းကြော် လုပ်ထားတယ်၊ အသားကတော့ ဝက်၊ ကြက် နှစ်မျိုးနဲ့ ရုံးပတီသီးတို့ အာလူးတို့ ကင်လို့ရမယ်၊ ပြောင်းဖူးတို့ ဘာတို့၊ နောက် ... ဂျူ့စ်ဖျော်ထားတယ်။ အိုခေလား မသိဘူး ... အဟင်း ... ဝိုင်တွေ ဘာတွေ လိုဦးမလား"

"အစတည်းက ဝိုင်မတိုက်ချင်လို့ ဂျူ့စ် ဖျော်ထားတာ မဟုတ်ဘူးလား"

ခုံမှာ ဝင်ထိုင်ရင်း အေးအေးဆေးဆေး မေးလိုက်သော လူလူ့ကို စိမ်းက ဟဲ့ခနဲ ဟန့်သလို သူကတော့ ဟက်ခနဲ ရယ်သည်။ စိမ်းက သူမ၏စတိုင်လ်အတိုင်း နှမ်းဖြူးသောလေသံဖြင့် ဝင်ပြောလေသည်။

"လူမဟာ အဲလိုပဲ စကားပြောရင်။ ရှင် သူနဲ့စကားပြောရတာ စိတ်ညစ်မှာပဲနော်"





"အဲဒါကိုက Attrection တစ်ခု ဖြစ်နေတာပဲ"

သူ့စကားကြောင့် စိမ်းမှာ ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ ခဏနေတော့ မဲ့ကာ ပခုံးတွန့်ပြလေသည်။ သူနှင့် လူလူ ထပ်၍ အကြည့်ချင်းဆုံသည်။ လူလူက နှာခေါင်းထဲက လေထွက်ရုံ ဟင်းခနဲရယ်ကာ မျက်နှာလွှဲလိုက်လေသည်။

"ကဲ ... အားပါးတရသာ စားကြနော်။ ကျွန်တော် စ,ကင်ပေးမယ်။ ထမင်းကြော်က ကိုယ်စားနိုင်သလောက် ထည့်စားကြပါ။ ကျွန်တော် ထည့်မပေးတော့ဘူးနော်။ အိုခေ"

"အိုခေပါတယ်ရှင့်။ လွတ်လွတ်လပ်လပ်ပေါ့"

စိမ်းက သူမရှေ့က ပန်းကန်လုံးကိုယူကာ ထမင်းကြော်နည်းနည်း ခပ်ထည့်ပြီး လူလူ့ကို ကမ်းပေးသည်။ လူလူ့ပန်းကန်ကိုယူရင်း အသားစ,ကင်နေပြီဖြစ်သော သူ့ကို စိမ်းက စပ်စုပြန်လေသည်။

"ရှင့်က cooking ကို စိတ်ဝင်စားတယ်၊ ကျွမ်းကျင်တယ်လို့တော့ လူလူ့ဆီက ကြားပါတယ်။ ဒါပေမဲ့ အခု လက်တွေ့အမြင်မှာတော့ ပိုအံ့သြမိတယ်။ ဒါတွေအကုန် ရှင်စီစဉ်ထားတာပေါ့နော်"

"သေချာတာပေါ့"

"Woo ! ရှင် ဘယ်လိုလုပ်ပြီး ဒီလောက်တော်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေက ကိုယ်မလုပ်နိုင်တဲ့ ကိစ္စကို သူများလုပ်တတ်ရင် တော်တယ်လို့ သတ်မှတ်ကြတာပါ။ တကယ်တော့ ဒါဟာ တော်တယ်လို့ ပြောလို့ရတဲ့ကိစ္စမှ မဟုတ်တာ"

"အို ... ပြောလို့ ရတာပေါ့။ သိပ်ရတာပေါ့ ... ဟုတ်တယ်မှုလား၊ လူလူ ... ရှင်ရှင်ရော သူ့ကို တော်တယ်လို့ သတ်မှတ်တယ် မဟုတ်လား"

လူလူက လိမ္မော်သီးစစ်စစ်ကို ဖျော်ထားသော ဂျူ့စ်ကို Jar ထဲမှ ဖန်ခွက်ထဲသို့ လောင်းထည့်ရင်း "ဒါပေါ့"ဟု ပြန်ပြောမိသည်။

သူ ကိုယ့်ကို ပြုံးကြည့်နေမယ် ဆိုတာ သိသဖြင့် ကိုယ်ကတော့ ကြည့်မနေတော့ဘူးလေ။

"တွေ့တယ်မှုလား ရှင် တော်တာကို လူလူလည်း လက်ခံတာပဲ"

"ဟား ... ဟား ... ဟုတ်ပါပြီ။ ခင်ဗျားတို့က သူငယ်ချင်းနှစ်ယောက်ဆိုတော့ ပြောအားရှိတာပေါ့။ ကဲ ... အသားရပြီ၊ ယူပြီးစားကြည့်ပါဦး။ ကိုရီးယားစတိုင်လ် ဆလပ်ရွက်နဲ့ ထုပ်ပြီးစားလည်း ရတယ်နော်"

လူလူက သူ ကင်ထားသော ဝက်သားကင်တစ်ဖတ်ကို အချဉ်ရည်ဖြင့် တို့ကာစားကြည့်သည်။ အရသာက လေးနက်ကောင်းမွန်ကာ မွှေးပျံ့နေပါသည်။ စိမ်းကလည်း ထမင်းကြော်နဲ့ အသားကင်ကို မြည်းကြည့်ပြီး လက်မထောင်ပြရင်းက ပြောသည်။





"ထမင်းကြော်ကလည်း အရမ်းကောင်းတယ်၊ အသားကင်ကလည်း နူးညံ့ပြီး အရသာရှိလိုက်တာ။ ရှင့်လို လူပျိုချောချော တစ်ယောက်က ဒီလိုတွေ လုပ်တတ်နေတာ ကျွန်မတော့ တော်တော်အံ့သြမိတာပဲရှင်"

"ဟား ... ဒါက အဲဒီလောက် အံ့သြစရာကောင်းတဲ့ ကိစ္စဆိုတာ ကျွန်တော့်ဘာသာတောင် မသိခဲ့ပါလား"

"ဟုတ်တယ် ... ဒါဟာ တော်တော်ချီးကျူးစရာကောင်းတဲ့ ကိစ္စရှင့်။ ယောကျ်ားလေးတစ်ယောက် ကြက်ဥတစ်လုံး ဖောက်ထည့်ပြီး ခေါက်ဆွဲကောင်းကောင်း ပြုတ်တာကို Appreciate လုပ်နေတာ မဟုတ်ဘူးလေ ...

BBQ ကို အိမ်မှာဖိတ်ကျွေးနိုင်တဲ့ အဆင့်ဆိုတာ နည်းတဲ့အဆင့်မှ မဟုတ်တာ"

"ဩော် ... အဲဒါက ကျွန်တော် မြဘုန်းကိုတောင် ပြောဖူးပါသေးတယ်၊ ကျွန်တော်က အင်္ဂလန်မှာ ကျောင်းတက်လာတာ လေးနှစ်၊ ပြီးတော့ စင်ကာပူမှာ သုံးနှစ် အလုပ်လုပ်ခဲ့သေးတယ်၊ ရန်ကုန်ပြန်ရောက်နေတာတောင် တစ်နှစ်လောက်ပဲ ရှိပါသေးတယ် ...

အဲဒီမှာ ကိုယ့်ဘာသာနေတော့ အစားအသောက်လည်း စိတ်ဝင်စားပြီး သင်တန်းတိုလေးတွေ တက်ဖြစ်တယ်၊ အိမ်ရှင်မကြီးလို ထမင်းဟင်းတွေ နေ့တိုင်းချက်နေရတာမျိုးတော့ ဝါသနာမပါ,ပါဘူး။ မြန်မာဟင်းတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မချက်တတ်တာ များပါတယ်။ ကျွန်တော် နည်းနည်းပဲ တတ်တယ်၊ တတ်သလောက်တော့ ကောင်းကောင်းလုပ်တတ်တယ်”

“သူ့ စပါကတီကလည်း သိပ်ကောင်းတာ”

လူလူက ဇက်သည်းကင်တစ်ဖတ်ကိုယူကာ ဘိတ်ချဉ်ပန်းကန်ထဲ နှစ်စိမ်ရင်း ဝင်ပြောလိုက်လျှင် သူက ဖျတ်ခနဲပြူးကြည့်လာသည်။ အစိမ်းမကတော့ သူ့ထုံးစံအတိုင်း စားရင်းသောက်ရင်း ယောင်ဖွာဖွာ ဆက်ပြောပြန်သည်။

“ရှင်က လူလူ့ကို မြဘုန်းလို့ ခေါ်တာလား”

“အဟင်း ... ဟုတ်တယ်”

“ဘာလို့လဲ။ သူက ခေါ်နိုင်းတာလား”

“အာ ... ဟုတ်ပါဘူး ...။ ကျွန်တော်က မြဘုန်း လို့ပဲ ခေါ်ချင်လို့”

“ဘာပဲဖြစ်ဖြစ် လူလူက တစ်ယောက်တည်း နေရတာဆိုတော့ ရှင်လို အိမ်နီးချင်းကောင်း တစ်ယောက်ရှိတာ ကျွန်မသူငယ်ချင်းအတွက် အားရစိတ်ချစရာပေါ့”

“အင်း ... ကျွန်တော် တတ်နိုင်သလောက်တော့ သူ့ကို စောင့်ရှောက်ကူညီရမှာပေါ့”

စိမ်းက ဒါပေါ့ ဒါပေါ့ ဟူသော စကားဖြင့် အထောပါစွာရယ်လျှင် လူလူသည် သူ့ကို တစ်ချက်လေးတောင် ယောင်ကြည့်မိမှာ စိုးသဖြင့် အစားအသောက်ကိုသာ စိတ်ဝင်စားဟန်ဖြင့်





မသိချင်ယောင် ဆောင်နေမိလေသည်။ အသွက်မ စိမ်းကတော့ စားလည်းစား စကားလည်းပြောကာ အချိန်တိုတွင်းမှာပဲ သူနှင့် ရင်းနှီးမှုက မြန်ဆန်သွားလေသည်။ စားရင်း သောက်ရင်း ထွေရာလေးပါးလေးတွေ ပြောဆိုပြီးနောက် သူ့ကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ ပြန်ခါနီး တံခါးဝထိ လိုက်ပို့သော သူ့ကို လူလူက ခပ်ပြုံးပြုံးကြည့်ရင်း ...

“ဒီတစ်ပတ် ဆန်းဒေး ရှင် အိမ်မပြန်ရတော့ဘူးပေါ့”

“ဪ ... ဟုတ်လား။ ရှင်က တစ်ပတ်တစ်ခါ အိမ်ပြန်နေကျလား။ ကျွန်မတို့အတွက် တကူးတက အချိန်ပေးရတာကိုး။ ကျေးဇူးပါရှင် နောက်တစ်ပတ်မှာ ရှင့်ကို မုန့်ပြန်ဝယ်ကျွေးဦးမယ်”

သူက စိမ်းစကားကို သဘောကျသလို တစ်ချက်ရယ်ကာ နံရံမှာ လက်ပိုက်၍ မှီရပ်ရင်း လူလူ့ကို အပြုံးနှင့် နှုတ်ဆက်သည်။

တာ့တာလုပ်သလို လက်ချောင်းလေးများ လှုပ်ခတ်ပြရင်းမှ ...

“ခဏနေရင် အိမ်ပြန်မှာပါ။ ဒီညတော့ အိမ်မှာပဲ အိပ်မှာပေါ့။ အိမ်ကနေပဲ ရုံးသွားရမယ်”

“အင်း ... အဲလိုလား။ ကဲ ... Thank you ဆီဇာ။ ဒီနေ့ စားလို့သိပ်ကောင်းပါတယ်”

“Take care ! ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ တိုးဖွဖွ မှာကြားသံ အဆုံးတွင် လူလူက ခေါင်းတချက်ဆတ်ကာ လှည့်ထွက်လာခဲ့လေသည်။ စိမ်းကတော့ လှည့်ကြည့် လှည့်ကြည့်နှင့် နောက်က လိုက်လာသည်။ ဒီည ကိုယ်နှင့် တစ်မိုးအောက်မှာ သူ မရှိနေနိုင်ဘူးဆိုတဲ့ အသိက လူလူ့ရဲ့နှလုံးသားကို လှုပ်ခတ်သလို ဆွေးမြည့်သလိုလေး ဖြစ်နေသည်။ အခန်းထဲ ပြန်ရောက်သောအခါ စိမ်းက မဆိုင်းမတွဘဲ မှတ်ချက်ပေးလေသည်။

"ဟော့ ... ရှင့်ကို သူ ချစ်နေတယ်။ ရှင်တို့နှစ်ယောက် အနေးနဲ့အမြန် ချစ်သူတွေ ဖြစ်သွားကြလိမ့်မယ်လို့ ထင်တယ်"

"အောင်မယ် ... သူက ချစ်ပေမယ့် ငါက ချစ်နေတယ်လို့ နင် ထင်လို့လား"

"အဟင်း ... ရှင်လည်း ချစ်နေတာပဲ မဟုတ်ဘူးလား"

စိမ်းရဲ့စွပ်စွဲချက်ကို လူလူက မငြင်းဆန်တော့ဘဲ ပခုံးအသာတွန့်ပြမိသည်။ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြသော ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ရဲ့ မျက်လုံးချင်း ချိတ်ဆက် ဆက်သွယ်မှုတိုင်းဟာ အကြင်နာအကြည့်တို့သာ ဖြစ်ပေါ်နေတတ်တာကို ချစ်သူတွေ ထားဖူးသော စိမ်းက ပိုအထ ခတ်တတ်ပေလိမ့်မည်။

မိန်းကလေးတစ်ယောက် အတွက်တော့ ယောကျ်ား တစ်ယောက်နှင့် ခံစားချက်ချင်း တစ်ထပ်တည်း တူလိမ့်မည်





မဟုတ်ပါ။ အတူတူချင်း ချစ်မိနေသည် ဆိုလျှင်တောင် သူ ဘယ်အချိန်မှာ ဘယ်လိုပုံစံနှင့် ဖွင့်ပြောလာမလဲဆိုတာ မျှော်လင့် ရင်ခုန် စောင့်စားရသော စိတ်သည် မိန်းကလေးတို့ရဲ့ သဘာဝ အထူးသဖြင့် မြန်မာမိန်းကလေးတစ်ယောက်၏ သိမ်မွေ့လှပသော ရင်ခုန်သံပဲ ဖြစ်ပါလိမ့်မည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ...
ရိုးရိုးလေးပါ
သဘာဝတရားတစ်ခုပါ ဆိုရင်
ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်
ပွင့်လင်းမြင်သာ အချစ်ခင်
ပွင့်လင်းမြင်သာ ရင်ခုန်ကြည့်မှ
ရှေ့ဆက်လို့ ရမယ်"





(၁၅)

သင်ဟာ အချစ်ကို ထိတွေ့ခံစားဖူးသော ယောက်ျား တစ်ယောက် သို့မဟုတ် မိန်းမတစ်ယောက် ဆိုပါစို့။ အချစ်ဟူသည့် စိတ္တဇနာမ်ရဲ့ သက်ရောက်မှုကတော့ ခံစားတတ်သူတိုင်း အတူတူ ဖြစ်နိုင်ပေမယ့် ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ရဲ့ လက်တွေ့အချစ်သဘာဝတရားကတော့ မတူနိုင်ဘူးဟု သူ ထင်ပါသည်။ နှစ်ဦးတည်း နားလည်သော မျက်ဝန်းတွေနှင့် အချစ်ကို အဓိပ္ပာယ်သက်ရောက်စေသည့်တိုင်အောင် နှစ်ဦးသဘောတူ ပွင့်လင်းမြင်သာသော အချစ်ဆီကို ရောက်ဖို့အတွက် ယောက်ျားလေးက စသော (မြန်မာပြည်တွင်ပေါ့) Propose ဆိုတာကြီး ဖြတ်ကျော်ရပါသည်။

ယောက်ျားလေးတစ်ယောက်အဖို့ မိန်းကလေးတစ်ယောက်ကို ရင်ခုန်မိပြီဆိုလျှင် အချစ်ဆိုတာ သေချာလား ဆန်းစစ်ရသည်။ သူ့ကို ကိုယ်ချစ်မိတာ သေချာပြီဆိုလျှင် သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေထဲမှာလည်း ကိုယ့်အတွက် သမုဒယအရိပ်ယောင်တွေရှိနေခဲ့ပြီဆိုလျှင် သူမရှိရာသို့ တိုးကပ်သွားဖို့ဆိုတာ ယောကျ်ားလေးတစ်ယောက်၏ တာဝန်သာ ဖြစ်သည်ဟု သူကတော့ ယူဆလေသည်။ သူ့အနေဖြင့် **"မြဘုန်းတလူ"**တည်းဟူသော မိန်းကလေးကို ချစ်မြတ်နိုးဖို့ ဆိုတာ သေချာပြီဖြစ်လျှင် သူမအနားသို့ ရောက်သွားဖို့ သူမနှင့် ပိုမိုနီးကပ်ဖို့က သူ လုပ်ဆောင်ရမည့်အပိုင်းဖြစ်သည်။ ဒီအတွက် သူ့ကို နေ့စဉ်သတိရနေဖို့ သူမအတွက် လက်ဆောင်တစ်ခုဖြင့် သာယာသော ညဦးချမ်းချိန်ခါမှာ သူမအိမ်ရဲ့ဘဲလ်ကို တီးမိလေသည်။ ခဏအကြာတွင် တံခါးက ဖျတ်ခနဲ ပွင့်သွားပြီး သူမရဲ့ဦးခေါင်းလေးပဲ လှစ်ခနဲ ပြူထွက်လာသည်။

"ဆီဇာ ... ဘာကိစ္စ ! "

"ကျွန်တော် အိမ်ထဲဝင်ဖို့ အဆင်ပြေမလား မသိဘူး"

"အိမ်ထဲ ဝင်မယ် ! ဩော် ... အိုခေ ... အိုခေ"

သူမက အနည်းငယ် တွန့်ဆုတ်သွားပြီးမှ ဘာမှမဖြစ်ပါဘူးလေ ဟူသော ပုံစံဖြင့် တံခါးကို ထပ်ဖွင့်ပေးသည်။ သူမ ဘာကြောင့် တွန့်ဆုတ်နေလဲဟူသော ဒွိဟစိတ်ဖြင့် သူက တွေးမိနေကာ တံခါးဖွင့်ပေးလိုက်၍ သူမ တစ်ကိုယ်လုံးကို မြင်တော့မှပဲ နည်းနည်းတောင် ရင်ဖိုသွားရလေသည်။ စွပ်ကျယ်အဖြူလက်ပြတ်နှင့် အားကစားဘောင်းဘီအတို ပန်းဆီရောင်လေး ဝတ်ထားကာ ရှေ့မှလျှောက်သွားသော သူမရဲ့နောက်ပိုင်းအလှကို





အမှတ်တမဲ့ ကြည့်မိတာတောင် အားနာရလေသည်။ ပေါင်လယ်လောက်ပဲရှိမည့် အားကစားဘောင်းဘီ အသားကပ်ကပ် ပျော့ပျော့လေးအောက်က သူမရဲ့အိုးအလှ၊ နောက်ပိုင်း ပေါင်သားတွေရဲ့ အဆီမရှိသော ဆယ်လူလိုက်ကင်းစင် အလှတရားကို သတိဝင်ပြီး မြန်မြန်အကြည့်လွှဲရသည်။

အောက်ပိုင်းက အကြည့်လွှဲပြီးတော့ အပေါ်ပိုင်းကို အကြည့်မလွှဲနိုင်တော့။ မလွှဲနိုင်ဘူးဆိုတာထက် မလွှဲချင်ဘူးဆိုတာက ပိုမှန်ပါမည်။ နောက်ကျောဘက်က ရေနဂါးတက်တူးအနုတ်အလှသည် သူ့ကို အကြီးအကျယ် ဖမ်းစားထားသည်မှာ သူမရဲ့ စိမ်းဖန့်ဝင်းဖြူနေသော ကုပ်သားလေးကို ဇက်ကျောဆွဲဆားချင်စိတ်တောင် ပေါက်ရလေသည်။

"ထိုင်နော် ... အဲဒါ ဘာလုပ်ဖို့လဲဟင်"

သူမက ဆိုဖာကိုညွှန်ပြရင်း သူ့လက်ထဲက သယ်မလာသော ပန်းအိုးကို လက်ညှိုးထိုးပြကာ မေးသည်။ သူက ပန်းအိုးကို ဧည့်ခန်းက စားပွဲပေါ်မှာ မတင်ဘဲ အောက်မှာချလိုက်ပါသည်။ မှန်စားပွဲမို့ စဉ့်ပန်းအိုးကို တင်ရမှာ အားနာ၍ဖြစ်သည်။ ပြီးမှ ဆိုဖာတွင် ဝင်ထိုင်လိုက်ပြီး သူမကို မော့်ပြုံးပြကာ ...

"ဧည့်သည်ကို ကော်ဖီတစ်ခွက်လောက် မတိုက်ချင်ဘူးလား"

"အိုးခေ ... ကျွန်မ ကော်ဖီတော့ ကောင်းကောင်းဖျော်တတ်ပါတယ်၊ သုံးမိနစ်ပဲစောင့်"



www.burmeseclassic.com

www.burmeseclassic.com



သူက အပြုံးနှင့် ခေါင်းဆတ်ပြလိုက်လျှင် သူမက ချာခနဲ လှည့်ထွက်သွားသည်။ သူမ ပျောက်သွားသည့် တစ်ခဏတွင် သူက အိမ်ရဲ့အခင်းအကျင်းကို ဝေ့ဝဲကြည့်ရှုမိသည်။ အတော်ကို ရှင်းလင်းသည်ဟု ပြော၍ရသော အိမ်အပြင်အဆင်ပဲ ဖြစ်ပါသည်။ သူမ ကြည့်ရတာ ရှုပ်ရှုပ်ထွေးထွေးတွေ ကြိုက်ပုံမပေါ်ဘဲ ရှင်းလင်းတာကို အတော်ကြိုက်ပုံပေါ်သည်။ သူမရဲ့ ဖက်ရှင်တွေဆိုလည်း အမြဲ ရှင်းရှင်းလင်းလင်းနဲ့ ခပ်မိုက်မိုက်ပဲ မဟုတ်လား။ အခုလည်း သူမအိမ်ရဲ့ ဧည့်ခန်းဟာ လက်ရာမြောက်သော ပန်းချီကားတချို့နှင့် ရှင်းလင်းအေးမြကာ လာဗင်ဒါရနံ့လေး မွှေးပျံ့နေပါသည်။

ပန်းချီကားတွေကို ကြိုက်ပြီး အရာရာကို ရှင်းရှင်းလင်းလင် ကြိုက်တတ်သူ သူမရဲ့စိတ်ထားဟာလည်း ရှင်းလင်းအေးမြနေမလား။ သူမအကြောင်း စဉ်းစားနေတုန်းမှာပဲ သူမက ကော်ဖီခွက်နှင့် ပြန်ရောက်လာလေသည်။ နှစ်ခွက်ဖျော်လာပုံထောက် သူမလည်း သူနဲ့ အေးအေးဆေးဆေး ကော်ဖီသောက်ရင်း စကားပြောတော့မည်ဟု ယူဆမိသည်။

"ကော်ဖီအနံ့က မွှေးနေတာပဲ၊ ကော်ဖီမစ် မဟုတ်ဘူးထင်တယ်"

"မဟုတ်ဘူး။ Moccona ကော်ဖီကို ဖျော်လာတာလေ"

"ဟုတ်လား ... အဟင်း၊ ကော်ဖီမစ် ဖျော်မယ် ထင်နေတာ"





သူမက သူ့ကို မျက်စောင်းထိုးတော့မလို ဟန်ပြင်ပြီးမှ ထိန်းချုပ်လိုက်တာကိုလည်း မြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်။ ကော်ဖီကို ယူမြည်းကြည့်လိုက်တော့ သူ ဖျော်တာထက်တောင် အရသာ ကောင်းမွန်နေတာကို တွေ့ရလေသည်။ သူက တစ်ငုံ မြည်းရင်းမှ သူမဆီ မျက်ခုံးပင့်ကြည့်လိုက်လျှင် လက်နှစ်ဖက်ပိုက်ထားပြီး ဂန်းစတားဟန်ဖြင့် ကြည့်နေသော သူမက မဲ့ပြုံးပြုံးပြနေသည်။

"ကော်ဖီက တော်တော်ကောင်းပါလားဗျ။ အရမ်းကိုကောင်းတာပဲ။ တကယ် ... တကယ်"

"ကျွန်မ အရမ်းကောင်းတဲ့၊ လုပ်တတ်တဲ့ အစားအသောက် သုံးမျိုးပဲ ရှိတယ်၊ ကော်ဖီဖျော်တာရယ်၊ ဆီချက်ခေါက်ဆွဲလုပ်တာရယ်၊ ပေါင်မုန့်ကြက်ဥကြော်ရယ်၊ ဒါပဲ သုံးမျိုးပဲတတ်တယ်၊ ဒါပေမဲ့ အရမ်းကောင်းအောင် လုပ်တတ်တယ်"

"တယ်ဟုတ်ပါလား၊ ကော်ဖီ ကောင်းတယ် ဆိုတာတော့ ယုံသွားပြီ။ ဆီချက်ခေါက်ဆွဲနဲ့ ပေါင်မုန့်ကြက်ဥကြော်က ... ? ? ? "

"တစ်နေ့သော အခါပေါ့။ အင်း ... ဒါနဲ့ နေပါဦး၊ ရှင် ကျွန်မဆီကို အခု လာလည်တာလား"

"အင်း ... လာလည်တာတော့ မဟုတ်ပါဘူး။ မြဘုန်းကို ကျွန်တော် လက်ဆောင်လာပေးတာ"

"လက်ဆောင် ! ဟိုအပင်လား၊ အဲဒါ ဘာပင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါ ကျောက်စိမ်းဒေဝီတဲ့"

"ကျောက်စိမ်းဒေဝီ"

သူမက တိုးတိုးရေရွတ်ရင်း အပင်ကို ငုံ့ကြည့်သည်။ ပြီးတော့ သူ့ကို ပြန်ကြည့်သည်။ သူက သူမကို အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် ကြည့်ရင်း ပြောမိသည်။

"ဟုတ်တယ် ... ကျောက်စိမ်းဒေဝီဆိုတဲ့ နာမည်လေးရော၊ အပင်ရဲ့ဖွဲ့စည်းပုံ ပုံသဏ္ဌာန်ကိုရော သဘောကျလို့။ ခင်ဗျား က ဘဝကို တစ်ယောက်တည်း ရှင်သန်ရပ်တည်နေရတဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား။ ကျောက်စိမ်းဆိုတာ မာကျောတယ်၊ အေးမြတယ်၊ တန်ဖိုးကြီးတယ်၊ အစိမ်း ရောင်ဆိုတော့ စိမ်းစိမ်းလန်းလန်းနဲ့ အေးမြမာကျောတဲ့ သဘောလည်း ရှိတယ်၊ ဒေဝီကတော့ ခင်ဗျားကို ကိုယ်စား ပြုတာပေါ့လေ"

"အင်း ... အဲဒါ ကျွန်မကို လက်ဆောင်ပေးတယ်ပေါ့"

"ဟုတ်တယ် ... ခင်ဗျား စိတ်ညစ်တဲ့ အချိန်တိုင်း ဒီ ကျောက်စိမ်းဒေဝီပင်လေးကိုကြည့်ပြီး အားသစ်တွေ ရစေ ချင်တယ်၊ ဒီအိမ်ထဲမှာ ရှင်သန်နေတာ ခင်ဗျားတစ်ယောက် တည်း မဟုတ်ဘူး၊ ဒီသက်ရှိအပင်လေးပါ ရှိနေတယ်ဆို တဲ့ ခံစားချက်နဲ့ပေါ့"

သူမရဲ့မျက်နှာကို ငေးကာ ဖြည်းဖြည်းချင်း အေး အေးဆေးဆေး ပြောနေသော စကားအဆုံးတွင် သူမကလည်း





သူ့မျက်ဝန်းတွေထဲသို့ အသေအချာ ငေးစိုက်ကြည့်နေတာကို ကြုံရလျှင် သူ ရင်ခုန်သံတွေတောင် ပိုကျယ်လာသလို ခံစားရပါ သည်။ ခဏနေတော့မှ သူမက သတိဝင်လာဟန်ဖြင့် ...

"ကျေးဇူးပါပဲ"

"မြဘုန်း ကြိုက်ရဲ့လား"

"အဟင်း ... အမှန်အတိုင်း ပြောရရင် ကျွန်မက သစ်ပင် တွေ ဘာတွေ ဝါသနာမပါဘူး။ စိမ်းစိုလှပနေတာကိုတော့ သဘောကျတာပေါ့။ ကရိကထ မခံချင်တာကို ပြောတာ ပါ ...

ဒါပေမဲ့ ရှင်က ဒီလိုအဓိပ္ပာယ်ရှိရှိနဲ့ပေးတဲ့ လက် ဆောင်ဆိုတော့ ကျွန်မ တကယ့် သဘောကျပါတယ်"

"ကျွန်တော့်မှာ နောက်ထပ် အဓိပ္ပာယ်တစ်ခု ရှိသေးတယ်"

"ဟုတ်လား ... ဘာလဲ"

သူက ကော်ဖီကို ယူသောက်လိုက်ပြီးမှ ခွက်ကိုပြန် ချကာ သူမကို ပြုံးကြည့်မိသည်။

"အဲဒါကိုတော့ ကျွန်တော် မပြောတော့ဘူးလားလို့"

သူမက ဟင်းခနဲ နှာခေါင်းရှုံ့ကာ မျက်နှာလွှဲသွား သည်။ ခြေထောက်ကို ချိတ်ထိုင်ကာ လက်ပိုက်ထားပုံက သူ့ ရှေ့မှာ မော်ဒယ်ပြနေသည့် အလားပါပေ။

"ဒီအပင်လေးကို မနက်တစ်ခါ၊ ညတစ်ခါ ရေလောင်းပေး ပါ မြဘုန်း၊ ပြီးရင် ဒါက အပင်လေးကို ပိုးမကျအောင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်တဲ့ဆေးလေးတွေ။ အဲ့ဒါကို တစ်ပတ် တစ်ခါလောက် ထည့်ပေးပါ။ ဒါကတော့ ဒီအရွက်လေးတွေ ပြောင်လက်တောက်ပစေတဲ့ ဆေးပေါ့။ အိုခေနော်"

"ကောင်းပါပြီ"

"ကဲ ... ဒါဆိုရင် မြဘုန်းလည်း လုပ်စရာရှိတာ လုပ်လေ။ ကျွန်တော်လည်း ပြန်တော့မယ်။ ကော်ဖီလည်း ကုန်ပြီ"

"အိုခေ"

သူက ထိုင်ရာမှ ထရပ်သည်။ သူမက တံခါးဖွင့်ပေးဖို့ရာအတွက် နှစ်ဦးသား တံခါးဝဆီသို့ လျှောက်လာကြလေသည်။ တံခါးနားရောက်လျှင် သူမက တံခါးဖွင့်ပေးသည်။ မျက်လုံးချင်း ဆုံမိတဲ့အခိုက် သူက ပြုံးလည်းမပြုံး၊ တည်လည်းမတည်သော မျက်နှာပေးမျိုးနှင့် သူ့ကိုကြည့်တာ ဖြစ်ပါသည်။ တံခါးနားက မီးဝါဖျော့ဖျော့အောက်တွင် လှချင်တိုင်း လှနေသော မိန်းကလေးကိုကြည့်ကာ သူ အာခေါင်တွေ ခြောက်လာသည်။ ခင်ဗျားနဲ့သာ ချစ်သူဖြစ်သွားရင် ကျွန်တော် နှလုံးရောဂါရနိုင်တယ် မြဘုန်းတလူ။

"Good Night နော် မြဘုန်း"

သူမကလည်း အပြုံးတစ်ခုနှင့် တန်ပြန် Good Night သည်။ သူက လှည့်အထွက် ခြေလှမ်းနှစ်လှမ်းစာ အရှိတွင် အောက်ကနေ၍ "ဆီဇာ"ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်လျှင် တံခါးကိုမှီပြီး လက်ပိုက်ရပ်နေသော သူမကို မခွဲချင်





စရာ တွေ့မြင်ရပြန်လေသည်။ သူ တစ်ခုခု ပြောမည့်ဟန် ပြင်တုန်းမှာပဲ သူမဆီက စကားသံ ထွက်လာသည်။

"ရှင် မပြောခဲ့တဲ့ လက်ဆောင်ရဲ့ နောက်အဓိပ္ပာယ်တစ်ခုကို ကျွန်မ သိတယ်"

သူ တစ်ခုခုပြောဖို့ ကြိုးစားတုန်းမှာပဲ သူမက ထပ်၍ဆက်လာသည်။

"ဒါပေမဲ့ ဘာဆိုတာ ကျွန်မကလည်း ရှင့်ကိုပြောမှာမဟုတ်ဘူး။ အိုခေ ... Have a sweet dream"

သူမက ပြောပြီးတာနှင့် တံခါးကို ချက်ချင်းပိတ်ချလိုက်လျှင် သူတောင်ယောင်ပြီး လှမ်းခေါ်မိမလို ဖြစ်သွားသည်။ ပြီးတော့မှ တစ်ယောက်တည်း သဘောကျစွာနှင့် တဟက်ဟက်ပဲ ရယ်မိလေသည်။ သူ မပြောခဲ့ပေမယ့် သူမက သိနေသည်ဟု တရားဝင် ဆိုလာခဲ့လျှင် ဒါဟာ သူတို့ရဲ့နှလုံးသားတွေ ရင်ဘတ်ချင်း ဆက်နေပြီဟု ပြောကြားလိုက်တာ မဟုတ်ဘူးလား။ တွေးကြည့်ရင် ဘယ်လောက်များ ရင်ခုန်ဖို့ကောင်းသော ကိစ္စပါလိမ့်နော်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ကျေးငှက်သံလေးတွေ တစီစီ တစာစာ ကြားရသော မနက်ခင်းတစ်ခုတွင် အိပ်ရေးဝစွာ သာယာစွာ နိုးထလာသော မြဘုန်းတလူသည် ကျေးငှက်သံနှင့်အတူ သာသာယာယာ ထွက်လာသော မနက်ခင်းတီးလုံးသံကို ခုတင်ပေါ်မှနေ၍ လှမ်းပိတ်လိုက်လေသည်။ တကယ်တော့ နှိုးစက်မြည်တာဖြစ်သည်။ အကြောတစ်ချက်ဆန့်ကာ ထလာပြီးနောက် ရေခရားထဲမှ ရေတစ်ဖန်ခွက်ကို မော့သောက်ရင်း ပြတင်းပေါက်နားသို့ လျှောက်လာခဲ့လေသည်။

ပြတင်းတံခါးက စင်လေးတွင် ကျောက်စိမ်းဒေဝီအပင်လေးရှိသည်။ အရွက်တိုင်းက ပြောင်လက်တောက်ပကာ စိမ်းမြရှင်သန်နေသော အပင်လေးကိုကြည့်ရင်း နှလုံးသားမှတစိမ့်စိမ့် ကြည်နူးလာရသည်။ တကယ်ကို ကောင်းခဲ့တဲ့ ဆီဇာရဲ့စိတ်ကူးပဲဖြစ်လေသည်။ ရှင်သန်ခြင်းကို ကိုယ်စားပြုနေသော သစ်ပင်လေးသည် လူလူ့အတွက် ကံကောင်းခြင်းများစွာကို ယူဆောင်





လာလိမ့်မည်ဟု ယုံကြည်ပါသည်။ သူ့ကို အနည်းငယ်လေးတော့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သတိရအောင် ရေလောင်းတဲ့တာဝန် ပေးထားတာ ဒီက သိပ်သိတာပေါ့။

ဒါပေမဲ့ သူတောင် ဖွင့်မပြောဘဲ လူလူက ပြောဖို့ စိတ်ကူးမရှိပါချေ။ လူလူက အပင်ရေလောင်းသည့် ရေပန်းခရားလေးကိုယူကာ ရေလောင်းလိုက်သည်။ ခုချိန်ဆို သူ ဘာလုပ်နေမှာပါလိမ့်။ Breakfast စားဖို့ ပြင်ဆင်နေမည်လား။ သူ ဘာစားမှာပါလိမ့်။ လူလူကတော့ ထုံးစံအတိုင်း ကော်ဖီတစ်ခွက်နှင့် ကိတ်တစ်ချပ်သာ ဖြစ်မည် ထင်ပါသည်။

"အနီးဆုံးမင်းလေးတစ်ယောက်သာ xxx ကျန်ရစ်တယ် xxx
အနီးဆုံး မင်းလေးတစ်ယောက်သာ ကျန်ရစ်တယ်"

သူ့ဆီက ဖုန်း Ring Tone သံမို့ လူလူက ဆတ်ခနဲတောင် ဖြစ်သွားရပြီး ခုတင်ပေါ်ကဖုန်းကို သွားယူကာ ဖွင့်ထူးလိုက်လျှင် သူ့ရဲ့ရွှင်လန်းသော နှုတ်ဆက်သံကို စ,ကြားရပါသည်။

"မောနင်း ... မြဘုန်း ... နိုးပြီလား"

"အင်း ... နိုးပါပြီ"

"ဟုတ်လား ... ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

သူ အဲဒီလိုမေးတော့ ရင်ထဲနွေးထွေးသွားရသည်။ ကြည်နူးနွေးထွေးစိတ်က လူလူ့တစ်ကိုယ်လုံးစီသို့ လှည့်ပတ်စီးဆင်းသွားပါသည်။ နှစ်ပေါင်းများစွာ မနက်ခင်းတိုင်း တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း နိုးထလာခဲ့ရသော မနက်ပေါင်း ဘယ်လောက်များခဲ့ပြီလဲ။ ခုလို ကြည်နူးစွာ နိုးပေးတဲ့သူ၊ ညက ကောင်းကောင်းအိပ်ပျော်ခဲ့လားလို့ ဂရုတစိုက် မေးမြန်းတဲ့သူ၊ ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲလေ။

ကိုယ် နိုးထလာတိုင်း ရှင်သန် စိမ်းမြနေသည့် ကျောက်စိမ်းဒေဝီပင်လေးကို တွေ့မြင်ရတာလောက် အစိမ့်ပြယ် ပြည့်စုံသော နံနက်ခင်းမျိုးတွေ ဘယ်တုန်းကမှ မပိုင်ဆိုင်ခဲ့ဘူးတာလေ။

"မြဘုန်း"

"ဟင် ... ရှင်"

"ဟား ... ပြန်အိပ်ပျော်သွားတာလားလို့"

"ဩော် ... မဟုတ်ပါဘူး။ ညက အဟင်း ... ကောင်းကောင်းအိပ်ပျော်ပါတယ်"

"အင်း ... Breakfast ရော စားပြီးပြီလား"

"မစားရသေးဘူး"

"ဘာစားမှာလဲ။ ကျွန်တော်တော့ ကော်ဖီနဲ့ ပေါင်မုန့်မီးကင်၊ ကြက်ဥဟက်ဖရိုက်ဒ်"

"အင်း ... ကျွန်မက Butter Cake နဲ့ Coffee"

"ပေါင်မုန့်မီးကင်နဲ့ ကြက်ဥဟက်ဖရိုက်ဒ် စားချင်ရင် ကျွန်တော် လာပို့ပေးမယ်လေ"

"ဩော် ... နေပါစေ။ မစားတော့ပါဘူး"





"မြဘုန်း"

သူ့ရဲ့တိုးတိတ်သော ခေါ်သံကြောင့် ဘာများပြောမလဲ ဆိုပြီး ရင်တွေခုန်လာသည်။ သိပ်မကြာခင်မှာ သူ လူလူ့ကို ချစ်ရေးဆိုတော့မည်ဟု နှလုံးသားက အလိုလိုသိနေ့င့်လေရာ သူ တစ်ခုခုပြောဖို့ အားယူတိုင်း ဒီဘက်က လူကပါ ခြေဖျားလက်ဖျားတွေ အေးစက်လာသလို ရှိရလေသည်။

"ပြောလေ ဆိဇာ"

"အပင်လေးကို ရေလောင်းရဲ့လားလို့"

"အင် ... အခုတောင် လောင်းနေတာ"

"အဟော် ... ကျွန်တော် ဖုန်းဆက်လို့သတိရသွားတာမဟုတ်လား"

"အံမယ် ... မဟုတ်ပါဘူးနော်။ ရှင် ဖုန်းမဆက်ခင်တည်းက လောင်းနေတာ"

"ဟုတ်လား ... ကျမ် (ကြည့်စမ်း) လိမ္မာလိုက်တာ"

"အောင်မယ်လေး ... ဖြစ်ရသေးတယ်"

"ဟုတ်တယ်၊ လိမ္မာတဲ့ကလေးကို နေ့လယ်စာ ဝယ်ကျွေးမလို့၊ စားမယ် မဟုတ်လား"

"အင် ... ဘယ်မှာကျွေးမှာလဲ"

"မြဘုန်း ဘာစားချင်လဲ၊ စားချင်တဲ့ဆိုင်မှာ ကျွေးမယ်လေ"

"အင်း ... ယိုးဒယားစာ စားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒါဆို မြကျွန်းသာထဲက Sabie Sabie မှာ နေ့လယ်ဆယ့်နှစ်နာရီလောက် ဆုံရင်ရော"

"ဆယ့်နှစ် အတိအကျတော့ ကျွန်မ ရောက်မယ် မထင်ဘူး။ ကိစ္စလေးတစ်ခုနဲ့ ရုံးတစ်ရုံးကို သွားစရာရှိတာ အဲဒီက အလုပ်မပြတ်ရင် ကျွန်မ နည်းနည်းနောက်ကျချင် ကျမှာ"

"အင်း ... ရတယ်လေ၊ ဒါဆိုရင် မြဘုန်း အလုပ်ပြီးတဲ့ အချိန် ကျွန်တော့်ကို ဖုန်းတစ်ချက် ခေါ်ပေး၊ ကျွန်တော် ထွက်လာမယ်၊ ကျွန်တော်က နီးတယ်လေ"

"ဟုတ်ပါပြီ၊ ဒါဆို နေ့လယ်မှ တွေ့မယ်နော် ... ဘိုင့်"

လူလူက ဖုန်းချပြီးနောက် ခါးထောက်၊ မျက်ခုံးပင့်ကာ ပြုံးဖြီးဖြီးနှင့် ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ သူက နေ့လယ်စာစားဖို့ စတင် date လာသည်ဆိုတော့ ဘယ်လိုပြော ရမလဲ ဗဲရီးဂွဒ်ပေါ့နော် ဆိုသလို ဖြစ်နေသည်။ ဒီနေ့ ဌာနဆိုင်ရာ တစ်ခုကို ဝင်စရာရှိသည်မို့ မြန်မာဝတ်စုံပဲဝတ်ဖို့ စိတ်ကူးထား လေရာ ဘယ်မြန်မာဝတ်စုံက အလှဆုံးလဲဟု တွေးတောရွေးချယ် နေမိသည်။ သိပ်တောက်တောက်ပပကြီးလည်း မဖြစ်ချင်။ နောက် ဆုံးတော့ ချည်ပေါင်းသား ဆင်စွယ်ရောင် ရင်ဖုံးလက်တိုလေးကို စိမ်းပြာရောင် ချည်ပေါင်းသား ပတ်ထဘီဖြင့်သာ တွဲဖက်ဝတ်ဆင် လိုက်လေသည်။





ပုတီးစေ့လေးတွေ၊ ခြုံသေးသေးလေးတွေပါသော ပတ်ထဘီနှင့် ယိုးဒယားရိုးရာ ရင်ဖုံးလက်တိုလေးကို ဝတ်ဆင်ပြီး Donut Bun ဆံထုံးအမြင့်မှာ ဆံထိုးလေး စိုက်ထိုးလိုက်သော အခါ လူလူရဲ့ပုံစံမှာ တိုင်းရင်းသူပုံစံ ပေါက်သွားလေသည်။ မျက်လုံးတွေကို Smokey Eye ဖျော့ဖျော့ခြယ်သပြီး အသားရောင် နှုတ်ခမ်းနီကို ဆိုးလိုက်သောအခါ လူလူ့ရဲ့အလှက ပိုထင်ပေါ် သွားသည်။ ရှင်တို့ သိလား။ တကယ်တော့ မိန်းကလေးတစ် ယောက်ကို အလှဆုံးဖြစ်အောင် ပံ့ပိုးပေးနိုင်တာ သူ့ရင်ထဲက အချစ်စိတ်ပဲ။ အချစ်စိတ်ကြောင့် အချစ်ရောင်လျှံတက်နေတဲ့ မျက်နှာပေးမျိုး ပန်းသွေးရောင်မျိုးကို ဘယ်လိုကမ္ဘာကျော်အလှ ကုန်ကမှ ဖန်တီးမထုတ်လုပ်ပေးနိုင်ဘူးမှတ်။

တစ်မနက်လုံး ပျော်သောစိတ်၊ ရွှင်သောစိတ်တို့ဖြင့် အလုပ်လုပ်ရာမှာလည်း အဆင်ပြေချောမွေ့သွားသည်။ ထို့ကြောင့် ဆယ့်နှစ်နာရီခွဲခါနီး အချိန်တွင် သူနှင့် မျက်နှာချင်းဆိုင်မိကြလေ သည်။ သူက ပြောင်းလဲနေသော လူလူ့ရဲ့ဖက်ရှင်ကို သဘောကျ သလိုလို ခေါင်းတဆတ်ဆတ်ညိတ် ကြည့်ရင်း ...

"ဌာနဆိုင်ရာရုံးတွေကို သွားရင် ဒီလိုပဲ ဝတ်လေ့ရှိတာ လား"

"လူကြီးနဲ့ တွေ့ရမယ် ဆိုရင်ပေါ့။ တစ်ခါတလေလည်း formal ဖြစ်တဲ့ စကတ်တွေ ဘာတွေလဲ ဝတ်ပါတယ်။ ဒီလိုပါပဲ ... စိတ်ကူးပေါက်သလိုပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အဟင်း … ရှင်က ကျွန်မ အဝတ်အစားတွေကို ဘာလို့ စိတ်ဝင်စားနေတာလဲ"

"ဪ … ခင်ဗျားက အဆင်ပြေအောင် အမြဲဝတ်တတ်လို့။ ဖက်ရှင်နေးဘဲလ် ဖြစ်လို့ပါ။ ဘာလဲ … စိတ်မဝင်စားရဘူးလား"

အဲဒီမေးခွန်းအတွက် ကြိုတင်ပြင်ဆင် မလာခဲ့သဖြင့် လူလူက သူ့ကို ခပ်မဲ့မဲ့ ပြုံးကြည့်လိုက်ကာ ဘာမှမဖြစ်သလိုဟန်ဖမ်းပြီး မီနူးစာအုပ်ကို လှန်နေသော်လည်း လက်ဖျားတွေအေးစက်လာတာ ကိုယ့်ဘာသာပဲ သိလေသည်။ ဒီယောကျ်ားတစ်ယောက်ဟာ 'ကိုယ့်ကို ချစ်နေပြီဆိုတာ သိသော မိန်းကလေးတိုင်းရဲ့ခံစားချက်မှာ ဘယ်အချိန်များ ရည်းစားစကား ထပြောလိုက်မလဲ ဟူသော ရင်တထိတ်ထိတ် ခံစားချက်ပဲ ဖြစ်ပါမည်။ အထူးသဖြင့် တစ်ခါမှ ရည်းစားမထားဘူးသော လူလူ့အတွက် အသက်အရွယ်က ဘယ်လောက်ပဲ တည်ငြိမ်တဲ့အရွယ် ရောက်နေပါစေ ရင်ခုန်သံတထိတ်ထိတ်ကို ထိန်းချုပ်နေရချိန်များ ကတုန်ကယင် ခံစားချက်ပဲ ဖြစ်တော့သည်။

ထမင်းစားစဉ် တစ်လျှောက်လုံး ဂရုတစိုက် ဟင်းထည့်ပေး၊ ရေငှဲ့ပေး စသဖြင့် အရိပ်တကြည့်ကြည့် ချစ်ခြင်းများထဲတွင် ချစ်နေသူနှင့် အချစ်ခံရသူ၊ အချစ်ကို ဖွင့်ဟဖို့ အခြေအနေတစ်ခုကြား ဘောပတ်ဝန်းကျင်ကို မေ့လျော့နေတာတော့ တကယ်ပဲ ဖြစ်လေသည်။

❋ ❖ ❋





"အမယ်လေး … လေး … ကြင်နာနေလိုက်တာနော်။ ဟင်းထည့်ပေးရတာရယ်၊ သောက်ဖို့ ရေငှဲ့ပေးရတာရယ်၊ ဟိုက စပ်လို့ တစ်သျှူးယူပေးရတာရယ်၊ ခွံ့သာကျွေးလိုက်ပါတော့ … ဟွန်း"

**ကေသက်မိုးလျှာ**သည် မျက်စိရှေ့မှာ မြင်နေရသော စုံတွဲကို အိပ်မက်ထဲ လမ်းလျှောက်သူပမာ ယောင်ယမ်းပြီး ငေးမောနေသည်မှာ နဝါရဲ့အသံကြားမှ မျက်တောင်ခတ်ဖို့ သတိရလေသည်။ စတွေ့လိုက်တည်းက နှစ်ယောက်သား အံ့သြပြီး ငေးမောသွားရပြီး မိုးလေးကတော့ အသံမထွက်နိုင်ဘဲ ကာယကံရှင်မဟုတ်သော နဝါထံမှ အသံစ,ထွက်လာခြင်းဖြစ်သည်။ ဆီဇာနှင့်အခြားမိန်းကလေးတစ်ယောက်ကိုတောင် တွေ့ရလျှင် ဒီလောက် Shock ရမှာ မဟုတ်ဘဲ **မြဘုန်းတလူ** ဟူသောမိန်းမ ဖြစ်နေ၍ ရှော့ကြီးကြီး ရနေခြင်းဖြစ်သည်။

သူတို့စားပွဲဝိုင်းနှင့် မိုးလေးတို့ဝိုင်းမှာ အနည်းငယ်လှမ်းသည် ဆိုသော်လည်း သူတို့သာ ပတ်ဝန်းကျင်ကို မျက်လုံးကစားတတ်လျှင် မြင်နိုင်သော်လည်း နှစ်ယောက်လုံးက ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကို ဂရုမစိုက်ကြသည်မို့ မိုးလေးတို့ကိုလည်း သေချာပေါက် မမြင်ပါ။ မိုးလေးနှင့် နုဝါသည် ထမင်းစားအပြီး လက်စသတ် စကားပြောနေချိန် သူတို့ရောက်လာတာ ဖြစ်ပါသည်။

"ဆီဇာတိုးဘုန်းဝေနဲ့ မြဘုန်းတလူ ဘယ်လိုသိသွားလဲ၊ အဲ ... နေဦး၊ မြဘုန်းတလူက ဆီဇာ့ကို နင်နဲ့ပတ်သက်တယ်ဆိုတာ သူသိလား မသိလား၊ အဲဒါ အရေးကြီးတယ် မိုးလေး"

မိုးလေးသည် နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ဦးခေါင်းကို ပေါက်ထွက်မတတ် စဉ်းစားနေမိသည်။ ဆီဇာနှင့် မြဘုန်းတလူ ပတ်သက်မှုဟာ သွေးရိုးသားရိုးလား။ မြဘုန်းတလူက မိုးလေးကို မကျေနပ်သည့်စိတ်နှင့် တမင်သွားပတ်သက်ခဲ့တာလား။ မြဘုန်းတလူ ဆိုသော မိန်းမဟာ မိုးလေးကို ဘယ်လောက်မုန်းသည်ဆိုတာ ကာယကံရှင် မိုးလေးက အသိဆုံးလေ။

"ငါ ဘာလုပ်ရမလဲ နုဝါ။ ငါ့စိတ်ထဲမှာ မြဘုန်းတလူကို သိပ်မသင်္ကာဘူး။ သူ ငါနဲ့ဆီဇာနဲ့ ပတ်သက်တယ်ဆိုတာ သိမှာပဲ။ သိလို့ ဆီဇာ့အနားကို တမင်ချဉ်းကပ်တာ ဖြစ်နိုင်တယ်၊ နင်ရော ဘယ်လိုထင်လဲ"

"ငါထင်တာကတော့ လောလောဆယ် ဒီကနေ အမြန်ထွက်သွားသင့်တယ်လို့ ထင်တယ်၊ နင့်ရဲ့လှုပ်ရှားမှုမှန်သမျှဟာ ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်တာ ပိုကောင်းမယ်ထင်တယ် ...





အခု သူတို့နှစ်ယောက်ကို Shock ရနေတဲ့ ပုံစံနဲ့ နင် မတွေ့သင့်ဘူး။ ကြိုတင်ပြင်ဆင်ပြီးမှ တွေ့သင့်တယ်။ မြဘုန်းတလူက အရမ်း Sharp ဖြစ်တယ်နော်။ သူ့ကို တွေ့ဖို့ဆိုတာ နင့်ဘက်က ကြိုတင်ပြင်ဆင်မှု ရှိရမယ်လို့ ငါ မြင်တယ်"

နုဝါရဲ့စကားတွေက ချက်ကျ လက်ကျနိုင်ကာ မှန်နေသည်မို့ မိုးလေး ဘာမှမပြောနိုင်တော့ဘဲ ပိုက်ဆံထုတ်ရှင်းကာ ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။ သူတို့ဘက်သို့ ငုံ့စောင်းကြည့်သွားတာတောင် နှစ်ယောက်စလုံးက ပတ်ဝန်းကျင်ကို သတိမထားမိကြပါ။ လောကကြီးတွင် သူတို့နှစ်ယောက်တည်း ရှိနေသည့်အလား တစ်ယောက်မျက်နှာတစ်ယောက် ပြုံးကာရယ်ကာ ကြည့်ကာဖြင့် စားသောက်နေကြလေသည်။ ကားပေါ်ရောက်တော့မှ နုဝါက ဆက်ပြောသည်။

"နင် ဆီဇာ့ကို မြဘုန်းတလူအကြောင်း သွားမေးဖို့ စိတ်မကူးနဲ့နော်"

"ဘာလို့လဲ"

"ငါ့စိတ်ထင်တော့ဆီဇာတိုးဘုန်းဝေက ဘာမှမသိလောက်ဘူး ထင်တာပဲ"

"နင်က ဘာကြောင့် အဲဒီလို ထင်ရတာလဲ"

"ငါ့စိတ်ထဲမှာ အလိုလို ထင်တာပဲ။ မြဘုန်းတလူကသာ နင့်ကို သေအောင်မုန်းနေတဲ့လူလေ။ နင် စိတ်ဒုက္ခရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် သူ စိတ်ဝင်စားမယ် ထင်တယ်။ နောက်ပြီး သူ့ဘော်ဒါ မြရွက်စိမ်း ဆိုတဲ့ မိန်းမကလည်း ရှစ်ပေစလောင်း မဟုတ်လား။ သတင်းက ဒီလောက်စုံတာ။ နေရာတကာ လျှောက်သွားနေတာ၊ ငါကတော့ ဒီကိစ္စဟာ သေချာပေါက် မရိုးသားဘူး ထင်တယ်"

"ကျွတ် ... မသိတော့ဘူးကွာ၊ အဲဒါကြောင့် ..."

အဲဒါကြောင့် ဆီဇာ ခုတလော ငါ့ဆီကို အဆက်အသွယ် သိပ်မလုပ်တော့တာလား မသိဘူး ဟူသော စကားကိုတော့ ဆက်မပြောတော့ဘဲ ရပ်တန့်ထားမိသည်။ နဝါ အပါအဝင် သူငယ်ချင်းတွေ သိထားတာက မိုးလေးနှင့် ဆီဇာဟာ တွဲနေကြတဲ့၊ date လုပ်နေကြတဲ့ သူတွေလို့ သိထားတာလေ။ တခြား သူငယ်ချင်းတွေ မပြောနှင့် နဝါလို အနီးကပ်ဆုံး သူငယ်ချင်းကိုတောင်မှ ဆီဇာ စိမ်းကားနေကြောင်း မပြောသေးပါ။ ဘယ်သူမှ မသိစေရဘဲ ဆီဇာ့ကို အမျိုးမျိုး အဆက်အသွယ် လုပ်နေခဲ့တာဖြစ်သည်။ ခုတော့ ဆီဇာ့စိတ်တွေ ကိုယ့်ဆီမှာ ဘာလို့မရှိရလဲ သိချိန်မှာ နှလုံးအိမ်ကို ဆူးနှင့် လာထိုးနေသလို တဆစ်ဆစ် ဖြစ်ရလေသည်။

နင်နဲ့ ဘာလို့ ရေစက်မကုန်ရတာလဲ မြဘုန်းတလူ။

"နင် ဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ"

"မသိသေးပါဘူးဟာ။ လောလောဆယ်တော့ စိတ်ထဲမှာ နောက်ကျိရှုပ်ထွေးနေတာပဲ သိတယ်"





"နောက်ကျိရှုပ်ထွေးမနေနဲ့။ နင့်အတွက် အကြံကောင်းရှိတယ်။ နင် မြဘုန်းတလူနဲ့ ချိန်းပြီးတွေ့လိုက်။ သူ နင့်ကို သတ်ချင်နေမှာ အမှန်ပဲ"

"ဘာရယ် ... အဲဒါ အကြံကောင်းလားဟဲ့"

"မိုးလေးရယ် ... နင် ငါ့စကားကို ဆုံးအောင်နားထောင်စမ်းပါဦး၊ လောကကြီးမှာ ယူတတ်ရင် ကိုယ့်အတွက် အခွင့်အရေးချည်းပဲ။ အေး ... နင့်ကို မြဘုန်းတလူ မုန်းတယ်၊ သတ်ချင်တယ် ဆိုတာလည်း အသုံးချတတ်မယ်ဆိုရင် နင့်အတွက် အခွင့်အရေးတစ်ခု ဖြစ်လာမှာပဲ ...

သူနဲ့တွေ့ပြီး သူ့စိတ်ကို ဆွပေးရမယ်။ ဆီဇာနဲ့ ပတ်သက်ပြီး အမှားတွေ ထွက်လာအောင် နင် ဆွပေးရမယ် မိုးလေး။ နင့်ကို သူ သေအောင်မုန်းတဲ့အတွက် ဘာပဲဖြစ်ဖြစ် နင့်ကိုတွေ့ရင် သူလည်း ဒေါသထွက်မှာပဲ။ သူ့ဒေါသထဲက သူ့အမှားကို ရအောင်ညှစ်ယူရမယ်။ အကောင်းဆုံးက သူ့ကို ကြိုတင်ပြင်ဆင်ချိန် မပေးဘဲ သွားတွေ့တာပဲ။ ပြီးရင် နင့်အိတ်ထဲမှာ သူနဲ့စကားပြောတာကို အသံဖမ်းထားလိုက် ...

ဒါတွေကို လုပ်နိုင်သမျှ မြန်မြန်လုပ်ဖို့ပဲ မိုးလေး"

နဝါရဲ့စကားအဆုံးတွင် မိုးလေးရဲ့နှုတ်ခမ်းအစုံက ပြုံးပြီးရင်း ပြုံးလာခဲ့သည်။ နဝါ ပေးသော အကြံကောင်းကိုနား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီး ကိုယ် ဘာလုပ်ရမယ်ဆိုတာ ပို၍ ပို၍ သဘောပေါက် လာခဲ့လေတော့သည်။

နင် မြန်မြန်ဒေါသထွက်ပြီး များများပေါက်ကွဲဖို့ လိုတယ် မြဘုန်းတလူ၊ လာပါ ... ထောင်ချောက်ထဲ ဆင်းလာခဲ့ ပါ ကျေးဇူးပြု၍ ...။

❋ ❖ ❋





(၁၇)

တစ်ဖက်မှဝင်လာသော Fax ကို အကြီးအကျယ် ပြုံးပြုံးကြည့်နေသော လူလူသည် "တင်"ခနဲ မြည်လာသော မတ်ဆေ့ဝင်သည့် အသံကြောင့် ဆတ်ခနဲ ဖြစ်သွားသော်လည်း အလုပ်ထဲ ပြန်အာရုံစိုက်ဖို့ပြင်သည်။ ဒါပေမဲ့ မသိစိတ်ရဲ့စေ့ဆော် မှုအရ တစ်စုံတစ်ယောက်ထံကလားဟူသော အတွေးဖြင့် ဖုန်းကို ဖွင့်ကြည့်လိုက်လျှင် တကယ်ပဲ ဆီဇာ့ဆီက ဖြစ်နေတာကို တွေ့ ရလေသည်။ ဖျတ်ခနဲ ကြည်နူးစိတ်က ရင်မှာ အတိုင်းအဆမဲ့ပါ။ လောကမှာ ကိုယ့်ကို ချစ်မြတ်နိုးသည့် တစ်စုံတစ်ယောက်က အချိန်ပြည့် ဂရုစိုက်ကြင်နာ သတိရနေသည်ဆိုသော အသိဟာ လူတစ်ယောက်ကို ဘယ်လောက်တောင် ခွန်အားပေးစေလဲဆိုတာ ကြုံဖူးသူမှ သိကြမှာလေ။

"ညစာကို အိမ်မှာလာစားဖို့ ဖိတ်ချင်တယ်။ မာမီက ပြည် ပလာတာနဲ့ ကြက်သားဟင်း ပို့ပေးထားလို့"



www.burmeseclassic.com

www.burmeseclassic.com



လူလူက သူ့မတ်ဆော့ကိုဖတ်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာ "စိတ်ဆိုးတယ်"ဟူသော မတ်ဆော့ကို အလုပ်ရှုပ်နေသည့်ကြားမှ မြန်မြန်ဆန်ဆန် ပို့လိုက်သေးလေသည်။ တစ်မိနစ်တောင်မကြာဘဲ သူ့ဆီက မတ်ဆော့က ပြန်ဝင်လာသည်။ လျှာထုတ်ပြောင်ပြနေသော ကာတွန်းရုပ်လေး ပို့လိုက်သည်မို့ ဒီတစ်ခါတော့ လူလူက ခပ်ဟက်ဟက် ရယ်မောမိသည်။ စိတ်တွေလည်း ကြည်ရွှင်လိုက်တာ ဆိုတာလေ။ စိတ်ပေါ့ပါးစွာဖြင့် Fax ကို ကြည့်ရင်း အလုပ်နဲ့ပတ်သက်တဲ့ အကြံဉာဏ်ကောင်းတွေတောင် ထွက်လာသေးသည်။ သိပ်မကြာခင်မှာပဲ ဖုန်းသံက ထပ်မြည်လာပြန်သည်။ ဒီတစ်ခါတော့ လူလူ မသိသော နံပါတ်အစိမ်းတစ်ခုပဲ ဖြစ်ပါသည်။ ဒီဖုန်းဟာ ကိုယ်မသိသော လူတွေထံက သိပ်မလာဘဲ Private သုံးသောဖုန်းမို့ လူလူက ဖွင့်ကိုင်ဖို့ တွေဝေနေမိသည်။ နောက်တော့လည်း ကြည်လင်သော စိတ်အခံရှိသည်မို့ ဖုန်းကိုဖွင့်ထူးလိုက်လေသည်။

"ဟယ်လို"

"မြဘုန်းတလူ ပြောနေတာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

ပြန်ဖြေရင်းမှ လူလူသည် ဒီအသံကို ရင်းနှီးသလိုလို ရှိသည်ဟု ယူဆကာ ဘယ်သူများပါလိမ့်ဟု စဉ်းစားနေမိသည်။ သို့သော် သိပ်ကြာကြာမစဉ်းစားလိုက်ရဘဲ တစ်ဖက်က အသံထွက်လာလေသည်။





"မလူ ... ကေသက်မိုးလျှာပါ"

ဒိန်းခနဲ ဖြစ်သွားသော ရင်ထဲကအသံသည် တုန်လှုပ်ခြင်းကြောင့် မဟုတ်ဘဲ ရန်သူ့နယ်မြေကို ဝင်ရတော့မည့် စစ်သူကြီးတစ်ယောက်၏ ရင်ခုန်သံမျိုးပဲ ဖြစ်လိမ့်မည်။ နောက်ဆုံးတော့ လူလူ မျှော်လင့်တွက်ဆထားသော အခြေအနေမျိုး ရောက်လာခဲ့ပြီဖြစ်သည်။

"ဘာကိစ္စလဲ"

"မလူနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

"ငါ မအားဘူး"

"ရတယ်လေ၊ အားတဲ့အချိန်သာ ပြောပါ"

"ကောင်းပြီ။ ညနေငါးနာရီ ကန်တော်ကြီးထဲမှာ စောင့်နေ၊ ငါ လာခဲ့မယ်"

ခပ်ပြတ်ပြတ် ပြောပြီးတာနှင့် လူလူက ဖုန်းချပစ်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းကို တင်းတင်းကိုက်ကာ ဒေါသတွေက တဆတ်ဆတ်တုန်အောင် ထွက်လာရလေသည်။ ကေသက်မိုးလျှာနှင့် ပတ်သက်လာလျှင် သွေးအေးရက်စက်သူတစ်ယောက်အဖြစ် နေနိုင်အောင် ကြိုးစားပေမယ့် ဒါဟာ ဒီဟာမလေးနှင့်ဝေးနေချိန်သာ ဖြစ်နိုင်ပြီး အသံကြားတာနှင့် ဒေါသတွေ တဖျစ်ဖျစ်ထွက်လာရသလို သူမမျက်နှာ မြင်လိုက်ရင်တော့ ဘယ်လောက်တောင် ခါးသီးစက်ဆုပ်သွားမိမယ်မသိ။ အခုနက အချစ်ဓာတ်ကြောင့် အေးမြလန်းဆန်းနေသည့်စိတ်များ နောက်ကျိရှုပ်ထွေးသွားရကာ အမုန်းသည် တစ်ကိုယ်လုံးကို ပူလောင်မြိုက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုလက်ရရှိလျှင် MRTV-4 မှလာသော တရားတော်များကို နာကြားတတ်သော လူလူ့အတွက် သစ္စာလေးပါးအကြောင်း နက်နက်ရှိုင်းရှိုင်း မသိရင်သာနေမယ် ဗုဒ္ဓဘာသာ၏ အခြေခံအကျဆုံး ကိုယ့်စိတ်ကိုယ်သိဖို့တော့ သဘောတရားကို နားလည်သဘောပေါက်လေရာ ကိုယ့်စိတ်ရဲ့ မိနစ်ပိုင်းအတွင်း ဖြစ်ပျက်ပြောင်းလဲနေသမျှကို ပြန်သိရင် ဘာဖြစ်နေသလဲ ဆိုတာလည်း သိသည်။ သို့သော် ပုထုဇဉ်ပီပီ လူလူသည် သိကားသိသော်လည်း မကျင့်နိုင်ခဲ့ချေ။ သူ့ကို မုန်းရသော အမုန်းသည် ကိုယ့်ကို အရင်ပူလောင်စေသည်ဆိုတာ သိသော်လည်း ဒါကို မပျောက်နိုင်ခဲ့ပါ။

ညနေငါးနာရီအထိမှာ လူလူတစ်ယောက် ကန်တော်ကြီးထဲသို့ ရောက်သွားစဉ်မှာ ကေသက်မိုးလျှာထံက ဖုန်းထပ်ဝင်လာသည်။ သူမက လူရှင်းသောနေရာမှာ ကားရပ်ပြီး စောင့်နေတာမို့ လူလူက သူမပြောသောနေရာ သူမစီးလာသောကား ရပ်ထားရာသို့ ရှာပြီးရောက်သွားသည်။ ကေသက်မိုးလျှာသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ပြီး လူလူ့ဘက်ကို ကျောပေးရပ်နေသည်။ လူလူက ရဲရင့်ခြင်းအသွင်ကို ဆောင်လာသော သူမရဲ့စိတ်ကို အကဲခတ်မိကာ မဲ့ပြုံးတစ်ချက် ပြုံးမိသည်။ ကားပေါ်မှဆင်းပြီး တံခါးကို ဆောင့်ပိတ်လိုက်ခြင်းဖြင့် လူလူ ရောက်လာပြီ ဆိုတာကို သူမအား သိစေလိုက်သည်။





တကယ်လည်း ကားတံခါး ဆောင့်ပိတ်သံကြောင့် သူမက လှည့်ကြည့်လာသည်။ မိတ်ကပ်က ကြွေရောင်တောက်နေပြီး မင်းသမီးတစ်ယောက်လို ပြင်ဆင်လာသော ကေသက်မိုးလျှာသည် မတွေ့ရတဲ့နှစ်တွေ အတွင်းမှာ မြွေဟောက်မတစ်ကောင်နှင့် ပိုတူလာသည်ဟု ထင်မိသည်။ ဒီမိန်းကလေးနှင့် မတွေ့တော့တာ ရှစ်နှစ်လောက် ရှိခဲ့မည်ထင်သည်။ ဒီရှစ်နှစ်အတွင်းမှာ အံ့သြစရာကောင်းစွာကို တစ်မြို့ထဲ နေခဲ့တာတောင်မှ သူမကို ဘုန်းကံမြင့်မားသော လူလူ့ရှေ့ ကံကြမ္မာက အရောက်ပို့မလာခဲ့ချေ။ ရှစ်နှစ်အတွင်းမှာ တင့်တယ်သော ဘဝတစ်ခုကို လူလူ တည်ဆောက်နိုင်ခဲ့သော် ဒီမိန်းမ ဘာဖြစ်နေလဲ လူလူ မသိပါ။ သေချာတာကတော့ လင်စံရွေးနေမည်ဟုသာ ရင့်ရင့်သီးသီးပြောချင်တော့တာပါပဲ။

လမ်းလျှောက်လာသော လူလူ့ကို သူမက မရယ်မပြုံးသော်လည်း မတင်းမာသည့် မျက်နှာထားနှင့် စောင့်ကြိုနေသည်။ အနားသို့ ရောက်လာသောအခါ သူမက စတင်စကားပြောလေသည်။

"မိုးလေးတို့ မတွေ့တာ အတော်တောင် ကြာသွားပြီပဲနော်၊ မလူ"

"အပိုတွေ ပြောမနေနဲ့။ နင် ငါ့ကိုတွေ့ချင်တာ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြမှာပေါ့ မလူရဲ့။ အမှန်ဆို မိုးလေးက မလူနဲ့ Acacia မှာ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး စကားပြောချင်တာပါ ..."

မလူက ဒီမှာ ချိန်းလို့သာ"

"ဒီမှာ နင်နဲ့ ငါကြားမှာ Acacia ထိုင်ပြီး ကော်ဖီသောက်ရင်း စကားပြောစရာ ဘာအကြောင်းမှ မရှိဘူး။ ကဲ ... ဘာကိစ္စလဲဆိုတာ ပြော"

သူမက လူလူ့ကို မျက်လုံးချင်း တည့်တည့်ဆုံအောင် ကြည့်လာသည်။ လူလူကလည်း တစ်စက်လေးမှ အကြည့်မလွှဲဘဲ ရူးရူးရှရှ ပြန်ကြည့်မိလေသည်။ စက္ကန့်ပိုင်းကြာမှ သူမက မျက်တောင်တစ်ချက်ခတ်ကာ ကန်ရေပြင်ဘက်ကို တစ်ချက်ငေးရင်း ...

"မလူ ... ဆီဇာတိုးဘုန်းဝေကို သိတယ်မှလား"

"သိတယ်"

"ဘယ်လိုလုပ် စ,သိတာလဲ"

"ဟက် ... နေစမ်းပါဦး။ နင်က ဘာမို့လို့ ငါ့ကို ဒီလို ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ လာမေးနေရတာလဲ"

"မိုးလေးနဲ့ သက်ဆိုင်လို့ မေးတာပါ။ မိုးလေးက ဆီဇာနဲ့ မလူအရင် တွဲနေတာပါ"

"ဟုတ်လား ... အဲဒါ ဘာဖြစ်လဲ"





"ဟင်း ... မလူ ကြည့်ရတာ မိုးလေးနဲ့ဆီဇာ ပတ်သက်မှုကို သိပြီးသား ဖြစ်နေပုံပဲ။ မလူ ... မိုးလေးကို ဘယ်လောက်မုန်းတယ် ဆိုတာ သိပါတယ်။ ဒါပေမဲ့ အဲဒါတွေက ပြီးခဲ့တာကြာပြီလေ မလူ။ အားလုံး ငယ်ရွယ်စဉ်မှာဖြစ်ခဲ့ကြတဲ့ကိစ္စပါ။ ခုချိန် မလူရဲ့အလုပ်ထဲမှာ အသက် ၁၆, ၁၈ အရွယ်တွေကို လူငယ်လို့တောင် မသတ်မှတ်ဘဲ ကလေးလို့ သတ်မှတ်ထားတယ် မဟုတ်လား။ မိုးလေးတို့ ဖြစ်ပျက်ခဲ့တဲ့အဖြစ်တွေက ကလေးဘဝတုန်းက ဖြစ်ခဲ့တာတွေပါ"

"ဘာ ... ဟား ဟား ဟား ...။ နင် တော်တော်ဟာသပြောတတ်တာပဲ ကေသက်မိုးလျှာ။ နင့်အဖြစ်ကျတော့ ကလေးဘဝတုန်းက ဖြစ်ခဲ့တာပါ ဟုတ်လား။ အဲဒီအရွယ်က ချေးကျွေးရင် နင် စားမှာလား။ ချေးမစားတတ်တဲ့ ဦးနှောက်ဆိုရင် လူတစ်ယောက်ကို လက်လွှတ်စပယ် စွန့်ပစ်လို့ မရဘူးဆိုတာ နင် သိပြီးသားပဲ"

"စကားကို ဒီထက် ယဉ်ယဉ်ကျေးကျေး ပြောလို့မရဘူးလား မလူ"

မျက်နှာပေးက ခနိုးခနဲ့နှင့် သူ့ကိုယ်သူ တော်ဝင်ခင်းသမီးစတိုင်လ် ဖမ်းထားသော ကေသက်မိုးလျှာရဲ့မျက်နှာကို ကုတ်ဆွဲချင်စိတ်အား အတော်ထိန်းချုပ်ထားရသည်။ သူမမျက်နှာကို တရေးရေး စိုက်ကြည့်ရင်း နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်လိုမိန်းမနဲ့ ပတ်သက်လာရင် ငါက ယဉ်ကျေးစရာ အကြောင်းရှိလို့လား ကေသက်မိုးလျာရဲ့"

"အဟက် ... ပြောလို့ကို မရတော့တာပါလား။ ထား
တော့ ဆီဇာ့အနားက ခွာပေးပါ မလှူ"

"ဘာပြောတယ် ... ဟား ... နင် ရူးနေပြီ ကေသက်မိုးလျာ"

"ဟုတ်တယ် ... ရူးနေပြီလို့ ပြောရင်လည်း မနာဘူး။ ဒါပေမဲ့ မလှူလည်း မိုးလေးကို အမြင်ကတ်တဲ့ပုဒ်မနဲ့ ဆီဇာ့ကို အသုံးချမယ်ဆိုရင် အဲဒါက ဘယ်လိုမှ မလုပ် သင့်ပါဘူး ...

ကျေးဇူးပြုပြီး ဆီဇာ့ကို အသုံးမချပါနဲ့ မလှူ မိုးလေးကို မကျေနပ်ရင် ကြိုက်သလို ရိုက်နှက်သွားနိုင်ပါ တယ်"

"အံမယ်လေး ... လေး ... ပြောတတ်လိုက်တာ၊ ဟား ... ဟား ... ဟား ... ငါ ရယ်ရလွန်းလို့ အူတွေနာနေပြီ ကေသက်မိုးလျာရယ် ... အဟား ဟား ဟား"

တကယ်ကို မှုယာမာယာများကာ ပလေစိချော် ချက် ပြောတတ်လွန်းသော ကေသက်မိုးလျာရဲ့ အပေါစားမာယာ ကို လှူလှူက ဟားတိုက်ပြီးတော့ကို ရယ်မိသည်။ စိတ်ထဲလည်း တကယ် ရယ်ချင်လာလို့ပါလေ။

"ဒီမှာ ကေသက်မိုးလျာရဲ့။ နင်က အရိုက်ခံချင်တယ် ဆိုရင်တောင် နင့်လိုမိန်းမရဲ့အသားကို ငါ့လက်နဲ့မထိချင်





ဘူး။ နောက်ပြီးတော့ နင် သိထားဖို့က လူတစ်ယောက်ကို ကိုယ်ထိလက်ရောက် နာကျင်စော်ကားတာထက် စိတ်နှလုံး သားကို နာကျင်စော်ကားခံရတာ ပိုနာတတ်တယ်ဆိုတာ နင် ကောင်းကောင်းကြီး သဘောပေါက်လာလိမ့်မယ်"

"ဘယ်လို ! ဒါဆိုရင် မလှူက မိုးလေးကို တကယ်ပဲ အဲဒီ လို ခံစားစေချင်တာလား ... ဟင် ?"

"နင့်ကို ဉာဏ်ကောင်းမယ် ထင်ထားခဲ့တာ။ ခုမှပဲ နင် ပိန်းတာ သိရတော့တယ် ကေသက်မိုးလျာရယ်။ နင့်လို မိန်းမကို ငါက ပျော်စေချင်မယ်လို့ နင် ထင်လား"

"မလှူ ... ဒါဆို မလှူက မိုးလေး ဒီလိုခံစားရအောင် တမင် စီစဉ်ခဲ့တာလား။ ဆီဇာ့အနားကို တမင်ရောက် အောင် ချဉ်းကပ်ခဲ့တာလား၊ ဒါမှမဟုတ် ဆီဇာနဲ့ဘယ်လို တွေ့ခဲ့တာလဲ။ ဟင် ... မလှူ၊ ပြောစမ်းပါဦး"

သွေးပျက်သလို ရူးသလိုလို ကြောင်သလိုလိုနှင့် ကိုရီးယားအိုက်တင်တွေ လုပ်ပြနေသော ကေသက်မိုးလျာကို လှူလှူက ဟောလီဝုဒ်အိုက်တင်နှင့်သာ စိတ်ပျက်လက်ပျက် ကြည့် နေမိတော့သည်။

"နင်မေးသမျှဖြေဖို့ ဒီကို ရောက်လာခဲ့တာ မဟုတ်ဘူး ကေသက်မိုးလျာ၊ နင့်လို မိန်းမတစ်ယောက်ကို အရေးအရာ လုပ်ပြီး ဘယ်ဟာက ဘယ်လိုဆိုပြီးတော့လည်း ဖြေရှင်း ချက် မပေးနိုင်ဘူး။ နင့်ဘာသာ ထင်ချင်သလိုထင်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ဘူး။ နောက်ကို ငါနဲ့တွေ့ဖို့လည်း မကြိုးစားနဲ့။ နင်နဲ့ငါ မတွေ့ချင်ဘူး၊ ပြီးတော့ တွေ့စရာ ဘာအကြောင်းမှ မရှိဘူး”

“ဘာအကြောင်းမှ မရှိဘူး ဆိုပေမယ့် ဘာမှမဆိုင်တဲ့လူကို ဒီလို စက်ကွင်းထဲ ဆွဲထည့်တာကတော့ မလူ မတရားဘူး ထင်တယ် ...

ဆီဇာ့ကို ဒီပြဿနာထဲ ဆွဲမထည့်ပါနဲ့”

“ကေသက်မိုးလျှာ ... နင့်ပါးစပ်က တရားတယ် မတရားဘူး ပြောနေရအောင် ဒါ တရားရုံးရောက်နေတာ မဟုတ်ဘူး ...

ဆီဇာ့ကို ငါ ဆွဲထည့်ထည့် မထည့်ထည့် နင်နဲ့မဆိုင်ဘူး။ အေး ... ဆိုင်တယ်ထင်လို့ ငါ့ကိုလာပြောနေတယ်ဆိုရင်တော့ နင် လူမှားနေပြီပဲ ...

သွားမယ်၊ နင် ငါ့ရှေ့ ထပ်ရောက်မလာခဲ့နဲ့”

ပြောပြီးတာနှင့် လူလူက ချာခနဲ လှည့်ထွက်လာကာ သူမထံသို့ နောက်ထပ်တစ်ချက်တောင် မကြည့်ဘဲ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။ သေတော့မလို မျက်နှာထားနှင့်ကျန်ခဲ့သော ကေသက်မိုးလျှာရဲ့မျက်နှာကို ပြန်မြင်ယောင်ရင်းမဲ့ပြုံး ပြုံးမိသော်လည်း အားရကျေနပ်သည့်စိတ် ဆိုတာ မဖြစ်ပေါ်သေးပါ။ ဒါဟာ စ,လုံးရေတောင် မစသေးဘူးဟု ထင်ပါသည်။





(၁၈)

ထိုနေ့က သာယာသော တနင်္ဂနွေနေ့ ဖြစ်သည်။ မနက်ခင်းမှာ လန်းဆန်းစွာ နိုးလာသော ဆီဇာသည် နိုးနိုးချင်းမှာ အရင်ဆုံး သတိရမိတာ **မြဘုန်းတလူ** ဟူသော မိန်းကလေးကိုပါပဲ။ သောကြာနေ့ညတုန်းက သူ့မိဘတွေအိမ် ပြန်အိပ်တာမို့ သူမနှင့် တစ်မိုးအောက်မှာ အတူမရှိဘူး ဟူသော အသိသည် ပိုမိုလွမ်းဆွတ် သတိရစေသလား မပြောတတ်ပါ။ ဒီနေ့ အိမ်မှာ ကိတ်ဖုတ်ပြီး သူမဆီကို ကိတ်မုန့်လက်ဆောင်ပေးဖို့ သူ စဉ်းစားထားသည်။ ညဥ့်ဦးပိုင်းမှာ သူမဆီ ကိတ်သွားပို့ရင်း အတူကော်ဖီသောက်မည်ဟု ကြိုတင်တွေးတောထားခဲ့ပါသည်။

ဒါပေမဲ့ သူ့ဆီကို မိုးလေးထံမှ ဖုန်းဝင်လာခဲ့သည်။ နေ့လယ်စာစားရင်း စကားပြောချင်ပါသည်တဲ့။ သူက ဘယ်လိုငြင်းရမလဲ အကြောင်းပြချက်ကောင်း ရှာနေတုန်းမှာပဲ မိုးလေးဆက်ပြောသော စကားကြောင့် ငြင်းဖို့ရာ မစွမ်းနိုင်တော့။

www.burmeseclassic.com



"နေ့လယ်စာ စားတယ် ဆိုတာထက် အမိက,က စကား ပြောချင်တာပါ ဆီဇာ။ အထူးသဖြင့် မိုးလေးနဲ့ မလှူအကြား ဆီဇာက ဓားစာခံဖြစ်နေတယ်ဆိုတဲ့ ခေါင်းစဉ်နဲ့စကား ပြောမယ်ဆို ဆီဇာ အရောက်လာမယ် ထင်ပါတယ်နော်"

အဲဒီအပြောကြောင့် သူက မိုးလေးနဲ့အတူ အေးအေး ဆေးဆေး စကားပြောလို့ရမယ့် ဆိုင်တစ်ဆိုင်မှာ တွေ့ဆုံဖို့ရောက် လာခဲ့ရသည်။ စိတ်လောနေသဖြင့် သူက အရင်ရောက်ပြီး ဆယ့် ငါးမိနစ်နေမှ မိုးလေးက ရောက်လာလေသည်။

"ရောက်နေတာ ကြာပြီလား ဆီဇာ"

"သိပ်တော့ မကြာသေးပါဘူး"

"တစ်ခုခု မှာစားရအောင်လေ။ အအေးပဲ သောက်တော့မှာ လား"

"အင်း ... ကိုယ် သိပ်စားချင်စိတ် မရှိလို့ပါ။ ပြောပါဦး မိုးလေး၊ မိုးလေးနဲ့ မြဘုန်း ဘယ်လိုပတ်သက်နေတာလဲ။ ကိုယ်နဲ့မြဘုန်း ပတ်သက်တယ် ဆိုတာရော မိုးလေးက ဘယ်လိုလုပ် သိတာလဲ"

"ဆီဇာက မလှူကို မြဘုန်းလို့ ခေါ်တာလား"

ဒါက အရေးပါလို့လား ဟူသော ပုံစံဖြင့် သူက မိုးလေးကို ပြန်ကြည့်မိလျှင် သူမက ဟုတ်ပါပြီဟူသော ပုံစံနှင့် လက်တစ်ဖက် ထောင်ပြသည်။ ပြီးတော့ သူမရဲ့ဖုန်းကို စားပွဲပေါ် တင်ကာ စားပွဲအလယ် သူ့နားရောက်လုနီးနီး တွန်းပို့လိုက်သည်။





သူက မိုးလေးကို နားမလည်သလို ပြန်ကြည့်နေတုန်းမှာပဲ ဖုန်း ထဲက လေသံလိုလို အသံတစ်မျိုး ထွက်လာသလို မိုးလေးရဲ့နှုတ် ကလည်း စကားသံ ထွက်လာသည်။

"မိုးလေးနဲ့ မလှူ ပြောထားတဲ့ အသံဖိုင်ပါ၊ နားထောင်ပြီး မှ စကားဆက်ပြောတာပေါ့"

သူက ဘာမှပြန်မပြောမိဘဲ မိုးလေးကိုသာ ခပ်ရူးရူး ကြည့်မိသည်။ သိပ်မကြာခင်မှာပဲ ဖုန်းထဲမှ စကားသံတွေထွက် လာလေသည်။ နားထောင်ရင်း နားထောင်ရင်း သူ့မျက်ခုံးတွေ ကျုံ့သထက် ကျုံ့လာသည်။ မြဘုန်းရဲ့စကားသံတွေကို နားထောင် ရင်း သူမရဲ့မျက်နှာကို ပြေးမြင်သည့်အခိုက် နှလုံးသားထဲတွင် ခပ်ဖျဉ်းဖျဉ်း ဖြစ်ရသည်။ သူမနှင့် ပတ်သက်၍ တွေးလိုက်တိုင်း Romantic ဖြစ်ဖွယ် ကိစ္စတိုင်းသည် အခုလို လိုက်မမီသော ပြဿနာအများနှင့် ဆက်စပ်နေလိမ့်မည်ဟု ယောင်လို့တောင် မတွေးမိချေ။

ရှေ့မှ အအေးခွက်မှာ ရေငွေ့တွေ သီးနေတာကို မမိုတ်မသုန် စိုက်ကြည့်ရင်း သူ့နှလုံးသားမှာလည်း ဓာချွေးပြန် သလို အဲဒီလို အအေးမှုန်တွေ ကပ်ငြိသီးထနေမည် ဖြစ်သည်။ ဖုန်းထဲမှ အသံတွေ ပြီးဆုံးသွားသောအခါ သူက မိုးလေးကို မော့ ကြည့်မိသည်။ သူ့မျက်နှာတွင် စိတ်ရှုပ်ထွေးသည့် အရိပ်သဏ္ဌာန် ပေါ်နေမည် ဖြစ်သလို မိုးလေးရဲ့မျက်နှာတွင်လည်း ဝမ်းနည်း ထိတ်လန့်နေသည့် ပုံစံမျိုး ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာတွေက ဘယ်လိုလဲ မိုးလေး”

“မိုးလေးနဲ့ မလှူ ဆိုတာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တည်းက သိခဲ့တာပါ။ အိမ်နီးနားချင်းတွေပါ ဆီဇာ။ မလှူက မိုးလေးထက် နှစ်နှစ်ကြီးပါတယ်။ မလှူရဲ့ မောင်ကမှ မိုးလေးနဲ့ ရွယ်တူပါ။ ဉာဏ်ဖုန်းလှူဆိုတဲ့ မလှူရဲ့မောင်လေးနဲ့ မိုးလေးက အတန်းတူ ရွယ်တူ သူငယ်ချင်းတွေပါ။ ပြီးတော့ ဟို ... အဲဒီအချိန်က သူငယ်ချင်းမက ရည်းစားမကျ ဆက်ဆံရေးမျိုးလည်း ရှိခဲ့တယ် ...

မလှူတို့က ငယ်ငယ်တည်းက အမေမရှိတော့တာပါ။ ဉာဏ်ဖုန်းလှူ ခြောက်တန်းလောက်တည်းက သူတို့အမေက ဆုံးသွားတာပေါ့။ ဉာဏ်ဖုန်းလှူက နည်နည်းဆိုးတယ်။ ဆယ်တန်းအောင်ပြီးတဲ့အချိန် ဉာဏ်ဖုန်းလှူ တစ်ယောက် အပေါင်းအသင်းမှားပြီး ဆေးသုံးလာတယ်။ မိုးလေး အဲဒီကလည်း သိတဲ့အခါ ဉာဏ်ဖုန်းလှူနဲ့ မပတ်သက်ဖို့ ကင်းကင်းနေဖို့တားတယ်။ အဲဒါနဲ့ သူနဲ့ မိုးလေး ဝေးသွားတယ်။ သူက ဒါကို လက်မခံဘူး။ ဒီကြားထဲမှာ မလှူတို့အဖေရဲ့ စီးပွားရေးမှာ ပြဿနာတွေ ပေါ်လာတယ်။ နောက်တော့ မလှူအဖေ စီးပွားပျက်ပြီး သိပ်မကြာခင်ပဲ သွေးတိုးနဲ့ Shock ဖြစ်ပြီး ဆုံးသွားတယ်။ ဉာဏ်ဖုန်းလှူကလည်း နောက်တစ်လအကြာမှာ ဆေးလွန်ပြီး ဆုံးတယ် ...





မလှူရဲ့စိတ်ထဲမှာ သူ့မောင်ကို မိုးလေးက ဖြတ်လိုက်လို့ သူ့မောင် သေရတာလို့ တစ်ဖက်သတ် စွပ်စွဲပြီး မုန်းနေတာပါ။ အပျို လူပျို ရည်းစားထားတဲ့ကိစ္စမှာ တစ်ဖက်လူကို ဖြတ်လိုက်တာနဲ့ ဒီလို မုန်းကြေးဆိုရင် တစ်ကမ္ဘာလုံး ရန်သူတွေ ဖြစ်ကုန်မှာပေါ့ ...

မိုးလေးတို့ရဲ့ ပတ်သက်ခဲ့မှုက ဒီလောက်ပဲ ဆီဇာ။ မိုးလေး စိတ်ထဲမှာ မလှူဟာ ဆီဇာ့အနားကို ရည်ရွယ်ချက်ရှိရှိနဲ့ ချဉ်းကပ်ခဲ့တယ်လို့ပဲ ထင်တယ်”

“အဓိပ္ပာယ် မရှိတာ”

သူက သွေးရူးသွေးတမ်း ပြောရင်း လုပ်မိလုပ်ရာ ရှေ့မှ အအေးခွက်ကို မော့သောက်မိသော်လည်း မျက်လုံးထဲတွင် မြဘုန်းရဲ့ အပြုံးမိုက်မိုက်ကို မြင်ယောင်လာသည်။ နှုတ်ခမ်းထောင့်စွန်းလေး တစ်ဖက်တင်ကွေးပြီး ပြုံးတတ်သူ သူမဟာ တကယ်ပဲ သူ့အနားကို ရည်ရွယ်ချက်ရှိရှိနဲ့ ရောက်လာခဲ့တာလား။ သူ့အခန်းနှင့် မျက်နှာချင်းဆိုင်မှာ လာရောက်တိုက်ဆိုင်တာသည် တကယ်ပဲ ဖန်တီးမှုတစ်ခုလား။ ဝေခွဲမရဖွာ ရှုပ်ထွေးလာသည်။

“အဓိပ္ပာယ်မရှိဘူး ထင်ရင် ဆီဇာ့ဘာသာ မလှူကိုမေးကြည့်ပါ။ မိုးလေးက စိတ်ထဲမှာ ဖြစ်နေတဲ့ ခံစားမှုကို ဖွင့်ပြောပြရုံ၊ ဆီဇာ့ကို အကျိုးအကြောင်း ပြောပြရုံပဲ ရှိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မိုးလေး မေးခဲ့တာပဲ။ မဟုတ်ဘူးလို့ သူ ပြန်မဖြေရှင်းဘူး။ ကျန်တာကတော့ ဆီဇာ့ အပိုင်းပဲလေ။ မိုးလေးက ပြောပြသင့်တယ် ထင်လို့ပါ"

တိုးတိတ်စွာ အဆုံးသတ်လိုက်သော မိုးလေးရဲ့စကားသံအဆုံးတွင် သူက စိတ်ရှုပ်ထွေးစွာဖြင့် လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်မိသည်။ မျက်လုံးထဲတွင် ဘဝကို နာကြည်းချက်ဒဏ်ရာများဖြင့် မြင်တတ်သော မြဘုန်းရဲ့ရုပ်သွင်ကို မြင်ယောင်လာသည်။ ဘယ်လိုတွေများ ရှင်သန်ဒဏ်ရာရခဲ့တာလဲ မြဘုန်းရယ်။

"သူ့မောင်ကို ဖြတ်လိုက်တာနဲ့ပဲ မိုးလေးကို အဲဒီလောက်မုန်းသွားစရာ အကြောင်းရှိလို့လား"

"မိုးလေးလည်း အဲဒီလိုပဲ အမြဲတမ်း မေးခွန်းထုတ်နေမိတယ် ဆီဇာ။ မလူ ... မိုးလေးကို ဒီလောက်မုန်းစရာ အကြောင်းမရှိဘူး ထင်တာပဲ။ မည်းမည်းမြင်ရာရမ်းပြီး သေးသေးကို ကြီးကြီးဖြစ်အောင်ချဲ့ပြီး မုန်းရင်တော့ မပြောတတ်ဘူးပေါ့လေ ...

မိုးလေးနဲ့ မလူဟာ အိမ်နီးနားချင်း ဖြစ်ခဲ့တယ်ဆိုပေမယ့် ဘဝကံအကျိုးပေးချင်းကတော့ ခြားနားတယ်။ မိုးလေးက မိဘစုံလင်နဲ့ အေးအေးချမ်းချမ်း ပညာသင်ခွင့်ရတဲ့အချိန်မှာ မလူက ရုန်းကန်ရတဲ့ အနေအထားတွေရှိခဲ့တယ်။ သူ့အဖေ ဆုံးသွားတာ၊ မလူတို့ စီးပွားပျက်သွား





ပြီး အိမ်နဲ့ခြံကို ရောင်းလိုက်ရတာ၊ ဉာဏ်ဖုန်းလူ ဆုံးသွားတဲ့ကိစ္စတွေ အားလုံးနဲ့ မလူ တစ်ယောက် လောကဓံကို တော်တော်ရင်ဆိုင် ခံစားခဲ့ရမှာပါ ...

ဒီအခြေအနေထိ သူ့ဘဝ ဒီလိုပြန်ဖြစ်လာအောင် သူ အများကြီး ရုန်းကန်ခဲ့ရတယ်။ ဘဝနာခဲ့ရတယ်။ သူ ပေးဆပ်ရင်းနှီးခဲ့ရတာတွေ ရှိတယ်၊ ဒီလိုလူတစ်ယောက်က မိုးလေးကို ရှိသင်တဲ့ အမုန်းထက် ပိုမုန်းနေတာလည်း ဖြစ်နိုင်ပါတယ်"

မိုးလေးရဲ့စကားအဆုံးတွင် သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်လေသည်။ သူ့ကို အလန့်တကြား မော့်ကြည့်သည်။

"အိုခေပါ မိုးလေး။ ကိုယ့်ကို ခွင့်ပြုပါဦး။ ဘာပဲဖြစ်ဖြစ် မိုးလေးကို ကျေးဇူးတင်ပါတယ်"

"ဆီဇာ"

"ပြော ... မိုးလေး"

"မိုးလေး တစ်ခုလောက် မေးချင်တယ်။ ဖြေပေးမလား"

သူက မေးလေ ဟူသော သဘောဖြင့် မေးတစ်ချက်ဆတ်ပြလိုက်သည်။ မိုးလေးထံမှ စကားသံ ချက်ချင်းထွက်မလာသေးဘဲ ချီတုံချတုံ စဉ်းစားနေဟန်ရှိပြီးမှ ...

"မလူကို ဆီဇာ ချစ်နေပြီလားဟင်"

"ကိုယ် မသိဘူး မိုးလေး"



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခု ထပ်ပြောမည့်ဟန် ပြင်နေသော မိုးလေးရဲ့နှုတ်ခမ်းမှ စကားစတို့ ထွက်ကျမလာခင် သူက လှည့်ထွက်လာခဲ့သည်။ ဘဝကို ရိုးစင်းစွာ ဖြတ်သန်းချင်ပြီး အချစ်တစ်ခုကို ရှိသားစွာ ရင်ခုန်ချင်သည့် သူ့အတွက် ကံကြမ္မာက တကယ်ပဲ စွန့်စားခန်းတွေနဲ့ ပြည့်နှက်စေချင်ခဲ့သလား ဆိုတာလေ။

❋ ❖ ❋





(၁၉)

"အဓိပ္ပာယ်မရှိတာ။ ဘုရင်ကလည်း အသုံးမကျလိုက်ပုံများ ဒီမိန်းမ ခြယ်လှယ်သမျှ ခံနေရရော့လား။ အင်း ... ဘာပဲဖြစ်ဖြစ် ဘလိုင်းကြီး ခြယ်လှယ်နိုင်တာတော့ ဘယ်ဟုတ်ပါ့မလဲလေ။ စွမ်းအားတစ်ခုနဲ့ ခြယ်လှယ်တာပေါ့ ...

အချစ်စွမ်းအားနဲ့ ခြယ်လှယ်တာပေါ့။ ဩော် ... အချစ် ... အချစ် ... Power ရှိတဲ့သူကိုတောင် အချစ်နဲ့ ခြယ်လှယ်နိုင်စွမ်းရှိရင် အချစ်ဆိုတာ King Power ထက်တောင် အင်အားကြီးတာပဲကိုး"

MRTV-4 မှ လာနေသော မာယာနန်းတော်ဇာတ်လမ်းတွဲကို တစ်ယောက်တည်း ထိုင်ကြည့်ရင်း ကိုယ့်ဘာသာ ထင်မြင်ချက်တွေကို အသံထွက် ရေရွတ်နေမိသော လူလူသည် ကိုယ့်မှာရော အဲဒီလောက် အချစ်ပါဝါ ရှိသလားဟု တွေးတောမိသွားသည်။ တွေးမိလျှင် ချက်ချင်းသတိရသွားတာက ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



များ သိရှိပြီးတဲ့အတိုင်း ဆိုသလိုပါပဲ။ ဟိုတစ်ယောက်နှင့်မတွေ့ရတာ မတွေ့ဆိုတာတောင်မှ ဖုန်းလေးသော်မှ စာတိုမတ်ဆေ့လေးတောင်မှ အဆက်အသွယ် မရခဲ့သည်မှာ သောကြာနေ့ညက စတင်၍ စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ ယခု အင်္ဂါနေ့ညထိအောင်ပါပဲ။ ခါတိုင်းဆိုလျှင် တစ်ရက်ခြား တစ်ခါလောက် သူ့ဆီက ဖုန်းကို လက်ခံရရှိသော်လည်း ခုတော့ ငါးရက်မြောက်သည်အထိ တိတ်ဆိတ်လွန်းနေသောအခါ ...။

လူလူက ထိုင်နေရာမှ ဆတ်ခနဲထပြီး လမ်းလျှောက်ကာ သူ့ဆီကို ဖုန်းဆက်ကြည့်ရင် ကောင်းမလား စဉ်းစားသည်။ နေမကောင်းလို့များလားဟု စဉ်းစားမိ၍လည်း ပါသည်။ ဖုန်းကို ကောက်ကိုင်ကာ Password ဖြေပြီးမှ အို ... မဆက်သေးပါဘူးလေဟု တွေးမိပြန်သည်။ တကယ်ဆို သူ နေမကောင်းဘူးဆိုရင်တောင်မှ မတ်ဆေ့လေးတစ်စောင် ပို့လိုက်သင့်တာပေါ့နော်။ ဒါဆို ကိုယ်က ဖုန်းဆက်လို့ ကောင်းဦးမည်။ ခုတော့ ဘာမှ အဆက်အသွယ်မရှိသည့် ခဏလောက် အဆက်အသွယ်ပြတ်သွားသော ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်က သတိရသည့်စိတ်နှင့် ဆက်သွယ်သည်ဟူသော အဖြစ်ကိုလည်း မလိုလားသေးပြန်ချေ။ ဒီလို ချီတုံချတုံ ဖြစ်နေဆဲမှာပဲ ဖုန်းက Ring သံ ထွက်လို့လာလျှင် ဆတ်ကနဲတောင် တုန်သွားရသည်။

အို ... ဘုရားသခင်။ သူ ဆက်ခေါ်နေသောဖုန်းပါလား။ သူ့ဆီကို သတိရစွာ ဆက်ရမလား မဆက်ရဘူးလား





ဝေခွဲမရ ဖြစ်နေတုန်းမှာ သူက ဆက်လာတာလေ။ လူလူသည် ဖုန်း Screen ကို ငေးရင်း ရင်ထဲမှာ လှိုက်လှိုက်ပြီး တက်လာအောင်ပင် ပျော်လာရသည်။ ကိုယ့်သတိရစိတ်တွေ သိပ်ပြင်းပြနေလို့ သူ့ထံက ဖုန်းဝင်လာသည်ဟူသော အသိက နှလုံးသားကို ကြည်နူးတုန်ခတ်စေသည်လေ။

"ဟယ်လို"

လူလူ့ခမျာမှာ နှလုံးသားကို လက်နဲ့ဖိပြီး တည်ငြိမ်သောအသံဖြစ်အောင် မနည်းထိန်းချုပ်ပြီး ထူးရလေသည်။

"ကျွန်တော် ဆီဇာပါ မြဘုန်း"

"ဪ ... သိတယ်လေ။ ဒီမှာ ရှင့်နာမည် ပေါ်နေတဲ့ဟာပဲ"

သူလည်း ကိုယ့်လို အယောင်ယောင် အမှားမှား ရင်ခုန်နေလား ဟူသော စိတ်ဖြင့် တစ်ယောက်တည်း ကျိတ်ပြုံးရသည်။

"အခု ဘယ်မှာလဲ"

"အိမ်မှာပေါ့"

"Garden ထဲကို ခဏဆင်းခဲ့လို့ ရမလား"

"Garden !"

လူလူက ယောင်ယမ်းပြီးတောင် နှုတ်မှရေရွတ်မိသွားသည်။ လူလူတို့ကွန်ဒိုဟာ ရေကူးကန်၊ ကလေးကစားကွင်းနှင့်အတူ ခြေခင်းလက်ခင်း လမ်းလျှောက်စရာ ဥယျာဉ်အသေးစား



www.burmeseclassic.com

www.burmeseclassic.com



လေးပါ ပါဝင်လေရာ တချို့တွေက Garden မှာ လမ်းလျှောက် သူကလျှောက်၊ ခုံတန်းလျားလေးမှာ စကားပြောကပြောနှင့် အပန်းဖြေကြသော နေရာဖြစ်သည်။

အခု သူက လူလူ့ကို Garden ထဲ ချိန်းသည်ဆိုတော့ ...။ ရင်တွေ တဒိတ်ဒိတ်တောင် ခုန်လာရလေသည်။ လူလူ့ဘက်က ရင်ခုန်သံနှင့် တိတ်ဆိတ်နေတုန်းမို့ သူ့ထံက စကားသံ ထွက်လာပြန်သည်။

"မြဘုန်း ... အိုခေလား။ မအားဘူးလား"

"ဟင် ... ဪ ... အားပါတယ်။ ဟို အခန်းချင်းကပ်နေတာကို Garden ထဲကိုခေါ်လို့ နည်းနည်း ... အဟင်း အံ့ဩနေတာ"

"ညကိုးနာရီကျော်နေတော့ မြဘုန်း အခန်းကို လာရမှာ အားနာလို့ပါ။ ပြီးတော့ ကျွန်တော်က ခုနကပဲ အပြင်က ပြန်ရောက်တာဆိုတော့ အောက်မှာပဲ ရှိနေလို့"

"အိုခေပါ ... ကျွန်မ ဆင်းလာခဲ့မယ်"

လူလူက ဖုန်းချပြီးနောက် လေတစ်ချက်ပင် ချွန်လိုက်သေးကာ ကိုယ့်ပုံကိုယ် မှန်ထဲကြည့်လိုက်သည်။ လွတ်လပ်ပေါ့ပါးသော အိမ်နေရင်း စပန့်ဂါဝန်ရှည်ကြီး ဝတ်ဆင်ထားသည်မို့ ဒီအတိုင်းဆင်းလို့ ဖြစ်ပါ့မလား ဟူသော စဉ်းစားချိန်က တစ်မိနစ်ကြာမည် ထင်သည်။ နောက်တော့ စဉ်းစားနေတာက ပိုကြာသဖြင့် တီရှပ်တစ်ထည်နှင့် ဂျင်းဘောင်းဘီကို ကောက်စွပ်





လိုက်တာက ပိုမြန်သွားလေသည်။ ဆံပင်တွေကို တစ်ချက်နှစ်ချက် သပ်တင်ကာ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လျက် Lift နှင့် ဆင်းလာခဲ့လေသည်။

တဒိတ်ဒိတ် ခုန်နေသော ရင်အစုံသည် သူ ကိုယ့်ကို ဘာစကားများ ပြောမလို့ပါလိမ့်ဟု တွေးတထိတ်ထိတ် ဖြစ်ရသည်။ မတွေ့ရတဲ့ ရက်တွေမှာ ဖုန်းတောင်မဆက်၊ မက်ဆေ့လေးတစ်စောင်သော်ကိုမျှ မပို့ဘဲ ညကိုးနာရီကျော်မှ Garden ထဲမှာချိန်းသော သူ့အပြုအမူဟာ ဘယ်ကို ရည်ရွယ်နေပါသလဲနော်။ လူလူက အောက်သို့ရောက်လျှင် ဟိုဟိုဒီဒီ ရှာဖွေရင်း Garden အနားသို့ ရောက်လာသည်။

နောက်မှ ခေါ်လိုက်သောအသံကြောင့် လူက ဆတ်ခနဲတောင် ဖြစ်သွားရလေသည်။

"မြဘုန်း"

"ဟင် ... ဪ ... အဟင်း"

လူလူက ဘာရယ်မဟုတ် လက်မောင်းလေးကို ပွတ်ကာ ရယ်ရင်း သူ့ကို နှုတ်ဆက်သလိုနှင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"အိပ်ရာဝင်နေပြီလား"

"ဟင့်အင်း ... TV ကြည့်နေတာပါ။ ဒါနဲ့ ရှင်တောင် ပျောက်နေတယ်နော်"

"အင်း ... ဟုတ်တယ်။ မိဘအိမ် ပြန်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လူလူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အသာငြိမ်နေမိရာမှ သူ့ကို မသိမသာ ချောင်းကြည့်မိလျှင် သူက တစ်ခုခု ပြောဖို့ရာအတွက် တစ်နေရာရာသို့ အကြည့်က ရောက်နေသော်လည်း စိတ်ကရောက်မနေသည့်၊ စိတ်နဲ့ ကိုယ်နှင့် မကပ်သည့်ပုံမျိုးတွေ့ရသည်။ ဘုရားရေ ... သူ ဘာဖြစ်နေတာလဲ။ သူ့ကို ဒီလိုတွေတွေဝေဝေ ပုံစံမျိုး ချိတုံချတုံပုံစံမျိုး တစ်ခါမှ မမြင်ဘူးသဖြင့် ထူးဆန်းနေရလေသည်။ အခါများစွာက သူ့ကိုတွေ့ခဲ့သော ပုံစံသည် ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ပုံစံဖြစ်ပြီး လူကို တည့်တည့်ကြည့်လာသော အကြည့်တွေမှာလည်း ရဲမြန်သည်။ သူနှင့်ကိုယ်သည် အပြုံးချင်း ဖလှယ်လျက် Link အမြဲ ဖြစ်နေခဲ့ရသည်။ ခုတော့ သူ ဘာတွေ အနေကျပ်နေပါလိမ့်။ ကိုယ့်ကိုများ ဖွင့်ပြောတော့မလို့လား။ အဲဒီလို တွေးမိသွားသော အခါ လူလူ့ရဲ့ရင်ခုန်သံတွေမှာ ဝုန်းဒိုင်းကြဲ၍ လာရလေသည်။

တကယ်ကိုပဲ Propse အလုပ်ခံရတော့မည့် မိန်းကလေးတစ်ယောက်ဟာ ခြေဖျားလက်ဖျားတွေ အေးစက်လာသလား မသိတတ်တော့ပါ။

"မြဘုန်း"

"ရှင် ... ဟင်"

သူ့ထံမှ တိတ်ဆိတ်ပြီး ရုတ်တရက် ထွက်လာသော အသံဖြစ်သဖြင့် လူလူ့မှာလည်း ဆတ်ခနဲ ဖြစ်သွားရသည်။ ကျွတ် ... ဒီလူကလည်းကွာ ဘာတွေဖြစ်နေမှန်းကို မသိဘူး။ ပေါ့ပေါ့ပါးပါး မရှိလိုက်တာ။





"မြဘုန်းကို ကျွန်တော် တစ်ခုမေးရင် စိတ်ဆိုးမှာလား"

ဟယ် ... သေတော့မှာပဲ ဒီလူ။ အဲဒီလိုကြီး စိတ်ဆိုးမှာလား၊ ဘာလား မေးစရာလား။ ပြောစရာရှိတဲ့ စကားကို စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်ရင် ပြီးတဲ့ဟာကို။ သူကလည်း အတွေ့အကြုံ မရှိတာလား။ ငါကပဲ ကတုန်ကယင်ဖြစ်လွန်းတာလား။ ပြောရရင်လည်း လူလူဟာ ဒီနေ့အထိ နမ်းတွေ့ ဒူးတွေ့ ချစ်ခြင်းကို မခံစားဖူးသေးသလို ရေရေရာရာ ချစ်ခွင့်ပန်ခြင်းဆိုတာကိုတောင် အတွေ့အကြုံ မရှိခဲ့သူ ဖြစ်သည်။ ကိုယ့်ကိုစိတ်ဝင်စားသူတွေ ချစ်ကြိုက်ခဲ့သူတွေ ရှိကောင်းရှိမည် ဖြစ်သော်လည်း ဘယ်သူ့ကိုမှ ယောင်လို့တောင် စိတ်မဝင်စားခဲ့သည်မို့ ဒီလို နှစ်ဦးသား တော့တော့ဆိုင်ဆိုင် အချိန်ဆိုတာ ဘဝမှာ တကယ်ကိုပဲ မရှိခဲ့ပါချေ။

"ရှင် ပြောမယ့် စကားက စိတ်ဆိုးစရာ ဖြစ်နေလို့လား"

"ဒါကတော့ မြဘုန်းအပေါ်မှာ မူတည်ပါတယ်"

ကျွတ် ပြဿနာပဲ။ ပြောမယ့်အရေးကို မပြောဘူးကွာ။ လူလူက သူ မမြင်အောင် နှုတ်ခမ်းကို ကျိတ်ကိုက်မိသည်။

"မြဘုန်း"

သူက ဆုံးဖြတ်ချက်တစ်ခု အပြီးသတ်ချလိုက်ပုံဖြင့် ခေါ်လိုက်လျှင် လူလူမှာ ဆတ်ခနဲတောင် ဖြစ်သွားရလေသည်။ သူခေါ်မှတော့ ကိုယ်လည်း စိတ်တင်းပြီး သူ့မျက်နှာကို တည့်တည့်ကြည့်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... တစ်ဆိတ်လောက် ရှင်ရော ကျွန်မရော ပထမဆုံး အတွေ့အကြုံကို တည်တည်ငြိမ်ငြိမ်လေး ရင်ဆိုင်လိုက်ကြရအောင်။

"မြဘုန်း ... ကျွန်တော့်အနားကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာလဲ"

"ဘာရယ်"

မြန်မာစကားကို အနားနား ကပ်ပြောကာ ပီပီသသ ကြားလိုက်သော်လည်းပဲ တစ်ခါတစ်ရံမှာ ဘာအဓိပ္ပာယ်မှန်းဆိုတာ နားလည်ဖို့ခက်သော အခြေအနေတွေလည်း ရှိတတ်ပါသည်။

"ဆောရီး ! ကျွန်တော် မေးချင်တာက ကျွန်တော့်ကို တိုက်ဆိုင်ပြီး သိခဲ့တာလား၊ အစတည်းက သိနေပြီးသား လား ဆိုတာကို သိချင်တာပါ"

လူလူက သူ့ကို နားမလည်စွာ ပြူးကြောင်ကြည့်နေမိသည်။ ပြူးကြောင်ကြည့်ရင်းနဲ့မှ သူ့မျက်နှာကို ကြည့်ရင်း ကြည့်ရင်း နားလည်သဘောပေါက်လာသည်မှာ သူသည် ကိုယ့်ကို Propose လုပ်မည့် ယောကျ်ားတစ်ယောက်၏ မျက်ဝန်းမျိုးမဟုတ် ဘူးဆိုတာပင်တည်း။ သူ့စကားကို ဦးနှောက်ထဲမှ သွေးကြောမျှင် တွေ ပေါက်ထွက်မတတ် တဖျစ်ဖျစ်မြည်အောင် စဉ်းစားပြီးသော အခါ သူ ဘာပြောချင်တာလဲ ဆိုတာကို မဝေးသော လူလူမှာ ချက်ချင်းသဘောပေါက်သွားလေသည်။ ထို့နည်းတူစွာ တစ်လက်စ တည်း ခံစားလိုက်ရတာကတော့ အရှက်တဖြန်းဖြန်းကွဲအောင်





ရှက်စွံ့ခြင်းပင်တည်း၊ ဘယ်သူမှ မသိပေမယ့် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်ရသော အရှက်နဲ့တင် သေလို့ရနေပြီဖြစ်သည်။ သေစမ်း မြဘုန်းတလူ၊ ကိုယ့်ကို သောက်ဖောင်းထုမယ့် ယောကျ်ားလား၊ Propose လုပ်မယ့် ယောကျ်ားလား ဆိုတာတောင် မခွဲခြားတတ် တဲ့အထိ နင် မွန်နေခဲ့တာပါလား။

ဘယ်လောက် ရှက်စရာကောင်းသည့် ဖြစ်ရပ်လည်း နော်။

"မြဘုန်း ... ကျွန်တော်မေးတာ နားလည်သွားတယ် မဟုတ်လား"

ဩော် ... ငါရဲ့ သွေးပျက် အရှက်သည်းထန်နေသော မျက်နှာဟာ သူပြောသလို နားလည်သွားတယ် မဟုတ်လားဆိုတဲ့ မေးခွန်းအတွက် ပြယုဂ်ပေါ့နော်။ ကိုယ့်ဘာသာ အရှက်ရခြင်းနှင့် အတူ ဒေါသတွေ တထောင်းထောင်း ထလာတာကိုတော့ သူက သတိပြုမိမည့်ပုံ မပေါ်ပါ။ သူ သိချင်သော အဖြေကိုသာ သဲကြီး မဲကြီး စောင့်နေဟန်ရှိသည်။ ဟက် ... ယောကျ်ားတစ်ယောက်ရဲ့ အတ္တက ဒီလောက်ကြီးမှန်း ဒီလူညံ့မဟာ ဘာလို့များ ကြိုမသိခဲ့ တာပါလိမ့်နော်။

ဆီဇာနှင့် ကေသက်မိုးလျှာ တွေ့ဆုံခဲ့ကြပြီးပြီပေါ့။ ကေသက်မိုးလျှာ တစ်ယောက် သူ့ကို ဘာတွေပြောလိုက်သလဲ တော့ လူလူ မသိနိုင်။ သိနိုင်သည်ကတော့ ဒီလေးရက်အတွင်း သူ ပျောက်ဆုံးနေသည့် အကြောင်းအရင်းသည် ဒါပါလားဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးမိသွားရသည့်အခါ ထိုလေးရက်တာမျှတွင် သူ့အပေါ်လွှမ်းဆွတ်သတိရစိတ်အား ပြင်းပြင်းပြပြ နာကြည်းရလေသည်။

သူက လူလူ့ဆီက အဖြေကို ပြောလေဟူသော ပုံစံမျိုးဖြင့် မျက်လုံးမှ စကားပြောနေသည်။ အင်မတန် စိတ်တိုစိတ်ဆတ်ကာ ဒေါသကြီးတတ်သော လူလူမှာလည်း သူ့ကိုပြန်ပြောဖို့ စကားလုံးရှာမရအောင်ပင် ဒေါသသွေးက ဦးနှောက်ကို တဒိတ်ဒိတ်တိုးလျှက် ရှိလေသည်။ ပြောဖို့ပြင်ဆင်နေသော ပါးစပ်မှာ ဒေါသကြောင့် ဘာစကားမှ ထွက်မလာတာကို တစ်ဖက်ကလည်း အမှန်တရားအတွက် ပြောစရာစကား မရှိဘူးဟု ထင်နေပုံရသည်။

"မြဘုန်း"

လူလူသည် ကိုယ့်ဘာသာ တဆတ်ဆတ် တုန်ယင်ပြီး ထွက်လာသော ဒေါသတွေကို ရုပ်ပျက်ဆင်းပျက် ပေါက်ကွဲလို့ မဖြစ်ဘူးဟူသော သတိတရားဖြင့် အမြန်မျိုချနေရသည်။ သူ့ကို တစ်ခုခု ပြန်ပြောဖို့ ကြိုးစားရဦးပေမည်။

"ကျွန်တော့်ကို တစ်ခုခု ပြန်ပြောပါလား"

"ကေသက်မိုးလျှာကိုတောင် မဖြေခဲ့တဲ့ မေးခွန်းကို ရှင်မေးရင်တော့ ကျွန်မက ဖြေလိမ့်မယ်လို့ ထင်ထားတာလား"

"အမှန်တရားကိုတော့ ရှင်းပြသင့်တယ် မဟုတ်လား"

'လူလူက သဘောကျလွန်းသဖြင့် ဟက်ခနဲတောင် ရယ်မိလေသည်။





"ကျွန်မ စိတ်မဝင်စားဘူး"

သူက လူလူ့စကားကို နားမရှင်းသည်သဖွယ်ဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။ လူလူကလည်း သူ့ကို မိုက်ကြေးကြည့်ခေါ်မလား၊ ပေစောင်းစောင်းအကြည့် ခေါ်မလား ထိုအကြည့်မျိုးဖြင့် ပြန်ကြည့်နေမိလေသည်။

"ဘာကို စိတ်မဝင်စားတာလဲ"

"ရှင်တို့တွေ ကျွန်မကို ဘယ်လိုထင်မြင် ယူဆသလဲဆိုတာကို စိတ်မဝင်စားဘူးလို့ ပြောတာ။ ရှင်တို့ ကြိုက်သလို ထင်နိုင်တယ် ...

ရှင့်အနားကို ကျွန်မက ရည်ရွယ်ချက်တစ်ခုနဲ့ ရောက်လာခဲ့တယ်လို့ ရှင်ထင်စရာ ရှင့်မှာအကြောင်းရှိရင် ရှင်ထင်လေ။ ရှင့်သိက္ခာကို လေးစားသောအားဖြင့် ရှင့်ကိုယ်ရှင် သိပ်အထင်မကြီးနဲ့လို့တော့ မပြောတော့ပါဘူး ...

ရှင် တစ်ခုသိထားဖို့က ကျွန်မ လူတွေရဲ့ထင်မြင်ယူဆချက်တွေကို ဂရုစိုက်တတ်တဲ့မိန်းမ မဟုတ်ဘူးဆိုတာပဲ။ ရှင်နဲ့ ကေသက်မိုးလျှာ တွေ့ဆုံစကားပြောပြီးကြရောပေါ့။ သူ ရှင့်ကို ဘာတွေပြောလိုက်လဲတော့ ကျွန်မ မသိဘူး။ အေး ... ပြောပါဦး၊ ကျွန်မအကြောင်း မဟုတ်တာတွေ ဘာတွေပြောလိုက်လဲ၊ ကျွန်မ ရှင်းပြချင်လို့ပါ ဆိုဖာရယ် (ညှောင်နာနာလေသံဖြင့်) ဆိုပြီး ရှင့်ကို တခုတ်တရမေးနေမှာလည်း မဟုတ်ဘူး ...

ရှင် ကြိုက်သလို ထင်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လူလူရဲ့စကားအဆုံးတွင် သူ့မျက်နှာကလည်း သွေးရောင်လွှမ်းသွားလေသည်။ ဩော် ... ဟော် ... ဟော် ... ပြောင်းလဲသွားတဲ့ မျက်နှာပုံကို ကြည့်ရထောက်တော့ သူလည်းပဲ လူလူရဲ့ ဖြေရှင်းချက် တစ်စုံတစ်ရာကို မျှော်လင့်ချက် တစ်စုံတစ်ရာ ရှိထားသည်ပေါ့နော်။ အလှည့်ကျ မခွဲ့လိုက်နဲ့ ဆိဇာရေ။

"ခင်ဗျားကို ဘယ်လိုနားလည်ရတော့မှာလဲ"

"အဲဒါတော့ ကျွန်မ ဘယ်တော့မှ မမျှော်လင့်ဘူး"

သူက လူလူ့ကို နားမလည်သော၊ စိတ်ပျက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ လူလူက ဆက်ပြောမိသည်။

"သိလား။ ကျွန်မကို လူတွေနားလည်ဖို့ ဘယ်တော့မှ မမျှော်လင့်ဘူး။ ပင်ပန်းလို့။ လူတွေဆီက မျှော်လင့်ချက်တွေထားရင် ရှုံးပြီးသေသွားမယ်။ ဒီတော့ ကျွန်မကို ဘယ်သူနားလည်လည် မလည်လည် ကျွန်မ ဂရုမစိုက်ဘူး။ လောကမှာ ကိုယ့်ထမင်း ကိုယ်ရှာစားရတာ။ ကိုယ် ရပ်တည်နိုင်ဖို့ ကိုယ့်ဘာသာ ကြိုးစားရတာ ...

ကိုယ့်မှာမရှိရင် ဘယ်သူမှ လာမကျွေးဘူး။ ဒီတော့ ကိုယ့်ကို ဘယ်လိုပဲထင်ထင် ဂရုမစိုက်ဘူး။ ဘယ်ဟာက ဘယ်လိုပါဆိုပြီး ဖြေရှင်းချက်တွေ ထုတ်နေမှာ မဟုတ်ဘူး။ အဲဒါ ကျွန်မရဲ့ နောက်ဆုံးစကားပဲ။ စကားအကုန်ပဲ"

ပြောပြီးတာနှင့် လူလူက သူ့မျက်နှာကို တစ်ချက်စိုက်ကြည့်ကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။ စိတ်လှုပ်ရှားဟုန်





ယင်စိတ်ဖြင့် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း နှုတ်ခမ်းကို ဖြတ်ထွက်မတတ် ကိုက်ထားမိလေသည်။ Lift ထဲသို့ရောက်လျှင် နံရံကမှန်မှာ ပြန်မြင်ရသော ကိုယ့်အရိပ်ကိုယ် ကြည့်ကာ မျှော်လင့်ချက်ကြီးစွာ Propose ရှူး ရှူးခဲ့သောအဖြစ်ကို သွေးရှူးသွေးတမ်း ပြန်ရယ်မိသေးသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၂၀)

"ကျုပ်တော့ ရှင် အဲဒီလို ဆုံးဖြတ်ခဲ့တာကို ဘယ်လိုမှ နားမလည်နိုင်ပါဘူးဟယ်။ ဒီလိုလုပ်တော့ ပိုဆိုးသွားမယ်လို့ မထင်ဘူးလား"

KFC ကြက်ပေါင်ကို လက်နှင့် ပယ်ပယ်နယ်နယ် ကိုင်ဆွဲနေသော လူလူ့မှာ စိမ်း မေးသော မေးခွန်းကို ချက်ချင်း ပြန်မဖြေသေးဘဲ လျှာပေါ်မှာ စိမ့်ဝင်ပျော်သွားသော ချိုမြိန်နူးညံ့နေသည့် ကြက်အရသာကို အပြီးထိရောက်အောင် ခံစားနေလိုက်သေးသည်။ ခံစားနေရင်း မျက်လုံးကလည်း အပြင်မှာဖြတ်သန်းသွားလာနေသော မိတ်ကပ်လိမ်း ယောကျ်ားတစ်ယောက်ကို မြင်သောအခါ ဟင်းခနဲ နှာခေါင်းရှုံ့မိသည်။

စိတ်ကူးပေါက်ရာ ထလုပ်တတ်သော တွဲဖက်ညီသည့် လူလူနှင့် စိမ်းမှာ KFC ကြက်ကြော် စားချင်လိုက်တာ၊ Starbucks Coffee သောက်ချင်လိုက်တာ ပြောပြီး၊ ကဲ ... ကြာ





တယ် သွားကြရအောင်ဆိုကာ အင်္ဂါနေ့မှာ အာရုံနောက်စရာကိစ္စ ကြုံသောအခါ လူလူသည်လည်း စိတ်ပြေလက်ပျောက်ဖြစ်အောင် ဗုဒ္ဓဟူးနေ့မှာ ခရီးကိစ္စ စီစဉ်ပြီး ကြာသပတေးနေ့မနက် Fight ဖြင့် ဗန်ကောက်သို့ ရောက်နေကြခြင်းဖြစ်သည်။ တနင်္ဂနွေနေ့မှ ပြန်ကြမည် ဖြစ်သည်။ ရုံးမှာ သူဌေးပြီးလျှင် အကြီးဆုံးဖြစ်သော လူလူ့အတွက် သူဌေးကလည်း ပေကျင်း ပြန်ရောက်နေသဖြင့် အေးရာအေးကြောင်းပါပေ။ ခုလည်း ရောက်တာနှင့် ဟိုတယ်မှာ အထုပ်ချကာ Central World ထဲတွင် ကြက်ကြော် လာကိုက်နေကြလေသည်။

လူလူ တစ်ခုခု ဖြစ်နေတာကိုသိသော "စိမ်း"မှာလည်း ရန်ကုန်မှာတည်းက ဘယ်လိုမေးမေး မေးမရခဲ့ပေ။ လေယာဉ်ပေါ်ရောက်မှသာလျှင် အကြောင်းစုံကို သိရတာ ဖြစ်လေသည်။

"ဘာကို ပိုဆိုးရမှာလဲ"

အာလူးချောင်းကြော် တစ်ခုကို ချိလီဆော့ထဲနှင့်တို့ရင်း ပါးစပ်ထဲသို့ထည့်ကာ အေးအေးဆေးဆေး ပြန်မေးသော လူလူ့ကို စိမ်းက မျက်လုံးပြူးကြည့်ရင်း ...

"ဟဲ့ ... ဆိုးတာပေါ့။ ရှင် ကေသက်မိုးလျှာကို ထင်ချင်သလိုထင်လို့ ပြောတာ ကိစ္စမရှိပေမယ့် ဆီဇာ့ကိုတော့ အဲဒီလို သွားပြောတာ ပြဿနာ မရှိနိုင်ဘူးလား။ သူနဲ့ရှင်က အကြင်နာလက်တစ်ကမ်း အနေအထားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ဟက်"

မိစိမ်းရဲ့ ပြောတတ်လွန်းသော အကြင်နာလက်တစ်ကမ်း ဆိုသည့် စကားကို သဘောကျလွန်းသဖြင့် လူလူက ခပ်ဟက်ဟက် ရယ်မိသည်။ အကြင်နာလက်တစ်ကမ်း မဟုတ်ဘဲ အကြင်နာလက်တစ်ကမ်းလို့ ထင်ခဲ့ရတာပဲ ဖြစ်ပါမည်။ စိမ်းကိုတော့ ဘာမှရှက်စရာမလိုသည့် ညီအစ်မလို ဖြစ်နေသဖြင့် မခြွင်းမချန် ရင်ဖွင့်မိသည်။

"အဲဒီတုန်းက ငါ့ဘာသာ မျှော်လင့်ချက်နဲ့ ဖိုးသိုးဖတ်သပ်ဖြစ်နေချိန်မှာ ကိုယ်ထင်သလို Propose မဟုတ်တာရော၊ ငါ့ကို မယုံသင်္ကာ၊ စစ်ဆေးရေး မျက်လုံးနဲ့ ကြည့်တာကိုရော မခံမရပ်နိုင်ဖြစ်ပြီး မာနနဲ့ အဲဒီလို တုံ့ပြန်ခဲ့တာ။ ဒါပေမဲ့ ငါ သွေးအေးသွားတဲ့အချိန်မှာ သေချာပြန်စဉ်းစားလိုက်တော့ ငါ လုပ်ခဲ့တဲ့ ပုံစံဟာ အမှန်ဆုံး ဖြစ်နေတယ်"

"လင်းစမ်းပါဦး"

"နင် စဉ်းစားကြည့်။ ကေသက်မိုးလျာကို ငါက ထင်ချင်သလိုထင်လို့ ပြောခဲ့တယ်။ ဒါကို အဲဒီဟာမက ဆီဇာ့ကို သွားပြောတာမျိုးလည်း လုပ်ချင်လုပ်မယ်။ အသံဖမ်းတာလည်း ဖြစ်ချင် ဖြစ်နိုင်တယ် ...

ထားပါ ... အဲဒါကို။ ဆီဇာက လက်ခံတယ်ပဲထားဦး။ သူ ငါ့ကို အဲဒီမျက်နှာပေး အဲဒီပုံစံနဲ့ မေးစရာအကြောင်းမရှိဘူး။ အဲဒီလိုမေးတဲ့ ယောကျ်ားတစ်ယောက်





ကို ငါက ဟုတ်ပါတယ် ဆီဇာရယ်၊ ကျွန်မ ရှင့်အနားကို ဘယ်လိုသဘောနဲ့မှ ရောက်လာတာ မဟုတ်ပါဘူးညော် (ညှောင်နာနာအသံ တမင်လုပ်ပြ၍) ဆိုပြီး ပြောလိုက်ရင် ငါ သေပြီ စိမ်း ...

ငါ့ကို အတ္တကြီးတယ် ပြောချင်ပြော၊ ကိုယ့်အပေါ်မှာ ဘယ်လိုသဘောထားမျိုးရှိမှန်း မသိဘဲ ယောကျ်ားတစ်ယောက်ကို အောက်စည်းကတော့ အညံ့မခံဘူးလေ"

"နို့ ... ဒါဖြင့်ရင် အထက်စီးကရော ရှင့်အနားကို တမင်ရောက်လာစရာလား ဆိုပြီး ဘာလို့ မဖြေရှင်းခဲ့လဲ"

"ဟဲ့ ... ဖြေရှင်းတာက အထက်စီး မဟုတ်ဘဲ အောက်စည်းဟဲ့။ သူတို့နှစ်ယောက်လုံး သိချင်နေတာက ငါ ဝန်ခံမလား ငြင်းမလားဆိုတဲ့ အချက်ပဲ။ ငါက အဲဒီနှစ်ခုလုံးကို ကျော်ဖြတ်ခဲ့တာ"

"အချေပေါ့။ နင်တို့ကို အဖက်လုပ်ပြီး ဖြေရှင်းချက် ပေးမနေဘူးဆိုတဲ့ အထာပေါ့"

"Right"

"ဒါဆို ... ရှင် ဗန်ကောက်ကို ထွက်လာတာ သူ မသိဘူးပေါ့"

"ဟဲ့ ... သိစရာလား။ မီး ဗန်ကောက်မှာ KFC နဲ့ငါးဆနယ်ကင်(ငါးဆားနယ်အကင်) သွားစားမလို့ပါ ကိုဇို့ ဆိုပြီး ငါက ပြောခဲ့ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်တို့ Sunday ညတည်းက တွေ့ပြီး ထပ်လည်း အဆက်အသွယ် မရှိကြတော့တာပေါ့"

လူလူက ဟုတ်တယ် ဟူသော သဘောဖြင့် ကြက်တောင်ပံကို လှမ်းကိုင်ရင်း မျက်ခုံးတစ်ချက် ပင့်ပြလိုက်သည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် လက်ကို တစ်သျှူးနှင့် ပြောင်စင်အောင်သုတ်ကာ ...

"ဟဲ့ ... ဟဲ့ ... Selfie ရိုက်မယ်။ ရုပ်ပြောင်မယ်။ Check in ဝင်မယ်။ လူသောက်ညင်ကတ်အောင် စာသားရေးဟယ်။ ဗန်ကောက်ကို KFC လာစားတယ်လို့ ငါးဆနယ်ကင်(ငါးဆားနယ်ကင်)လာစားတယ် ဆိုပြီး Facebook တင်မယ်ပေ့။ မုန်းသောသူများ ပိုမုန်းပါစေသတည်း ... ဟား ... ဟား"

"ရှင် ဒီလိုရယ်နိုင်တာ ကောင်းလိုက်တာဟယ်"

စိမ်းက အတည်ပေါက်ဟန်ဖြင့် ဆွေးဆွေးလျလျ ပြောလျှင် လူလူ့မျက်နှာက ဖျတ်ခနဲ တည်သွားသည်။ တည်သွားသလို ရင်ထဲမှာလည်း နာတော့ နာကျင်ရသားပဲ။ နာကျင်ရမှာပဲလေ။ ကိုယ် ခံစားနေရတာက အချစ် မဟုတ်သေးဘူးဆိုရင်တောင် သူစိမ်းယောကျ်ားအပေါ်မှာတော့ ပထမဆုံး ထားရှိမိတဲ့ အတွယ်အတာ မဟုတ်လား။

လူလူက မဲ့ပြုံးတစ်ချက်နှင့် ပြောမိသည်။





"ငိုချင်ရင်တောင် ရယ်နိုင်အောင် ကြိုးစားရမှာပေါ့ဟာ။ ငါ့ဘဝမှာ အဆိုးရွားဆုံး အချိန်တွေနဲ့တောင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသေးတာပဲ ...

ကုန်းကောက်စရာ မရှိတဲ့ အနေအထားကတောင် ဒီလိုအခြေအနေထိ ရောက်လာအောင် ပြာပုံထဲက ထ,လာခဲ့သေးတာပဲ။ ငါ့ဘဝမှာ စိတ်ထိခိုက်စရာ ဝမ်းနည်းစရာကြုံလာခဲ့ရင် တခြား ထူးထူးခြားခြား ဘာနဲ့မှ ဖြေစရာမလိုဘူး။ အရင်က အကြောင်းတွေလောက် အခြေအနေဆိုးနိုင်တဲ့အချိန် ရှိဦးမလားဟာ။ အဲဒါတွေတောင် ငါဘယ်လိုဖြတ်ကျော်ခဲ့လဲ၊ ဒါနဲ့ပဲ ဖြေမှာပေါ့"

"ဒါတော့ ဒါပေါ့ဟယ်။ ဒါပေမဲ့ ဒါက အရင်ကပြဿနာတွေနဲ့ မတူဘူးလေ။ ဒါက နှလုံးသားရေးရာကိစ္စလေ"

"နှလုံးသားရေးရာလို့လည်း ပြောလို့မရသေးပါဘူးဟာ။ နှလုံးသားရေးရာလို့ ဆိုဦးတော့ ငါ့အခြေအနေက ဒီလိုပဲ ရင်ဆိုင်ရမယ် စိမ်း"

စိမ်းက လူလူ့စကားကို မျက်တောင်မခတ်စတမ်း ငေးမောနားထောင်နေသည်။ လူလူကတော့ ကြက်တောင်ပံကို တစ်ကိုက်ဆွဲကိုက်ကာ ဝါးရင်းမှ ...

"ငါ့ကို ချစ်တယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ ငါ့ကို အများကြီး နားလည်ပေးနိုင်ရမယ်။ နင်လည်း သိပါတယ်။ ငါ့အကြောင်းကို လူတွေ ဘယ်လို သွားပုပ်လေလွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြလဲ ဆိုတာ။ ငါ့လို မိန်းမပျိုလေးတစ်ယောက် ဒီလိုပြည့်စုံလာတာ ခမ်းခမ်းနားနား နေရတာကို ငါ့အရည်အချင်းကြောင့်လို့ မမြင်ဘဲ သူဌေးမယားငယ်ပဲလို့ မြင်နေကြတာ လူတစ်ရာမှာ ခြောက်ဆယ်လောက် ရှိတယ်လေ ...

အမှန်တရားဆိုရာ ငါရယ် သူဌေးရယ် လူလူချင်း စာနာတတ်တဲ့ လူကလွဲလို့ ဘယ်သူမှ သိကြတာ မဟုတ်ဘူး။ ငါကလည်း အဖက်လုပ်ပြီး လူတကာကို လိုက်ရှင်းပြနေစရာ အကြောင်းမရှိဘူး။ ခုလည်း ဒီလိုပဲလေ ဆီဇာတိုးဘုန်းဝေ ငါ့ကို ထင်ချင်သလို ထင်နိုင်တယ်။ ငါအရေးရာလုပ်ပြီး ဖြေရှင်းမှာ မဟုတ်ဘူး။ အဲဒီအတွက် သူနောက်ဆုတ်သွားလည်း ကျေနပ်တယ် ...

ဒီလောက်လေးနဲ့တောင် ငါ့အပေါ် နားမလည်နိုင်ရင် သူ စိတ်လှုပ်ရှားနေရင် ဒီ့ထက်ဆိုးတဲ့ ကောလာဟလတွေကို သူ ဘယ်လိုရင်ဆိုင်မလဲ ...

အေးဆေးပါဟာ ထားလိုက်စမ်းပါ။ မြွေမှန်ရင် တွင်းဝင်ဖြောင့်ပါတယ်။ ဒါကတော့ ကဗျာမဆန်တဲ့စကားပေါ့။ ဒီ့ထက် ကဗျာဆန်ဆန် ပြောရရင်တော့ သူသာ ငါ့ကို တကယ်ချစ်နေရင် ရပ်တန့်သွားမှာ မဟုတ်ဘူးလေ။ ဆီဇာ့ကို ငါ သဘောကျပေမယ့် သူ့ကိုရရင် တစ်လောကလုံးကို မော်ကြည့်နိုင်ပြီ ဆိုပေမယ့် သူ့ကိုမရလည်း ဘာမှမဖြစ်ဘူးဆိုတာ ငါ့ဘာသာ နှလုံးသွင်းပြီးသားပါ ...





သူ့အနားမှာ ကပ်တွယ်ပြီး ရှိနေရတာမျိုးထက် သူကသာ လာကပ်တွယ်ပြီး အတူရှိနေတာမျိုးကိုပဲ ငါကလိုလားတာ။ ဒါကြောင့် အဖြူအမည်း သဲကွဲအောင် စွန့်စားမှုတစ်ခု လုပ်လိုက်တာပဲ စိမ်း ...

ကဲ ... နက်ဖြန်လည်း ဖူးခက်မှာလန်းဖို့ ဖက်ရှင်အလန်းစားတွေ လိုက်ရှာကြစို့"

"အိုးခေ ... ကျုပ်တော့ ရှင့်ဇာတ်လမ်းကို အကြီးအကျယ်စိတ်ဝင်စားပြီ လူမရေ"

လူလူလည်း စိတ်ဝင်စားပါသည်။ သူ ဘာဆက်လုပ်မလဲ သိချင်သည်။ ကိုယ်ကတော့ ဘာမှဆက်လုပ်စရာမလို။ မိန်းမတစ်ယောက်အတွက် ဒီအချိန်မှာ ဘာမှဆက်မလုပ်ဘဲ ငြိမ်နေတာက အကောင်းဆုံးပဲ ဖြစ်လိမ့်မည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

Lu Lu Phenix ဟူသော အကောင့်ပိုင်ရှင်တစ်ယောက် ကြက်ပေါင်ကိုက်တော့မည့် ပုံစံဖြင့် ဗန်ကောက်က Central World Shopping Mall ကြီးမှာ Check in ဝင်ကာ ဓာတ်ပုံရိုက်တင်ထားသောပုံကို Facebook မှာ တွေ့လိုက်ရလျှင် သူက ဟက်ခနဲတောင် ရယ်မိသွားရသည်။ ဘာကိုနာကျင်မှန်းမသိ နာကျင်ကာ ရင်ထဲမှအသံ အက်ခနဲတောင် ကြားလိုက်သလိုလိုပါပဲ။ ဒီလိုအနေအထားကို မမျှော်လင့်ခဲ့ပေမယ့် ဒီအနေအထားကို မကျေနပ်ချက် ဖြစ်ပေါ်နေသည်ဆိုလျှင် သူဟာ ဆရာဝန်နှင့် စစ်ဆေးဖို့လိုနေပြီလား မသိတော့ပါ။

မြဘုန်းတလူ ဆိုသော မိန်းကလေးကို စတွေ့တည်းက Charming ဖြစ်သော တစ်စုံတစ်ယောက်ဟု သတ်မှတ်ခဲ့ရပြီး မိတ်ဆွေတွေအဖြစ် ရင်းနှီးပတ်သက်တဲ့ အချိန်မှာလည်း ပွင့်လင်းလွတ်လပ်ကာ ခင်ဖို့ကောင်းသော၊ မိန်းကလေးတစ်ယောက်ရဲ့





ပဲများများ အိုက်တင်မျိုး မရှိတတ်သဖြင့် သဘောကျခဲ့ရသည်။ သူမဟာ သူ့ရင်ဘတ်ထဲသို့ ရောက်လာခဲ့ရပါသည်။ ဒါပေမဲ့ မထင်မှတ်ထားခဲ့သော ကိစ္စမှာ သူမရဲ့တုံ့ပြန်မှုသည် သူ့အသည်းကို ခပ်ဆတ်ဆတ် ရိုက်လိုက်သလိုပဲ ဖြစ်ခဲ့စေသည်။

တကယ်ဆိုရင် ဟုတ်တယ်ပဲဖြစ်ဖြစ် မဟုတ်ဘူးပဲဖြစ်ဖြစ် ပြေရာပြေကြောင်း အကျိုးသင့် အကြောင်းသင့် ဆိုလျှင်တောင် သူ လက်ခံဖြေဆည်နိုင်သေးသည်။ ခုတော့ ထိမထင်သော မျက်နှာထားဖြင့် ကြိုက်သလိုထင်ဖို့ ပြောသွားပုံကို နားမလည်ခြင်း၊ ရှုပ်ထွေးခြင်းများစွာနှင့် ကျန်ရစ်ခဲ့ရပြီး မနေတတ်ခြင်းများစွာ ဖြစ်ရသည်။

သူ့ရင်ထဲမှာ နစ်မလို ဖြစ်နေသော ဆူးကို မနုတ်ပေးဘဲ နောက်ထပ်ဆူးတစ်ချောင်းကို ခပ်နက်နက် ထိုးစိုက်ပေးသွားခဲ့သည်ဟု သူကတော့ သတ်မှတ်ချင်လေသည်။ အခုလည်း ဘာအဖြေမှ ရှင်းရှင်းမသိရသေးခင်၊ တစ်ယောက်နဲ့တစ်ယောက် ပျောက်ဆုံးနေကြသည့် အခြေအနေမှာ သူမ ဘာများလုပ်နေမလဲ။ တကယ်ပဲ သူ့ကို စိတ်ဆိုးသွားပြီလားဟု နေမထိ ထိုင်မသာ ဖြစ်နေချိန်တွင် ဗန်ကောက်သွားပြီး ကြက်ကြော်ဝါးနေသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရလျှင် ...

"ဟက် ... ဟက်"

သူက သွေးရူးသွေးတမ်း တစ်ချက်ရယ်ပြီး ပုံကိုတောင် မေးထောက်ကာ တစိမ့်စိမ့် စိုက်ကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



Facebook Account ကို Lu Lu Phenix ဟူသော နာမည်နှင့် ဘာကြောင့် သုံးခဲ့သလဲဆိုတာ ရှင်းပြဖူးသော သူမရဲ့စကားသံကို နားတွင် ကြားယောင်လာသည်။

"မြဘုန်းတလူ ဆိုတဲ့ နာမည်အရင်းက လှရဲ့သားနဲ့ ဘာလို့ အဲဒီနာမည် သုံးထားတာလဲ"

"အင်း ... ဘယ်လို ပြောရမလဲဆိုတော့ ကျွန်မဘဝနဲ့ ထင်ဟပ်တဲ့ အမည်ကို ပေးဖြစ်တာပါ။ ကျွန်မဘဝက မီးလျှံထဲ လောင်ကျွမ်းသွားပြီး ပြာပုံထဲကနေ ပြန်ရှင်သန်လာတဲ့ Phenix ငှက်လိုပဲလေ။ တကယ့်ကို ကျွန်မရဲ့ပြင်ပဘဝက အဲဒီလို ဖြစ်ခဲ့တာ။ ဒါကြောင့် မြဘုန်းတလူအစား Facebook မှာတော့ Lu Lu Phenix ပဲ။ နောက်ထပ် အကြိမ်ပေါင်းများစွာ မီးလျှံထဲကျပြီး သေဆုံးလည်း ပြာပုံထဲက ထထွက်လာဦးမှာပဲလေ၊ အဲဒီသဘောပေါ့"

နောက်ဆုံးစကားကို အပြုံးနှင့် မေးဖျာစ်ချက်ဆတ်ကာ ပြောခဲ့သော ပုံရိပ်ဟန်ပန်ကို မျက်လုံးထဲမှ မထွက်ချေ။ အဲဒီတုန်းကတော့ Phenix ဆိုတဲ့ ဝေါဟာရကို အဲဒီလောက်မထင်ခဲ့ပေမယ့် မိုးလေး ပြောခဲ့တဲ့ စကားတွေနှင့် ဆက်စပ်ကြည့်လိုက်လျှင် သူမ ဘယ်လောက်တောင် ခက်ခဲကြမ်းတမ်းသောလမ်းကို လျှောက်ခဲ့သလဲ ဆိုတာ သူ မှန်းဆ၍ ရသလိုလိုပင်။

ဒါကြောင့် နာကြည်းချက်တွေနဲ့ပဲ ပြောသွားသလား။ လူတွေကို ထီမထင် ဂရုမစိုက်တတ်တဲ့ ပုံစံမျိုး ချိုးသွားသလား။





သူမကတော့ နားလည်ပေးဖို့ တောင်းလည်း မတောင်းဆိုသွား။ ဒါပေမဲ့ သူ နားလည်ဖို့ လိုအပ်သလားဆိုတာ အကြိမ်ကြိမ်အဖန်ဖန် သုံးသပ်နေမိသည်။ ဒီအချိန်မှာ တစ်ယောက်ယောက်နှင့် စကားပြောချင်သည်။ ရင်ဖွင့်ဖို့ အဖော်လိုအပ်သည်။

နာရီကြည့်လိုက်သောအခါ ခုနစ်နာရီ ဆိုတော့ သိပ်နောက်မကျသေး။ သူက သူငယ်ချင်းတစ်ယောက်ထံ ဖုန်းဆက်လိုက်သည်။

"ဟော့ကောင် ... တေဇာ"

"အေး ... ပြော ယောက်ဖ"

"ဘာလုပ်နေတာလဲ အားလား"

"အားလား ဆိုတဲ့ မေးခွန်းမှာကိုက အားစေချင်တဲ့အရိပ်အယောင်တွေ ပါနေတော့ အား,ပေးရမှာပေါ့ကွာ"

"အိမ်မှာပဲလား"

"အေး"

"ဒါဆို ငါ့အိမ်ဘက် လိမ့်ခဲ့ပါလားကွာ။ မင်းအတွက် Black နဲ့ အမြည်းကောင်းကောင်း စီစဉ်ထားပါ့မယ်"

"ဟားစ် ... ဒီနေ့ weather တော့ မှန်နေပါတယ်နော်"

"မှန်ပါတယ်ကွာ၊ အေးအေးဆေးဆေး သောက်ရင်း စကားပြောမလားလို့။ မင်းနဲ့ မသောက်ရတာလည်း ကြာပြီဆိုတော့ ... ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... မင်းက မိန်းကလေးတစ်ယောက်နဲ့ Relationships တစ်ခုကို သုံးနှစ်လောက် တည်ဆောက်ထားတဲ့သူဆိုတော့ မင်းဆီက ဝေဖန်သုံးသပ်ချက်တွေ အကျိုးရှိမယ် ထင်လို့ပါ"

"ဟာ ... ဘာလဲ ဟေ့ကောင်။ မင်း မိုးလေးနဲ့ အိုခေနေပြီလား"

"အာ ... မဟုတ်ပါဘူး။ တွေ့မှ အေးဆေးပြောပါမယ် ကွာ။ အိုခေ ... ဒါဆို မင်းထွက်လာခဲ့လေ။ ငါ ပြင်ဆင်စရာရှိတာ ပြင်လိုက်ဦးမယ်"

"အိုခေ ... အိုခေ"

တေဇာက ဖုန်းချသွားလျှင် သူက အိလည်လည်နှင့် တစ်ယောက်တည်း ပခုံးတွန့်မိသည်။ သူ့သူငယ်ချင်းတွေက မိုးလေးနဲ့ တွဲနေတယ်လို့ပဲ သိကြသည်။ တစ်နေ့နေ့မှာ အဆင်ပြေသွားမယ်ဟုပဲ ထင်ကြသည်။ သူလည်း အဆင်ပြေရင်တော့ ဒီ့ထက်ခိုင်မာသည့် Relationships တစ်ခုကို အချစ်ဟု ခေါ်းစဉ်တပ်မိမလား မသိခဲ့ချေ။ ဒါပေမဲ့ မြဘုန်းတလူနှင့် တွေ့ဆုံခဲ့ပြီးသည့် နောက်မှာတော့ ရင်ခုန်ခြင်းဗေဒဆိုတာ ကောင်းကောင်းသဘောပေါက်ခဲ့ပြီး အချစ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားခဲ့လေသည်။

ဒါပေမဲ့လည်း မိုးလေးနဲ့ မြဘုန်းတို့ရဲ့ ပတ်သက်မှုဟာ ရှုပ်ထွေးမှု တစ်စုံတစ်ရာ ရှိနေခဲ့သည်ဆိုတော့ ...။

ဟူး ... ဆက်မတွေးချင်တော့ပါ။





သူက တေဇာလာရင် သောက်ဖို့သာ ဝရန်တာမှာ ပြင်ဆင်လိုက်သည်။ အမြည်းကတော့ ထွေထွေထူးထူး လုပ်စရာမလို၊ တစ်နေ့ကနေ သူ့အမေ ပို့ပေးထားသော ဆတ်သားခြောက်ကြော်၊ ဝက်အူချောင်းကြော်၊ သီဟိုစေ့၊ ငါးမုန့်ကြော် ပြင်ဆင်ကာ ငါးသေတ္တာတစ်ဘူးဖောက်၍ ငါးသေတ္တာသုပ်ဖို့ ပြင်ဆင်လိုက်သည်။ တေဇာက သူ့လက်ရာ ငါးသေတ္တာသုပ်ကို သိပ်ကြိုက်တာကို သတိရ၍ဖြစ်သည်။ စင်ကာပူကို ဒီကောင် သင်တန်းတစ်ခု လာတက်တုန်းက အိမ်မှာ သူ လက်စွမ်းပြထားတွေကို စားဖူးလေရာ ငါးသေတ္တာသုပ်၊ ကြက်ဥအုန်းမလက်၊ ကြက်ကာလသားဟင်းတို့သည် သူ့ဘော်ဒါတို့၏ အသည်းစွဲ ဖြစ်ခဲ့ဖူးသည်။

အားလုံးပြင်ဆင်အပြီး ကန်စွန်းနှင့် မှို ကြော်ကာမှီးတွင် အိမ်ရှေ့ ဘဲလ်တီးသံ ကြားရလေသည်။ သွားဖွင့်ပေးလိုက်တော့ တေဇာ့ကို ပြုံးဖြီးဖြီးရုပ်နှင့် တွေ့ရသည်။

"လာကွာ"

"အေး ... မင်းအခန်းလည်း ဘော်ဒါစုံမှ လာသောက်မယ် သောက်မယ်နဲ့ ခုမှပဲ ရောက်ဖြစ်တော့တယ်။ ဘယ်ဆိုးလို့လဲ ယောကျ်ားလေးတစ်ယောက် နေတယ်သာပြောတာ ရှင်းလင်းသပ်ရပ်နေတာပဲ"

"ဟား ဟား... အထင်မကြီးပါနဲ့ကွာ၊ မေမေက တစ်ပတ်တစ်ခါ maid တွေ လွှတ်ပေးပြီး သန့်ရှင်းရေး လုပ်ခိုင်းလို့ပါ၊ ကဲ ... မင်း ခဏထိုင်ဦး၊ ငါ မှိုကန်စွန်းကြော်လိုက်ဦးမယ်၊ မြန်ပါတယ်၊ အားလုံး ရယ်ဒီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မင်းကတော့ တကယ်စံပါပဲကွာ။ မင်းကိုရတဲ့ မိန်းမကတော့ တကယ်ဖိမ်ပဲ။ ခုထိ မိုးလေးနဲ့က ပွင့်ပွင့်လင်းလင်း မရှိသေးဘူးလားကွ။ ဘန်နီတောင် ယူတော့မယ် ကြားတယ်။ မင်းနဲ့ငါ့ကိုတောင် သတို့သားအရံ လုပ်ခိုင်းမလို့တဲ့"

"ဟက် ... ဟက် ... တေလာဆွဲဖ်နဲ့ ကေတီပယ်ရီကို သတို့သမီးအရံလုပ်ဖို့ ငှားပေးရင် သတို့သားအရံ လုပ်မယ်လို့ ပြောလိုက်"

သူ့ကို စကားပြောရင်း ဆိုရင်း သွက်သွက်လက်လက်နှင့်ပင် မှိုကန်စွန်းကိုကြော်၍ ပြီးသွားလေသည်။ လေးထောင့်ကျကျ ကြွေပန်းကန်ကြီးနှင့်ထည့်ကာ ဝရန်တာသို့ ယူလာခဲ့သည်။ တေဇာ့ရှေ့ ချပေးရင်း တူတစ်စုံကိုပါ ဖောက်ပေးလိုက်သည်။

"ဝါး ... ကောင်းလိုက်မယ့် မှိုကန်စွန်းပဲကွာ။ မင်းအမြည်းတွေကလည်း စုံလိုက်တာ မိုက်နေတာပဲ"

"ဟား ဟား ... အမြည်းချည်း စားမနေနဲ့ သောက်ဦးဟ"

"သောက်မှာပေါ့ကွ။ မင်းကလည်း တိုက်ချည်းတိုက်ချင်နေတော့တာပဲ။ အင်း ... ပြောပါဦး၊ မင်း ဘာတွေဖြစ်နေတာလဲ။ မိုးလေးနဲ့ အဆင်မပြေဘူးလား"

မိုးလေးဟူသော နာမည်ကို ထပ်ကြားလျှင် သူက ဘာမှကို ပြောချင်စိတ် မရှိတော့ဘဲ ခပ်ခြောက်ခြောက်ရယ်မိကာ တေဇာ့အတွက် Black နှင့် ဆိုဒါကို အချိုးတကျ စပ်ပေးနေမိ





သည်။ နောက်တော့ ရေခဲသုံးတုံး ထည့်ပေးလိုက်ပြီး ကမ်းပေးလိုက်လေသည်။ သူ့အတွက် ထပ်ထည့်သည်။ ပြီးတော့ ချီးယားစ်လုပ်ရင်း မော့မိကြသည်။

သူက ဆတ်သားခြောက်ဖုတ်ကို ကောက်ဝါးနေလိုက်သည်။ တေဇာက သီဟိုဠ်စေ့တစ်စေ့ကို ကောက်ဝါးရင်းမှ မေးလာသည်။

"ပြောပါဦးကွ"

"မင်းတို့ သိထားဖို့က ငါနဲ့ မိုးလေးက ရိုးရိုးတွဲတာပါကွာ။ ရိုးရိုးဆိုတာ မင်းတို့ ကြုံဖူးနေကြ အကန့်တစ်ခုလိုပါပဲ။ လှတပတ မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးခြင်း ခံရတဲ့အခါမှာ ရင်ခုန်ခြင်း ရောက်မလာရင်တောင် သာယာစရာလေးတွေ ရှိလာရင် တွဲမိတာပဲ မဟုတ်လား ...

မိုးလေးနဲ့လည်း ဒီအကန့်ပါပဲ"

"ဒါဆို မင်းမှာ နောက်တစ်ကန့် ရှိနေတာလား"

"ဟား ဟား ... မင်းတောင် တွေးတတ်လာပြီပဲ"

"အင်း ... ဒီလိုပဲ ဖြစ်ရမယ်လေ"

"ငါထင်တယ် တေဇာရ။ ငါတို့ အသိုင်းအဝန်းတွေက ယောကျ်ားလေးတွေမှာ Beat မြင့်တဲ့ ရင်ခုန်သံကို ခံစားရဖို့ ခဲယဉ်းမယ် ထင်တယ်။ တချို့တွေ ချစ်သူတွေသာရ မသွားတယ် မိန်းမသာ ရသွားတယ်။ Beat ပြင်းပြင်းနဲ့ ရင်ခုန်ပြီးမှ ချစ်တဲ့ အချစ်အရသာကို မကြုံရလောက်ဘူး ထင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ ... ငါ့အနားမှာ မိန်းကလေးများစွာ ရှိခဲ့တဲ့အထဲက မိုးလေး တစ်ယောက်ကိုတော့ဖြင့် အဆင်ပြေလို့ တွဲမိတယ်၊ တွဲရင်းမှ သံယောဇဉ်တစ်မျိုးဆိုတာ ဖြစ်လာရင် Propose လုပ်ပြီး ချစ်သူတွေ ဖြစ်ရင်လည်း ဖြစ်သွားမယ်၊ ဒါကို အချစ်တစ်ခုလို့ ထင်တာမျိုးပေါ့"

"ထင်တာမျိုးဆို မြင်တာမျိုးကရော"

သူက ပြန်မဖြေသေးဘဲ မှိုကန်စွန်းကို ယူစားနေသေးသည်။ ပြီးမှထပ်မော့လိုက်ရင်း ...

"မြင်တာကတော့ သူပေါ့"

သူ့ဖုန်းကိုဖွင့်ကာ Facebook စာမျက်နှာမှ မြဘုန်းရဲ့ ဒီနေ့ Update ကြက်ကြော်ကိုက်နေသည့် ဓာတ်ပုံကို ပြလိုက်လေသည်။ တေဇာက နားမလည်သလိုဖြင့် သူ့ကို ဇဝေဇဝါကြည့်ကာ မြဘုန်း ဓာတ်ပုံကို သေချာစိုက်ကြည့်နေလေသည်။ ဖုန်းကို ပွတ်ရင် သူမရဲ့ Profile ကို ဟိုဟိုဒီဒီ ကြည့်ရင်း မေးစေ့ပွတ်ကာ ပြောလာသည်။

"Lu Lu Phenix ဆိုတာက ! "

"သူပဲလေ"

"မင်းနဲ့ ? ? "

"တစ်စုံတစ်ယောက် ဆိုပါတော့ကွာ"

"ဟား ဟား ... ဒီလိုလား။ အင်း ... ဒါကြောင့် မင်း ငါ့ကို တွေ့ချင်နေရတာကိုး။ နှစ်ပင်ပူးပြီး Shock ဖြစ်နေလို့ပေါ့ ... ဟုတ်လား"





"နှစ်ပင်မပူးပါဘူးကွာ။ အစတည်းက တစ်ပင်တည်းပါ"

"တစ်ပင်တည်း ရင်ထဲကနွယ်ပေါ့ ... ဟုတ်လား၊ ဟက် ဟက်"

တေဇာက သူ့ကို စပ်ဖြဲဖြဲ လှမ်းပြောရင်း မှိုကန်စွန်းကို ကောက်စားနေသေးသည်။ ပြီးတော့ ငါးသေတ္တာသုပ်အလှည့် ရောက်သွားပြန်သည်။ သူကတော့ Black ခွက်ကို ရေခဲလှုပ်ရင်း အသာမြှုံ့မိလေသည်။ ဒီအချိန်ဆို မီးလျှံထဲက ငှက်ကလေးတစ်ကောင် ဘယ်ဆီကိုများ ပျံသန်းနေမှာပါလိမ့်။

"မင်းရဲ့နွယ်ကို ငါ ကောင်းကောင်းသိတယ်ကွ"

"ဟင် ... ဟုတ်လား။ ဘယ်လို သိတာလဲ"

နှစ်ပက်လောက် ဝင်သွားသဖြင့် သူ မူးချင်ချင်ဖြစ်နေသော အမူးတို့တောင် လွင့်သွားမလို တေဇာ့စကားက တာသွားလှသည်။

"သူ့နာမည်အရင်းက မြဘုန်းတလှူ မဟုတ်လား"

"ဟေ့ကောင် တေဇာ။ မင်း ဘယ်လိုများ သိနေတာလဲကွ"

"ငါ့အစ်ကိုဝမ်းကွဲ ကိုဥက္ကာနဲ့ ပတ်သက်ပြီး သိတာ"

ဟင်,ခနဲတောင် အသံမထွက်နိုင်ဘဲ ပါးစပ်သာ ပွင့်သွားရသည်။ တေဇာကတော့ အေးအေးဆေးဆေးပါပဲ။ ဆတ်သားခြောက်တစ်ဖတ်ကိုတောင် ကောက်ဝါးနေသေးသည်။

"ကိုဥက္ကာက မြဘုန်းတလှူကို သေအောင်ကြိုက်တာကွ။ ခုထိလည်း ကြိုက်တုန်းပဲနဲ့ တူပါတယ်။ ခုတော့ ကိုဥက္ကာလည်း UK ရောက်သွားပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ရည်းစားဖြစ်ခဲ့တာလား"

"No ... မဖြစ်ခဲ့ဘူး။ ကိုဥက္ကာကတော့ Propose လုပ်ခဲ့တယ် ထင်တယ်။ သူတို့က ပွဲတစ်ခုမှာ မိတ်ဆက်ပေးခံရပြီး သိခဲ့ကြတာ။ ကိုဥက္ကာကတော့ မြင်မြင်ချင်း ကြွေသွားတယ်ပေါ့ကွာ။ ပတ်လည်း ပတ်သက်ခဲ့တယ်။ ရည်းစားမဖြစ်ပေမယ့် ခင်ခင်မင်မင်ရှိတဲ့ မိတ်ဆွေစာရင်းတော့ ဝင်ခဲ့ကြပါတယ်။ အဲဒီမှာ ခက်တာက ကိုဥက္ကာ အမေကြီးငါ့အဒေါ် အန်တီသန်းပေါ့ကွာ။ သူက သားဂုဏ်မောက်တဲ့အမေလေ။ ကိုဥက္ကာကလည်း သားလိမ္မာ ဆရာဝန်လူချော၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အထူးကုတောင် ဖြစ်နေတာဆိုတော့ သူ့သားကို တော်ရုံမိန်းကလေးနဲ့ တူတယ် တန်တယ် ဘယ်ထင်မလဲကွာ ...

ဒီတော့ ကိုဥက္ကာက တန်းတန်းစွဲ ဖြစ်နေတဲ့ မြဘုန်းတလူရဲ့ နောက်ကြောင်းကို လိုက်ပြီပေါ့"

တေဇာက စကားပြောတော့ မောသွားဟန်ဖြင့် ခေတ္တရပ်ကာ ဖန်ခွက်ကို ကောက်မော့သည်။ ငါးမုန့်ကြော်တစ်ခု ကောက်ဝါးနေသည်။ သူကတော့ တထိတ်ထိတ် ခုန်လာသောရင်ဖြင့် နားစွင့်နေလေသည်။

"လိုက်တော့ ..."

"လိုက်တော့ ကုန်ကုန်ပြောရရင် ကိုဥက္ကာအမေက မြဘုန်းတလူနဲ့ သဘောမတူဘူးကွာ။ သဘောမတူရုံတင်မက





သူ့သားနဲ့ မြဘုန်းတလူနဲ့ ဘာမှမဖြစ်သေးပဲနဲ့တောင် မြဘုန်းတလူကို ကိုဥက္ကာ အနားကနေခွာရင် ဘယ်လောက်ပေးရမလဲတွေ ဘာတွေ သွားပြောတာ"

"အဲဒီတော့ ..."

"အဲဒီတော့ ဟိုက ဟားလွှတ်တယ်တဲ့။ သူရှာနေတဲ့ဝင်ငွေက ကိုဥက္ကာထက်တောင် များတယ်၊ ငွေရေးကြေးရေးအရလည်း ကိုဥက္ကာကို စိတ်ဝင်စားစရာ မရှိသလို နှလုံးသားအရလည်း အစတည်းက စိတ်ကိုမဝင်စားတာတဲ့၊ လာပြောလို့ နောက်ဆုတ်ပေးမှာလည်း မဟုတ်ဘူး၊ အစတည်းက သူ့နေရာမှာပဲ သူရပ်နေတာ သူ့ဆီမှာ နောက်ဆုတ်တာတွေ ရှေ့တိုးတာတွေ မရှိဘူးဆိုပြီး အေးအေးချေချေ ပြောလွှတ်လိုက်လို့ အန်တီသန်းကြီး အကြီးအကျယ် ပေါက်ကွဲပြီး ပြန်လာတာ"

"အေးအေးချေချေ ဆိုတာ ဘာလဲ"

"ဩော် ... အေးအေးဆေးဆေးနဲ့ ခပ်ချေချေကို ပေါင်းပြောတာလေ။ အေးတော့ အေးအေးလေး ပြောတာပေါ့ကွာ၊ ဒါပေမဲ့ စကားတွေက ချေမိုးနေတာပေါ့"

"ဒီတော့ ဘာဖြစ်သွားလဲ"

"ဘာဖြစ်ရမှာလဲ။ သူကတော့ အေးဆေးပေါ့။ သူ့ကြည့်ရတာ ကိုဥက္ကာကိုလည်း နဂိုတည်းက စိတ်ဝင်စားပုံမပေါ်ပါဘူး။ ဒါပေမဲ့ ကိုဥက္ကာအမေက ဘလိုင်းကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ သူလည်း တင်းမှာပေါ့ကွာ။ ကိုဥက္ကာကိုလည်း သိပ်အပတ်သက် မလုပ်တော့ဘူးပေါ့။ နောက်ဆုံးတော့ ကိုဥက္ကာလည်း အသည်းကွဲပြီး UK ကို ပညာတော်သင် ထွက်သွားတော့တာပဲ”

“မင်းအဒေါ်က ဘာလို့ သဘောမတူတာလဲ”

တေဇာ ပြောပြသွားသည့် အထဲမှာ အရေးကြီးဆုံး အချက်က တမင်ချန်ခဲ့တာလား မေ့သွားတာလားတော့ မသိချေ။ သူကတော့ မှတ်မှတ်ရရပဲ မေးလိုက်ပါသည်။ သူ့မေးခွန်းကြောင့် တေဇာက မျက်လုံးတစ်ချက် အသာလှန်ကြည့်ကာ တစ်ခုခုကို စဉ်းစားနေဟန်ဖြင့် ဖန်ခွက်မော့ပြန်လေသည်။ ပြီးတော့မှ သူ့ကို တည့်တည့်စိုက်ကြည့်လာရင်း ...

“မင်းနဲ့ မြဘုန်းတလူက ဘယ်အခြေအနေ ရောက်နေပြီလဲ”

“ဘယ်အခြေအနေမှ မရောက်ပါဘူးကွာ။ အရှင်းဆုံးပြောရရင် ငါ သူ့ကို စိတ်ဝင်စားနေတဲ့ အခြေအနေပေါ့။ မင်း ပြောစရာရှိတာသာ ပြောပါ။ ချန်ခဲ့တာတွေ အားနာတာတွေ ဘာမှ မလုပ်ပါနဲ့”

“အင်း ... အန်တီသန်းက အဲ ... အန်တီသန်း ဆိုတာ ကိုဥက္ကာအမေပေါ့၊ သူက မြဘုန်းတလူတို့ အမျိုးထဲက တစ်ယောက်နဲ့ သိတယ်ကွ၊ မြဘုန်းတလူရဲ့အဖေက စီးပွားရေး တော်တော်ကျသွားပြီး ရှိတာတွေအကုန် ထိုးအမ်းရတာ။





ဘာမှမကျန်တာတွေ ဖြစ်သွားသလို သူ့မောင်လေးကလည်း ဆေးလွန်ပြီး ဆုံးသွားတာလေ ...

ပြောရရင်တော့ သူ့ဘဝက သနားစရာတော့ ကောင်းခဲ့မယ် ထင်ပါတယ်။ ဒါပေမဲ့ ဘဝကို သူညက ပြန်စခဲ့ရတဲ့ သူ့ဘဝဟာ ခုနစ်နှစ် ရှစ်နှစ် အတွင်းမှာ ပိုင်ဆိုင်မှုက ကြီးမားခဲ့တယ်။ နိုင်ငံခြားကုမ္ပဏီတစ်ခုက သာမန်အတွင်းရေးမှူးမလေး ဘဝကနေ မန်နေဂျာ နောက်ဆုံး ကုမ္ပဏီ တစ်ခုလုံး သူ့ခြေသူ့လက်ဖြစ်အောင် သူ စွမ်းဆောင်နိုင်ခဲ့သလို ခုနပြောသလို သူ့ဝင်ငွေက မှန်းဆမရဘူးကွ။ သူ့သူဌေးဆိုတာလည်း ဒီမှာ အမြဲမရှိဘူး။ နိုင်ငံခြားက နေတော့ မကြာခဏ လာတယ်ပေါ့ကွာ ...

တချို့တွေ ပြောကြတာတော့လည်း အဲဒီသူဌေးနဲ့ သူနဲ့က ဘာဘာညာညာပေါ့ကွာ။ အဲဒါကြောင့် သူ့မှာ ပိုင်ဆိုင်မှုတွေ များတယ်ပေါ့၊ ဒါတွေကတော့ အန်တီသန်း သဘောမတူရတဲ့ အကြောင်းရင်းတွေပေါ့။ ဒါတွေဟာ အမှန်လို့ ဘယ်သူမှ အာမ,မခံဘူးနော်၊ ငါလည်း ကြားတဲ့ အတိုင်း ပြန်ပြောတာ။ သူ ပိုက်ဆံချမ်းသာ ရုပ်ချောပေမယ့် တစ်ကောင်ကြွက် မိန်းကလေးတစ်ယောက်၊ ငယ်ရွယ်ပေမယ့် မိဘအုပ်ထိန်းမှုအောက်မှာ ရှိမနေတာရယ်၊ ခုနကလို သတင်းတွေရယ်ကြောင့် အန်တီသန်းကတော့ သဘောမကျခဲ့တာပဲကွာ ... ဒါပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



တေဇာက မောသွားဟန်ဖြင့် စကားကိုရပ်ကာ မီးကန်ဖွန်းကို စားနိုင်အားလေသည်။ သူကတော့ ဘာပြောရမှန်း မသိစွာ အဝေးတစ်နေရာကို ငေးမောနေမိသည်။ မျက်လုံးထဲတွင် လှပစွာ ရယ်မောနေသော မြဘုန်းရဲ့ပုံရိပ်တွေ မြင်ယောင်လာသည်။ ပွင့်လင်းဖြူစင်သော မျက်နှာမှာ ဘယ်သူ့ဘာထင်ထင် ဂရုမစိုက်၊ အရေးတယူ မဖြေရှင်း ဟူသော လောကကြီးကို အရွဲ့တိုက်ချင်သော အရိပ်တွေ ထင်ဟပ်နေတာ မင်းရဲ့ဘဝပေး အခြေအနေတွေကြောင့်လား မြဘုန်းတလူရယ်။

"မင်းနဲ့ သူနဲ့က ဘယ်မှာသိကြတာလဲ"

"ဒီမှာပဲ"

"ဘယ်လို"

"ငါ့ရှေ့အခန်းက သူနေတာလေ"

တစ်ချိန်လုံး သူ အံ့ဩခဲ့သမျှ အခုမှပဲ တေဇာရဲ့ အံ့ဩသည့်အလှည့် ရောက်တော့လေသည်။ အဲဒီအဖြစ်အပျက်ကို သူက နှာကျင်ခံခက်သည့်ကြားမှ သွေးရူးသွေးတမ်း ရယ်မိသေးသည်။ တဟက်ဟက်နှင့် ဘလက်ခ်ခွက်ကို မချစတမ်း မော့နေမိလေသည်။ အချစ်နှင့် ဦးနှောက် လွန်ဆွဲနေရသည့် ကိစ္စများတွင် ကြားလွတ်ကာ အားလုံးကို မေ့ပြီး မူးသွားချင်လေသည်။

"ဩော် ... မင်းတို့က အဲဒီလိုလား။ အဲဒါပဲလေကွာ၊ သူ့ပိုင်ဆိုင်မှုဆိုတာ သိန်းခုနစ်ထောင်တန် အခန်းမှာ တစ်ယောက်တည်း နေပေမယ့် ဝယ်ထားတဲ့ လုံးချင်းကို ငှား





စားတာလည်း ရှိသေးတယ်၊ အဲဒါတွေက ဌာနေမန်နေဂျာ တစ်ယောက်ရဲ့ ကြွယ်ဝမှုအစစ်အမှန် ရှိးရှိးသားသားလား ဆိုတာ လူတွေ့ သံသယရှိကြတာပေါ့ ...

ငါကတော့ ဘာကိုမှ မှတ်ချက် မပေးတတ်ဘူး။ မပေးလိုဘူး၊ လူတွေအကြောင်း ကောင်းကောင်းသိတာကိုးကွ"

"ဘာကို ကောင်းကောင်းသိတာလဲ"

"လူတွေဆိုတာ လူတစ်ယောက် နိမ့်ပါးရင်သာ ကရုဏာထားဖို့လွယ်တာလေကွာ၊ လူတစ်ယောက် အောင်မြင်မြင့်မားလာရင် မုဒိတာပွားဖို့ ခက်တယ်၊ မနာလိုရင် သွားပုပ်လေလွင့် ပိုပြောတယ် ...

သူတို့အမျိုးကိုယ်တိုင်က ပြောတယ်ဆိုရင် ပိုလို့တောင် ယုံချင်စရာ မကောင်းဘူး ထင်တယ်။ သူက ဘာအလုပ်မှမလုပ်ဘဲ စည်းစိမ်ပုံပေါ် ထိုင်နေရင်တော့ တစ်မျိုးပေါ့ကွာ၊ ခုတော့ အလုပ်မှာလည်း အရမ်းကိုတော်ပြီး သူဌေးက လက်မလွှတ်နိုင်အောင် ခွင်ကောင်းတွေကို ဖန်တတ်တယ်တဲ့။ ဒီတော့ သူ စွမ်းဆောင်ပေးခဲ့လို့ သူဌေးဘက်မှာလည်း သူ့ကို ဘိုးနပ်စ်ပေးတာ၊ အခွင့်အရေးပေးတာတွေနဲ့ မကာမိအောင် ပိုင်ဆိုင်မှုတွေ မြင့်လာတာလည်း ဖြစ်နိုင်တာပဲ"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ... မင်းကြည့်ရတာ ဘာဖြစ်နေတာလဲကွာ၊ ဘာလဲ ... ဟောကောင်၊ မင်းမှာ သူနဲ့ပတ်သက်ပြီး တခြား တစ်ခုခု ရှိနေတာလား။ မင်း ငါ့ကို သောက်ဖို့ချိန်းကတည်းက သူနဲ့ပတ်သက်ပြီး အခြားအကန့်တစ်ခု ရှိသေးတယ် မဟုတ်လား"

"အေးကွာ ... ငါက မင်းကို ပြောပြဖို့ ရည်ရွယ်ထားတာ။ ဒါပေမယ့် မင်းဆီက နားထောင်ရဖို့ အကြောင်းတွေပဲ ဖြစ်လာတော့ ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ပြောပါကွာ၊ ပြောစရာရှိတာသာ ပြောချပစ်လိုက်။ မင်း တစ်ခုသိထားဖို့က လောကမှာ တချို့အမှန်တရားတွေဟာ ကာယကံရှင်ကိုယ်တိုင်က မဖော်ထုတ်ပဲ နေတတ်တာတွေ ရှိသလို ဘယ်အရာဖြစ်ဖြစ် အချိန်ကာလတစ်ခုအောက်မှာ ပြီးဆုံးပျောက်ပျက်သွားတာတွေလည်း ရှိတာပဲလေ"

သူက မိုးလေးနှင့် မြဘုန်းတို့ရဲ့ ပတ်သက်မှုကိုပါ ပြောပြလိုက်လေသည်။ တေဇာက နည်းနည်းအံ့ဩသွားသော်လည်း သိပ်မမှုသည့် မျက်နှာမျိုးဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်သည်။ သူ့စကားဆုံးသွားလျှင် သူ့ကို အဓိပ္ပာယ်ပါစွာ ကြည့်လာလျက် ...

"အဲဒါ ပြောတာပဲလေ။ လူအများနဲ့တစ်ယောက် ဆိုပေမယ့် အဲဒီတစ်ယောက်က သူ့ကို ဆိုးတယ် မကောင်းဘူး ပြောတာကို မဖြေရှင်းဘဲ don't care နေတာကလည်း စိတ်ဝင်စားစရာ တစ်မျိုးကောင်းနေတာပဲ။ လူတွေ ဘယ်လိုထင်





ထင် ကိုယ့်အလုပ်ကိုယ် အကောင်းဆုံးလုပ်ဖို့ အဓိကလို့လည်း သူ တွေးရင် တွေးနေမှာပဲ"

ဟုတ်လား မြဘုန်းတလူ။ ခင်ဗျား ဒီလိုပဲ တွေးနေတတ်သလား။ ဘယ်သူ ဘာထင်ထင် ကိုယ့်ထမင်း ကိုယ်ရှာစားရတာ ဘယ်သူမှ ဂရုမစိုက်ဘူးလို့ ခင်ဗျား တစ်ခါပြောခဲ့ဖူးသလားလို့ပဲနော်။

သူက ဟူးခနဲမြည်သော လေပူတစ်ချက်ကို မှုတ်ထုတ်ကာ ခေါင်းတွေခါယမ်းရင်း အဝေးသို့ ကြည့်နေမိလေသည်။ ထိုအချိန်မှာပဲ သူ့ရဲ့ပခုံးတစ်ဖက်သို့ တေဇာ့ရဲ့လက်တစ်ဖက်က ဖတ်ခနဲ လာရိုက်တာကို ကြုံလိုက်ရသည်။ ကြည့်လိုက်တော့ သူ့ကို အဓိပ္ပာယ်အပြည့်ပါသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသော တေဇာ။ ဒီကောင့်နှုတ်ခမ်းတွေက ပြုံးနေသည်။

"မင်း သူ့ကို ချစ်နေပြီ ဆိုစာ"

"ဘယ်သူ့ကိုလဲ"

"ဟင်း ဟင်း ... ဘယ်သူရှိရမှာလဲ Lu Lu Phenix ကို ပေါ့ကွ"

"ကျွတ် ... မင်း"

"ဘာလဲ ... မင်းငြင်းမလို့လား။ ညာမလို့လား။ ညာနေတယ်ဆိုရင်တော့ မင်းကိုယ်မင်း အသိဆုံးနေမှာပေါ့ကွာ။ ငြင်းမယ်ဆိုရင်တော့ ငြင်းမနေနဲ့လို့။ မင်းမသိသေးတဲ့ အမှန်တရားတစ်ခုကို ငါ ထောက်ပြတယ်လို့ပဲ သဘောထားလိုက်ကွာ"

www.burmeseclassic.com



"မင်းက ဘာလို့ အဲဒီလို ပြောနိုင်ရတာလဲကွာ"

သူက အင်အားမရှိတော့သော မငြင်းဆန်နိုင်သည့် လေသံနှင့် ပြောလိုက်လျှင် တေဇာက ခပ်ဟက်ဟက် ရယ်မော့လေသည်။ ပြီးတော့ သူ့မျက်နှာကို အသေအချာ စိုက်ကြည့်ကာ ပြောလာသည်။

"ဒီမှာ ယောက်ဖ။ မင်းတို့ ငါတို့ အနေအထားမှာ မိန်းကလေးတစ်ယောက်ကို ရင်ဘတ်ထဲမှာ မရှိဘဲနဲ့ ဒီလောက် အချိန်ကုန်ခံပြီး စကားထဲ ထည့်မပြောလောက်တာ မင်းလည်း သိတယ်၊ ငါလည်း သိတယ် ...

မင်း မိုးလေးနဲ့ ပတ်သက်ပြီးတောင် ဒီလောက်အုံးစားဖူးလား။ အခု မင်းပုံစံက တကယ့်ကို စားနေတယ်ကွာ။ သိလား ... မြဘုန်းတလူနဲ့ ပတ်သက်ပြီး အမှန်အကန် **"စား"**နေတာ မင်း သူ့ကို ချစ်လို့ပဲ ...

ဒါဟာ အချစ်ပါပဲကွယ် ... ဟား ဟား ဟား"

ပြောရင်း အရှိန်တက်လာသော တေဇာက ခွက်ကို မော့ချလိုက်လျှင် သူက ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားရလေတော့သည်။ တစ်ခုရှင်းလို့မှ မပြီး နောက်တစ်ခုက စဉ်းစားစရာတွေ ထပ်ပေါ်လာသော သူမရဲ့အကြောင်း၊ ပတ်ဝန်းကျင်ရဲ့ ကောလာဟလများကြားမှာ ရှင်သန်နေသူ သူမ။ သူ့အတွက် တကယ်ရှိနှင့်နေပြီဖြစ်သော အချစ်။ အဲဒီအချစ်နှင့် အချစ်သက်သက် မပြီးသည့် လက်တွေ့အကြောင်းအရာများ။





တကယ်ဆို အချစ်ပဲလိုတယ် မဟုတ်သည့် မိဘ အသိုက်အဝန်း ပါလာမည့် **ကိစ္စရပ်တွေ ... စသည်ဖြင့် ...။**

အားလုံးအတွက် **အဖြေကို မစဉ်းစားနိုင်သည့်**အခါ ဒီညအတွက် မူးဖို့ပဲ ရှိတော့သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## (၂၂)

"ဩော် ... သူ့ဆန်စား ရဲမှတဲ့ဟ။ ကဲ Fighting မိလူမရေ ... Fighting ။ ကိုယ့်ကိုယ်ကိုယ် အားမပေးလည်း ဘယ်သူကမှ လာအားပေးမှာ မဟုတ်တော့ဘူး"

တစ်ယောက်တည်းနေသောသူတွေဟာ တစ်ယောက်တည်းနေတာ ကြာလာလျှင် တစ်ယောက်တည်း စကားတွေပြောတတ်သွားလားတော့ မသိချေ။ လူလူလည်း စိတ်ထဲရှိတာတွေဟာ စိတ်ထဲတင် မထားတတ်တော့ဘဲ ပါးစပ်ကနေ တစ်ယောက်တည်း အော်နေတတ်လေသည်။ အခုလည်း ဗန်ကောက်က ပြန်လာပြီး ဖင်ပူအောင်တောင် မထိုင်ရသေး။ နေပြည်တော်တွင် ဝန်ကြီးအစည်းအဝေး ရှိသည်မို့ သူဌေးနှင့်အတူ အစည်းအဝေးတက်ဖို့ ဖြစ်လာသည်။ မနက်ဖြန် အစည်းအဝေးအတွက် ဒီနေ့ညနေတည်းက နေပြည်တော်ကို ထွက်ရမည်။ သူဌေးက ထိုင်ဝမ်ကနေ လေယာဉ်နှင့်လာမည်။ ညနေငါးနာရီလောက် ရန်ကုန်က ထွက်နိုင်ဖို့အတွက်





ရုံးကနေ နေ့တစ်ဝက်ဖြင့် ပြန်လာကာ အိမ်မှာ လိုအပ်သော ပစ္စည်းတွေကို ထည့်နေခြင်း ဖြစ်လေသည်။

စိမ်းကလည်း သူ့အမေ ကျန်းမာရေးကြောင့် မလိုက်နိုင်သောအခါ လူလူ တစ်ယောက်တည်း နေပြည်တော်ခရီးကို မောင်းရတော့မည်ပေါ့။ ရုံးက Staff တစ်ယောက်ကို ခေါ်လို့ရသော်လည်း တစ်ယောက်တည်း သွားတာ လာတာ အကျင့်ဖြစ်နေသည့် လူလူ့မှာ ဘယ်သူ့ကိုမှခေါ်ဖို့ စိတ်ကူးမရှိတော့ပါ။ သုံးရက်စာ အဝတ်အစားနှင့် လိုအပ်သော စာရွက်စာတမ်း ငွေကြေးတို့ကို အားလုံးပြင်ဆင်ထည့်ပြီးသောအခါ ရေချိုးသည်။ ခရီးသွားမှာမို့ သက်သောင့်သက်သာရှိသော မီးခိုးရောင်ဆွယ်တာ အပါးကို ပျော့ပျောင်းနူးညံ့လှသည့် Denizen Jean အနက်ရောင် ဘောင်းဘီဖြင့် တွဲဖက်ဝတ်ဆင်သည်။ ခေါင်းဖြီးစရာ မလိုအောင် Wave ပါစွာ ညှပ်ထားသော ဆံနွယ်တွေကို တစ်ချပ်သပ်တင်ကာ ကော်ဖီရောင်နှုတ်ခမ်းနီကို အပြီးသတ်ဆိုးပြီးနောက် ထွက်တော်မူနန်းက ခွာဖို့ပြင်လေသည်။

ယူသွားမည့် လွယ်မည့်အိတ်ကို လှမ်းအယူမှာပဲ ကျောက်စိမ်းဒေဝီ အပင်လေးကို ဖျတ်ခနဲ အကြည့်ရောက်သွားသည်။ ဒီအပင်လေးလို စိမ်းလန်းရှင်သန်ဖို့ ဆန္ဒရှိခဲ့သော တစ်စုံတစ်ယောက်။ ပြီးတော့ သူ့ကို အမြဲသတိရနေဖို့ ရည်ရွယ်ပေးခဲ့သော လက်ဆောင်လေးလည်း ဖြစ်လေသည်။ ခုတော့ဖြင့် စိမ်းလန်းခြင်း၏ နိမိတ် ဖြစ်ရုံမက လူလူ့ကို သူ စိမ်းကားသွားစေဖို့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တရားလားတော့ မသိပါ။ သာယာစွာ ပျော်ရွှင်ခဲ့ဖူးသောအချိန်များ၊ ရင်ခုန်ခဲ့ရဖူးသော အခိုက်အတန့် ဆိုတာတွေက မြဘုန်းတလူ ဆိုသော မိန်းမတစ်ယောက်အတွက် သိပ်ကြာကြာခံစားဖို့ ဇာတာ မပါဘူးပေါ့နော်။ ဒီကမ္ဘာပေါ်တွင် အချစ်စစ်နှင့် ဆုံစည်းဖို့ ထိုက်တန်သောဇာတာ မပါဘူးဆိုလျှင်လည်း ရှုံးသွပ်ယောက်ယက်ခတ်ဖို့ မလိုဘဲ ကျေနပ်စွာ လက်ခံရုံပဲ ရှိတော့သည် မဟုတ်လား လေ။

လူလူက ကျောက်စိမ်းဒေဝီ အပင်လေးကို ကြည့်ရင်း ဝေ့ဝဲတက်လာသော မျက်ရည်စများကို ပုတ်ထုတ်ပစ်လိုက်ကာ အခန်းထဲမှ ထွက်လာခဲ့လေသည်။ လတ်ဂေ့ချ်ကို ဆွဲရင်း ဓာတ်လှေကားနှင့် ဆင်းလာခဲ့လေရာ ဓာတ်လှေကားပွင့်သွားတာနှင့် တစ်စုံတစ်ယောက်ကို ပက်ပင်းတွေ့ရလေသည်။ နှုတ်ဆက်ရမလို ပြုံးပြရမလို ဇဝေဇဝါစိတ်နဲ့ပဲ ဘာမှမလုပ်ဖြစ်တော့စွာ မျက်နှာလွှဲပြီး အိတ်ကိုဆွဲကာ လျှောက်ထွက်လာခဲ့သည်။ သူက လည်း ကိုယ့်ကို လှမ်းမခေါ်ပါ။ ကျောခိုင်းပြီး ထွက်လာသော လူလူ့ရင်တွင် တဆတ်ဆတ်ဖြစ်လျက် ရှိနေသည်။ နှစ်လှမ်း၊ သုံးလှမ်း၊ လေးလှမ်း ...။

"မြဘုန်း"

ခပ်ဆတ်ဆတ် ခေါ်သံကြောင့် လူက တုန်ခနဲဖြစ်သွားရသော်လည်း လူလူ့ခြေထောက်တွေက ထင်သလောက် တုန့်မသွားချေ။ စက္ကန့်ပိုင်းလောက်ကြာမှ အရှိန်အနည်းငယ်လျှော့





သော ခြေလှမ်းကြားမှ သူက လူလူ့ရှေ့သို့ ရောက်လာလေသည်။ သူ့မျက်နှာတွင် အဓိပ္ပာယ်ဖော်ရခက်သည့် အရိပ်အကဲမျိုးရှိနေသည်။

"ဘယ်သွားမလို့လဲ"

"အလုပ်ကိစ္စနဲ့ ခရီးထွက်မလို့"

သူ့ကို မကြည့်ရဲတာလား ရင်မဆိုင်နိုင်တာလား ကိုယ့်ဘာသာကိုယ် မခွဲခြားနိုင်သော လူလူမှာ နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး မျက်လုံးအကြည့်က တစ်နေရာသို့ လွှဲထားမိလေသည်။

"ဘယ်ကို သွားမှာလဲ"

လူလူက လွှဲထားသော မျက်လုံးများကို သူနဲ့တည့်တည့်ပြန်ကြည့် ပြန်ရင်ဆိုင်လိုက်သည်။ သူ့အကြည့်တွေထဲတွင် စိတ်ရှုပ်ထွေးခြင်း၊ အလိုမကျခြင်း၊ အရိပ်ယောင်တွေနှင့်အတူ တစ်ခုခုကို အပြစ်တင်ချင်နေသော မျက်လုံးအဓိပ္ပာယ်များကို တွေ့လိုက်ရသည်။

"နေပြည်တော်ကို သွားမှာ"

"ခင်ဗျား တစ်ယောက်တည်းလား"

ကျွတ် ... ရှင် ဘာဖြစ်ချင်နေတာလဲ ဆီဇာ။ ရှင့်အနေနဲ့ သံသယမျက်လုံးနဲ့ကြည့်ပြီး ပတ်သက်နေရတဲ့ မိန်းမတစ်ယောက်အပေါ် ဘာလို့ တစ်နွယ်ငင်ဇာတ်လမ်းတွေ လုပ်ချင်နေရတာလဲနော်။ ကျေးဇူးပြုပြီး ကျွန်မကို ဝေးဝေးမှာ နေခွင့်ပေးပါလား။ နောက်ဆုံးတော့ ရှင်လည်းပဲ မေမေ့မှာ နှလုံးရောဂါရှိတယ်ဆိုတာ ဇာတ်ထုပ်ကို က,သွားမယ့် ယောက်ျားမျိုးတွေချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူလူက နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ စကား ပြန်ပြောလိုက်သည်။

"ရှင်နဲ့ ဘာဆိုင်လို့ အဲဒီလောက်ထိ လိုက်မေးနေရတာလဲ"

"ကျွတ် ... စကားကို အကောင်းမေးနေတာ၊ အကောင်း ပြန်ပြောစမ်းပါဗျာ"

"ဟင်း (မဲ့ပြုံးရယ်သံဖြင့်) ဆောရီးပဲ၊ ကျွန်မက mood နဲ့ပဲ နေထိုင်တယ်"

"ဩော် ... ခင်ဗျား ဆိုလိုတဲ့သဘောက ကျွန်တော့်အပေါ် ခင်ဗျား mood က မကောင်းဘူးလို့ ပြောချင်တာလား"

အမှန်ပဲဟူသော သဘောဖြင့် လူလူက မျက်နှာကို မော်ထားလိုက်သည်။ သူက ခံရခက်သွားသော ပုံစံမျိုးဖြင့် ဟက်ခနဲရယ်သည်။ ပြီးတော့ လူလူကို နာကျင်သော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ပြောလာလေသည်။

"ခင်ဗျား ဘာလို့ခေါင်းမာနေတာလဲ မြဘုန်း"

"ဘာရယ် ... ဘာကို ခေါင်းမာတယ် ပြောတာလဲ"

"မိုးလေးနဲ့ ကိစ္စကို ခင်ဗျား မဟုတ်ဘူးဆိုလည်း မဟုတ်ဘူးလို့ အေးအေးဆေးဆေး ရှင်းပြလို့ ရတယ်လေ။ ဘာလို့ ကျွန်တော့်ကို စိတ်ဆိုးတဲ့ပုံစံနဲ့ ဆက်ဆံရတာလဲ"

"ဘာ ... အဟက် ဟက်။ စိတ်ဆိုးတဲ့ပုံစံ ! ဟုတ်လား။ ကောင်းပြီ ... ဒါဆိုရင် ရှင်ကရော ကျွန်မကို သံသယ မျက်လုံးတွေနဲ့ တရားခံစစ်သလို လာမေးရတာလဲ။ ကိုယ် စိုက်တဲ့အသီးကိုပဲ ရှင် ပြန်ခူးရတာပါ ဆိဓာရဲ့"





"ကျွတ် ... အဲဒါ ကျွန်တော် စိတ်ရှုပ်လို့ အဲဒီပုံစံဖြစ်တာပါ။ ကဲ ... အဲဒီလို ဖြစ်သွားတယ် ဆိုရင်လည်း ဆောရီးဗျာ။ ဟုတ်ပြီလား၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားနဲ့ ကျွန်တော့် ကြားမှာ ဒီလောက် တင်းမာနေစရာ အကြောင်းမရှိဘူး မဟုတ်လား"

ဘာမှ ပြန်ပြောစရာ စကားမရှိသဖြင့် လူလူက ဟက်ခနဲ တစ်ချက်ရယ်ကာ သူ့ကို မျက်လုံးလှန်ကြည့်လိုက်သည်။

"ရှင် ပြောချင်တာ ဒါပဲ မဟုတ်လား။ ကျွန်မ ခရီးထွက်ရမှာ နောက်ကျမှာစိုးလို့ သွားတော့မယ်"

"ကျွန်တော် တကယ့်စိတ်ရင်းနဲ့ မေးတာပါ။ ခင်ဗျားတစ်ယောက်တည်း နေပြည်တော်ကို ကားမောင်းသွားမှာလား"

"ဟုတ်တယ်"

"တစ်ယောက်တည်းဗျာ။ အဖော်လေး ဘာလေး ခေါ်သွားတာ မဟုတ်ဘူး"

သူက စိတ်မချသလို စိုးရိမ်ပူပင်ခြင်း မကင်းသည့် မျက်ဝန်းများဖြင့်ပြောလျှင် လူလူ့ရင်ထဲ ပြင်းပြစွာ ငိုချင်သွားရလေသည်။ တစ်ဘဝစာမဟုတ်တဲ့ တစ်ခဏတာ အကြင်နာတွေ အတွက် မိန်းမောသာယာ မနေသင့်တော့ဘူးလေ။

"ကိစ္စမရှိပါဘူး။ ကျွန်မတို့ဘဝက ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် နုနေခွင့်ရတဲ့ အနေအထား မဟုတ်ပါဘူး ... ကျွန်မကို ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လူလူက ပြောပြောဆိုဆိုပဲ လက်ဂေ့ချ်ကို ဆွဲအထွက် သူက နာမည်တပ်ခေါ်လိုက်သဖြင့် ဒီတစ်ခါတော့ နေရာမှာတင် ခြေစုံရပ်ပြီး သူ့ကို လှည့်ပြန်ငဲ့ကြည့်ဖြစ်လေသည်။

"ကားကို ဖြည်းဖြည်းမောင်း၊ ဂရုစိုက်မောင်းပါ"

သူ့မျက်လုံးထဲတွင် လူလူ့အတွက် စိုးရိမ်ပူပင်မှုများ မြင်တွေ့ရပါသည်။ ဒါပေမဲ့ ဒီမျက်ဝန်းတွေအတွက် ကြည်နူးသာယာ မရှိနိုင်တော့ပြီ။ ကေသက်မိုးလျာနှင့် တခြားပတ်ဝန်းကျင် အသိုက်အဝန်းမှ စကားသံတွေအတွက် သူနှင့်တကွ သူ့မိဘ ခံစားနားလည်ပေးနိုင်မည်ဟု မထင်ပါချေ။ ဒီအတွက် သူနဲ့ဝေးဝေးနေတာပဲ ကောင်းမည်ဟု ထင်သည်။ ကေသက်မိုးလျာလက်ထဲ သူ ရောက်,မရောက် ဆိုတာထက်၊ ကေသက်မိုးလျာကို ခံစားနာကျင်စေချင်တယ် ဆိုတာထက် ကိုယ်တိုင် ပိုနာကျင်ရမည့်အရေးကို လူလူတစ်ယောက် ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် ကြိုမြင်ခဲ့ပြီ ဖြစ်လေသည်။

ထို့ကြောင့် သူ့ကို အပြုံးတစ်ချက်နှင့် ခေါင်းဆတ်မပြမိတော့ဘဲ ချာခနဲသာ ကျောခိုင်းလှည့်ထွက်လာခဲ့တော့သည်။

❋❖❋





(၂၃)

"ဆောရီး ... ကျွန်တော် နောက်ကျသွားတယ် ထင်တယ်။ ရောက်နေတာ ကြာပြီလား"

သူက ချိန်းဆိုထားသော နေရာမှာ မြစွက်စိမ်းက အရင်ရောက်နေပြီး ဂျူ့စ်တစ်ခွက် သောက်နေတာ တွေ့ရလျှင် အားနာပြီး ပြောလိုက်တာဖြစ်သည်။ သူမနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်လျှင် သူမက အပြုံးတစ်ချက်နှင့် ခေါင်းယမ်းရင်း ဆိုလာသည်။

"ရှင် နောက်မကျပါဘူး။ ကျွန်မက ဒီဘက်နားကိုတခြားကိစ္စတစ်ခုနဲ့ အရင်ရောက်နေတော့ ပြီးတာနဲ့ ဒီဘက်ကိုကူးလာတာပါ။ သိပ်လည်း မကြာသေးဘူး။ နာရီဝက်လောက်ပဲ ရှိသေးတာ။ ရှင်က Right Time ပါ"

"သြော် ... ဒီလိုလား ... ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးရင်းနဲ့မှ ဝိတ်တာကို လိမ္မော်ရည်တစ်ခွက် မှာလိုက်သည်။ ပြီးတော့ မြရွက်စိမ်းကို တည့်တည့်ပြုံးပြလိုက်ပါသည်။ သူမကလည်း တစ်ပြန် ပါးစပ်အဖြံသား ရယ်ပြလာသည်။ ပြီးတော့ သူ့ကို ပြုံးစိစိကြည့်ကာ ...

"ကဲ ... ဆီဇာ။ ရှင် လူလူ့အကြောင်း ဘာမေးချင်တာလဲ၊ ရှင့်စိတ်ထဲရှိသလို လွတ်လွတ်လပ်လပ်သာမေး"

"အဟင်း ... ကျွန်တော် သူ့အကြောင်း မေးမယ်ဆိုတာ စိမ်းက ဘယ်လိုလုပ် သိနေတာလဲ"

"ဟင် ... ရှင်နဲ့ ကျွန်မကြားမှာ လူလူ့အကြောင်းကလွဲလို့ တခြား ဘာကိစ္စနဲ့များ တွေ့စရာအကြောင်းရှိလို့လဲ၊ ဘာလဲ ရှင်က ကျွန်မကို တွေ့ချင်လို့ ချိန်းတာလား"

"အာ ... အဲဒီလို မဟုတ်ပါဘူး"

သူ့ရဲ့အကြောက်တလန့် ဖြစ်သွားသော ပုံစံကို မြရွက်စိမ်းက တဟားဟား အော်ရယ်လေသည်။ သူကလည်း ဘာမှန်းမသိ လိုက်ရယ်မိလျှင် အဲဒီတစ်ခဏ၌ သူတို့နှစ်ယောက်ကြား ပို၍ ရင်းနှီးပွင့်လင်းသွားသလိုတော့ ခံစားရပါသည်။ မြရွက်စိမ်းက သူ့ကို တရင်းတနှီး ခင်မင်သော မျက်လုံးများဖြင့် ကြည့်လာကာ ...

"ရှင်နဲ့ မိလူ အဆင်မပြေကြဘူးလား"

"ဘယ်လိုပြောရမလဲဗျာ။ စိမ်းကို သူ ဘာမှမပြောဘူးလား"





"မပြောဘဲ နေမလားရှင်။ ဘာမှမပြောဘူးဆိုရင် ရှင့်ကို ကျွန်မ လိမ်ပြောရာကျမှာပေါ့။ ကေသက်မိုးလျှာ ရှင့်ကို ပြောလိုက်လို့ ရှင် သိသွားတဲ့အကြောင်းတွေ သူ ပြောပါတယ်"

"အဲဒီကိစ္စက ..."

"ရှင့်စိတ်ထဲမှာ လူလူက ကေသက်မိုးလျှာကို မုန်းတဲ့စိတ်၊ နာကြည်းစိတ်နဲ့ ရှင့်အနားကို ရောက်လာတယ် ထင်နေရင်တော့ အဲဒီစိတ်ကူးကို လုံးဝလွှင့်ပစ်လိုက်ပါ။ လူလူဟာ (......)ကွန်ဒိုမှာ ရှင့်အရင် နေ,နေတာ နှစ်,နှစ်ရှိပါပြီ။ ရှင် မနေခင်ကတည်းက အဲဒီအခန်းမှာ သူ နေခဲ့တယ်ဆိုတော့ ရှင်နဲ့ ဆုံစည်းဖို့ အဲဒီနေရာကို ရောက်လာခဲ့တာ မဟုတ်ပါဘူး ...

အဲဒါကို မယုံရင် ကွန်ဒိုကော်မတီမှာ စုံစမ်းကြည့်လို့ရတယ်"

"ကျွန်တော် ယုံပါတယ်ဗျာ။ ဒါပေမဲ့ အမှန်တရားကို သူ ဘာလို့ မရှင်းရတာလဲ"

"သူက အမှန်တရား မှန်ရင် ရှင်းစရာကို မလိုဘူးလို့ သတ်မှတ်ထားတာလေ"

"ဟူး ... ခက်လိုက်တာဗျာ"

သူက လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း ခေါင်းခါယမ်းမိသည်။ ရင်ပူလာသလိုရှိသဖြင့် ဂျူ့စ်ကိုယူကာ မော့်မိလေသည်။ မြရွက်စိမ်းက သူ့ကို နားလည်သလို တစ်ချက်စိုက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လူလူဟာ တကယ်တော့ သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ။ သူနဲ့ ကျွန်မက မူကြိုတက်ကတည်းက သူငယ်ချင်းဆိုတော့ သူငယ်ချင်းဆိုတာထက် ညီမရင်းတွေလိုပဲ ဖြစ်နေပါပြီ။ သူဟာ ကျွန်မရဲ့ သွေးသားရင်းတစ်ယောက်လို ဖြစ်နေပြီမို့ ကျွန်မအတွက်တော့ သူ့အကြောင်းပြောမယ့် စကားတွေဟာ Sympathy for lady ဖြစ်နေမှာပဲ ...

ဒါပေမဲ့ ကျွန်မ အမှန်တရားကိုပဲ ပြောမှာပါ"

မြွက်စိမ်းက အရှိန်ယူရန်ဖြင့် စကားကို ခဏရပ်ကာ ဂျူ့စ်ကို သောက်သည်။ သူက ခေါင်းတစ်ချက် ဆတ်ပြမိသည်။

"မိလူ ငယ်ဘဝကတော့ သာယာစိုပြည်ခဲ့ပါတယ်။ မိလူအဖေကလည်း စီးပွားအရှာတော်တယ်။ အမေကတော့ ရိုးရိုးအေးအေး အိမ်ရှင်မပေါ့။ မိလူ ရှစ်တန်းနှစ်မှာပဲ သူ့အမေက သားအိမ်ခေါင်းကင်ဆာနဲ့ ဆုံးတယ်။ မိလူက ရှစ်တန်း၊ ဖိုးညာဏ်က ခြောက်တန်း၊ သူ့မောင်လေးက သူ့ထက် နှစ်,နှစ်ငယ်တယ်၊ ကေသက်မိုးလျှာတို့က မိလူတို့နဲ့ ငယ်ငယ်တည်းက အိမ်နီးနားချင်း၊ ကေသက်မိုးလျှာအဖေနဲ့ မိလူအဖေနဲ့ကလည်း စီးပွားရေးပတ်သက်မှုတွေရှိတယ် ...





အဲဒီလိုနဲ့ သူတို့အမေဆုံးပြီး စီးပွားရေးကတော့ ပုံမှန် ဆက်ရှိနေတုန်းပဲ။ မိလူ ဆယ်တန်းအောင်ပြီး တက္ကသိုလ် စတက်ချိန်မှာ မိလူအဖေ စီးပွားရေး စယိုင်လာတယ်။ လုပ်ငန်းတစ်ခု စ,ဆုံးရှုံးတယ်။ သိပ်ကြီးကြီးမားမားတော့ မထိခိုက်သေးဘူးပေါ့။ ဖိုးညာဏ်က ကေသက်မိုးလျှာနဲ့ ရည်းစားဖြစ်နေတယ် ...

မိလူအဖေ စီးပွားတွေ ကျလာတော့ ကေသက်မိုးလျှာတို့ဘက်က သိပ်မကြည်တော့ဘူး။ ကောင်လေး သွားရင် နှိမ်တာတို့ ပြောဆိုလွှတ်တာကို ရှိလာတယ်။ ကေသက်မိုးလျှာအဖေကလည်း မိလူတို့အဖေအပေါ် စီးပွားနဲ့ပတ်သက်ပြီး ညစ်ခဲ့တာ၊ နောက်ကွယ်မှာ မရိုးသားခဲ့တာတွေရှိတယ်လို့ ပြန်ကြားရတယ်။ ထားပါလေ ... နောက်ဆုံးကေသက်မိုးလျှာက ဖိုးညာဏ်ကို ဖြတ်လိုက်တယ်။ ဖိုးညာဏ်တစ်ယောက် အိမ်ကလည်း စီးပွားကျ၊ ရည်းစားကလည်းဖြတ်၊ ပတ်ဝန်းကျင်ရဲ့ အရောင်ပြောင်းတဲ့ဒဏ်တွေကို မခံနိုင်ဘဲ လမ်းလွဲကို လိုက်သွားတယ်။ ဆေးစ,သုံးတယ်။ ဒါကိုသိတဲ့ မိလူက ကေသက်မိုးလျှာကို သွားတောင်းပန်ပါသေးတယ် ...

သူ့မောင်လေးကို အစိမ်းဖြတ် မလုပ်ဘဲ ချော့မော့ဖျောင်းဖျဖို့ လမ်းမှန်ပေါ် ပြန်ရောက်အောင် ကူညီဆွဲတင်ပေးဖို့ အကူအညီ တောင်းခဲ့ပေမယ့် ကေသက်မိုးလျှာက



www.burmeseclassic.com

www.burmeseclassic.com



လက်မခံခဲ့ဘူး။ အဲဒီလိုနဲ့ သိပ်မကြာခင်မှာပဲ မိလူတို့အဖေ အိမ်ရောင်းရမယ့် အခြေအနေအတွက် ဦးနှောက်သွေးကြော ပြတ်ပြီး ဆုံးသွားတယ်။ တစ်လပဲ ကွာတယ် မိုးဘဏ်လည်း Over dose နဲ့ ဆုံးသွားတယ်"

သူက မသက်မသာနှင့် သက်ပြင်းချမိလေသည်။ မြရွက်စိမ်းကတော့ ဖျော်ရည်ကို ခပ်ဖြည်းဖြည်း ယူသောက်နေလေသည်။

"ကျွန်တော် အရမ်းစိတ်မကောင်း ဖြစ်တယ်ဗျာ"

"ဟုတ်တယ် ... မိလူဟာ ရှုံးလောက်တဲ့ အခြေအနေတွေကို ပိုင်ဆိုင်ဖူးသူ တစ်ယောက်ပါ။ သူတို့ ပိုင်ဆိုင်မှုတွေ အားလုံးနီးပါး ဆုံးရှုံးသွားပြီးတဲ့နောက်မှာ သူ စမ်းချောင်းက တိုက်ခန်းမှာ နေခဲ့တာ။ ကျွန်မအိမ်မှာ လာနေဖို့ခေါ်ပေမယ့် သူ လက်မခံဘူးလေ။ သူ့အမျိုးတွေနဲ့လည်း အဆင်မပြေဘူး။ အဆင်မပြေဘူး ဆိုတာကလည်း မှန်တာပြော မှန်တာလုပ်တဲ့ မိလူအကျင့်နဲ့ ရွှေရှိမှ ဆွေမျိုးတော်ချင်ကြတဲ့ သူတို့အမျိုးတွေနဲ့ အဆင်မပြေတာ မဆန်းပါဘူးလေ ...

သူတို့ ဒုက္ခရောက်တုန်းကလည်း ဘယ်အမျိုးမှ ကူညီခဲ့တာလည်း မရှိဘူးလေ။ မိလူက စိတ်ဓာတ်တော်တော်ကြံ့ခိုင်ပါတယ်။ သူ့ပညာဝမ်းစာ သူဖြည့်တယ်၊ အလုပ် လုပ်တယ်။ နောက် ဒီကုမ္ပဏီမှာ အတွင်းရေးမှူး ရာထူးနဲ့ စဝင်တယ်။ အလုပ်ကို အသေအလဲ ကြိုးစားတယ်။





ကုမ္ပဏီက တရုတ်ကုမ္ပဏီဆိုတော့ တရုတ်လိုပါတတ်အောင် သင်တယ်။ ငယ်ရွယ်တယ်၊ တက်ကြွတယ်၊ ရဲရင့်တယ်၊ အောက်သက်ကြေတယ်၊ အခြေအနေနဲ့ အချိန်အခါ နိုင်ငံရေးလမ်းကြောင်းကို နားလည်တယ်။ သူများ ဝန်ထမ်း လုပ်နေပေမယ့် သူ့ကိုယ်သူ ကုမ္ပဏီပိုင်ရှင် စိတ်ဓာတ်မွေးတယ် ...

သူ့ရဲ့အဲဒီစိတ်ဓာတ်ကြောင့်ပဲ သူ့သူဌေးမှာလည်း အကျိုးအမြတ် အများကြီး ရလာခဲ့တယ်။ သူတို့ကုမ္ပဏီက ရှင်လည်း သိမှာပါ။ ဒီက ပရောဂျက်တွေက ကိုင်တယ်။ လမ်းတွေ တံတားတွေ ဆောက်တယ်။ မိလူက ဒီနိုင်ငံရဲ့ သူ့အရပ်နဲ့သူ့ဇာတ်ကို ကျွမ်းကျင်တာကြောင့် သူဌေးက လည်း အရမ်းအားကိုးတယ် ...

တကယ်တော့ မိလူ အခု ကြီးပွားချမ်းသာနေတယ် ဆိုတာ သူ လုပ်ပေးခဲ့တဲ့ အကျိုးအမြတ်တွေနဲ့ယှဉ်ရင် နှိုင်းယှဉ်စရာ မကပါဘူး။ လူ့လောက ပတ်ဝန်းကျင် အကြောင်း ရှင်လည်း သိမှာပါ။ လူတစ်ယောက် အောင်မြင်လာရင် မုဒိတာပွား လက်ခုပ်တီးဖို့ထက် အမနာပ မကောင်းပြောဖို့က ထိပ်ဆုံးက မဟုတ်လား။ အထူးသဖြင့် မိလူလို တစ်ယောက်တည်း ရှင်သန်ရပ်တည်နေရတဲ့ အပျိုလေးတစ်ယောက် ခနအင်အား ကြွယ်ဝပြည့်စုံလာရင် လူတွေက သူ ဘယ်လောက်တော်နေလဲ ကြိုးစားနေသလဲဆို့



www.burmeseclassic.com

www.burmeseclassic.com



တွေးမိမှာ မဟုတ်ဘဲ သူက သူဌေးမယားငယ်လားလို့ သမုတ်ကျမှာလေ"

"ဟာဗျာ"

စကားပြော ပွင့်လင်းသော စိမ်းရဲ့စကားကြောင့် သူ့မျက်နှာမှာ ဖျန်းခနဲ ပူသွားသော်လည်း သူမကတော့ ခပ်အေးအေးသာပါပဲ။ ဘယ်လိုမှမနေသော အနေအထားဖြင့် မျက်ခုံးတစ်ချက်ပင့်ပြီး ဆက်ပြောသည်။

"ဟုတ်တယ်လေ၊ ကျွန်မ မပြောလည်း တစ်ချိန်ချိန်မှာရှင် ဒီ့ထက်ဆိုးတာတွေ ကြားလာရမှာပဲ။ လူလူ တစ်ယောက် ဘယ်လောက်ကိုယ်ကျင့်တရား ကောင်းတယ်ဆိုတာ ကျွန်မနဲ့ ကျွန်မမိသားစု အသိဆုံးပါ။ ဒီ့ထက်ပိုသိမှာတော့ ဘုရားပေါ့ ...

သူ ဘယ်လောက်ပဲ ကောင်းအောင်နေနေ ပြောချင်တဲ့သူကတော့ ပြောကိုပြောမှာပဲရှင့်။ မိလူဟာ မိဘအုပ်ထိန်းသူနဲ့နေရတဲ့ မိန်းကလေးလည်း မဟုတ်တော့ တစ်ယောက်တည်း ရုပ်တည်ရှင်သန်ရတဲ့ မိန်းကလေးတစ်ယောက် ခနအင်အားရှိလာတဲ့ အခါမှာ သူဌေးနဲ့ဘာညာဘာညာ အထင်ခံရရင်ခံရ၊ မခံရလည်း ဘယ်သူ့စပွန်ဆာလဲပေါ့။ ကြာလာတော့ အလုပ်မှာ ရာထူးအကြီးဆုံးဖြစ်လာ၊ သူ့ခြေ သူ့လက် ဖြစ်လာတဲ့ အခါမှာတော့ သူဌေးနဲ့ ပေးစားထားတာ မဆန်းတော့ဘူးပေါ့ရှင် ...





သူ့အလုပ်ကလည်း ဒီလိုပဲ ခရီးတွေ ထွက်နေတာပဲလေ။ ဒီမိန်းမက အပေအတေမ နဂိုတည်းက တစ်ကောင်ကြွက်လို့ သူ့ကိုယ်သူ ခံယူထားတော့ ဘယ်ခရီးသွားသွား သူ့ဘာသာ တစ်ယောက်တည်းသွားတာ များတယ်။ ကျွန်မကလည်း အမြဲမလိုက်နိုင်ဘူးလေ။ ဒီလို ခရီးတွေထွက်ရ၊ တစ်ယောက်တည်းနေရတာတွေကြောင့် လူတွေက ပိုသမုတ်လို့ ကောင်းနေတော့တာပေါ့"

"သူ အဲဒီလိုတွေ အပြောခံနေရတာ ဘယ်လိုမှ မခံစားရဘူးလား"

"ဩော် ... မိန်းကလေးပဲရှင့်။ ကိုယ့်ကို သူဌေးမယားငယ်လို့ ပြောနေတာကို ပြန်ကြားတဲ့အခါ ဘယ်သူက သဘောကျဝမ်းသာနေမှာလဲ။ စသိသိခြင်းကတော့ သူလည်း တုန်လှုပ်ချောက်ချားတာပေါ့။ ဝမ်းနည်းတာကြီး ငိုကြွေးဖူးတာပေါ့ ...

ဒါပေမဲ့ အဲဒီလို အပြောခံရလို့ သူက အလုပ်ထွက်ရမှာလား။ မထွက်နိုင်ဘူးလေ။ သူလည်း ဒီနေရာထိရောက်လာဖို့ နည်းနည်းနောနော ကြိုးစားခဲ့ရတာမှ မဟုတ်တာ။ နိုင်ငံခြားသားသူဌေး စိတ်တိုင်းကျပြီး လက်မလွှတ်နိုင်ဖြစ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။ နောက်ပြီးတော့ လူတွေက ရှေ့တင်လည်း ဘယ်သူမှ လာပြောကြတာ မဟုတ်ဘူးလေ။ ရှေ့မှာဆိုရင်တော့ လူလူ ... လူလူနဲ့ ကွယ်ရာမှ မကောင်းပြောကြတဲ့ လူတွေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

သူက စိတ်မသက်သာဟန်ဖြင့် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်မိသည်။ စိမ်းက သူ့ကို ပြုံးတုံ့တုံ့ သို့မဟုတ် မထိတရိ ပြုံးကြည့်ရင်း ...

"ရှင် ... ကျွန်မ သူငယ်ချင်းကိုချစ်ဖို့ ဒါတွေကြောင့် တွေဝေတွန့်ဆုတ်နေတာလား"

"မဟုတ်ပါဘူး။ ကျွန်တော်နဲ့ သူ့ကြားက နားလည်မှုလွဲနေတာလေး သူ ပြေပြေလည်လည် မပြောချင်တာကို ခင်ဗျားနဲ့ပူးပေါင်းပြီး အဖြေရှာတဲ့ သဘောပါ"

"ဟက် ... ဟက် ... ရှင် မိလူဆီကနေ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ မျက်ရည်လေးတစမ်းစမ်း ဖြေရှင်းချက်မျိုး မမျှော်လင့်ထားနဲ့ ...

အဲဒီမိန်းမက ခေါင်းကြောအသေမာတဲ့ မိန်းမ။ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ သူမျိုး။ သူ့ကို ပျော့ပျောင်းနူးညံ့လာအောင် မေတ္တာတရားနဲ့ အချစ်ကသာ စွမ်းဆောင်နိုင်မှာ"

"ကျွန်တော် သဘောပေါက်ပါပြီဗျာ။ မြရွက်စိမ်းကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်"

"မလိုပါဘူးရှင်၊ ကျွန်မက ရှင့်ကို တိုက်တွန်းချက်တစ်စုံတစ်ရာလည်း ပေးမှာမဟုတ်ပါဘူး။ အမှန်တရားနဲ့အခြေအနေတစ်ခုကို ပြောပြတဲ့ သဘောပဲ။ သေချာတာကတော့





မိလူမှာ ဆိုးသွမ်းညစ်ပတ်တဲ့ စိတ်ဓာတ်မျိုး မရှိသလို ကေသက်မိုးလျှာကြောင့် **ရှင့်အနားကို** ရောက်လာခဲ့တာလည်း မဟုတ်ဘူး၊ ကံကြမ္မာကြောင့်သာ ရှင်နဲ့တွေ့ဆုံခဲ့တာပါ ...

အခုလည်း သူ အနေမှန်လို့ ရှင် ဘာထင်ထင် ဂရုမစိုက်တဲ့ မိန်းမမျိုးပဲလေ။ ရှင် သူ့အတွက် စိတ်မပူပါနဲ့။ ကျွန်မ သူငယ်ချင်းက **စိတ်ဓာတ်ကြံ့ခိုင်တဲ့** မိန်းကလေးတစ်ယောက်ပါ။ ပြီးတော့ **ဂုဏ်သိက္ခာရှိတဲ့** မိန်းကလေးတစ်ယောက်ပါ။ အဲဒါ ကျွန်မ အပြောနိုင်ဆုံး နောက်ဆုံးစကားပါပဲ"

သူက ကောင်းပြီလေ ဟူသော သဘောဖြင့် ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ မျက်လုံးထဲတွင် အိတ်တစ်လုံးဆွဲကာ ကြံ့ခိုင်သော ခြေလှမ်းများနှင့် ထွက်ခွာသွားသူ မြဘုန်းကို ပြန်လည်မြင်ယောင်လာမိသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းများနှင့် အေးခဲနေသော 'မျက်ဝန်းများကြားတွင် သမုဒယအရိပ်အငွေ့များ ကျန်ရှိနေဦးမလား။

နှစ်ကိုယ်တူ သာယာခဲ့ဖူးသော အချိန်များဆီ တမ်းတလွမ်းဆွတ်မိပါသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## (၂၄)

"မောနင်း မာမီ ... မောနင်း မမ"

"မောနင်း မောင်လေးရေ၊ ဒီမှာ နင်ကြိုက်တဲ့ မြီးရှည်လုပ်ထားတယ်ဟေ့။ မာမီပေါ့၊ သူ့သားလေး အိမ်ပြန်အိပ်တဲ့ အချိန်လေး တစ်ခုပြီးတစ်ခု ရှယ်လုပ်ကျွေးနေတာ"

"အဟင်း"

သူက မမရဲ့စကားကို အပြုံးတစ်ချက်နဲ့သာ တုံ့ပြန်ရင်း စားပွဲမှာ ဝင်ထိုင်လိုက်သည်။ မြဘုန်း တစ်ယောက် နေပြည်တော်သွားတဲ့ညကစပြီး နောက်ရက်မှာပဲ သူလည်း အိမ်ပြန်နေမိလေသည်။ ဒီနေ့ပါဆို နှစ်ရက်မြောက်ခဲ့ပြီ။ တစ်ယောက်တည်းနေလျှင် စိတ်တွေပိုမွန်းကျပ်သည်ဟု ထင်မိ၍ အိမ်ပြန်မိတာဖြစ်သည်။

"သားလေး ... မာမီ တစ်ခါတည်း နယ်ပေးရမလား"





"ဟုတ်"

သူ့အစ်မက ကော်ဖီတစ်ခွက် ငှဲ့ပေးရင် သူ့ကို အကဲခတ်ရင်း မေးလာသည်။

"ဆီဇာ ... နင် နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ကောင်းတယ်သာ ပြောနေတာ နင့်ပုံက မလန်းမဆန်းနဲ့။ ညက အိပ်ရေးပျက်လို့လား"

"မဟုတ်ပါဘူး"

"နင် ဘာဖြစ်နေတာလဲ။ နင့်ကြည့်ရတာ ငူငူငိုင်ငိုင်နဲ့၊ ဘာလဲ ... အဟက် ... ဟက် ... နင် ရည်းစားပူမိနေတာ မဟုတ်လား"

"အာ ... မဟုတ်ပါဘူး မမရာ။ ရည်းစားပူမိရအောင် ကျွန်တော့်မှာ ရည်းစားမှ မရှိတာ"

"ဒါဆိုလည်း နင်ကြိုက်နေတဲ့ ကောင်မလေးနဲ့အဆင်မပြေတာလား"

"ဟား ... မမကတော့ ဇွတ်ပဲ"

"မာမီလည်း ဇွတ်ပဲ သားရေ။ သားကို ကြည့်နေတာ အခုတလော သိပ်လန်းလန်းဆန်းဆန်း မရှိသလိုပဲမို့လေ။ ကဲ ပြော ... ဘာတွေ ဖြစ်နေလဲ"

သူ့အမေက သူ့ရှေ့သို့ နယ်ပြီးသား အဆင်သင့် မြီးရှည်ပန်းကန်ကို လာချပေးရင်း သူ့အစ်မဘက်က စစ်ကူဝင်သည်။ စားချင်စဖွယ် မွှေးပျံ့နေသော မန္တလေးမြီးရှည်ကို သူက

www.burmeseclassic.com



တူဖြင့် ပါးစပ်ထဲ တစ်လုပ်ထည့်ရင်း သူမကို ဖျတ်ခနဲ သတိရမိသည်။ ထိုမိန်းကလေးက မန္တလေးမြို့ရှည် သိပ်ကြိုက်တတ်၍ မောနင်းစတားကိုတောင် တကူးတက သွားစားတတ်သူလေ။ အင်း ... သတိရခြင်းဆိုတာ အနှောင်အဖွဲ့ကင်းစွာ သတိရခြင်း သက်သက်ပါပဲလားနော်။

"ကဲ ... ပြောပါဦး သားရယ်"

"ဘယ်လိုပြောရမှန်းတောင် မသိပါဘူး မာမီရာ"

"ကဲ ... ပြောချင်တဲ့နေရာကသာ စပြော"

"သားချစ်နေတဲ့ မိန်းကလေးကို ပတ်ဝန်းကျင်က အကောင်း မမြင်ကြဘူး မာမီ"

ပြောချင်တဲ့နေရာက စပြောဆိုတော့လည်း သူက စိတ်ထဲမှာ နစ်ဝင်နေသည့် အကြောင်းအရာကိုသာ ပထမဆုံး ထုတ်ဖော်ပြောကြားလိုက်လေသည်။ မာမီရေ မမရောပါ ပါးစပ် အဟောင်းသား ပွင့်သွားကြသည်။

"ဟော ... ဘယ်လို"

"ဟုတ်တယ် မာမီ၊ ခုတလော သား ညစ်နေတဲ့ကိစ္စက အဲဒါပဲ၊ သားအတွက်က ဒါဟာ ပြဿနာမဟုတ်ပေမယ့် သူ့ကိုလည်း အပြည့်အဝ ယုံကြည်ပေမယ့်၊ သားနဲ့ သူနဲ့ ချစ်သွားပြီးရင် ဖြစ်လာတဲ့ နောက်ဆက်တွဲတွေ ဘာပဲဖြစ်ဖြစ် မာမီတို့ သိတော့မယ်၊ သိတဲ့အခါ သူ့အကြောင်းကို ပတ်ဝန်းကျင်က ပြောတဲ့အတိုင်း ကြားရင် မာမီတို့နဲ့သား ရင်ဆိုင်စရာတွေ ဖြစ်လာမယ် ...





အဲဒါတွေ ကြိုတွေးပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ် မာမီရာ"

"ဖြစ်ရတယ် သားရယ်။ သားဘဝ တစ်လျှောက်လုံးမှာ မိန်းကလေးကိစ္စနဲ့ ပတ်သက်ပြီး ဒီလောက်ရှုပ်နေတဲ့ ပုံစံမျိုး မာမီ မမြင်ဖူးပါလား။ အင်း ... ငါ့သားတော့ အဲဒီမိန်းက လေးကို တော်တော်လေး ချစ်နေမိပြီ ထင်တယ်။ ကိုယ်ချစ်တဲ့ မိန်းကလေးအတွက်နဲ့ မိဘနဲ့ ထိပ်တိုက်မတွေ့ချင်တဲ့ သားရဲ့အလေးထားမှုကိုလည်း မာမီ သိရလို့ ဝမ်းသာပါတယ်ကွယ် ...

ကဲ ... သားမိန်းကလေးနဲ့ ပတ်သက်ပြီး မာမီတို့ကိုလည်း သေချာပြောပြစမ်းပါဦး"

"ဒီလိုပါ မာမီ"

သူက မြဘုန်းနှင့် စတွေ့သည့် အချိန်မှစ၍ စတင်သိကျွမ်းပုံ၊ သူမနှင့် မိုးလေး ပတ်သက်မှု၊ သူမရဲ့ဘဝဇာတ်ကြောင်း စသဖြင့် အားလုံးကို စီကာစဉ်ကာအတိုင်း ပြောပြလိုက်သည်။ စိတ်ဝင်တစား နားထောင်နေကြသော မာမီနှင့် သူ့အစ်မ၏မျက်နှာတွင် ခံစားမှု အမျိုးမျိုး ပြောင်းလဲလျက် တစ်ခွန်းမှ ဝင်မပြောနိုင်ဘဲ ရှိကြသည်။ နောက်ဆုံး လက်ရှိအခြေအနေမှာ အဆုံးသတ်တော့မှသာလျှင် သူ့အစ်မထံမှ လေပူတစ်ချက် မှုတ်ထုတ်သံကြားရပြီး သူ့အမေကတော့ ဘာမှမပြောသေးဘဲ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ပြောစရာစကား မရှိတော့သလိုဖြင့် မြီးရှည်ကို ဆက်စားနေမိသည်။

"မာမီ ဘာမှ မပြောတော့ဘူးလား"

သူ့အစ်မက တိတ်ဆိတ်သွားသော စကားဝိုင်းကို ပြန်စချင်ဟန်ဖြင့် မာမီ့ကို ဦးတည်ပြီး ပြန်မေးသည်။

"အင်း ... မာမီ့အနေနဲ့ ဒီမိန်းကလေးကို တွေ့လည်းတွေ့ မကြည့်ရသေးဘဲနဲ့ သားနဲ့ သဘောတူတယ် မတူဘူးဆိုတာ ပြောရတော့ ခက်သား ...

ဒါပေမဲ့ သား ပြောပုံအရဆို သူ ကြိုးစားရှင်သန်ရပ်တည်ခဲ့တာကိုတော့ ချီးကျူးရမှာပဲ"

"ဟုတ်တယ်နော် မာမီ။ ဘာပဲဖြစ်ဖြစ် သူ့ဘဝဟာ သနားစရာတော့ ကောင်းခဲ့တာ အမှန်ပဲ။ သူ့မှာ မိသားစု ဝင်စစ်စစ်ရယ်လို့ မရှိဘဲ ဘဝကို တစ်ယောက်တည်း ရှင်သန်ရပ်တည်နေရတဲ့ မိန်းကလေးပဲ ...

သူ့နေရာမှာ သမီးသာဆိုရင် ဆိုတဲ့ အတွေးမျိုး ကိုယ်ချင်းစာပြီး ထည့်တွေးကြည့်မိလိုက်ရင် တော်တော် မလွယ်တာပဲ"

သူ့အစ်မက ပခုံးတွန့်ကာ ဟန်ပါပါ ပြောသည်။ သူကတော့ ဘာမှဝင်မပြောဘဲ တိတ်ဆိတ်စွာ စားနေမိလေသည်။ သူ လိုချင်တာ ဒီလိုအနေအထားမျိုးတော့ မဟုတ်သေးဘူး ထင်သည်။ သူဟာ အတ္တကြီးသော ယောကျ်ားတစ်ယောက် မဟုတ်





သလို၊ မြဘုန်းကိုလည်း နာကျင်ခံစားစေချင်သောသူ မဟုတ်ရပါ။ ဖြစ်နိုင်လျှင် သူမဘဝတစ်ခုလုံးကို သူ့အကြင်နာတွေဖြင့် နွေးထွေး လုံခြုံစွာ စောင့်ရှောက်ပေးချင်သည်။ သူ့မိဘအသိုက်အဝန်းက အစ လိုလားစွာ ချီးမြှောက်ကြသော မြဘုန်းတလူ ဖြစ်စေချင်တာ ပါ။ သူမကိုသွားပုပ်လေလွင့် ပြောဆိုကြသောပါးစပ်တွေ အတင်း အဖျင်းတွေကို သူတို့ အသိုက်အဝန်း၏ အရှိန်အဝါနှင့် ပိတ်ချင် ပါသည်။ သူ့လက်ကို ချိတ်ကာ မော်ကြွားစေချင်သည်။ ဒါတွေကို တော့ သူ့မိဘတွေရဲ့ အင်အားနှင့်သာ ပူးပေါင်းမှရတော့မည်။

"စားလို့ ဝသွားပြီ။ ကော်ဖီကို အခန်းထဲ ယူသွားမယ်"

သူက ပြောပြောဆိုဆိုနှင့် စားပွဲမှထ,ကာ ကော်ဖီ ခွက်ကိုပါ ယူလိုက်သည်။ ထမင်းစားပွဲမှ ထွက်လာပြီး သုံးလှမ်း မြောက်မှာပဲ ...

"သားလေး"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်လျှင် ပြုံးနေသော မာမီ့မျက်နှာကို တွေ့ရလေသည်။ သူက မာမီ ဘာပြောမလို့လဲ ဟူသော ပုံစံဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် သူ့မာမီက စကားဆိုလာသည်။

"သားရဲ့မိန်းကလေးနဲ့ အရင်အဆင်ပြေအောင် လုပ်ကြည့် ပါဦး။ သားတို့ချင်း တော်ရုံနဲ့ မပြိုလဲတဲ့ နားလည်မှုမျိုး တည်ဆောက်ပြီးမှ မာမီနဲ့တွေ့ကြတာပေါ့။ ဒီကြားထဲမှာ လည်း သားက ကြိုပြောထားလို့ မာမီလည်း စိတ်ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ သူ့အပေါ် နားလည်ပေးရမယ့်အပိုင်းတွေ ပြင်ဆင်ထားလို့ ရတာပေါ့ ...

အချိန်တစ်ခုရလာလို့ မျက်နှာချင်းဆိုင် တွေ့ကြတဲ့အခါ တည်ဆောက်လာတဲ့ နားလည်မှုတွေကြောင့် အဆင်ပြေမှာပါ ...

မာမီ ပြောတာ သဘောပေါက်လား သား”

ပညာတတ်တစ်ယောက် ပီသသော၊ ထို့ပြင်ပိုစွာ သားတစ်ယောက်အပေါ်မှာ ထားသော မိခင်တစ်ယောက်၏ မမွှမ်းမံဘဲ ကျကျ ချစ်ခြင်းကို သူက ပီတိအပြုံးပြည့်စွာ ခံစားမိသည်။ ဝင်းပသွားသော သူ့မျက်နှာသည် မာမီ့ကို Thank You So Much, Mommy ဟု ခပ်ကျယ်ကျယ်လေး အော်ပြောမိလေသည်။ ချက်ချင်းပဲ အိမ်အပေါ်ထပ် သူ့အခန်းရှိရာသို့ တက်လာရင်း သူမဆီဖုန်းခေါ်လိုက်သည်။ ပြတင်းပေါက်နားမှာ မှီရပ်ပြီး ကော်ဖီငုံရင်း ဖုန်းခေါ်နေသော သူ့မျက်နှာဟာ ပြုံး၍နေသည်။ သူမ နေပြည်တော်က ပြန်ရောက်ပြီလား။ ဘာတွေပဲဖြစ်ဖြစ် မင်းကို စိတ်ရှင်းရှင်းနဲ့ ချစ်ဖို့ ဆုံးဖြတ်ခဲ့ပြီ မြဘုန်းရယ်။

“လူကြီးမင်း ခေါ်ဆိုနေသော တယ်လီဖုန်းမှာ ... ...”

သူမဖုန်းက စက်ပိတ်ထားသည်ဟု ဖြေကြားသောအခါ နည်းနည်းဖီးလ်ကျွေးသွားသည်။ နေပြည်တော်ကနေ ရန်ကုန်ကို ပြန်လာလို့ ဖုန်းပိတ်ထားတာပဲလား။ ဟိုဟိုဒီဒီတွေးကာ သူက ဖုန်းအင်တာနက်ကို ဖွင့်မိသွားသည်။ ဖုန်းပိတ်ထားပေမယ့်





Facebook မှာ သူမ ဘာများ တင်ထားမလဲလို့ Check ကြည့်ချင်၍ ဖြစ်ပါသည်။ မနေ့က မနက်ကတော့ အစည်းအဝေးတက်မည့်ဖက်ရှင်၊ မြန်မာဝတ်စုံနှင့် ဓာတ်ပုံတစ်ပုံ တင်ထားတာကို တွေ့မိထားတာကိုး။

သူက Facebook ဖွင့်ပြီး သူမရဲ့ စာမျက်နှာရှိရာသို့ သွားလိုက်သည်။ ဘာမှ မတွေ့ရ။ မနေ့က တင်ထားတာပဲတွေ့ရသည်။ သူမ Wall ကနေ ပြန်ထွက်ပြီး တခြားရောက်တတ်ရာရာတွေ လျှောက်ကြည့်နေတုန်းမှာပဲ သတင်းစာမျက်နှာတစ်ခုက ဓာတ်ပုံနှင့်တကွ တက်လာလေသည်။ အမှတ်တမဲ့ ကျော်သွားမလို ဖြစ်ပြီးမှ မနက်(၇)နာရီခန့်က အမြန်လမ်းတွင် ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွား ဟူသော ခေါင်းစဉ်ကြောင့် လူက လန့်ဖျပ်သွားကာ သတင်းကို အကျယ်ဖွင့်ဖတ်လိုက်သည်။

ဘုရား ... ဘုရား၊ တိုက်မိသော ကားနှစ်စင်းမှ တစ်စီးဟာ KIA Sportage အနက်ရောင်။ ကားနံပါတ်(xxxx) ဆိုပါလား။ အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံး ဟူသော သတင်းကိုဖတ်ပြီး သူ့ရင်ဘတ်တစ်ခုလုံး ဟင်းလင်းပွင့်သွားသလို ခံစားရလေသည်။ KIA Sportage အနက်ရောင် ကားနံပါတ်(xxxx) သည် မြဘုန်းတလူ၏ကား မဖြစ်ပါစေနဲ့ဟု သူ ဆုတောင်းလျှင် ဘယ်တော့မှ မပြည့်နိုင်မည့်၊ ပြောင်းလဲလို့မရသည့် အမှန်တရားတစ်ခုအတွက် သူ ရှုံးသွားဖို့ပဲ ရှိတော့လေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ချစ်မြတ်နိုးရသူ
ကိုယ့်ကို ချစ်မြတ်နိုးတဲ့သူနဲ့
အတူနေရတဲ့ အချိန်တွေဆိုတာ
တိုးလာတယ် ဆိုတာ မရှိဘဲ
လျော့လျော့သွားတာမျိုးပဲ ရှိတတ်တာပါ။
ဒီအတွေးကို ရင်ထဲမှာ အမြဲထည့်ထားနိုင်ရင်
သူ့ကိုဂရုစိုက်ဖို့ အချိန်တွေ ပိုတိုးလာနိုင်ရဲ့ ...
အတူရှိနေချိန်တွေကို တန်ဖိုးထားပါ။







(၁၅)

"မြ ... မြရွက်စိမ်း"

ရန်ကုန် ပြည်သူ့ဆေးရုံကြီးဝင်းထဲသို့ အမောတကော ပြေးဝင်လာသော သူသည် ရှေ့မလှမ်းမကမ်းမှာ ရပ်နေသော မြဘုန်း၏သူငယ်ချင်း မြရွက်စိမ်းကို မြင်သောအခါ အမောတကော အော်ခေါ်မိသည်။ သူမက သူ့ကို လှည့်ကြည့်ပြီး မြင်သွားသဖြင့် ရပ်စောင့်နေသည်။

"မြ ... မြဘုန်း"

မြရွက်စိမ်းက သူ့ကို စိတ်မသက်သာဟန်ဖြင့်ကြည့်တာ သက်ပြင်းတစ်ချက်ရှိုက်၏။ သတင်းကို သိသိချင်း သူက မြရွက်စိမ်းထံသို့ ဖုန်းဆက်ခဲ့ပြီး သူမက ဘာမှအထွေအထူးပြန်မပြောဘဲ ဆေးရုံကြီးသို့သာ လိုက်လာခဲ့ပါဟု ဆိုသဖြင့် သူရောက်လာခဲ့ခြင်း ဖြစ်သည်။ စိတ်လှုပ်ရှားမှုကြောင့် ကားတောင်မမောင်းဖို့ မစဉ်းစားဘဲ မာမီ့ဒရိုင်ဘာကို ခေါ်လာခဲ့ရသည်။ သူ့မာမီနှင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်မပါ သိသွားပြီး အခုနကတင် စကားပြောနေကြသော မိန်းကလေးတစ်ယောက်အကြောင်း ကြားသိရသည့်အတွက် ထိတ်လန့်သွားကြသည်။

"မြဘုန်း ... တကယ်ပဲ ..."

ဆက်မပြောနိုင်တော့ဘဲ အသံတိမ်ဝင်သွားသော သူ့ကို မြရွက်စိမ်းက သနားကရုဏာသက်သလို ငေးရင်း သူ့နောက်သို့ မျက်နှာအမူအရာဖြင့် မေးဆတ်ကာ လှမ်းပြလေသည်။ တစ်စုံတစ်ရာသော အာရုံခံစားမှုဖြင့် သူက နောက်သို့လှည့်ကြည့်လိုက်လျှင် နွမ်းနယ်သော မျက်နှာထားဖြင့် သူ့ကို နားမလည်သလို ငေးကြည့်နေသော မြဘုန်းတလူကို အရှင်လတ်လတ် တွေ့မြင်လိုက်ရသည်။

အဲဒီတစ်ခဏ ဘယ်လိုပျော်သွားမှန်း ဝမ်းသာသွားမှန်း မသိအောင် လွတ်ထွက်သွားသောစိတ်ဖြင့် သူမကို ပြုန်းခနဲ ပွေ့ဖက်မိသွားသည်။ ဒီမိန်းကလေးကို အသက်ရှင်လျက် မြင်တွေ့ရတာသည် သူ့ဘဝ၏ ပျော်စရာအကောင်းဆုံး အစိတ်အပိုင်းဆိုတာ ရင်ဘတ်နှင့်ရင်း၍ သိခွင့်ရခဲ့ပြီတည်း။

"အို ... ရှင် ... ဒါ ... ဒါ ... ဘာလုပ်တာလဲ။ လွှတ်စမ်းပါ"

"ခဏလေး ... ခဏလေးပါဗျာ။ ကျွန်တော် ဝမ်းသာလွန်းလို့ပါ မြဘုန်းရယ်၊ ခင်ဗျား ... ခင်ဗျား ... ဘာမှမဖြစ်ဘူးနော် ...





ခင်ဗျားကို တကယ်ပဲ ကျွန်တော် ပြန်မတွေ့တော့ဘူး ထင်ထားတာ ..."

"ကျွတ် ... ရှင်ကလည်း ဖယ်စမ်းပါဦး"

မြရွက်စိမ်းထံမှ တဟားဟားရယ်သံ ထွက်လာပြီးနောက် သူမက သူ့လက်တွေကို သိသိသာသာ ဖယ်ထုတ်တွန်းလွှတ်သဖြင့် သူက ဖြေလျှော့ပေးလိုက်ရသည်။ သူ့ကို ရှုသိုးသိုး ပြန်ကြည့်နေသော သူမရဲ့ပါးနှစ်ဖက်က ပန်းရောင်ထနေပြီး လွန်စွာမှ ချစ်မြတ်နိုးဖို့ကောင်းသော မိန်းမသားလေးပါပေ။

"ခင်ဗျားအတွက် ကျွန်တော် သေမလိုပါပဲ မြဘုန်းရာ"

"တော်စမ်းပါ ရှင်တို့စကားများ"

"တကယ်ပါ။ ဒါနဲ့ ကားက ခင်ဗျားကား မဟုတ်လား။ ဘာမှမဖြစ်ဘူး မဟုတ်လားဟင်။ ဘယ်လိုဖြစ်ရတာလဲ"

"ကားက ကျွန်မကား။ သူငွေးနဲ့ သူမိန်းမက ကိစ္စရှိလို့ ရန်ကုန်ကို အရင်သွားဖို့ ဖြစ်လာလို့ ဒရိုင်ဘာတစ်ယောက်နဲ့ သွားခိုင်းလိုက်တာ။ ကျွန်မက ကိစ္စမပြတ်သေးလို့ နေပြည်တော်မှာ ကျန်ခဲ့တာ။ ခုမှ ကျွန်မလည်း နေပြည်တော်က လိုက်လာရတာ"

"မြဘုန်းရယ် ... ခင်ဗျား ဘာမှမဖြစ်တာပဲ ကျွန်တော် ပြောမပြတတ်အောင် ပျော်နေတာ။ ခင်ဗျားကို မတွေ့ရတော့ဘူးလားဆိုတဲ့ စိတ်က ကျွန်တော့်ကို တကယ်ပဲ သွေးပျက်ချောက်ချားစေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက် ခင်ဗျားကို ချစ်တယ်ဆိုတဲ့ စကားလေး ပြောခွင့်မရတော့ဘူးလားဆိုပြီး ယောက်ယက်ခတ်သွားလိုက်ရတာဗျာ"

"အို … ရှင် ဘာတွေ လာပြောနေတာလဲ။ ဒီမှာ ကိစ္စတွေ ရှုပ်နေရတဲ့အထဲ"

သူက ဝေါက်ဆတ်ဆတ် ပြန်အော်သော်လည်း ရှက်တက်တက် အမူအရာနှင့်မို့ သူက ပြန်၍သာ ငေးနေရသည်။ ခင်ဗျား ရင်ထဲကို ကျွန်တော် မြင်နေရပြီလေ။

"မြဘုန်း"

"………"

"ကျွန်တော် ခင်ဗျားလက်ကိုတွဲပြီး အရာအားလုံးကို ရင်ဆိုင်မှာပါနော်၊ အဲဒါလေးတစ်ခုပဲ ခင်ဗျား သိထားပေးပါ"

"အဟာမ်း … အဟာမ်း … မိလူရေ … အထဲမှာ ကိစ္စတွေ ရှိသေးတယ်လေ၊ ပြန်ပေါင်းထုတ်ခန်းက နောက်မှ ဆက်ရိုက်"

မြရွက်စိမ်း အသံက ထွက်လာလျှင် သူက သူမရဲ့ လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။ မျက်လုံးဝိုင်းသွားကာ တစ်ခုခုပြောဖို့ ပြင်နေသော သူမနှုတ်ခမ်းဖူးဆီက ဘာစကားမှ ထွက်မလာခင်မှာပဲ သူက ယုံကြည်ချက်အပြည့်နှင့် ပြောလိုက်ပြီး သူမလက်ကို ဆွဲခေါ်လာခဲ့လေသည်။





"ခုချိန်ကစပြီး ခင်ဗျားရဲ့ ကိစ္စတိုင်းမှာ မားမားမတ်မတ် ရှေ့ကနေ ရပ်တည်ပေးမှာမို့ အတူသွားကြရအောင်နော် မြဘုန်း"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



# ပွင့်လင်းမြင်သာ...
# အဆုံးမှာ...





ယောကျ်ားတစ်ယောက်၏ ချစ်သူမိန်းကလေးအပေါ်တွင်ထားရှိသော အဆုံးမရှိသည့် မြတ်နိုးခြင်း တန်ဖိုးထားခြင်းနှင့် ထပ်တူ ကြီးမားသည့် ချစ်ခြင်းမေတ္တာစိတ်ဖြင့် ဘဝတစ်ခုလုံး လုံခြုံနွေးထွေးအောင် ကာကွယ်ပေးသည့် စိတ်ထားကြောင့် မြဘုန်းတလူ၏ ကံကြမ္မာသည် လှပသော တစ်ဆစ်ချိုးအပြောင်းအလဲ ဖြစ်ခဲ့ရလေသည်။ ရိုးသား ကြိုးစားသော တစ်ကောင်ကြွက်မိန်းကလေးတစ်ယောက်၏ ရှင်သန်ရပ်တည်မှုကို ချစ်သူ၏မိဘအသိုက်အဝန်းကလည်း နားလည်လက်ခံပေးခဲ့ပြီး စိတ္တဇညများစွာကို ကျော်ဖြတ်ခဲ့ရသော မြဘုန်းတလူအတွက် အားကိုးထိုက်သော ချစ်သူ၏ ရင်ခွင်တွင် တစ်သက်တာ မွေးစက်အနားယူစိတ်ချမ်းသာစွာ အိပ်စက်နိုင်တော့မည် ဖြစ်သည်။

သိပ်မကြာခင် ရောက်လာတော့မည့် (၂၀၁၅)နှစ်သစ်မင်္ဂလာတွင် သူတို့နှစ်ဦး၏ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးကို ဆင်နွှဲကာ တစ်သက်တာ ပျော်ရွှင်ခြင်းလက်ဆောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မြဘုန်းတလူ ပိုင်ဆိုင်ရင်း မင်္ဂလာဦးညတွင် သူမ၏တက်တူး သစ္စာအကြောင်းကို သတို့သားအား ဖွင့်ဟပြောပြမည်ဖြစ်သည်။ တစ်သက်မှာ တစ်ယောက်ကိုသာ ချစ်မြတ်နိုးမည့် ရေနဂါးရုပ် တက်တူးကို ထိုးခဲ့စဉ်က ချစ်သူဖြစ်လာမည့် ယောကျ်ားပျိုသာလျှင် သူမ၏တက်တူးကို ပထမဆုံး မြင်တွေ့နိုင်သောသူ ဖြစ်ပါစေဟူသော သစ္စာပြုမှု အကြောင်းကိုတော့ အခုချိန်တွင် ဆီဇာ မသိနိုင်သေးပါ။

❋ ❖ ❋

စာဖတ်ပရိသတ်များကို

ချစ်ခင်လေးစားသော

ဆုမြတ်မွန်မွန်

2:15 (P:M)

10-11-2014



www.burmeseclassic.com